www.burmeseclassic.com

CATION
မောင်မျိုး
စီစဉ်သည်။



# ငှက်ကလေးရဲ့
# သက်တော်စောင့်

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com

# မင်းခိုက်စိုးစန်

## ငှက်ကလေးရဲ့ သက်တော်စောင့်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၃ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

# မောင်မျိုး
## ( ကြောင်နှစ်ကောင် )
စီစဉ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရထားက သူ့ကို ထားရစ်ခဲ့ပြီ။

မြို့ငယ်ကလေးတစ်မြို့၏ ဘူတာရုံကုပ်ကုပ်ကလေးထဲတွင် သူ တစ်ယောက်တည်း မတ်တတ်ရပ်လျက် ကျန်ရစ်၏။ တစ်စထက်တစ်စ သူ့ထံမှ ရွေ့လျား ဝေးကွာစပြုနေသော ရထား၏ သံမဏိ ကိုယ်ထည်ကြီး လျှောတိုက်သွားပုံသည် ပြေပြေပြစ်ပြစ် သက်သောင့်သက်သာ ရှိလှသည်။ တကယ်တော့ သက်သောင့်သက်သာရှိစွာ မနေထိုင်တတ်ခဲ့သူမှာ သူသာလျှင် ဖြစ်၏။

ငါ တစ်ယောက်တည်း အထီးကျန်ခဲ့ပြီဟူသော အတွေးသည်ပင် ရထားကို အဆမတန် ရှည်လျားလွန်းနေသည်ဟု အောက်မေ့စေ၏။ သူမှာ တစ်ခုခုလုပ်စရာ ရှိနေသော်လည်း ဘာတစ်ခုမှ လုပ်စရာမရှိသလို ထင်ချင်ချင် ဖြစ်နေသည်။ ဘာဝဆိုတာ ဒါပဲလား . . . ။ တစ်ခုခု လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဒါပေမဲ့ ဘာတစ်ခုမှ လုပ်စရာမရှိဘူးလို့ အောက်မေ့ပစ်လိုက်ချင်ရင်လည်း ဖြစ်တာပဲ မဟုတ်ဘူးလား။

သူကိုယ်သူ ဘာအတွက်မှ အဆင်သင့် မဖြစ်သေးဟု ခံစားရလေသည်။

●

ဘူတာရုံ အုတ်ကြွပ်ခေါင်မိုး နီနီအစပ်တွင် ငှက်ကလေး နှစ်ကောင်နားနေသည်ကို မြင်ရ၏။ ရေနံချေးရောင် ညို့မှိုင်းနေသော ဘူတာရုံပုပုကလေး၏ အသွင်အပြင်သည် စိန်ပန်းပင်ပေါက်ကလေးများ၊ စက္ကူပန်းရုံကလေးများအကြားတွင် တစ်စုံတစ်ရာကို လျှို့ဝှက်ထားသည့် ပုံပေါက်နေလေသည်။ မြက်ခင်းစိမ်းကလေးပေါ်တွင် အနီရောင်၊ အဝါရောင် စိန်ပန်းပွင့်တွေ ပြန့်ကျဲနေကြသည်။ ပန်းနုရောင် စက္ကူပန်းခြောက်ခြောက်များကိုလည်း အဆုပ်လိုက် အထွေးလိုက် တွေ့ရ၏။

ဘူတာရုံအစပ် မြေနီလမ်းကလေးအတိုင်း သူ ဆင်းလာခဲ့သည်။ မြို့ထဲသို့ ဝင်ရန် တစ်ခုခုတော့ စီးရပေလိမ့်မည်။ မြင်းလှည်း ဖြစ်ဖြစ်၊ ဆိုက်ကား ဖြစ်ဖြစ်ပေါ့ဟု သူ စိတ်ကူးလိုက်၏။ ဘယ်လောက်ဝေးဝေး သွားရသည်ကို သူမသိသေး။ သည်မြို့ကလေးကို သူ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သည်။ သူ့အဖေကိုသာ သည်မြို့ကလေးမှာ တွေ့လိုက်ရသည်ဟု သတင်းမကြားခဲ့ရလျှင် သူ့တစ်သက်တာအတွင်း သည်မြို့ကလေးနှင့် ပတ်သက်စရာ ဘာအကြောင်းမှ မရှိဟုပင် ပြောရပေလိမ့်မည်။

အင်း . . . အခုတော့ ပတ်သက်လာရပြီပေါ့လေ။ အဖေ့ကြောင့်ဆိုပါတော့. . .။ အင်း. . . ဒီလိုလည်း ပြောလို့ မရသေး။ အဖေက ငါ့ကို လိုက်ရှာပါ သားရယ် . . . ဟု မှာခဲ့သည်မဟုတ်။ သူ့ဘာသာ သူ သွားချင်၍ သွားခြင်းဖြစ်သည်။ ကိုယ်ကလည်း ကိုယ့်ဘာသာကိုယ် လိုက်ရှာခြင်း





ဖြစ်သည်။ သူ သက်ပြင်းတစ်ချက် ချလိုက်၏။ အင်း. . . ဒါဆို ဒီမြို့ကလေးနဲ့ လာပတ်သက်ရတာ ငါ့ကြောင့်ပဲပေါ့ဟု တွေးလိုက်၏။ ဟင့်အင်း ဒါလည်း သိပ်မဟုတ်လှသေး။ သူ့စိတ်နှင့် သူ့ကိုယ်သာဆိုလျှင် အဖေ့ကို လိုက်ရှာဖြစ်မည် မဟုတ်သည်မှာ သေချာပါသည်။ သွားပါစေပေါ့။ အဖေ့ဘာသာ အဖေ လွတ်မယ် ကျွတ်မယ် ထင်တဲ့နေရာ သွားစမ်းပါစေ။ အဖေရဲ့ ငြိမ်းချမ်းမှုကို အဖေ့ဘာသာ အဖေ ရှာဖွေပါစေ။ သူ့အနေဖြင့် လိုက်ခေါ်စရာအကြောင်း မရှိ။ တစ်နည်းအားဖြင့် ပြောရလျှင် လိုက်အနှောင့်အယှက်ပေးစရာအကြောင်း မရှိ။

လူဆိုသည်မှာ သူ့ကိုယ်သူ ဖြစ်စေ၊ သူ့ပတ်ဝန်းကျင်ကို ဖြစ်စေ လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိသင့်သည် မဟုတ်လား။ သူကတော့ ထိုသို့ပင် ခံယူထား၏။ လူ၏ တတ်နိုင်မှုအစွမ်းသည် အကန့်အသတ် ရှိပါသည်။ အများဆုံးတတ်နိုင်လျှင် ပတ်ဝန်းကျင်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲယူမည်။ လွယ်တော့ အတော်မလွယ်သောကိစ္စ ဖြစ်၏။ တန်ပြန် ဆန့်ကျင်မှုများ၏ အတိုက်အခိုက်ကို ခံရမည်။ နောက်ပြီး ကိုယ့်လိုပင် လောကကြီးကို မိမိစိတ်ကြိုက် ပြုပြင် ပြောင်းလဲချင်သူများကလည်း ရှိဦးမည်။ ထိုသူတို့၏ စိတ်ကြိုက်နှင့် မိမိ၏စိတ်ကြိုက် မတိုက်ဆိုင်ဘူးဆိုလျှင် ယှဉ်ပြိုင်တိုက်ခိုက်ရဦးမည်။ လောကကြီးကို ပြုပြင်ပြောင်းလဲယူဖို့ ဆိုသည်မှာ တော်တော်ကြီးကြီးကျယ်ကျယ် ဘဝင်မြင့်တတ်သူများနှင့်သာ သက်ဆိုင်သည့်ကိစ္စဖြစ်၏။ လောကကြီးသာ ရွှံ့စေးတုံးတစ်တုံး ဖြစ်မည် ဆိုလျှင် ထိုသူများက လောက်စာလုံး လုံး၍ ရောင်းပစ်ကြပေလိမ့်မည်။ နောက် သူတို့အချင်းချင်း အပေးအယူ မတည့်သည့်အခါ တစ်ယောက်ကို တစ်ယောက် လေးခွကိုယ်စီဖြင့် ပစ်ကြပါစေပေါ့။ ဒါပါပဲ။ ထိုသို့ မတတ်နိုင်ဘူးဆိုလျှင် အနည်းဆုံး တတ်နိုင်တာကတော့ ဘာကိုမှ ပြောင်းလဲ မပစ်ဘဲ နဂိုရှိနေသည့်အထဲ

www.burmeseclassic.com



မှ ကိုယ်ကြိုက်ရာကို ရွေးချယ်သွားရန် ဖြစ်သည်။

အဖေသည် အများဆုံးကို မတတ်နိုင်ခဲ့ပါ။ ထို့ကြောင့် သူ တတ်နိုင်သည့် အနည်းဆုံးကို လုပ်သွားခဲ့သည်။ မိသားစုကို ထားရစ်ခဲ့ပြီး သူ့ငြိမ်းချမ်းမှုကို သူ ရှာရန် ထွက်ခွာသွားခြင်းသာ ဖြစ်သည်။ သွားပါစေ ဘာဖြစ်လဲ. . .။

ပြဿနာက တစ်ခုတည်းသာ ဖြစ်သည်။ အမေ. . .။ အမေက သူ့လို သဘောမထားနိုင်။ စင်စစ် အဖေ မရွေးချယ်ချင်သော ပတ်ဝန်းကျင် ဖြစ်အောင် ဖန်တီးသူမှာလည်း အမေ. . .။ အဖေ့ကို ထိုပတ်ဝန်းကျင်ထဲ ပြန်ဆွဲသွင်းထားရန် သူ့ကို လိုက်ရှာခိုင်းလိုက်သူမှာလည်း အမေပင် ဖြစ်သည်။ အဖေသည် မီးခြစ်တစ်လုံး မဖြစ်ခဲ့သည်မှာ အတော် ကံကောင်းသည်ဟု သူ ထင်သည်။ မီးခြစ်တစ်လုံးသာဆိုပါက အမေက ခဏခဏ မာတ်ဆီဖြည့်ပြီး မီးတောက်အောင် ခြစ်နေမည်မှာ သေချာသောကြောင့် ဖြစ်သည်။

မြေနီလမ်းကလေးအဆုံး ကုက္ကိုပင်ရိပ်တွင် ဆိုက်ကားတစ်စီး ရပ်ထားသည်ကို လှမ်းမြင်ရသည်။ သူ ထိုကုက္ကိုပင်ဆီသို့ လျှောက်သွားလိုက်၏။ အနီးသို့ရောက်သောအခါ ဆိုက်ကားသမား တစ်ယောက်က-

“ဆိုက်ကားငှားမလား ဆရာ”

ဟု လှမ်းမေး၏။ သူက ခေါင်းညိတ်ပြလိုက်ရင်း မြို့ထဲကို ဘယ်လောက်လဲ ဟု မေးလိုက်သည်။ ဆိုက်ကားသမားလေးက . . .

“လေးဆယ်တော့ပေးပါ ဆရာ”

“မင်းဟာက မများဘူးလားကွ”

“ဘယ်လောက်နီးနီး ဆိုက်ကားပေါ်တက်ထိုင်လိုက်ရုံနဲ့ သုံးဆယ်ယူတာ ဆရာရဲ့”





ဘုရားရေ. . . ဒီကောင့် ထိုင်ခုံမှာ ရွှေတွေများ ချထားသလား။

အထဲမှ အုန်းဆံမျှင်များ ပေါက်ထွက်နေပြီဖြစ်သော ဆိုက်ကားကူရှင်ပေါ်သို့ သူ တက်ထိုင်လိုက်သည်။ ကျန်ဆိုက်ကားသမား တစ်ယောက်ကို သူ လှမ်းကြည့်ဖြစ်သေး၏။ ထိုတစ်ယောက်ကတော့ ခရီးသည် မရဘဲ နေရစ်ခဲ့ရတော့မည်ကို တွေးကာ သူ့စိတ်ထဲ အားနာသလို ဖြစ်မိသည်။ ကဲ . . . ကြည့်စမ်း၊ ဘယ်လောက် ကြောင်လိုက်သလဲလို့။

ဘာမှ အားနာစရာမရှိသည့်ကိစ္စကို ကြံဖန်ပြီး အားနာနေမိခြင်း ဖြစ်သည်။ အင်းလေ. . . ငါတစ်ယောက်တည်းက ဆိုက်ကား နှစ်စင်းလုံးကို ငှားစီးလို့ဖြစ်တာမှ မဟုတ်ဘဲ။ တစ်စီးစီးကတော့ ကျန်နေရစ်ခဲ့ရမှာ သေချာသည်။ ဘာမှ အားနာနေစရာမလို၊ ကဲ. . . မေ့လိုက်တော့။

ခက်တာက သည်ဘူတာတွင် ဆင်းသော ခရီးသည်က သူ တစ်ယောက်တည်း။ ကျန်သော ဆိုက်ကားအဖို့ ခရီးသည် ထပ်ရစရာ မရှိ။ သည်အတိုင်း ထိုင်ခုံဗလာဖြင့် အိမ်ပြန်ရပေလိမ့်မည်။ သူ တွေးရင်း မျက်နှာပူသလို ဖြစ်လာ၏။

သို့သော် ဆိုက်ကားနှစ်စီးပေါ်တွင် သူ တစ်ယောက်တည်း ဟိုဘက် ခြေထောက်တစ်ချောင်း၊ သည်ဘက် ခြေထောက်တစ်ချောင်း ကိုးရိုးကားရား ခွစီးနေပုံကို စိတ်ဖြင့် မြင်ယောင်ကြည့်လိုက်သောအခါ မျက်နှာပူချင် စိတ်ပင် ပျောက်သွား၏။ အင်း. . . ဒီလိုပါပဲလေ၊ တစ်ခါတလေ လောကကြီးမှာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ ကူညီဖို့ မဖြစ်နိုင်တဲ့ ကိစ္စမျိုးတွေ ရှိတတ်တယ် မဟုတ်လား။ ဘာတတ်နိုင်မှာလဲ။ မျက်နှာလွှဲနေလိုက်ရုံ ရှိတော့တာပေါ့။

သူ စီးသော ဆိုက်ကားက ထိုကျန်နေရစ်ခဲ့သူအနီးမှ ဖြတ်သွားသောအခါ သူ အလိုလို မျက်နှာလွှဲနေဖြစ်သည်။ သို့သော် အတော်လေး



www.burmeseclassic.com

www.burmeseclassic.com



လွှန်သွားပြီးချိန်တွင် သူ မနေနိုင်၊ လှည့်ကြည့်မိပြန်၏။ ကျန်နေရစ်ခဲ့သော ဆိုက်ကားဆရာသည် သူ့ဆိုက်ကားပေါ်တွင် မျက်နှာကို ဝါးဖတ် ဦးထုပ်ဖြင့် ဖုံးကာ ငြိမ်းချမ်းစွာ ငိုက်မျဉ်းနေသည်ကို လှမ်းမြင်ရ၏။

ကောင်းပါသည်။ သူ မရလိုက်သော ခရီးသည်အတွက်လည်း ဘာမှ မကြောင့်ကြ ဝန်တိုနေပုံမပေါ်။ တစ်စုံတစ်ခု၏ ကယ်တင်ခြင်းကို ခံရဖို့အတွက်လည်း ပူပန် မျှော်လင့်နေပုံမရ။ ဘာကိုမှလည်း ထွေထွေထူးထူး စဉ်းစားနေဟန်မတူ၊ ကောင်းပါသည်။

သူ အနည်းငယ် ဘဝင်ကျသွား၏။ နေရာတကာ လျှောက်ကယ်တင်ချင်နေသော သူ့စိတ်ကို သူ ပြန်ပြင်ဆင်ရဦးမည်။ 'ပျက်အစဉ်' ဖြစ်ခဲ့သော စိတ်ဓာတ်များသည် ပြင်လျှင် အတော်ကြာတတ်ပါသည်။

"ဆရာ. . . ဈေးရှေ့အထိ သွားမှာလား"

သူ စီးလာသော ဆိုက်ကားသမားလေးက မေးသည်။ ရုတ်တရက် သူ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားပြီးမှ-

"အင်း . . . ဒီလိုလုပ်ကွာ။ ငါ့ကို တည်းခိုခန်းတစ်ခုခုဆီ ပို့ပေးပါကွာ။ သိပ်အကောင်းစား တည်းခိုခန်းကြီးတော့ မဟုတ်ဘူးပေါ့။ သပ်သပ်ရပ်ရပ်နဲ့ နားအေးပါးအေး နေလို့ရမယ့် တည်းခိုခန်း ခပ်သေးသေးပေါ့ကွာ"

ဆိုက်ကားသမားလေးက ခစ်ခနဲ ရယ်လိုက်ပြီး . . .

"ဆရာ ဒီမြို့ကို တစ်ခေါက်မှ မရောက်ဖူးဘူးနဲ့တူတယ်"

သူ အနည်းငယ် အံ့အားသင့်သွားပြီး . . .

"အေး. . . မရောက်ဖူးဘူးကွ။ ဒါ ပထမဦးဆုံးပဲ၊ ဘာဖြစ်လို့လဲ"

"ဆရာက တည်းခိုခန်းတွေ လျှောက်ရှာနေတာကိုး။ ကျွန်တော်တို့ မြို့မှာ တည်းခိုခန်းက တစ်ခုပဲရှိတာ ဆရာရဲ့။ အကောင်းစားတွေ၊





အလတ်စားတွေ၊ အနိမ့်စားတွေ၊ နားအေးပါးအေး နေချင်တာတွေ ဘာတွေညာတွေ လျှောက်ရွေးနေစရာကို မရှိဘူး။ ဆရာကလည်း ကျွန်တော်တို့ မြို့ကလေးက ကျဉ်းကျဉ်းကလေးဥစ္စာ"

သူ ခေါင်းညိတ်လိုက်မိ၏။ သည်အတိုင်းဆိုလျှင် သူ့အဖေ ဒီမြို့တွင် ရှိနေသည်ဆိုပါက ထိုတစ်ခုတည်းသော တည်းခိုခန်းမှာပင် တည်းရပေလိမ့်မည်။ ရှာမတွေ့နိုင်စရာအကြောင်း မရှိတော့။ သူနှင့် အဖေ ဆုံကို ဆုံကြရမည်။

သူက သေချာသွားအောင် ဆိုက်ကားသမားလေးကို မေးကြည့်လိုက်မည်ဟု စိတ်ကူးလိုက်ပြီး . . .

"ညီလေး. . . မင်း ဆိုက်ကားက နေ့တိုင်း ဘူတာရုံမှာ ဂိတ်ထိုးတာလား"

"ဟုတ်တယ် အစ်ကို၊ တခြားအချိန်တွေကျတော့ ဈေးနဲ့ မြို့ထဲ လျှောက်နင်းရတာပေါ့။ ရထားချိန်နီးရင်တော့ ဘူတာမှာသွားစောင့်တာပဲ"

သူက 'ညီလေး' ဟု သုံးနှုန်းလိုက်တာကြောင့် ဆိုက်ကားသမားလေးကလည်း 'ဆရာ' ဟု ခေါ်နေရာမှ 'အစ်ကို' ဟု ပြောင်းခေါ်သည်။ ဆိုးတော့ မဆိုး။ ဒီဆိုက်ကားသမားလေးနှင့် ရင်းနှီးထားဖို့ လိုအပ်ကောင်း လိုအပ်ပေလိမ့်မည်။

သူက ခရီးဆောင်အိတ် ဘေးဇစ်ကို ဖွင့်လိုက်ပြီး သူ့အဖေ၏ ဓာတ်ပုံကို ဆွဲထုတ်လိုက်သည်။ နောက်. . . ဆိုက်ကားသမားလေးကို လှမ်းပြလိုက်ပြီး . . .

"ညီလေး. . . လွန်ခဲ့တဲ့ လေး ငါး ခြောက်ရက်လောက်တုန်းက ဒီလူကြီးကို စောစောက မင်းပြောတဲ့ တည်းခိုခန်းကို ပို့ပေးရသေးလား"

ဆိုက်ကားက အရှိန်လျှော့ကျသွားသည်။ ကောင်လေးက ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို မကြည့်သေးဘဲ သူ့မျက်နှာကိုသာ အကဲခတ်သလို ဖျတ်ခနဲ လှမ်းကြည့်၏။ ဆိုက်ကားသမားလေး၏ မျက်လုံးထဲတွင် ထိတ်လန့် စိုးရိမ်စိတ်တွေ လင်းလက်သွားသည်ကို သူ မြင်လိုက်ရသည်။

ဆိုက်ကားသမားလေးက . . .

"အစ်ကိုက ထောက်လှမ်းရေးကလား"

သူက စိတ်ညစ်ညစ်ဖြင့် တစ်ချက် ရယ်လိုက်ပြီး . . .

"မဟုတ်ပါဘူးကွာ။ ငါက ငါ့အဖေကို လိုက်ရှာနေတာပါ။ အဖေက စိတ်ဆိုးပြီး အိမ်က ဆင်းသွားလို့ကွ။ ဒါ ငါ့အဖေ ဓာတ်ပုံပါ"

ဆိုက်ကားသမားလေးက ဓာတ်ပုံကို ယူပြီး ကြည့်သည်။ နောက် သူ့ မျက်နှာကို တစ်ချက် လှမ်းကြည့်ပြန်၏။ ထို့နောက် ဓာတ်ပုံကို အသေအချာ စူးစူးစိုက်စိုက်ကြည့်ကာ စဉ်းစားနေပြီးမှ ခေါင်းကို တစ်ချက် ခါယမ်းလိုက်သည်။

"ကျွန်တော် မတွေ့ဖူးဘူး အစ်ကို"

"ဒါဆို ဟို နောက်တစ်ယောက်ကော. . ."

ဘူတာတွင် ကျန်နေရစ်ခဲ့သော ဆိုက်ကားသမားကို ရည်ညွှန်း၍ မေးလိုက်သည်။ ဆိုက်ကားသမားလေးက တစ်ခဏကြာအောင် စဉ်းစားနေပြီးမှ . . .

"မပြောတတ်ဘူး အစ်ကိုရာ။ ကျွန်တော်တို့ မြို့ကလေးမှာ ခရီးသည် အဆင်းအတက် သိပ်မရှိလှပါဘူး။ တစ်ယောက်စ နှစ်ယောက်စ လောက်ပါ။ ကျွန်တော် မမြင်ဘဲနဲ့တော့ မနေပါဘူး။ ဒါပေမဲ့ ကျွန်တော်က ခရီးသည် ရလို့ ထွက်သွားပြီးတဲ့နောက်မှ ဘူတာရုံထဲက ထွက်လာတယ် ဆိုရင်တော့ မသိဘူးလေ အစ်ကို"

သည်အတိုင်းဆိုလျှင် ဘာမှ တစ်ထစ်ချ တွက်ဆထား၍ မရသလို





ဖြစ်နေသည်။ သူ အနည်းငယ် တွေးရခက်သွား၏။ ဘဝတွင် ပုံသေနည်းများသည် အသုံးမကျတတ်ပါ။ မသိကိန်းတစ်လုံးပါ ညီမျှခြင်းများ၊ မသိကိန်း နှစ်လုံးပါ ညီမျှခြင်းများကို တွက်ချက်ဖြေရှင်းနိုင်ရန် ကျောင်းက သင်ပေးလိုက်သော်လည်း ဘဝတွင် ပုစ္ဆာပါ ကိန်းဂဏန်း အားလုံး မသိကိန်း ဖြစ်နေလျှင် မည်သို့ တွက်ချက်ရမည် ဆိုသည်ကို ကျောင်းက သင် မပေးလိုက်ပါ။

ထို မသိကိန်းများကို သည်အတိုင်း ထိုင်ကြည့်နေရန်သာ တတ်နိုင်တော့၏။ သူ့အတွက်တော့ ဂဏန်းသင်္ချာ ဟူသည်မှာ ကြွေးစာရင်း မှတ်ရုံလောက်သာ အသုံးဝင်တော့သည်ဟု ထင်ရ၏။

"ညီလေး. . . ဒီမြို့ထဲကို ရထားနဲ့ မလာဘဲ တခြားလမ်းနဲ့ လာလို့ရသေးလား"

ကောင်လေးက ဆိုက်ကားကို ခပ်သွက်သွက်နင်းရင်း . . .

"ကျွန်တော်တို့မြို့ရဲ့ အနေအထားကို နည်းနည်းပြောပြမယ် အစ်ကိုရာ။ ဒီလို. . . မြို့ရဲ့ အနောက်ဘက် တစ်လျှောက်လုံးမှာ အစ်ကို စောစောက လာခဲ့ရတဲ့ ရထားလမ်း ရှိတယ်။ မြို့အရှေ့ဘက်မှာတော့ ချောင်းတစ်စင်း ရှိတယ်။ ရွှေလောင်းချောင်းတဲ့။ ဟိုးတုန်းက အဲဒီထဲမှာ ရွှေနဲ့လုပ်ထားတဲ့ လောင်းလှေတစ်စင်း နစ်သွားတယ်လို့ ပြောကြတယ်။ ပုံပြင်ပါ။ ဒါပေမဲ့ အခုအထိတော့ အဲဒီချောင်းထဲမှာ ရွှေတွေ ဘာတွေ ကျင်ယူလို့ ရတဲ့သူတွေ ရသေးတယ်။ ဥစ္စာစောင့်က ပေးတာလို့ ပြောတာပဲ။ ထားပါတော့၊ အဲဒီချောင်းနဲ့ ရထားလမ်းနဲ့က မျဉ်းပြိုင်ဗျ။ မြို့ကို အရှေ့ဘက်က မျဉ်းတစ်ကြောင်း၊ အနောက်ဘက်က မျဉ်းတစ်ကြောင်းတားပြီး နှစ်ဖက် ပိတ်ထားသလိုပဲ။ အဲဒီတော့ အစ်ကိုရာ. . . အစ်ကို့ အဖေက ရထားနဲ့ မလာဘူးဆိုရင် ချောင်းကို လက်ပစ်ကူးပြီး မြို့ထဲ ဝင်ဖို့ပဲ ရှိတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီချောင်းထဲ လှေတွေ မသွားဘူးလား။ ဟိုဘက်ကမ်း ကူးတဲ့ ကူးတို့တွေ ဘာတွေတော့ ရှိမှာပေါ့"

"ရေစီး တအားကြမ်းတယ် အစ်ကိုရ၊ ချောင်းဆိုပေမဲ့ သေးသေး ကွေးကွေး မဟုတ်ဘူး၊ အကျယ်ကြီး။ နက်လည်း နက်တယ်။ သွားရေး လာရေးလည်း မပေါက်ဘူး။ နောက်ပြီး ဟိုဘက်ကမ်းမှာလည်း တောပဲ ရှိတော့တာ။ ကူးတို့ လှေ ဘယ်ထားမလဲ။ တောက ဟိုးဘက် ရိုးမအထိ ဆက်နေတာ"

သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။

အတန်ကြာအောင် ဆိုက်ကားပေါ်တွင် ငိုင်ပြီး လိုက်ပါလာမိသည်။ သည်အတိုင်းဆိုလျှင် ဒီမြို့ကလေးပေါ်မှာ အဖေ ရှိနေသလား၊ မရှိဘူးလား မသေချာပြန်သေး။ သူ သက်ပြင်းတစ်ချက် ချလိုက်၏။ တကယ်လို့ အခုသွားမယ့် တည်းခိုခန်းမှာ အဖေနဲ့ မဆုံဘူးဆိုရင် ဘာဆက်လုပ်ရမလဲ။

သူ့ သက်ပြင်းချသံကို ကြားသွားသောကြောင့် ဆိုက်ကားသမား လေးက ကိုယ်ကို ကြွ၍ ဆိုက်ကားကို အားစိုက် ဖိနင်းနေရာမှ လှည့် ကြည့်ရင်း . . .

"သိပ်တော့ စိတ်ပျက်မသွားပါနဲ့ အစ်ကိုရာ"

ဟု လှမ်းပြော၏။ သူ ပြုံးပြီး ခေါင်းခါပြလိုက်သည်။ မော်တော် ကားတွေ စက်ပျက်တဲ့အခါ ဝပ်ရှော့ပို့ရသလိုမျိုး စိတ်တွေ ပျက်သွားတဲ့ အခါ ပြင်ဖို့ စိတ်ဝပ်ရှော့တစ်ခုလောက်ရှိရင် ကောင်းမှာပဲဟု သူ တွေးမိ ၏။ ဆိုက်ကားသမားလေးက . . .

"တကယ်လို့ အစ်ကို့အဖေ ဒီမြို့မှာ ရှိနေတာမှန်ရင် စုံစမ်းရတာ မခက်ပါဘူး။ အလွန်ဆုံးကြာလှ သုံးရက်ပေါ့။ ကျွန်တော်လည်း ဝိုင်းကူ ပါမယ်။ ကျွန်တော့်နာမည်ကိုလည်း မှတ်ထားဦး အစ်ကို၊ ညီညီလတ်





တဲ့။ ဈေးထိပ်က မြကျွန်းသာ လက်ဖက်ရည်ဆိုင်ရှေ့ ဆိုက်ကားဂိတ်မှာ ရှိတတ်တယ်။ တကယ်လို့ ကျွန်တော် ခရီးသည် လိုက်ပို့နေတဲ့အခါမျိုး ဆိုရင်တော့ ခဏစောင့်ပေါ့ အစ်ကိုရာ။ အဲဒီမှာ ကျွန်တော့်ကို 'အသေး လေး' လို့လည်း ခေါ်ကြတယ်။ ညီညီလတ် ဆိုတဲ့ နာမည်ကိုသာ မသိရင် နေမယ်၊ အသေးလေး ဆိုရင်တော့ တစ်ဈေးလုံးသိတယ် အစ်ကို"

သူ တစ်ချက် ပြုံးဖြစ်၏။

"ကျေးဇူးပဲ ငါ့ညီရာ။ ဟုတ်တယ်၊ အစ်ကို့စိတ်ထဲမှာ မင်း အကူ အညီ နည်းနည်းပါးပါး လိုလိမ့်မယ်လို့ ထင်နေတယ်။ ဘာဖြစ်လို့လဲတော့ မပြောတတ်ဘူး။ အစ်ကို့ အဖေကို လွယ်လွယ်ကူကူနဲ့ တွေ့နိုင်လိမ့်မယ် မဟုတ်ဘူးလို့ချည်း အောက်မေ့နေတယ်"

အသေးလေးက ဆိုက်ကားကို အရှိန်လျှော့ချကာ မျက်နှာပေါ် မှ ချွေးများကို တဘက်ငယ်ကလေးဖြင့် သုတ်လိုက်ရင်း. . .

"ရပါတယ် အစ်ကိုရာ။ အပန်းမကြီးပါဘူး။ ကျွန်တော်ကလည်း လူမှုရေးကိစ္စဆို ကူညီရတာ ဝါသနာပါတယ် အစ်ကိုရ။ ဒါနဲ့ နေပါဦး။ အစ်ကို့ အဖေက ဘာဖြစ်လို့ အိမ်ပေါ်က ဆင်းသွားရတာလဲ။ ကျွန်တော် ကြားဖူးတာတော့ အိမ်တွေမှာ ပြဿနာဖြစ်ရင် သားသမီးတွေချည်း ဆင်း သွားတာပဲ။ အခုကျမှ အဖေက ဆင်းရတယ်လို့"

အသေးလေးက ပြောပြောဆိုဆိုဖြင့် ရယ်လိုက်သည်။ သူ ကလည်း ရောယောင်ပြီး ရယ်ဖြစ်၏။ ဘာမှတော့ မပြောဖြစ်။ အဖေနှင့် အမေတို့ နှစ်ယောက်ကြားတွင် ဖြစ်သော ပြဿနာကို သူ ပြန်အစဖော် ပြောချင်စိတ် မရှိ။ စဉ်းစားရုံမျှပင် စဉ်းစားကြည့်မနေချင်တော့။ ဝင်စစ် ဒီကိစ္စကို အသေးလေးကို ပြောပြဖို့လည်း လိုအပ်လှသည် မဟုတ်ပါ။ ထို့ကြောင့် သူ ဘာမှမပြောဘဲ နှုတ်ဆိတ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသေးလေးက. . .

"အစ်ကိုက သတင်းစာတွေ ဘာတွေထဲကနေ ကြော်ငြာပြီး မခေါ်ဘူးလား၊ ဟိုဒင်းပေါ့၊ ဘယ်လိုပြောရမလဲ 'အဖေ အမြန်ပြန်လာပါ၊ အားလုံး ခွင့်လွှတ်သည်' ဘာညာပေါ့ အစ်ကိုရာ"

သူ ဒီတစ်ခါတော့ စိတ်လိုလက်ရ ဟက်ဟက်ပက်ပက် အော်ရယ်ပစ်လိုက်၏။

"ဟော့ကောင်၊ ဘယ့်နှယ်ကွာ. . . အဖေကို အဲဒီလို ခေါ်ရမလား ကွ။ 'အားလုံး ခွင့်လွှတ်သည်' ဆိုတာကြီး ထည့်ပြီးတော့. . . ကြဲကြဲဖန်ဖန် ကွာ၊ နောက်ပြီး မှန်တာက အဖေ့ဘက်က အမှန်ကွ။ မှန်တဲ့သူကို သွားပြီး ဘယ့်နှယ်လုပ် 'အားလုံး ခွင့်လွှတ်သည်' လုပ်ရမှာလဲ"

အသေးလေးက ဆိုက်ကားကို လက်တစ်ဖက်ဖြင့် ထိန်းရင်း ခေါင်းကိုကုပ်ကာ ပြုံးစိစိလုပ်နေသည်။ နောက်မှ. . .

"မသိဘူးလေ အစ်ကိုရာ။ ကျွန်တော်လည်း ဖတ်ဖူးနေကျ ပုံစံအတိုင်း ပြောကြည့်ရတာ။ ဒါပေမဲ့ အစ်ကို စဉ်းစားကြည့်လေ တစ်ခါတစ်ခါကျရင် မှားတဲ့သူကလည်း မှန်တဲ့သူကို ခွင့်လွှတ်တယ်ဆိုတာမျိုး ရှိပေးသင့်တယ် ထင်တယ်"

သူ အနည်းငယ် အံ့ဩသွား၏။ "ဘာဖြစ်လို့လဲ" ဟု ပြန်မေးမိသည်။ အသေးလေးက . . .

"ဟုတ်တယ်လေ အစ်ကို။ မှားတဲ့လူတွေက အာဏာရှိတဲ့လူတွေ ဖြစ်နေတဲ့အခါမျိုး. . . ဒါမှမဟုတ် မှားတဲ့သူတွေက အများစု ဖြစ်နေတဲ့ အခါမျိုးဆို မှန်တဲ့သူ တစ်ယောက်တည်းကို ပိုခွင့်လွှတ်တတ်ဖို့ လိုမယ် ထင်တယ်။ ငါတို့လို မမှားရကောင်းလားဆိုပြီး ဒဏ်ခတ်လိုက်ပေးနေလို့ ဘယ်ဖြစ်မှာလဲ။ နောက်ပြီး ခွင့်လွှတ်ခံရတယ်ဆိုတာ မှန်တဲ့သူဘက်က သိမ်ငယ်သွားတာမှ မဟုတ်တာ"





အား. . . တကယ်ကောင်းတဲ့ အတွေးပါလားဟု သူ့စိတ်ထဲ အောက်မေ့မိ၏။ ဒီကောင်လေး မဆိုးဘူးပဲ။ စကားတော့ အတော်မျှားသည်။ သို့သော် တစ်ချက်တစ်ချက်တွင် မျှော်လင့်မထားမိလောက်အောင် ကောင်းသော အတွေးကလေးများကို ပေးတတ်သည်။

ခွင့်လွှတ်ခံရတယ်ဆိုတာ သိမ်ငယ်စရာ မဟုတ်ဘူး. . . တဲ့။ သူ ခေါင်းညိတ်မိ၏။ ခွင့်လွှတ်ခြင်းသည် ကြည်ဖြူအောင်လုပ်ခြင်း ဖြစ်၏။ ငြိမ်းချမ်းအောင် လုပ်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့် ပြောရလျှင် တစ်ယောက်နှင့် တစ်ယောက် အရှုံးအမြတ် မရှိ၊ အနိမ့် အမြင့် မရှိ ပြင်ညီ သဘောထားခြင်း ဖြစ်၏။

မှန်သူဘက်ကသာ ခွင့်လွှတ်ရစတမ်းဆိုလျှင် ခွင့်လွှတ်သူက အထက်စည်းနေရာတွင် ရှိနေပြီး ခွင့်လွှတ်ခံရသူက အလိုလို နိမ့်ကျနေပေလိမ့်မည်။ အထက်စည်းနှင့် အောက်စည်း ကွဲပြားနေသရွေ့ ကြည်ဖြူခြင်း အစစ်မရှိနိုင်။ ငြိမ်းချမ်းခြင်းအစစ် မရှိနိုင်။

သူ တွေးနေစဉ်မှာပင် ဆိုက်ကားက ညာဘက်မှ အနည်းငယ် ပို၍ ကျဉ်းသော လမ်းကလေးထဲသို့ ဝင်ရန် ကွေ့လိုက်၏။ လက်ဝဲဘက် လမ်းမကြီးပေါ်တွင် မြို့မဈေးသစ် ဟူသော အစိမ်းရောင် အောက်ခံပေါ် အဖြူရောင် စာလုံးဖြင့် ရေးထားသည့် ဆိုင်းဘုတ်တစ်ခုကို အမှတ်ထင်ထင် လှမ်းမြင်လိုက်သည်။

လမ်းက အနည်းငယ် ကြမ်းသောကြောင့် ဆိုက်ကားသည် ခဲလုံးများပေါ်တွင် တစ်ချက် တစ်ချက် ဆောင့်ဆောင့်ခုန်၏။ မြေနီလမ်းကလေး ဖြစ်သောကြောင့်လည်း ခဲလုံးများ ချိုင့်ခွက်များ ပေါလှသည်။ လမ်းဘေး တစ်ဖက်တစ်ချက်စီတွင် ထုံးသုတ်ထားသော ခြံဝင်းဖြူဖြူကလေးများ၊ ညိုညာစိမ်းစိုနေသော ပုဏ္ဏရိက်ပင်တန်း စိပ်စိပ်ကလေးများကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံအဝင် တံခါးတိုင်များပေါ် နွယ်တက်လျက်ရှိကြသော ထားဝယ်မှိုင်းပွင့် နီနီကလေးများသည် လေတိုးတိုင်း လှုပ်နေကြ၏။ ဇီဇဝါ ပန်းရုံများနှင့် အရိပ်ကောင်းသော သစ်ပင်ကြီး တချို့တလေကိုလည်း တွေ့ရသည်။ ဝန်းကျင်ဒေသ တစ်ခုလုံးသည် သစ်ရိပ်ဝါးရိပ်ဖြင့် စိမ်းစို အေးမြကာ တိတ်ဆိတ်နေလေသည်။

ဆိုက်ကားက 'သီရိမြိုင်' တည်းခိုရိပ်သာဟု ဆိုင်းဘုတ်တပ်ထားသော နှစ်ထပ်တိုက် ဖြူဖြူကလေးတစ်လုံး၏ ရှေ့တွင် ရပ်လိုက်သည်။ ခြံနှင့် ဝင်းနှင့် သပ်သပ်ရပ်ရပ်ကလေး ဖြစ်သောကြောင့် သူ စိတ်ချမ်းသာသွား၏။ မြက်ခင်းပါးပါးစိမ်းစိမ်းကလေးနှင့် ခြံထောင့်တွင် ငုပင်တစ်ပင်ရှိသည်။ နောက်. . . ကြိုးလွှဲခုံတန်းတစ်ခုကိုလည်း တွေ့ရ၏။

"ရောက်ပြီ. . . အစ်ကို"

ဟုပြောရင်း အသေးလေးက သူ့ခရီးဆောင်အိတ်ကို ကူမ ပေး၏။ သူက ပိုက်ဆံထုတ်ပေးလိုက်ရင်း . . .

"တကယ်လို့ ဒီည ငါ မင်းကို တွေ့ချင်ရင် ဘယ်မှာရှာရမလဲ အသေးလေး။ မင်းပြောတဲ့ ဈေးထိပ်က မြကျွန်းသာ လက်ဖက်ရည်ဆိုင်မှာပဲလား"

"ဟုတ်ကဲ့ အစ်ကို၊ ညဘက် ညဘက်ဆို. . . ဟား . . . နေဦး၊ ဒီ ည . . . ဒီည"

အသေးလေးက စကားပြောနေတုန်း ချက်ချင်း ကြောက်လန့်တကြား မျက်နှာပျက်သွားသည်။ တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးလိုက်မိသောကြောင့် သူက အသေးလေး ပခုံးကို ပုတ်ကာ . . .

"ဘာဖြစ်လဲကွ ဒီည။ မင်းရည်းစားနဲ့ ချိန်းထားလို့လား၊ ဒါမှမဟုတ် မင်းမိန်းမက စောစောပြန်ခဲ့ဖို့ မှာလိုက်လို့လား"





အသေးလေးက ခေါင်းကို ခပ်လေးလေး ခါယမ်းကာ . . .

"မဟုတ်ဘူး အစ်ကို။ ဒီည လကွယ်ည အစ်ကိုရ။ ကျွန်တော်တို့ မြို့မှာက အဲဒီ. . . အဲ. . . ဟိုဒင်း ဘယ်လိုပြောရမလဲ ပြဿနာပေါ့၊ အဲ. . . အဲဒါ ရှိတယ်"

အသေးလေးက စကားကို ခပ်ဆိုင်းဆိုင်း ခပ်တုံ့တုံ့ပြောရင်း တဘက်ကလေးဖြင့် မျက်နှာမှ ချွေးများကို သုတ်လိုက်ပြန်သည်။ အသေးလေး၏ မျက်နှာကို ကြည့်ရသည်မှာ ချက်ချင်းလိုလို နီရဲလာသည်ဟု ထင်ရ၏။ တစ်ခုခုကို ပြောသင့် မပြောသင့် ချိန်ဆနေဟန်ဖြင့် မျက်မှောင်ကိုလည်း ကုတ်ထားသည်။ သူ အသေးလေးကို ကြည့်ရင်း ပိုစိတ်ဝင်စားလာ၏။

"ဘာလဲကွ၊ ဘာပြဿနာလဲ"

"ဟိုဒင်း . . . အဲ . . . အစ်ကို ယုံချင်မှ ယုံပါ။ ကျွန်တော်တို့မြို့မှာ လကွယ်ညဆိုရင် ဘီလူး လာတတ်တယ် အစ်ကို"

"ဘာ. . . ဘီလူး၊ ဘယ်က ဘီလူးလဲ။ ဘာလာလုပ်တာတဲ့လဲ။ စတိတ်ရှိုး လာကြည့်တာလား. . . ဟင်း . . . ဟင်း"

အသေးလေးက အသက်တစ်ချက် ခပ်ပြင်းပြင်း ရှူသွင်းလိုက်ရင်း. . .

"အင်း. . . အစ်ကို ယုံမှာ မဟုတ်ဘူးဆိုတာ ထင်သားပဲ။ ကျွန်တော်တို့လည်း ဒီအတိုင်းပဲ အစတုန်းကတော့ မယုံဘူး။ နောက်မှ မျက်မြင်ကိုယ်တွေ့ ဖြစ်လာလို့"

ဘုရားရေ. . . ပြဿနာက မျှော်လင့်ထားသည်ထက် ပိုမိုကြီးကျယ်နေပုံပေါ်၏။ သည်အတိုင်းဆိုလျှင် ဘီလူးလာသည် ဆိုခြင်းမှာ တကယ်ဖြစ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူး ဘယ်လိုလာသလဲ၊ ဟင့်အင်း. . . ယုံကြည်ရ ခက်လိုက်တာ။ ဘီလူး ဆိုသည်မှာ အရောင်းမြှင့်တင်ရေး တာဝန်ခံ ကောင်မလေး မဟုတ်ပါ။ အလျှုံခံ မဟုတ်ပါ။ ဇာတ်အဖွဲ့ မဟုတ်ပါ။ နောက် ခပ်ညံ့ညံ့ ကျူရှင်ဆရာ မဟုတ်၊ ဆယ့်နှစ်ပွဲဈေးသည် မဟုတ်၊ ခေတ်ကုန်သွားသော အကြိုဖက်ရှင် မဟုတ်၊ နံပါတ် ဖျက်သိမ်းခံရသော မော်တော်ကား မဟုတ်။ ထို့ကြောင့် နယ်စွန် မြို့ငယ်ကလေးများကို ရောက်လာစရာ အကြောင်းမရှိ။

သို့သော် တစ်ခါတလေ ရောက်လာစရာအကြောင်း မည်မည်ရရ မရှိပါဘဲ ရောက်လာတတ်သော အရာများလည်း ရှိသေးသည် မဟုတ်လား ဟု သူ ပြန်တွေးလိုက်မိပြန်သည်။ ဥပမာ. . . သေခြင်း တရားပေ့ါ။ ဒါမှ မဟုတ် ခုနစ်ရွက်ကူး၍ ခုနစ်ရက်အတွင်း ဝေပါ ဟူသော တံဆိပ်ခေါင်း ကပ်မထားသည့် အူကြောင်ကြောင် စာအိတ်တစ်အိတ်ပေ့ါ။

သူ ခေါင်းကို လေးတွဲ့စွာ ခါယမ်းမိလေသည်။

ဘီလူးတစ်ကောင်ကိုတော့ မည်သူကမျှ စာအိတ်ထဲ ထည့်ပြီး ပို့လိုက်မည် မထင်ပါ။

■



(၂)

ပန်းနုရွှေရောင် မိုးတိမ်အရိပ်တွေ ဖိုးရိမ်ထိတ်လန့်စွာ ကောင်းကင်မှာ မျောလွင့်နေကြ၏။ ကံ့ကော်ဝတ်မှုန်ဆံ ဝါဝါတွေ ဖြန့်ကျဲထားသော လမ်းမပေါ်တွင် စိတ်ကူးများကို ကျောက်ဖြူသားဖြင့် ရုပ်တုတစ်ခု တည်ဆောက်ထားသည်။ မြောက်ပြန်လေ၏ မြူခိုးမြူငွေ့များထဲတွင် ရတနာကိုးပါး စီခြယ်ထားသည့် လည်ဆွဲဘယက်တစ်ခုကို မြင်ရ၏။ နက်ရှိုင်းသော အကြည့်များသည် အပြုံးတစ်ခုနှင့် ထိခိုက် ကြေမွသွားသည်။ ထိုအကြည့်များထံမှ ဘာကို ရလိုက်သလဲ။ ဘာကို မြင်လိုက်ရ သလဲ။ ဘဝရဲ့ အစကိုလား၊ ဘဝရဲ့ အဆုံးကိုလား။ ဇာတိ၊ ဇရာ၊ ဗျာဒိ၊ မရဏ ကိုလား။ ဟင့်အင်း. . . ဘာကိုမှ မမြင်လိုက်ရပါ။ လူဆိုသည်မှာ ဘာကိုမှ အသေအချာ မြင်နိုင်သော သတ္တဝါမဟုတ်ပါ။

တည်းခိုခန်း အဝင်ဝ ပန်းခြံအကွယ်မှ အသက်ကြီးကြီး လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။ ထိုလူကြီး၏ မျက်နှာပေါ်တွင် ပါဝါ ခပ်များများ မျက်မှန်တစ်လက် တပ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဘာကြောင့် မျက်မှန်ဟု ခေါ်ရသလဲ။ မျက်စိကို မှန်ကန်စေခြင်းကြောင့်လား၊ မျက်စိတွင် တပ်ထားရသည့် မှန်ဖြစ်ခြင်းကြောင့်လား။ ထိုကိစ္စကို ရှင်းပြရန် အထောက်အထား ခိုင်ခိုင်လုံလုံမရှိ၊ ကျမ်းကိုးကျမ်းကား မရှိ။ သို့သော် ဖြစ်ဖို့များသည်မှာ မျက်စိတွင် တပ်ထားသော မှန်ချပ်ဖြစ်ခြင်းကြောင့်သာ ခေါ်ဝေါ်သည်ဟု ထင်ရ၏။ အဘယ်ကြောင့်ဆိုသော် မျက်စိကို မှန်ကန်အောင် လုပ်ပေးနိုင်သောအရာဟူ၍ လောကတွင် မရှိသောကြောင့် ဖြစ်သည်။ ထိုကိစ္စကို ရှင်းပြရန်လည်း အထောက်အထား ခိုင်ခိုင်လုံလုံ မရှိ၊ ကျမ်းကိုးကျမ်းကား မရှိ။ လူ့အမြင် မှန်ကန်ရေးဝါဒ မရှိ၊ အတွေးအခေါ် မရှိ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း မရှိ။

မကြာခဏ ရောထွေးတတ်ကြပါသည်။ အထူးသဖြင့် အမှန်တရားဟူသည့် အဓိပ္ပာယ်ကို ဆောင်သည့် 'မှန်' နှင့် ကြည့်မှန် ကြေးမုံ ဟူသည့် အဓိပ္ပာယ်ကိုဆောင်သော 'မှန်' တို့ကို မကြာခဏ ရောထွေးတတ်ကြပါသည်။ အချို့ကလည်း 'မှန်' သည် စင်စစ်မှားနေသော အရာဝတ္ထု ဖြစ်သည်ဟု ဆိုကြ၏။

သူတို့ ဆိုလိုသည်မှာ ကြေးမုံကြည့်မှန်တွင် ထင်နေသော ပုံရိပ်သည် ပုံရိပ်အတုအယောင်သာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူအစစ်၏ လက်ယာဘက် လက်သည် ကြေးမုံကြည့်မှန်ထဲက ပုံရိပ်၏ လက်ဝဲဘက်လက် ဖြစ်နေသည်။ ထို့ကြောင့် ကြည့်မှန်သည် မှားနေသော အရာဝတ္ထု ဖြစ်သည်ဟု ဆိုကြခြင်းဖြစ်၏။ ထိုကိစ္စ မဆန်းပါ။ အားလုံး သိကြပါသည်။

ထိုသို့ ဖြစ်စေရန်မှာ မှန်၏ တစ်ဖက်ခြမ်းကို ပြဒါးဖြင့် သုတ်ကာ ပိတ်ထားရသည်။ ထို့ကြောင့်ပင် ကြေးမုံမှန်ပေါ် ထင်သော ပုံရိပ်သည် မှားနေရခြင်း ဖြစ်သည်။ အမှန်တရားကိုလည်း တစ်ဘက် ပိတ်ထားလိုက်





လျှင် မှားသွားလိမ့်မည် ထင်သည်။ ကျေးဇူးပြု၍ အမှန်တရား၏ မျက်နှာစာ တစ်ဖက်ကို ပြဒါးဖြင့် သုတ်ကာ မပိတ်ကြပါနှင့်။

အမှန်တရားကို ဟိုဘက် သည်ဘက် နှစ်ဘက်စလုံးက ကြည့်၍ တိုးလျှိုပေါက် မြင်ရပါစေ။ ကဲ. . . ကြည့်၊ ကြေးမုံမှန်သားနှင့် အမှန်တရား ရောထွေးသွားပြန်ပြီ။ ရေချိန်မှန်နေသော အရက်သမားတစ်ယောက် လမ်းထိပ်မှ ဖြတ်လျှောက်သွား၏။ လောကတွင် အရာရာသည် အရောရော အထွေးထွေး ဖြစ်နေကြသည်။ ထိုကိစ္စကို ရှင်းပြရန်လည်း အထောက်အထား ခိုင်ခိုင်လုံလုံ မရှိ၊ ကျမ်းကိုးကျမ်းကား မရှိ၊ မိုက်က္ကရိုစကုပ်များနှင့် ဓာတ်ခွဲခန်းများ မရှိ၊ ဗိုက်ရွဲနေသော ပါမောက္ခကြီးများ မရှိပါ။

အသေးလေးက တည်းခိုခန်း အဝတွင် ရပ်နေသည့် မျက်မှန်နှင့် လူကြီးကို မသိမသာ မေးငေါ့ပြပြီး. . .

"အဲဒါ ဒီတည်းခိုခန်းပိုင်ရှင်ပဲ အစ်ကို။ ဦးတင်ကြည်. . . တဲ့။ သူ့သမီး အကြီးမတောင်မှ ပြီးခဲ့တဲ့ လကတင် ဘီလူး အစားခံရတယ်လို့ ပြောကြတယ်"

သူက ဆိုက်ကားပေါ် ပြန်တက်ရန် ဟန်ပြင်နေသော အသေးလေး၏ လက်မောင်းကို ဆွဲထားလိုက်ပြီး . . .

"နေစမ်းပါဦးကွ၊ ငါ့ကို ရှင်းအောင် ပြောခဲ့ပါဦး။ မင်းက ဘီလူးကို မြင်လိုက်သေးလား။ ဘီလူးက ဘယ်ကလာပြီး စားတာလဲ"

"အာ. . . အစ်ကိုကလည်း ဘီလူးကိုတော့ ဘယ်သူက မြင်ဖူးမှာလဲ။ မြင်တဲ့ကောင် သေသွားမှာပေါ့။ အားလုံးက ထင်ကြေးနဲ့ မှန်းပြောနေကြတာ။ လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့မြို့မှာ တဘောင်တစ်ခု ပေါ်တယ်"

သူ အံ့သြသွား၏။ တဘောင် ဆိုပါလား။ ဘယ့်နှယ်ပါလိမ့်။ အတိတ်တို့၊ တဘောင်တို့၊ ဘီလူးတို့။ ဒဏ္ဍာရီတွေ ပုံပြင်တွေထဲမှာသာ တွေ့ရတတ်သော အရာများသည် ဒီမြို့ကလေးထဲတွင် လာရောက် စုဝေး



www.burmeseclassic.com

www.burmeseclassic.com



နေကြပါပကောလား။ သူ့အနေဖြင့် အချိန်ကာလ မှားယွင်းပြီး ရောက်လာခဲ့ခြင်း ဖြစ်လျှင်ဖြစ်၊ ထိုသို့ မဟုတ်လျှင်လည်း သည်မြို့ကလေးက လူတွေအားလုံး ရူးသွပ်နေခြင်း ဖြစ်ပေလိမ့်မည်။

"ဘယ်လို တဘောင်လဲကွ၊ လုပ်စမ်းပါဦး"

"ခပ်ကြောင်ကြောင်ပဲ အစ်ကိုရ၊ 'မြို့စောင့်နတ်ရူး၊ အစားကြူး၊ ဘီလူးပေါ်လိမ့်မည်' တဲ့။ အဲ. . . နောက်ပြီး 'မြို့စွန်ချောင်းဦး၊ ပက်လက်ကူး၊ ဘီလူးလာလိမ့်မည်' တဲ့။ အဲဒီ တဘောင်ပေါ်ပြီးတဲ့နောက် မကြာပါဘူး။ မြို့ထဲက အင်း. . . လူကြီးပိုင်းတွေ ဆိုပါတော့လေ။ အဲဒီ ရှေ့မီနောက်မီ သက်ကြီးရွယ်အိုတွေက အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ကြတယ်။ မြို့စောင့်နတ်စင်က နတ်ရုပ်ကိုလည်း သွားသွားကြည့်ကြတယ်။ သူတို့ ပြောတော့ နတ်ရုပ်က တဖြည်းဖြည်း ဗိုက်ပူလာတယ် ပြောတာပဲ။ ဒါပေမဲ့ ကျွန်တော့်အမြင်တော့ ဒီအတိုင်း ဒီအတိုင်းပါပဲ အစ်ကိုရာ. . ."

သူ ပြုံးဖြစ်၏။

တီဘီရောဂါရှိနေသူဆီ လူနာသတင်း သွားမေးပြီး ညနေ အိမ်ပြန်အရောက်တွင် နေရင်း ထိုင်ရင်း ချောင်းဆိုးချင်သလိုလို ဖြစ်လာတတ်သူများကို တွေ့ဖူးသည်။ အေအိုင်ဒီအက်စ် ဖြစ်လျှင် ရက်ရှည် ဖျားတတ်သည် ဟူသော စာတိုပေထွာလောက် ဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် နေ့တိုင်းကိုယ်ပူနေသည်ဟု ထင်မြင် ကြောင့်ကြနေတတ်သူများကိုလည်း တွေ့ဖူးသည်။

လူဆိုသည်မှာ အာရုံခံစားမှုကို စားသုံး နေထိုင်ရသူများသာ ဖြစ်ကြသည်။ ထင်ကြပါစေလေ. . . စိတ်ထဲရှိရာ ခံစားကြစမ်းပါစေ။ နတ်ရုပ်ကို ဗိုက်ပူလာသည်ဟု စိတ်ထဲထင်ကြသူများကို သူ ဘာမှ အပြစ်မပြောလိုပါ။





မည်သည့်နေရာတွင်မဆို တကယ့် အရှိတရားထက် ထင်မြင်ချက်က ပို၍ အရေးပါ ရှေ့တန်းရောက်နေသည်မှာ ကြာလှပြီ။ ထုံးစံဖြစ်နေပြီ။ ဆေးလိပ်တစ်လိပ်ချင်းအတူတူ 'ဒီဆေးလိပ်က အသုဘခေါင်းပေါ်က စားမြိန်ထုပ်မှာ ပါလာတဲ့ ဆေးလိပ်ပေါ့' ဟု ပြောလိုက်ရုံနှင့် ဘယ်သူမှ မသောက်ချင်လောက်အောင် ဖြစ်သွားသည်။ ဆေးလိပ်၏ တန်ဖိုးသည် အလိုလို နိမ့်ကျသွားသည်။ အသုဘ ဆေးလိပ်လည်း မီးညှိပြီး ဖွာရှိုက်လျှင် အခိုးထွက်မည်မှာ သေချာသည်။ သို့သော် ထိုအရှိတရားကို မည်သူကမှ ဂရုမစိုက်ကြပါ။ ရိုးရိုးကလေးပင် ဖြစ်သည်။ မထူးဆန်းပါ။

လှပသော ရောင်စုံလိပ်ပြာ တစ်ကောင်သည် လည်းကောင်း၊ ကြည်နူး နှစ်လိုဖွယ်ကောင်းသော ရန့်တစ်ခုကို ထုပ်ပိုးထားသည့် လက်ဆောင်သည် လည်းကောင်း၊ ရင်ခုန် တမ်းတစရာဖြစ်သော နွေးထွေးသည့် အနမ်းများသည် လည်းကောင်း၊ ဝါရည်မှုန်ဆွတ်ကာ ရင်ဘတ်တစ်ခုလုံး အပြည့် ထိုးစိုက်ထားချင်စရာကောင်းသော ပိတောက်ပန်းပွင့်များသည် လည်းကောင်း၊ ချောက်ချားလောက်သော အချစ်သည် လည်းကောင်း၊ နှွံစရာကောင်းသော လည်ယှက် ထွေးပွေ့ဖက်မှုများသည် လည်းကောင်း အကယ်စင်စစ်မှ ဘာမှမဟုတ်ကြကြောင်း ပြောပြလျှင် ယုံစေချင်ပါသည်။

နာမဝိသေသန အားလုံးသည် ဘာမှ မဟုတ်ကြပါ။ လှပသော၊ နူးညံ့သော၊ ချစ်စရာကောင်းသော၊ ကြောက်စရာကောင်းသော၊ ရွံရှာစရာကောင်းသော. . . ဘာမှမဟုတ်ပါ။ နာမဝိသေသန အားလုံးသည် စိတ်ထင်မြင်ချက်သက်သက်များ ဖြစ်ကြသည်။ ဘာမှ တန်ဖိုးမရှိပါ။ ထင်မြင်ချက်တွေအကြောင်း ဘယ်သူတွေ ဘာပြောကြဦးမည်နည်း။

သူကတော့. . . နှုတ်ခမ်းစေ့ကာ အူကြောင်ကြောင် ပြုံးမြဲနေသည့် မိုနာလီဇာ၏ ပါးစပ်ကို ဟ ခိုင်းလျှင် ရှေ့သွားနှစ်ချောင်း ကျိုးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရလိမ့်မည်ဟု ထင်ချင်သည်။ သည်လိုဆိုလျှင် မိုနာလီဇာ၏ အပြုံးအကြောင်း ဘယ်သူတွေ ဘာပြောကြဦးမည်နည်း။ ထင်မြင်ချက်တွေကို ထားခဲ့တော့။

နောက်တစ်ခါ နှုတ်ခမ်းစေ့ပြီး လှလှပပ ပြုံးပြတတ်သူများနှင့် ဆုံလျှင် ပါးစပ် ဟ,ခိုင်းပြီး ရှေ့သွားများကို ကြည့်ဖို့ မမေ့ပါနှင့်။

သူ ပြုံးသည်ကို မြင်သွားသော အသေးလေးက. . .

"အင်း. . . ဟုတ်တယ်၊ ရယ်ဖို့တော့ တော်တော်ကောင်းတယ် အစ်ကို။ နောက်ပြီး တိုက်ဆိုင်ချင်တော့ လွန်ခဲ့တဲ့ နှစ်လလောက်က ချောင်းထဲမှာ အလောင်းတစ်လောင်း ပေါ်လာတယ်၊ ပက်လက်ကြီး. . ။ ပေါ်တာကလည်း မြို့စွန်နားမှာဆိုတော့ တဘောင်နဲ့ ကိုက်သလို ဖြစ်နေတာပေါ့"

သူ ခေါင်းညိတ်ပြလိုက်၏။ ဒါမျိုးက ဖြစ်တတ်ပါတယ်ဟုလည်း စိတ်ထဲက ပြောလိုက်မိသည်။ အသေးလေးက. . .

"ထူးဆန်းတာက . . . အဲဒီအချိန်ကစပြီး လပြည့် လကွယ်နေ့တွေမှာ ကျွန်တော်တို့မြို့က မိန်းကလေးတွေ ပျောက်ပျောက်သွားတာပဲ။ တစ်ခါတလေ တစ်ညတည်းကို နှစ်ယောက်၊ သုံးယောက် ပျောက်သွားတယ်"

သူ အံ့အားသင့်သွား၏။ နားကြားလွဲသွားသည်ဟု စိတ်ထဲက အောက်မေ့လိုက်သည်။

"ဘယ်လိုကွ"

"မိန်းကလေးတွေလေ. . . အရွယ်ကောင်းလေးတွေပေါ့။ ညဘက် ပျောက်သွားပြီဆိုရင် ဘယ်လိုမှ ပြန်ရှာမတွေ့တော့ဘူး။ ပျောက်သွားတာကလည်း ဘယ်လိုမှ ခြေစလက်န ရှာမရအောင် ပျောက်သွားတာ။ အခုဆို ဆယ့်တစ်ယောက် ဆယ့်နှစ်ယောက်လောက်ရှိပြီ အစ်ကို။ အဲဒါ လူကြီးတွေကတော့ ဘီလူး စားတယ်လို့ချည်းပဲ ပြောနေတာပဲ။ တစ်ခါတစ်ခါ လပြည့်လကွယ် မဟုတ်တဲ့ ညတွေမှာတောင် ပျောက်သွားလိုက်သေးတယ်"





သူ ခေါင်းကို ခါယမ်းလိုက်၏။

မဖြစ်နိုင်ပါ။ သည်လောက် ပုံပြင်ဆန်ပြီး ယုတ္တိယုတ္တာ ကင်းမဲ့သောအဖြစ်ကို သူ ယုံကြည်ရန် အကြောင်းမရှိပါ။ ဘီလူးက ဘာဖြစ်လို့ ဒိုးကြောင်ခိုးဝှက် ညဘက်ကျမှ လာသလဲ၊ ဘီလူးစားရုံနှင့် လူတစ်ယောက်လုံး အငွေ့ပျံသလို အစအန ရှာမရအောင် ပျောက်သွားရောတဲ့လား။

နောက်ပြီး ဘီလူးက ဘာကြောင့် မိန်းကလေးတွေကိုချည်း ရွေးစားရတာလဲ။ လုံးဝ အဓိပ္ပာယ်မရှိပါ။ မိန်းကလေးတွေကိုချည်း ရွေးခေါ်ကာ ဘီလူးက ဖက်ရှင်သင်တန်းဖွင့်လိမ့်မည် မဟုတ်သည်မှာလည်း သေချာပါသည်။ (သို့မဟုတ် သေချာသည်ဟု သူ ထင်၏)

ဒါပေမဲ့ လောကမှာ ယုတ္တိမရှိဘဲ ဖြစ်နေတာတွေ အများကြီးပါဟု သူ တွေးလိုက်၏။ ဆိုပါစို့ . . . တိရစ္ဆာန်၏ အသားကို စားမှ လူမှာ အာဟာရ ဖြစ်သည်ဟု တစ်ထစ်ချမှတ်ကာ သတ်ဖို့ ဖြတ်ဖို့ ဝန်မလေးခြင်းသည် ယုတ္တိမရှိပါ။ ထို့အတူ တိရစ္ဆာန်များကို သနားသောအားဖြင့် သက်သတ်လွတ် စားသင့်သည်ဟူသော အယူအဆမှာလည်း ယုတ္တိမရှိပါ။

ချစ်သူကို ချစ်လျှင် လက်ထပ်ယူရမည်ဆိုသော စိတ်ကူးသည်လည်း ယုတ္တိမရှိပါ။ ထို့အတူ အချစ်ဆိုသည်မှာ စွန့်လွှတ် အနစ်နာခံခြင်းဖြစ်သည်ဟူသော အယူအဆသည်လည်း ယုတ္တိမရှိ၊ 'လူဆိုသည်မှာ သေမျိုးဖြစ်သည်'ဟု ပါးစပ်က တဖွဖွပြောရင်း မသေအောင် ထမင်း အလုအယက်ရှာစားနေကြသော အဘိဓမ္မာဆရာတို့သည်လည်း ယုတ္တိမရှိ။

အနည်းဆုံး. . . ဝေလငါးသည် ငါး မဟုတ်ကြောင်း သိလျက်နှင့် ငါး ဟု အမည်တပ် ခေါ်ဝေါ်နေကြခြင်းကပင်လျှင် ယုတ္တိမရှိ၊ မော်တော်ကားသည် ယုတ္တိမရှိ၊ ကောင်မလေးသည် ယုတ္တိမရှိ၊ အလွမ်းသည် ယုတ္တိမရှိ၊ မျက်ရည်သည် ယုတ္တိမရှိ၊ စကားလုံးများသည် ယုတ္တိမရှိ. . . ။



www.burmeseclassic.com

www.burmeseclassic.com



လေပြည်တစ်ချက် တိုက်လိုက်သောအခါ အဖြူရောင်ရနံ့ သင်းပျံ့သွားသည်ဟု ခံစားလိုက်ရခြင်းမှာ ယုတ္တိ သိပ်မရှိဟု ထင်ရသော်လည်း သူ တကယ်ပင် ရနံ့တစ်ခု ရလိုက်သည်မှာ သေချာ၏။ ဘယ်လို ပန်းမျိုးက လာတဲ့ ရနံ့လဲ။ တိမ်တိုက်နုနုတွေဆီကလား၊ သစ်ရွက်စိမ်းစိမ်းဖြင့် ထုပ်ပိုးထားသည့် အမှန်တရား တစ်ခုဆီကလား၊ ညနေခင်းမှာ ပွင့်တဲ့ ပန်းပွင့်ဖြူဖြူတွေဆီကလား။ ခြံတံခါးဆီကလား။

သူ ခြံဝင်းတံခါးကို လှည့်ကြည့်လိုက်သည်။ သူ အနည်းငယ် စိတ်ညစ်ချင်သလိုလို ဖြစ်သွား၏။ မည်သို့မှ ကဗျာဆန်စရာအကြောင်း မရှိ။

တည်းခိုခန်းပိုင်ရှင် ဦးတင်ကြည် ဆိုသူသည် ခြံတံခါးဆီ လျှောက်လာနေ၏။ အရပ်က ပုပု၊ ကုပ်သားများက တိုဝင်နေသည်။ ဝလွန်းသောကြောင့် ပေါင်နှစ်ဖက်၊ ကွကွတတ ဖြစ်ကာ လမ်းလျှောက်သည့်အခါ ခြေဖဝါးကို ဘဲများကဲ့သို့ အပြင်ဘက် လှည့်ကားထားပြီး ခြေတရွတ်တိုက် ဆွဲလျှောက်ရ၏။

မျက်မှန်ထူထူနောက်မှ မျက်လုံးများကလည်း ပြူးတူးတူးဖြစ်နေသောကြောင့် ထို တည်းခိုခန်းပိုင်ရှင် လမ်းလျှောက်လာပုံကို ပြုန်းခနဲ ကြည့်လိုက်လျှင် ဘီးများ မရှိတော့သော သုံးဘီးကား အပျက်တစ်စီးကို ရှေ့မှ ကြိုးနှင့်ဆွဲလာသည်နှင့် ခပ်ဆင်ဆင်တူနေလေသည်။

"ဟော့ကောင် အသေးလေး . . . ဧည့်သည် လာပို့တာလားကွ"

တည်းခိုခန်းပိုင်ရှင်က လူဝကြီးတိုင်းတွင် ရှိတတ်သော အသံ အစ်အစ် တစ်မျိုးဖြင့် ဆိုက်ကားသမားလေးကို လှမ်းမေးသည်။

အသေးလေးက. . .

"ဟုတ်ကဲ့ ဦးလေး"





ဟု ပြန်အော်ဖြေလိုက်ပြီး သူ့ဘက်သို့ ဦးခေါင်းကို နှိမ့်ကာ. . .

"ကျွန်တော် လစ်တော့မယ် အစ်ကို၊ ဒီလူကြီးက သိပ်လေကြောရှည်တာ"

ဟု လေသံတိုးတိုးဖြင့် ခပ်သုတ်သုတ်ပြောရင်း ဆိုက်ကားကို နင်းထွက်လိုက်သည်။ ဘီးတစ်လိမ့် နှစ်လိမ့်ခန့် လည်ပြီးမှ ခေါင်းကို သူ့ဘက် ပြန်လှည့်လိုက်ကာ. . .

"အစ်ကို့အဖော်စွတော့ ဒီလူကြီးကို အစ်ကို့ဘာသာ အစ်ကိုပဲ မေးကြည့်ပေတော့။ ကျွန်တော် ဒီညတော့ လက်ဖက်ရည်ဆိုင်မှာ ရှိချင်မှ ရှိမှာ။ မြို့ထဲလှည့်ပြီး လိုက်စပ်စုလိုက်ဦးမယ်။ မနက်ဖြန်ကျမှ ဈေးထိပ်က လက်ဖက်ရည်ဆိုင်မှာ ဆုံကြတာပေါ့"

သူ့မှာ အသေးလေးကို မေးစရာ များစွာရှိသော်လည်း ဘာမှ မပြောတော့ဘဲ သည်အတိုင်း နေလိုက်သည်။ လမ်းမကြီးဘက်ဆီသို့ ဆိုက်ကား ရွေ့ရွေ့သွားသည်ကိုသာ ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေဖြစ်၏။ သစ်ပင် ဝါးပင် ခက်လက်တွေ အအုပ်အဆိုင်းများသောကြောင့် နေရောင် သိပ်မလင်းသလို ဖြစ်နေသော မြေနီလမ်းကလေးပေါ်တွင် သူ တစ်ယောက်တည်း မတ်တတ်ရပ်နေသူ ရှိသည်။

သူစိမ်းများနှင့် ဆက်ဆံရခါနီးဆဲဆဲတွင် ဖြစ်တတ်သော စိတ်ကျဉ်းကျပ်မှုမျိုးဖြင့် သူ အားငယ်သလိုလို ဖြစ်လာ၏။ ထူးဆန်း လျှို့ဝှက်သော အငွေ့အရိပ်တစ်မျိုးသည် ဒီမြို့ကလေးကို လုံလုံခြုံခြုံ ဖုံးအုပ် ထုပ်ပိုးထားလေသလားဟုလည်း ထင်ချင်သည်။ ထိုသို့ ထင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ ရှူရှိုက်နေရသော သည်မြို့ကလေး၏ လေထုစိမ်းစိမ်းသည် သံမဏိဆန်လာသည် အောက်မေ့ရ၏။ တောက်ပသော အဖြူရောင်တစ်မျိုးဖြင့် လင်းနေသည့် သည်မြို့ကလေး၏ နေခြည်ထဲတွင် အပူအဆိုင်ငွေ့တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်ဟု အောက်မေ့ရ၏။ သစ်ရွက်စိမ်းစိမ်းများ ကိုင်းညွှတ်နေသော ဝါးပင်များ၏ နောက်တွင် အမျိုးအမည်မသိသော သတ္တဝါတစ်ကောင်က သူ့ကို ချောင်းမြောင်း စောင့်ကြည့်နေ သည်ဟုလည်း အောက်မေ့ရ၏။

အနည်းဆုံး သူ မတ်တတ်ရပ်နေသည့် မြေကြီးသည်ပင် သူ့အပေါ် လှိုက်လှိုက်လှဲ့လှဲ့ မရှိ။ ခဲသေးသေးကလေးများဖြင့် ပြည့်နေသော အရောင် ရင့်ရင့် မြေနီလမ်းကလေးသည် အံ့ဝှက်တံခါးဆန်နေ၏။

ကိုယ့်ကို ကြိုဆိုဖိတ်ခေါ်မည့်သူ တစ်ဦးတစ်ယောက်မှ ရှိမနေသည့် နေရာဒေသတစ်ခုတွင် (သာမန်အားဖြင့် ဂရုစိုက်စရာ မလိုအပ်သော) မဆို စလောက် အပြုအမူ တစ်စွန်းတစ်စတိုင်းသည်ပင် ရင်ထဲ နာနာကျင်ကျင် ဖြစ်ရလောက်အောင် သူ့စိမ်းဆန်နေတတ်မှန်း သူ အသေအချာ ခံစားရလေသည်။

●

သူက အိတ်ထဲမှ ဓာတ်ပုံကို ထုတ်ပြလိုက်ပြီး. . .

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဒီတည်းခိုခန်းမှာ ဟောဒီ ဓာတ်ပုံ ထဲက လူ လာတည်းသွားသေးလား အန်ကယ်. . . ဟိုဒင်းလေ. . . အန်ကယ်များ သတိထားမိမလားလို့"

သူ့လေသံက မလိုအပ်ဘဲ အလွန်အကျွံ ရိုကျိုးလွန်းနေသည်ကို သူ့ဘာသာသူ ပြန်သတိထားမိလေသည်။ စိတ်ထဲတွင် အနည်းငယ် ကျိတ်၍ ရှက်မိသော်လည်း ဩော်. . . သူစိမ်းတွေနဲ့ ဆက်ဆံရတာပဲ၊ ဒီလောက် တော့ ရှိမှာပေါ့ဟု ပြန်တွေး၍ ဖြေလိုက်၏။

လူဆိုသည်မှာ တော်ရုံတန်ရုံကိစ္စလောက်ဖြင့်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်မရှက်။ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်ဖို့ သတိမရတတ်။ ပြန်ရှက်မိပြီဆိုလျှင်လည်း ထိုစိတ်အနာက ကင်ဆာလို နှစ်ရှည်လများ တရိရိ စားနေတတ်သည်။





သူတစ်ပါးကို ရှက်ရသည့် အရှက်က ရှတ်တရက် ပြင်းထန်နေ သည်ဟု ထင်ရသော်လည်း အန္တရာယ် မရှိလှပါ။ လမ်းလယ်ကောင် လူ တွေ ဝိုင်းကြည့်နေကြသည့်အထဲတွင် ပုဆိုးကျွတ်ကျလျှင်ပင် ပြဿနာ မရှိ။ နောက် သုံးလေးရက်နေလျှင် အားလုံး မေ့သွားကြမည်သာဖြစ်၏။

ကိုယ့်ဘာသာကိုယ် ပြန်ရှက်ရလျှင်တော့ ထိုအဆိပ်က တစ်သက် လုံး တရိရိတက်နေတတ်သည်။ နောက်ဆုံး ကိုယ့်စိတ်ကို ကိုယ် သတ်သေ မှု ဖြစ်သွားစေနိုင်သည်အထိ ပြင်းထန်တတ်သည်။

သူကတော့ သူ့တစ်ကိုယ်လုံး ထိုအဆိပ်များပြည့်နှက်ကာ အဆိပ် ပြီးနေသည်ဟု ခံစားရ၏။ (သူက အကြောင်းပြချက်များ၊ ဆင်ခြေများဖြင့် အဆိပ်ကို ဖြေနေသူတစ်ယောက်သာ ဖြစ်သည်)

တည်းခိုခန်းပိုင်ရှင်က. . .

"မောင်ရင့်ဟာက ရှုပ်ရှုပ်ယှက်ယှက်တော့ မဟုတ်ပါဘူးနော်"

မဟုတ်ပါဘူးနော်ဟု ပြောလိုက်သော်လည်း ဟုတ်သည်ဟု စွပ်စွဲ ချင်သော အရိပ်အယောင်များက ထိုလူဝကြီး၏ မျက်လုံးများတွင် သိသိ သာသာ ပေါ်နေ၏။ သူက. . .

"ဟာ . . . မဟုတ်ပါဘူး အန်ကယ်။ ဒါ ကျွန်တော့်အဖေ ဓာတ်ပုံ ပါ။ ကျွန်တော်က အဖေ အိမ်က ဆင်းသွားလို့ လိုက်ရှာနေတာပါ"

လူဝကြီးက ဓာတ်ပုံကို ယူကြည့်လိုက်ပြီး. . .

"ဟင့်အင်း . . . ဒီမှာတော့ တစ်ခါမှ မတည်းသွားဘူး ထင်တာ ပဲ။ ဒါနဲ့ နေစမ်းပါဦး၊ မောင်ရင်က မောင်ရင့်အဖေ မရှိရင် ဒီမှာ မတည်း တော့ဘူးလား၊ ဟုတ်လား။ မဆိုင်ပါဘူးလေ၊ တည်းတော့ တည်းမှာပေါ့နော်"

ဟန်မဆောင်နိုင်လောက်အောင် အမောတကော မြေပြလိုက် သည့် တည်းခိုခန်းပိုင်ရှင်၏ လေသံကြောင့် သူ ကျိတ်၍ ပြုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မတည်းမည်ကို အတော်စိုးရိမ်နေပုံရသည်။ သူက ပါးစပ်ကို လက်ဖြင့်ပွတ်ကာ ချွေးသုတ်သလိုလုပ်ရင်း သူ့အပြုံးကို ကွယ်ဖို့ ကြိုးစားလိုက်သည်။ ထိုလူကြီး မြင်သွားလျှင် ရှက်နေမည်ကို တွေးပြီး သူက ပြန်အားနာနေမိသောကြောင့် ဖြစ်၏။

ခရီးသည် အလာနည်းသော သည်မြို့ကလေး၏ တည်းခိုခန်းပိုင်ရှင်တစ်ယောက်မှာ ထိုသို့သော စိုးရိမ်ပူပန်မှုမျိုးရှိနေတာ သဘာဝကျပါသည်။

သူက . . .

"တည်းမှာပါ အန်ကယ်၊ ဒီမှာ သုံးလေးရက်လောက်တော့နေပြီး အဖေ့အကြောင်း စုံစမ်းရဦးမှာပေါ့။ ကျွန်တော့်ကို လမ်းညွှန်လိုက်တဲ့ သူကလည်း အဖေ့ကို ဒီမြို့မှာ တွေ့လိုက်တယ်ဆိုတာကို အသေအချာ ပြောလိုက်တာ"

လူဝကြီးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း သူ့ကို တည်းခိုခန်းဆီသို့ ဦးဆောင်ခေါ်သွား၏။ (ကွတတ နှေးတုံ့တုံ့ဖြင့် လမ်းလျှောက်တတ်သူ တစ်ယောက်၏ နောက်မှ လိုက်ရသည်မှာ မည်မျှ စိတ်ဒုက္ခကြီးမားကြောင်း သူ ကောင်းကောင်းနားလည်သွားသည်)

အခန်းခကို သုံးရက်စာ ပေးထားလိုက်ပြီး အခန်းသော့ကို ယူကာ အပေါ်ထပ်သို့တက်ရန် ပြင်လိုက်သည်။ လူဝကြီးက သူ့ဘေးနားမှ ကပ်လိုက်လာပြီး. . .

"မောင်ရင့် အဖေက ဒီမြို့ကို ဘာလာလုပ်တာတဲ့လဲ"

သူက သက်ပြင်းတစ်ချက် ချလိုက်ရင်း. . .

"မသိပါဘူး အန်ကယ်ရယ်။ အဖေက အမေနဲ့ စိတ်ဆိုးပြီး အိမ်က ဆင်းသွားတာ"





စင်စစ် အဖေ ဘာကိုမှ စိတ်မဆိုးသွားမှန်း သူ အသေအချာသိသည်။ သို့သော် အသေးစိတ်ပြောပြနေရန် မလိုဟု ထင်သောကြောင့် ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ပင် ဖြေလိုက်ခြင်းဖြစ်၏။

ရုတ်တရက်ဆိုသလို အဖေနှင့် ပတ်သက်ပြီး ငါ တစ်ခုခု ခံစားဖို့ကောင်းတယ်ဟု သူ့ကိုယ်သူ ပြန်သတိပေးမိသည်။ တကယ်ဆို အဖေ့ကို ဒီတည်းခိုခန်းမှာ တွေ့ရလောက်ပါရဲ့လို့ မှန်းထားပြီးကာမှ အခု မတွေ့ရတဲ့အခါ တစ်ခုခု ခံစားလိုက်ရဖို့ ကောင်းတာပေါ့။ ဥပမာ. . . ဝမ်းနည်းတာမျိုး၊ စိုးရိမ်တာမျိုး။ ယခုတော့ သူ ဘာကိုမှ မခံစားရသည်မှာ သိသာလွန်းနေ၏။

ဘာကြောင့်လဲ။ မညာတမ်းပြောရလျှင် အဖေ့ကို မတွေ့ရသည့်အတွက် အနည်းငယ် စိတ်ဝန်ပေါ့သွားသလိုလိုပင် ဖြစ်မိနေသေး၏။ ဘာကြောင့်လဲ . . . အဲဒါ ဘာကြောင့်လဲ။ သူ့မှာ အဖေနှင့် တွေ့လျှင် ပြောစရာစကား မရှိသောကြောင့် ဖြစ်သည်။ 'အဖေ ကျွန်တော်နဲ့ အိမ်ပြန်လိုက်ခဲ့ပါ' ဟု ခေါ်ရမည်လား။ ဒါလည်း သူ မလုပ်ချင်ပါ။ လွတ်လပ်ရာ ငြိမ်းချမ်းရာကို မိမိ တတ်နိုင်သလို ရှာဖွေသွားသူတစ်ယောက်ကို အနှောင့်အယှက်ပေးသလို ဖြစ်နေလိမ့်မည်။

နောက်ပြီး . . . အဖေက သူ၏ အုပ်ထိန်းသူပင် ဖြစ်သည်။ အိမ်ပြန်ဖို့ မပြန်ဖို့ကို အဖေကသာ ဆုံးဖြတ်ရန် လိုပေလိမ့်မည်။ သူက အိမ်ပြန်ရန် အမိန့်ပေးခွင့် မရှိ။ 'အဖေ့ကို အမေက လိုက်ခေါ်ခိုင်းလိုက်တယ်' ဟု ပြောရမည်လား။ အား . . . အဆိုးဆုံး ဖြစ်သွားပေလိမ့်မည်။ အမေနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့မှန်း အသေအချာ နားလည်ပြီးမှ အဖေ ထွက်သွားခြင်း ဖြစ်သည်။ အား. . . ခက်လိုက်တာ။ ထို့ကြောင့် အဖေနှင့် မတွေ့ရခြင်းသည်ပင် သူ့အတွက် ပြဿနာတစ်ခုကို ရှောင်လွှဲနိုင်သလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဖြစ်ချင်တာ ဖြစ်ပေရော့။ လောလောဆယ်တော့ သူ စိတ်ပေါ့သွားရပြီ။ အားလုံး ကောင်းပါသည်။ (သူ့စိတ်ထဲမှာ အနည်းငယ် ခိုးလို့ခုလုဖြစ်နေသော ဒီမြို့ကလေး၏ ဘီလူးကိစ္စမှ လွဲလျှင်ပေါ့လေ)

"အေးကွာ. . . ဖြစ်တတ်ပါတယ်။ အန်ကယ် ဒီလိုကြားရတာ စိတ်မကောင်းပါဘူး"

သူ အနည်းငယ် ကြောင်စီစီဖြစ်သွား၏။ ဘာဖြစ်လို့များ သည် လူဝကြီးက နေရင်းထိုင်ရင်း စိတ်မကောင်းဖြစ်သွားရပါလိမ့်။ သို့သော် သူ အနည်းငယ် ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။ ဘာကို ခေါင်းညိတ်သည်မှန်း သူ့ဘာသာသူလည်း မသိ။

သူက ပြီးသွားပြီဟု ထင်လိုက်သော်လည်း လူဝကြီး၏ စက်ဘီးတာယာအဟောင်းနှင့်တူသော နှုတ်ခမ်းကြီးများက တလှုပ်လှုပ်တပြင်ပြင်ဖြစ်နေသေးသည်ကို တွေ့လိုက်ရသောကြောင့် စကားစ ဆက်လာဦးမည်ဟု စိတ်မသက်မသာ သိလိုက်ရပြန်သည်။

"ကောင်းပါတယ်ကွာ. . .၊ အဖေကို အခုလို ဂရုတစိုက်ရှိတာ။ မောင်ရင့်လို သားသမီးမျိုးကို အန်ကယ် သဘောကျတယ်ကွာ။ ရှာပါ မောင်ရင့် အဖေကို တွေ့အောင်ရှာပါ။ သူ ဒုက္ခရောက်နေမလား၊ ဘာဖြစ်နေမလဲ. . . ဘယ်သူမှမသိနိုင်ဘူး။ ရှာပြီး အကူအညီပေးရမှာ သားသမီးတာဝန်ပဲကွ. . . ဟုတ်တယ် မဟုတ်လား"

သူ ဒုတိယအကြိမ် ပြုံးပြီး ခေါင်းညိတ်ပြရပြန်သည်။ စိတ်ထဲကတော့ ငါ တည်းရမယ့်အခန်းက ဘယ်မှာလဲ မသိဘူးဟု တွေးနေမိ၏။ လူဝကြီးက မနားတမ်း ဆက်ပြောနေသည်။

"မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းပဲကွ။ မိဘဟာ ဘာဖြစ်နေ ဖြစ်နေ. . . အမြဲတမ်း မိဘဟာ မိဘပဲ။ အဲဒီတော့ကာ . . ."





သူ ပြုံး၍ ခေါင်းညိတ်ပြပြန်သည်။ ထောင့်ဘက်ကျကျ အခန်းမျိုးရရင် ကောင်းမှာပဲ။ ဒီမှာ ရေက ပေါပေါများများမှ ရပ့ါမလား မသိဘူး။ မနက်ဖြန်ကျရင် . . .

"ဒီမှာ မောင်ရင် . . . မိဘကျေးဇူးဆိုတာ . . . အန်ကယ် ငယ်ငယ်တုန်းကဆိုရင် မိဘကို. . ."

သူ ပြုံး၍ ခေါင်းညိတ်ရပြန်သည်။ အင်း . . . ဒီလူဝကြီးကလည်း စကားများလိုက်တာ။ ငါ ဒီမှာ လာတည်းမိတာ မှားပြီထင်တယ်။ ဒီမှာ မတည်းရင် တခြားတည်းခိုခန်းကလည်း မရှိ။ ဘုန်းကြီးကျောင်းမှာ တည်းရမှာ . . . နေဦး၊ ငါ့အဖေကကော ဘုန်းကြီးကျောင်းမှာ သွားတည်းနေတာ မဖြစ်နိုင်ဘူးလား။

"နေစမ်းပါဦး မောင်ရင်၊ သီဟဗာဟု ကို သိတယ်မဟုတ်လား"

ရုတ်တရက် မေးလိုက်သော စကားကြောင့် သူ အနည်းငယ် ကြောင်သွား၏။ သူ ပြန်စဉ်းစားကြည့်လိုက်သည်။ သူ့မိတ်ဆွေများထဲတွင်တော့ သည်လိုနာမည်မျိုး မရှိပါ။ ဒါမှမဟုတ် သည်မြို့မှ မြို့ခံတစ်ယောက်နှင့် သိ၊ မသိ မေးနေခြင်းလည်း ဖြစ်နိုင်၏။ သူက. . .

"ဟင့်အင်း မသိဘူး အန်ကယ်။ ဘယ်သူလဲ. . . ဒီမြို့ကပဲလား"

လူဝကြီး အတော်စိတ်ပျက်သွားပုံရသည်။

"ဟာ. . . ကွာ၊ မင်းကလည်း . . . ပုံပြင်ထဲမှာလေကွာ။ သူ့အဖေကို လေးနဲ့ ပြန်ပစ်တဲ့ မင်းသားလေ"

"ဩော်. . . သူ့အဖေက ဘာတွေ ပေါက်ကရ လျှောက်လုပ်လို့လဲ အန်ကယ်"

လူဝကြီး ခေါင်းခါ၏။ မျက်မှန်ထူထူနောက်မှ မျက်လုံးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် စိတ်ရှုပ်သော အရိပ်အယောင်များ ပေါ်လာသည်။ ဘာဖြစ်လို့ပါလိမ့် . . . ငါပြောတဲ့အထဲမှာ ဘာများ အမှားပါသွားသလဲ။

"မင်းကွာ. . . သူ့အဖေက ခြင်္သေ့လေ။ မင်းသမီးလေးနဲ့ ညားပြီး သီဟဗာဟု ကို မွေးတာလေ။ နောက်. . . သူ့အဖေက တိရစ္ဆာန်ဖြစ်နေတော့ ရှက်ပြီး လေးနဲ့ ပစ်သတ်တယ်လေကွာ။ မသိဘူးလား။ ပြီးတော့မှ နောင်တရပြီး အဖေ့ကျေးဇူးကို အောက်မေ့တဲ့အနေနဲ့ ဘုရားရှေ့မှာ ခြင်္သေ့ရုပ်ထုထားတာ"

ဒီတစ်ခါ စိတ်ညစ်ရသူမှာ သူ့အလှည့်ဖြစ်သွား၏။ ကြည့်စမ်း ဘယ်လောက်တောင် အူကြောင်ကြောင်နိုင်လိုက်တဲ့ ပုံပြင်လဲလို့။ တိရစ္ဆာန်နဲ့ လူနဲ့ ပေါင်းဖော်ပြီး လူကို မွေးတယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စမှန်း ဒီငနဲကြီး မသိဘူးလား။ လူအချင်းချင်း သွေးသွင်းတာတောင် အမျိုးအစား မတူရင် သွင်းလို့မရတဲ့ဥစ္စာ။ နောက်ပြီး စေတီပေါ် ပေါက်တဲ့ သက်တမ်းနဲ့ယှဉ်လိုက်ရင် အဲဒီပုံပြင်သက်တမ်းက နှစ်ပေါင်းထောင်ချီပြီး စောနေတာ. . . ! ဘယ့်နှယ်လုပ် စေတီရှေ့မှာ ခြင်္သေ့ရုပ်ထုတာ ဖြစ်နိုင်ရမှာလဲ။

စင်စစ် သူက အဖေ့ကျေးဇူးကို သိတတ်သောအားဖြင့် လိုက်ရှာနေခြင်းလည်း မဟုတ်ပါ။ ဘာမှမဆိုင်ပါ။ အကယ်၍ အဖေက သူ့အပေါ် ကျေးဇူးမရှိဘူးပဲ ဆိုပါတော့။ သည်လိုဆိုလျှင်ကော လိုက်မရှာရတော့ဘူးလား။

ထိုကိစ္စများကို လျှောက်စဉ်းစားနေလျှင် မီးခိုးမဆုံး မိုးမဆုံးဖြစ်ကုန်ပေလိမ့်မည်။ သိပ်ရှုပ်ထွေးလွန်းပါသည်။ သူက အဲသည်လောက်စဉ်းစားတတ်သူတစ်ယောက် မဟုတ်ခဲ့ပါ။ ရိုးရိုးကလေးပင် တွေးသည်။ သူလုပ်ရမည့်ကိစ္စ ဖြစ်သောကြောင့် လုပ်ခြင်းသာဖြစ်၏။





လူ့ဘဝ ဆိုသည်မှာ ကျေးဇူးတရားများကို အကြွေးလို ဆပ်ဖို့ ရောက်လာခဲ့ခြင်း မဟုတ်ပါ။

●

"ပါးပါး၊ သမီး ကြောင်လေး တွေ့မိလား၊ ပူစီ မနက်ကတည်းက ပျောက်နေလို့"

အပေါ် ထပ်ထောင့်စွန်း အခန်း၏ အပြင်ဘက် စင်္ကြံတွင် ကောင်မလေး တစ်ယောက် ရပ်နေသည်ကို သူ သတိထားမိသွား၏။ မျက်လုံး အနည်းငယ်ပြူးပြီး အသားဖြူဖြူ သေးသေးသွယ်သွယ်ကလေး ဖြစ်သည်။ ကြည့်ပျော်ရှုပျော်ရှိသော ရုပ်ရည်မျိုးပင် ဖြစ်သော်လည်း သူ့မျက်စိထဲတွင်တော့ ကြောက်တတ်လန့်တတ်သည့် စာဘုန်းကြီးကလေးတစ်ကောင်နှင့် တူသည်ဟု မြင်မိသောကြောင့် အနည်းငယ် ရယ်ချင်လာ၏။ ဟုတ်တယ်။ ဒီကောင်မလေးရဲ့ မျက်လုံးပြူးပြူးတွေက စာကလေးတစ်ကောင် ကြောက်အား လန့်အား ပြူးပြူးပျာပျာ ကြည့်နေပုံမျိုး၊ နောက်ပြီးတော့ အသံကလည်း ကျလိ ကျလိနဲ့။

"ဟင့်အင်း . . . မတွေ့ဘူး သမီး"

ပြီးခဲ့သည့်လက ဒီတည်းခိုခန်းပိုင်ရှင်၏သမီး အကြီးမ ဘီလူးအစားခံရကြောင်း ဆိုက်ကားသမား အသေးလေးက ပြောသွားခဲ့သည်ကို သူ ချက်ချင်း ပြန်သတိရလိုက်၏။ သည်လိုဆိုလျှင် ယခုတွေ့နေရသော ကျလိ ကျလိနှင့် စာဘုန်းကြီးမလေးသည် သမီးအငယ် ဖြစ်ပေလိမ့်မည်။

"ဟင့်အင်း ဟင့်အင်း မရဘူး၊ ပါပါး လိုက်ရှာပေးရမယ်။ အခုလိုက်ရှာပေးရမယ်"

ကောင်မလေးက ခြေတစ်ဖက် ဆောင့်ရင်း ဆောင့်ရင်း ကျလိကျလိ နှင့် အော်ဟစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ထိုစာကလေးမလေးကို သူ နည်းနည်းတော့ ကျေးဇူးတင်ချင်သွားသည်။ လုပ်စမ်းပါကွာ၊ မင်းအဖေကြီးကို ပြန်ခေါ် သွားစမ်းပါ။ စကားတွေ ဗလစ် ဗလစ် ပြောလွန်းတဲ့ ဒီငနဲကြီးကို အိပ်ရာဝင် ပုံပြင်တွေ ပြောခိုင်းဖို့ ခေါ်သွားစမ်းပါ။

"ခဏနေဦး သမီး၊ ပါပါး ဒီမှာ ဧည့်သည်ကို အခန်းထဲပို့ပေးလိုက်ဦးမယ်"

အား. . . ဒီငနဲကြီးက မလွယ်ပါလား။

ကံအားလျော်စွာပင် သူ့အခန်းက ထိုအပြင် စင်္ကြံနှင့် ကပ်လျက်ရှိသော ထောင့်စွန်းအခန်း ဖြစ်သည်။ သူက အခန်းသော့ကို အသာအယာ လှည့်ဖွင့်လိုက်၏။ နောက်. . . တံခါးကို တွန်းဖွင့်၍ မဝင်မီ ကြမ်းပေါ်မှ ခရီးဆောင်အိတ်ကို ကောက်ဆွဲသလိုလိုနှင့် လူဝကြီးဘက်သို့ တစ်ချက်ခိုးကြည့်လိုက်သည်။ လူဝကြီးက သူ့အခန်းတံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ဝုန်းခနဲ ကိုယ်လုံးကြီး လှိမ့်ဝင်လာပြီး စကားလိုက် ပြောရန် ကွတတ အသင့်ပြင်ဆင်ထားသည်ကို မြင်ရ၏။

အခြေအနေက စိုးရိမ်မကင်းစရာ ဖြစ်နေသည်။ သူ သတိကြီးစွာ ထား၍ တံခါးကို လူတစ်ကိုယ်စာ ဝင်သာရုံလောက် ဟသွားအောင် ဖြည်းဖြည်းတွန်းဖွင့်လိုက်၏။ နောက်. . . ကိုယ်ကို စောင်းကာ ဖျတ်ခနဲ တိုးဝင်လိုက်ပြီး အခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း ပြန်လှည့်ကာ တံခါးအပေါက်ဝကို ပိတ်ရပ်လိုက်၏။ လူဝကြီးက တံခါးကို တွန်းဖွင့်ရန် လက်ရွယ်လိုက်ပြီး. . .

"မောင်ရင့်ကို သားသမီး ဝတ်ငါးပါးအကြောင်း. . ."

"ကျေးဇူးပဲ အန်ကယ်၊ ကျွန်တော် ခရီးပန်းလာလို့ ခဏလောက် အိပ်လိုက်ဦးမယ်။ တကယ်ပါ အန်ကယ့်ကို သိပ်ကျေးဇူးတင်တာပဲ"





ပြောပြောဆိုဆိုနှင့် တံခါးကို တွန်းပိတ်ပြီး ချက်ချင်း အတွင်းမှ မင်းတုပ်ချလိုက်သည်။ စိတ်ပေါ့ပါးသွားသောကြောင့် စောစောက ကိုယ့်ဘာသာကိုယ် မသိလိုက်ဘဲ အောင့်ထားခဲ့မိသည့် အသက်ကို ဝူးခနဲ မှုတ်ထုတ်သည်။ အိုကေ. . . အန်ကယ်၊ ကျွန်တော်တို့ နောက်တော့မှပဲ ပုံပြောတမ်း ကစားကြသေးတာပေ့ါ။ သူ ခုတင်ပေါ်မှာ ပစ်လှဲချလိုက်၏။

တကယ်ဆို ဘီလူးက သူ့သမီးကို မစားဘဲ ထိုလူဝကြီးကို စားသွားသင့်သည်ဟု သူ တွေးလိုက်သည်။ လှဲနေရင်းက သူ့တစ်ကိုယ်လုံး ကိုက်ခဲ နာကျင်နေသည်ကို သတိထားမိလာ၏။ အား . . . တကယ် အိပ်ပျော်သွားတော့မည်။ ဘာဖြစ်လဲ. . . ခဏ အိပ်ပစ်လိုက်ဦးမည်။ ညဦးပိုင်းလောက်မှ မြို့ထဲလျှောက်ပြီး တစ်ခုခု စားတာပေ့ါ။

အင်း. . . ဘီလူးနဲ့များ တွေ့နေဦးမှာလား။ ဘီလူး. . . ဘီလူး။ သူ အိပ်ပျော်တစ်ဝက် နိုးတစ်ဝက်လိုလို ဖြစ်နေ၏။ အဖေကော. . . ဒါဖေ။ အဖေဟု စိတ်က ထင်သူ တစ်ယောက်ကို ပခုံးပုတ်လိုက်ရာ ထိုသူက လှည့်ကြည့်သောအခါ ဘီလူးမျက်နှာ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ သူ မောပန်းကာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။

နောက်တော့ သူ တကယ် နှစ်ခြိုက်စွာ အိပ်မောကျသွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျောက်ဖြူသားဖြင့် ထုဆစ်ထားသည့် လှေကားဆယ့်သုံးထစ်၏ အောက်ဆုံးတွင် နှင်းဆီအနီတစ်ပွင့်ကို ချထားသည်။ သတိရခြင်း အထိမ်းအမှတ် ဖြစ်ကောင်း ဖြစ်နိုင်ပေမည်။ ရီဝေမှိုင်းပျနေသော ရနံ့များကို လိပ်ပြာတစ်ကောင်၏ နှလုံးသားထဲတွင် တွေ့ရ၏။ အစမှတ်လည်း မရှိ၊ အဆုံးမှတ်လည်း မရှိသော မျဉ်းကွေးတစ်ကြောင်းပေါ်တွင် အနက်ရောင် ငှက်တစ်ကောင် နားနေ၏။ ထိုငှက်သည် သူကိုယ်တိုင်ပင် ဖြစ်နေလေသည်။

အစအဆုံးမရှိသော အရာများကို သူ မုန်းသည်။ သံသရာဆိုသည့် ပျော့တိပျော့ဖတ်အရာကြီးကို သူ မုန်းသည်။ စက်ဝိုင်းဆိုသည့် အရာကို မည်သည့် ဂျီဩမေတြီဆရာ တီထွင်ခဲ့ပါလဲ။ ထို ဂျီဩမေတြီဆရာကိုထောင် ဒဏ်တစ်သက်တစ်ကျွန်းနှင့် ခြောက်လ အပြစ်ပေးလိုက်ပါ။ (ခြောက်လ အပိုထပ်ဆောင်း၍ပေးရခြင်းမှာ ထိုစက်ဝိုင်းဆွဲဖို့ ခဲတံကို တစ်နေရာရာမှ ခိုးလာသည်ဟု ယူဆရသောကြောင့် ဖြစ်၏)

●





မြက်ခင်း စိမ်းစိမ်းရှည်ရှည်များကြားတွင် ပုန်းအောင်းနေသော သီချင်းတစ်ပုဒ်ကို နှင်းများ စိုစွတ်လျက်သား တွေ့ရ၏။ မှောင်မိုက် တိတ်ဆိတ်နေသည့် ဟိုး. . . အဝေးတစ်နေရာဆီမှ ဆည်းလည်းသံသဲ့သဲ့ ကြားရသည်။ အမှောင်ထဲမှ တစ်စုံတစ်ရာ တိုးထွက်လာတော့မည်ကဲ့သို့ ရှိ၏။ ကောင်းကင် တိမ်တိုက်များနှင့် ငြိနေသည့် ရွက်လှေတစ်စင်း၊ လည်ဆံဖွားဖွားနှင့် မြင်းဖြူ တစ်ကောင်၊ ခရမ်းရောင် တောက်ပသော အလွမ်းတစ်ပွင့်. . .၊ သူ အမှောင်ထဲမှာ လွင့်နေသည်လား။

သူ ဖျတ်ခနဲ နိုးလာ၏။ အခန်းထဲတွင် မှောင်မိုက်နေပြီ။

မီးခလုတ် ထဖွင့်ပြီး နာရီကို ကြည့်လိုက်သည်။ ည ခုနစ်နာရီ ကျော်နေကြောင်း တွေ့လိုက်ရသောကြောင့် သူ အနည်းငယ် အံ့အားသင့် သွား၏။ သူ အိပ်ပျော်သွားချိန်သည် သည်လောက် ကြာမြင့်လိမ့်မည်ဟု ထင်မထားခဲ့။ အပြင်ထွက်ရန်ကိစ္စကလည်း ရှိသေးကြောင်း တွေးမိသဖြင့် သိပ်မိုးချုပ်နေဖို့ မကောင်းဘူးလေဟု စိတ်ထဲက တွက်ကာ ခပ်မြန်မြန် ရေချိုး၊ အဝတ်အစား လဲလိုက်သည်။

သူ အောက်ထပ်သို့ ဆင်းလာသည့်အခါ လှေကားတစ်ဆစ်ချိုး အကွေ့တွင် တည်းခိုခန်းပိုင်ရှင် လူဝကြီးနှင့် ဆုံ၏။

"ကောင်းသော ညနေခင်းပါ မောင်ရင်"

ဟု သိပ်မပီသသော သိုးဆောင်းဘာသာစကားဖြင့် နှုတ်ဆက်၏။

"ဟုတ်ကဲ့ . . . ကောင်းသော ညနေခင်းပဲ ဆိုပါတော့"

(အကယ်၍ အန်ကယ် သိပ်စကားမများဘူးဆိုရင်ပေါ့လေ)

သူက ပြုံးရုံ ပြုံးပြပြီး ဆက်သွားရန် ဟန်ပြင်လိုက်သည်။ လူဝကြီးက သူ့လက်တစ်ဖက်ကို လှမ်းဆွဲထားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်နဲ့ အေးအေးဆေးဆေး စကားပြောရဦးမယ်"

အလိုက်မသိစွာ ဆိုနေပြန်သောကြောင့် သူက. . .

"ကျွန်တော် တစ်ခုခု သွားစားလိုက်ဦးမယ် အန်ကယ်၊ ဗိုက်အရမ်းဆာနေလို့"

ဟု အကြောင်းပြကာ စကားဖြတ်ပစ်ခဲ့သည်။

ခြံဝင်းတံခါးဆီ လျှောက်သွားရင်း ဘာရယ်မဟုတ်ဘဲ မြက်ခင်းကလေးဆီ လှမ်းကြည့်မိ၏။ နောက် . . . ခြံထောင့်မှ ငုပင်ဆီသို့. . .။ အဝါရောင် ပွင့်ချပ်တွေ အခိုင်လိုက် တွဲကျနေသော ငုပင်ကြီးအောက်မှ ကြိုးလွှဲခုံတန်းပေါ်တွင် 'သူမ' ထိုင်နေသည်။ အဲ. . . အသံကျလိ ကျလိနဲ့ စာဘုန်းကြီးမလေးပေါ့။ ပေါင်ပေါ်တွင် အဖြူရောင် ကြောင်ကလေး တစ်ကောင်ကို ပွေ့တင်ထားရင်း ခုန်းကို ညင်ညင်သာသာ လွှဲယမ်း ဆော့ကစားနေသည်။ ကလေးစိတ်ကုန်ပုံ မရသေးဟု သူ တွက်မိ၏။

ကောင်မလေးကလည်း သူ့ကို လှမ်းကြည့်နေသည်။ သူနှင့် မျက်လုံးချင်းဆုံ၏။ (မဆုံ ဆုံအောင် တမင်စောင့်နေသည်မှာ သေချာပါသည်) အကြည့်ချင်း ပွေ့ဖက်မိသည့် စက္ကန့်ပိုင်းမှာပင် ကောင်မလေး ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။ ကြည့်စမ်း . . . ဘယ်လောက်တောင် ရိုက်နှက် ကန်ကျောက်ပစ်လိုက်ချင်စရာကောင်းတဲ့ သတ္တဝါမလေးလဲလို့။

သူမဘက်က ဦးအောင် တမင် မျက်နှာလွှဲပစ်လိုက်ခြင်းမှန်း သိသာစေရန် အမူအရာဖြင့်ပါ ပြသွားသည်။ သေချင်းဆိုးမလေး. . .ဟု သူ့စိတ်ထဲက ကျိတ်၍ ရေရွတ်ဖြစ်၏။ သည်လို ပိန်ပိန်ကပ်ကပ် ဖြူဖပ်ဖြူရော် ကောင်မလေး ပေါက်စနလေးမှာ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ကို ဖြားယောင်းဖို့ နောက်ထပ် ဘာသေနင်္ဂဗျူဟာတွေ ရှိနေဦးမလဲ။ အကောင်းဆုံးကတော့ ထိုကောင်မလေး၏ လက်မောင်းပိန်ပိန်ကလေး





တစ်ချောင်းကို ဖြတ်ယူကာ သွားကြားထိုးတံ လုပ်ပစ်လိုက်ဖို့ပင် ဖြစ်သည်။

သူ ခြံတံခါးဆီ ဆက်လျှောက်လာခဲ့၏။

နောက်ထပ် ခြေလှမ်းလေး ငါးလှမ်း လှမ်းပြီးနောက်၊ စာဘုန်းကြီးမလေးရှိရာကို သူ တစ်ခါထပ်ကြည့်လိုက်မိသည်။ ကောင်မလေးကလည်း ပြန်လှည့်ကြည့်နေသည်နှင့် ဆုံ၏။ ကဲ. . . နှစ်ခါရှိသွားပြီ ချာတိတ်မရေ . . .။ သည်တစ်ခါလည်း ကောင်မလေးက အလျင်ဦးအောင် မျက်နှာလွှဲသွားနိုင်ပြန်သည်။ သို့သော် မျက်နှာမလွှဲခင် လှစ်ခနဲ ပြုံးလိုက်သည့် နှုတ်ခမ်းများကို သူ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

အိုကေ. . . ကောင်မလေးရေ။ လိုအပ်ရင် မင်းကို ငါ ရည်းစားစကားပြောကောင်း ပြောနိုင်ပါလိမ့်မယ်။

သူ့စိတ်ထဲမှ သဘောကျစွာ တွေးရင်း ခြံတံခါးကို ဆွဲဖွင့်လိုက်၏။ သည်လို ပိစိညှောက်တောက် ကောင်မလေးကို ရည်းစားစကား ပြောဖို့ဆိုလျှင်လည်း ဝေါဟာရ များများစားစား သုံးစွဲနေစရာလိုမည် မထင်ပါ။ အင်း. . . တိုတိုနဲ့ ထိထိမိမိပေါ့။ ရိုးရိုးကလေးပြောတာပဲ ကောင်းလိမ့်မည်။

သူမ၏ အဖေကြီးလို သိုးဆောင်းဘာသာစကား မပီတပီဖြင့် ပြောရလျှင်တော့ 'အိုင်လဗ်ယူ ဗဲရီးမတ်ချ်'ပေါ့။ ဟင့်အင်း 'Very' ဆိုသော ဝေါဟာရကို သူ သိပ်မကြိုက်လှသေး။ အနည်းငယ်ပေါ့နေသလိုလို ခံစားရ၏။ အင်း. . . ဝေါဟာရ တစ်ခုခုပေါ့ 'Very' ထက် ပိုပြီး ပျစ်ပျစ်ခဲခဲ ရှိမယ့် ဝေါဟာရ ဘာရှိမလဲ။

ရှုပ်ပါတယ် . . . လွယ်လွယ်လေးပဲ။ 'အိုင်လဗ်ယူ စောက်ကျိုးနည်း' မင်းကို ငါ စောက်ကျိုးနည်းကြီး ချစ်ပါတယ်ကွယ်ပေါ့။

●



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ 'အချစ်' ဆိုသည်မှာ ဘာမှ ကြီးကျယ်ခမ်းနားသော ကိစ္စမဟုတ်ပါ။ ပြောရလျှင် . . . အချစ်သည် မိုးရာသီတွင် အဖြစ်များသော တုပ်ကွေးတစ်မျိုးမျိုးနှင့် တူနေနိုင်ပါသည်။ ကိုယ့်ကိုယ်ကိုယ်ငါ တုပ်ကွေးမိနေပြီလား မသိဘူးဟု တစ်နေ့ သုံးခါလောက် အူကြောင်ကြောင် တွေးကြည့်လိုက်ရုံမျှဖြင့် တကယ်ကို လွယ်လွယ်ကူကူ နေမကောင်းဖြစ်သွားစေနိုင်သောကိစ္စ ဖြစ်၏။

သည်လိုမပြောလျှင်လည်း . . . 'အချစ်' ဆိုသည်မှာ လက်ပတ်နာရီတစ်လုံး ဖြစ်ကောင်း ဖြစ်နိုင်ပါသေးသည်။ စက္ကန့်တိုင်း စက္ကန့်တိုင်း 'ဘယ်အချိန်ရှိပြီလဲ' ဟု အမြဲ မျက်စိဒေါက်ထောက်ကြည့်နေဖို့ မဟုတ်သည့်တိုင် လိုအပ်သည့်အခါ တစ်ချက်တလေ ကြည့်နိုင်ရန်အတွက် လက်မှာ ပတ်ထားဖို့တော့ ကောင်းသောအရာတစ်ခု ဖြစ်လိမ့်မည်။

သူ တုပ်ကွေး မမိချင်သော်လည်း လက်ပတ်နာရီတော့ ပတ်ချင်သည်။

လမ်းမပေါ် ရောက်လာသောအခါ ထို စာဘုန်းကြီးမကလေးကို သူ မေ့သွား၏။

●

သူ စားသော ထမင်းဆိုင်က မြကျွန်းသာ လက်ဖက်ရည်ဆိုင်နှင့် သိပ်မဝေးသောကြောင့် အဆင်ပြေသွား၏။

လက်ဖက်ရည်ဆိုင်ထဲသို့ သူ ဝင်သွားလိုက်သောအခါ ဆိုင်ထဲတွင် ထိုင်နေကြသူ အားလုံးက သူ့ကို ဝိုင်းပြီး ကြည့်ကြသည်။ သည်မြို့ကလေးအတွက်တော့ ငါဟာ တကယ့် သူစိမ်းတစ်ယောက်ပါပဲလားဟူသည့် ခံစားချက်က လှမ်းလက်စ ခြေထောက်မှ သွေးများကို အေးစက်တောင့်ခဲသွားစေ၏။





သူ မျက်လုံးကို ဟိုဟိုဒီဒီ မဝေ့ရဲ။ လူလွတ်ရာ စားပွဲခုံကလေးတစ်ခုံတွင် ခပ်မြန်မြန် ဝင်ထိုင်လိုက်ရ၏။ ခဏနေတော့မှ . . . သူ ဝင်လာခါစက တိတ်ဆိတ်သွားသည့် စကားသံများ နဂိုအတိုင်း ပြန်ဆူညံစပြုလာလေသည်။

ဆိုက်ကားသမား 'အသေးလေး'များ ဒီဆိုင်ထဲမှာ ရှိနေမလားဟု တွေးကာ မျက်လုံးကို မရဲတရဲ ပင့်ပြီး ခိုးကြောင်ခိုးဝှက် အကြည့်မျိုးဖြင့် ရှာလိုက်၏။ မတွေ့ရ။ (တကယ်လည်း အသေးလေးက သည်နေ့ညအဖို့ လက်ဖက်ရည်ဆိုင်တွင် ရှိမည်မဟုတ်သည့်အကြောင်း ပြောထားခဲ့သည်ကို သူ မမေ့သေး) သိသိကြီးနှင့် ဘာကြောင့် အဓိပ္ပာယ်မရှိ ရှာကြည့်နေမိမှန်း ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်။ ကိုယ်နှင့် အကျွမ်းမဝင်သည့် နေရာတစ်ခုတွင် ရောက်နေရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ခပ်ကြောင်ကြောင် ခံစားချက်တစ်မျိုး ဖြစ်ပေလိမ့်မည်။

"ဘာသောက်မလဲ ဦးလေး . . ."

သူ့ကို 'ဦးလေး' ဟု ခေါ်သော စားပွဲထိုးကလေးကို သူ အလန့်တကြား လှမ်းကြည့်လိုက်မိသည်။ အင်း . . . ခေါ်မယ်ဆို ခေါ်သင့်တာပေါ့။ စားပွဲထိုးကလေး၏ အသက်က အလွန်ဆုံးရှိလှ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်ပဲ. . . ဟု သူ ခန့်မှန်းကြည့်ဖြစ်၏။

တကယ့်ကို မည်းမည်း ပိန်ပိန်လှီလှီနှင့် ကလေးငယ်ကလေးဖြစ်သည်။ လက်ဖက်ရည်ဆိုင် တံဆိပ်စာတန်းပါ စွပ်ကျယ်ချိုင်းပြတ် အစုတ်ကို ဝတ်ထား၏။ လက်နှစ်ဖက်ဖြင့် ရေနွေးဂရား အကြီးကြီးတစ်လုံးကို မနိုင့်တနိုင် မ,ထားသည်။

အင်း. . . လွတ်ကျပြီး ရေနွေးပူလောင်လိုက်လို့ကတော့ ဒင်းကလေးရဲ့ ခြေထောက် ပိန်ပိန်လိန်လိန် နှစ်ချောင်းဟာ ဝါယာကြိုးကို



www.burmeseclassic.com

www.burmeseclassic.com



မီးရှို့ထားသလို တွန့်လိမ် ကျုံ့ရှုံ့ပြီး အရေပြား ဖတ်လတ်လန်အောင် စုတ်ပြတ်သွားတော့မှာပဲ. . .။

ဒီလို မူလတန်းကျောင်းသားအရွယ် ကလေးတစ်ယောက်ဟာ ဘာဖြစ်လို့ ဒီလို အလုပ်လုပ်နေရတာလဲဟု သူ စဉ်းစားကြည့်ဖြစ်သည်။ ဘုရားသခင်က ထိုကလေးကို စားပွဲထိုးလုပ်ဖို့ ဖန်ဆင်းခဲ့သည်ဆိုလျှင်တော့ အတော်ဆိုးရွားသည့်ကိစ္စ ဖြစ်ပေလိမ့်မည်။

"အေးကွာ. . . လက်ဖက်ရည်ပေါ့။ ဟိုဒင်း. . . လက်ဖက်ရည်ပေါ့ကျ တစ်ခွက်"

"ရှယ်လား . . . ဦးလေး"

သူ ခေါင်းညိတ်ပြလိုက်သည်။ ကလေးငယ်က အသံပြဲနှင့် 'ဝမ်းတီး ပေါ့ကျ ရှယ်"ဟု အဖျော်သမားကို လှမ်းအော်၏။

ကောင်တာရှိ (ဆိုင်ပိုင်ရှင် ဖြစ်ပုံရသော) အသားဖြူစုတ်စုတ်၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် လူက အိတွဲကျနေသော မျက်ခွံလေးလေးကြီးများကို တစ်ချက်ဖြကာ ပြူးကြည့်လိုက်ပြီးနောက် မျက်စိပြန်မှိတ်သွားသည်။ ပါးစပ်ကလည်း တစ်စုံတစ်ရာကို တိုးတိုးရွတ်နေ၏။ (လက်ဖက်ရည် ရောင်းကောင်းဖို့ နတ်သိကြားများနှင့် ဘိုးတော်များကို ပွဲစားလုပ်ကာ မြူဆွယ်ခိုင်းသော ဈေးခေါ် လာဘ်ခေါ် ဂါထာတစ်ခုခု ဖြစ်ပေလိမ့်မည်)

ကြည့်ရသည်မှာ . . . လက်ဖက်ရည်ဆိုင်၏ စီးပွားရေး အခြေအနေ သိပ်ကောင်းပုံမရ။ ဆိုင်ရှင်၏ မျက်နှာက သောကတွေ များကာ စိတ်ရှုပ်နေပုံပေါ်သည်။ ငွေကြေးမချောင်လည်သောကြောင့်လည်း စားပွဲထိုး အလုပ်သမားခ သက်သာစေရန် ဈေးပေါပေါရသော ကလေး တစ်ယောက်ကို ခိုင်းထားခြင်းဖြစ်မည်ဟု တွေးကြည့်၍ရ၏။

လက်ဖက်ရည် လာချပေးသောအခါ တစ်ငုံသောက်ကြည့်လိုက်သည်။





"ဘာလိုသေးလဲ . . . ဦးလေး၊ ပြန်ပြင်ပေးရဦးမလား"

သူ ခေါင်းခါပြလိုက်သည်။ နောက် . . . စီးကရက်တစ်ပွဲ မှာလိုက်၏။

အနည်းငယ် စိတ်ရဲလာပြီဖြစ်သောကြောင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်လုံးကို ဖြန့်ကာ တစ်ချက်ကြည့်လိုက်သည်။ လူက အတော်များသည်။ လူကြီး၊ လူငယ်၊ လူလတ် . . . အရွယ်လည်းစုံ၏။ စားပွဲဝိုင်းတိုင်းလိုလိုတွင် ကိုယ့်အစုနှင့်ကိုယ် စကားတပြောပြောလုပ်ရင်း လက်ဖက်ရည်သောက်လိုက်၊ ရေနွေးကြမ်း ငှဲ့လိုက်၊ ဆေးလိပ်ဖွာလိုက် လုပ်နေကြသည်။

"ငါကတော့ ဘီလူး ဆိုတာ မယုံဘူးကွာ။ အလကား ချဲ့ကားပြီး လျှောက်ပြောနေတာကွ။ ဒါ တစ်ယောက်ယောက်ရဲ့ လက်ချက်ပဲဖြစ်မယ်"

သူ့ဘေးနား ကပ်လျက်ဝိုင်းမှ စကားသံက အတော်ကျယ်၏။ သူ မသိမသာ လှမ်းကြည့်လိုက်သည်။ ဆံပင် ခေါင်းတုံးဆံတောက်နှင့် ပိန်ပိန်မည်းမည်း လူသေးသေးတစ်ယောက်။ အရပ်ရှည်ရှည် မျက်လုံးပြူးပြူးနှင့် လူတစ်ယောက်၊ မုတ်ဆိတ်မွေး တိုနံ့နံ့နှင့် လူကောင် ခပ်ထွားထွားတစ်ယောက်တို့ကို တွေ့ရ၏။

"နောက်ပြီး အဲဒီတစ်ယောက်ယောက် ဆိုတာကလည်း ဒီမြို့က မြို့ခံလူပဲ ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ ငါတွေးတာ . . ."

မျက်လုံးပြူးပြူးနှင့် လူက အားရပါးရ ဆက်ပြောနေပြန်သည်။ မျက်လုံးပြူးသလောက် အသံကလည်း ကျယ်ပုံရ၏။ ဆံပင် ခေါင်းတုံးဆံတောက်နှင့် ပိန်ပိန်မည်းမည်း လူက ခေါင်းခါသည်။ နောက်. . .

"မင်း ထင်တာလည်း မဟုတ်သေးပါဘူးကွာ။ ကဲ. . . အဲဒီ မင်းပြောတဲ့လူက ညဘက် ညဘက် ကောင်မလေးတွေကို သူတို့အိမ်က ဘယ်လိုခေါ်ထုတ်သွားမလဲ . . . ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . ဒါတော့ အဲဒီလူကိုပဲ သွားမေးကြည့်ပေါ့။ ဘယ်သိမလဲ"

မျက်ပြူးက စိတ်တိုသံပါလာ၏။ ခေါင်းတုံးဆံတောက်နှင့် လူကတော့ ခေါင်းကို ခါယမ်းမြဲ ခါယမ်းနေသည်။ မဟုတ်သေးဘူး. . . မဟုတ်သေးဘူးဟုလည်း တတွတ်တွတ်ပြော၏။ မျက်ပြူးက. . .

"ဒါဖြင့် ဘီလူး လာစားတယ်ဆိုတာကိုပဲ ခင်ဗျားက ယုံနေတာလား"

ခေါင်းတုံးဆံတောက်နှင့် ကိုမည်းပိန်က ခေါင်းကို ခါယမ်းပြန်သည်။

"မယုံဘူး"

"အင်း. . . အဲဒါပဲပေါ့။ ဘီလူးတို့. . . သရဲတို့ဆိုတာ တကယ်မှ မရှိတာ။ ဒါကြောင့် ပြောတာပေါ့။ ဒါဟာ လူတစ်ယောက်ယောက်ရဲ့ လက်ချက်ပါလို့"

မည်းမည်းပိန်ပိန်နှင့် လူကတော့ ခေါင်းကို ခါယမ်းရင်း မဟုတ်သေးဘူး . . . မဟုတ်သေးဘူးဟု ပြောပြန်သည်။ မုတ်ဆိတ်မွေး တိုနံ့နံ့နှင့် ထွားထွားကျိုင်းကျိုင်း လူက. . .

"အဲဒီကောင် ဒီမြို့ထဲမှာ ရှိတယ်ဆိုရင် ကျွန်တော်တို့ တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်ရှာရင်ကောဗျာ. . . ဘယ့်နှယ်လဲ. . . ကျွန်တော်တို့ လမ်းထဲက လူတွေကို စုလိုက်မယ်"

"မဟုတ်သေးဘူး ကိုထိုက်၊ မဟုတ်သေးဘူး"

မည်းမည်းပိန်ပိန်နှင့် လူသေးသေးက ထိုသူ့လက်မောင်းကို ဖမ်းဆွဲပြီး တားထားရင်း ခေါင်းကို ခါယမ်းလိုက်သည်။ နောက်. . .

"ဒီကိစ္စက အဲသည်လို ရှုးရှုးရှားရှား လုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး. . . ကိုထိုက်။ နောက်ပြီး ဒီကောင် ဝင်းနောင်ကလည်း အရမ်းကာ





ရော လျှောက်ပြီး ထင်ကြေးပေးနေတာ။ ဘာမှ ခြေခြေမြစ်မြစ် စဉ်းစားထားတာ မဟုတ်ဘူး။ မယုံရင် မေးကြည့်။ ကဲ. . . ဒီမြို့မှာ အဲဒီတရားခံ ရှိနေပါတယ်လို့ ဘယ်လိုအထောက်အထားပြမလဲလို့. . ."

မျက်လုံးပြူးပြူးနှင့်လူက ဆတ်ခနဲ လှည့်ကြည့်ပြီး. . .

"ခင်ဗျား လျှောက်ပြောမနေနဲ့"

"မဟုတ်ဘူးလား၊ တစ်ခုခုဖြစ်ပြီဆိုတာနဲ့ မင်းက ထိုင်ရာ မထ ထင်ကြေးတွေ စွတ်ပေးနေတော့တာပဲ။ ဟုတ်လား မသိ၊ မဟုတ်လား မသိ"

မုတ်ဆိတ်မွေးတိုနံ့နံ့နှင့် လူကတော့ တစ်ခုခုကို ဝရုန်းသုန်းကား လုပ်ပစ်လိုက်ချင်နေပုံပေါ်သည်။ ထိုသူက. . .

"ကဲ. . . အဲဒါဆို ခင်ဗျား ပြောဗျာ ကိုထွန်းစန်း။ အဲဒီကောင် ဘယ်မှာရှိနိုင်မလဲ။ ကျွန်တော်တို့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"

မည်းမည်းပိန်ပိန် လူဖလံလေးက ခေါင်းကို ခါယမ်းရင်း လက်ဆန့်တန်းပြီး ကားထားလိုက်ပြန်သည်။

"မဟုတ်သေးဘူး. . . ကိုထိုက်၊ ဒီလိုလည်း မဟုတ်သေးဘူး၊ မလောနဲ့. . . မလောနဲ့"

"ဒါဖြင့် ခင်ဗျားက ဘယ်လိုထင်လို့လဲ ကိုထွန်းစန်း"

"မဟုတ်သေးဘူး . . . မဟုတ်သေးဘူး"

'မဟုတ်သေးဘူး' ဟူသော စကားအပြင် တခြားဘာမှပြောစရာ ရှာမတွေ့သေးသောကြောင့် ထိုသူ့စကားက လေထဲတွင် တွဲလောင်းကြီး ချိတ်နေ၏။ မျက်စိပြူးပြူးနှင့် လူက ထိုသူ့ကိုကြည့်ပြီး စိတ်ပျက်စွာဖြင့် မျက်နှာကို ရှုံ့မဲ့လိုက်သည်။

တစ်စုံတစ်ရာ ပြောရန် ဟန်အပြင်တွင် လက်ဖက်ရည်ဆိုင်မှ တက်ဆက်က နောက်ထပ် အခွေသစ်တစ်ခွေ ပြောင်းလိုက်သောကြောင့် သူတို့အားလုံး အာရုံရွေ့လွဲသွားကြ၏။ မျက်စိပြူးပြူးနှင့်လူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ကိုထိုက် ,. . . အဲဒီအခွေက တစ်နေ့ကမှ ထွက်တာ၊ လူသစ်တွေချည်းပဲ ဆိုထားတာကွ။ ဒီအခွေမှ အော်လ်တာနေးတစ်စစ်စစ်"

ဟု ထင်ကြေးပေးသည်။ ချက်ချင်းပင်. . .

"မဟုတ်သေးဘူးကွ"

ဟူသော မည်းမည်းပိန်ပိန်လူ၏ အသံကိုပါ ကြားရလေသည်။

ဝိုင်းဘေးမှ မသိမသာ နားစွင့်ရင်း သူ ပြုံးဖြစ်၏။

●

ဒီမြို့ကလေးက လူတွေဟာ လက်ဖက်ရည်ဆိုင် ထိုင်တဲ့ကိစ္စနဲ့ အိမ်သာတက်တဲ့ကိစ္စကို ကြာနိုင်သမျှ ကြာအောင်လုပ်ပြီး အရသာခံရေးအတွက် ဇွဲသတ္တိအပြည့်နဲ့ ခိုင်ခိုင်မာမာ ပြင်းပြင်းထန်ထန် အမိန့်ချထားပုံပေါ်တယ်ဟု သူ တွေးမိ၏။

ကိုယ့်မြို့မှ အပျိုအရွယ် မိန်းကလေးတွေ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားသည့်ကိစ္စကို လက်ဖက်ရည်သောက်ရင်း၊ ဆေးလိပ်ဖွာရင်း၊ သီချင်းနားထောင်ရင်း ပြောဆို ငြင်းခုံနေနိုင်သည်မှာ သည်မြို့က လူတွေ၏ စရိုက်ပဲလား။

ဖြစ်နိုင်ပါသည်။ သူ လက်ဖက်ရည်ဆိုင် တစ်ဆိုင်လုံးကို ဝေ့ကြည့်လိုက်၏။ စကားသံ . . . ငြင်းခုံသံ. . . ခုံကို လက်ဖြင့်ခေါက်၍ သီချင်း စည်းချက်လိုက်သံ။ ဟင့်အင်း. . . မဖြစ်သင့်ဘူးဟု သူ့စိတ်ထဲမှ ရေရွတ်လိုက်၏။ အထူးသဖြင့် သည်လိုညမျိုးမှာပေါ့. . .။

လကွယ်ညတိုင်း မိန်းကလေးတစ်ယောက် (သို့မဟုတ်) နှစ်ယောက် ပျောက်သွားတတ်မှန်း သူတို့အားလုံး သိထားပြီးကြပြီပဲ။ ဒီည လည်း ကံဆိုးသူ မိန်းကလေး (အနည်းဆုံးတစ်ယောက်) ရဲ့ အလှည့်ပေါ့





သူကတော့ တွေးရင်းနှင့် ရင်ထဲတွင် တစ်ဆို့ တင်းကျပ်လာသည်။ ဟော့ လူတွေ . . . ခင်ဗျားတို့အားလုံး ဘာထိုင်လုပ်နေကြတာလဲ. . .။

လူတွေအားလုံးကတော့ ကိုယ့်ခုံမှာ ကိုယ် ထိုင်နေကြသည်။

လက်ဖက်ရည် သောက်နေကြသည်။ ဆေးလိပ်ဖွာနေကြသည်။ သီချင်းနားထောင်နေကြသည်။ စကားပြောနေကြသည်။ ဘာကိုမှ တွေးတောကာ ဝမ်းပန်းတနည်း ခံစားနေမိဖို့မလိုဘဲ အရာရာသည် ရိုးရိုးသားသား မိရိုးဖလာဆန်စွာ အသားကျ ချောမွေ့နေပုံပေါ်၏။

တစ်ဖက်ဝိုင်းမှ မည်းမည်းပိန်ပိန်နှင့် လူ၏ 'မဟုတ်ဘူးကွ' ဟူသော အငြင်းစကားသံကို ကြားရလေသည်။

●

'မဟုတ်ဘူးကွ' ဟု ပြောရန် အမှန်တကယ်ပင် လိုအပ်ပါသည်။ မည်သည့်အရာ ဟုတ်နေသလဲဟု အဖြေတောင်းလာလျှင် တုံ့ပြန်ရန် အခက်အခဲ အနည်းအကျဉ်းရှိစေကာမူ မဟုတ်ဘူးဟူသော စကားလုံးကိုတော့ ပြောရန်လိုအပ်ပါသည်။

ဤအရာသည် နှင်းဆီပန်းမဟုတ်. . . စာအုပ်မဟုတ်. . . ဘုတ်တလုတ် တောက်တဲ့ ကစားနည်း မဟုတ်. . . အနီးတစ်ထည် မဟုတ်. . ဈေးသည် မဟုတ်. . . ချိန်ခွင် မဟုတ်. . . သင် မဟုတ်။ (အကယ်၍ သင်သည် မီးခြစ်တစ်လုံးကို လက်ညှိုးထိုး၍ ထိုစကားများ ပြောနေခြင်းဖြစ်ပါက ထိုအဖြေအားလုံးသည် တစ်ချိန်တည်းတွင် မှန်ကန်နေပါလိမ့်မည်) 'မဟုတ်'တရားများသည် ကျယ်ပြန့်စွာ မှန်ကန်ပြီး 'အဟုတ်' တရားသည် တစ်ချိန်တည်း တစ်နေရာတည်းတွင်သာ မှန်ကန်တတ်သောသဘော ရှိ၏။

အကယ်၍ ဘုရားသခင်သော် လည်းကောင်း၊ အခြား တန်ခိုးရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဦးကသော် လည်းကောင်း သင့်ဆီသို့ ရောက်လာပြီး 'ဒီကမ္ဘာလောကကို အပြီးတိုင် ဖျက်သိမ်းပစ်လိုက်ရမလား၊ ဒါမှမဟုတ် ပိုကျယ်ပြန့်တဲ့ ကမ္ဘာတစ်ခု ထပ်ဖန်ဆင်းပေးရမလား' ဟု မေးလာလျှင် ဘယ်လိုဖြေမည်နည်း။ အကောင်းဆုံးကတော့ 'မဟုတ်သေးဘူးကွ'ဟု တစ်ခွန်းတည်းသာ ပြန်ဖြေလိုက်ပါ။

မပွင့်သေးသော ပန်းတစ်ပွင့်၏ ရနံ့က ပိုမွှေးကြောင်း ခံစားပါ။ မရှိတရားများက လောကကို လွှမ်းမိုးထားကြောင်း လမ်းတွင် တွေ့သမျှလူကို လိုက်ပြောပါ။ သင် အမြင်ကတ်သူ တစ်ယောက်ယောက်ရှိလျှင် ထိုသူသည် ဤကမ္ဘာတွင် မပေါ်ပေါက်သေးသော ဆေးအသစ်တစ်မျိုးကို မှားယွင်းစားမိပြီး ဆံပင်တွေကျွတ်ကာ ထိပ်ပြောင် ဖြစ်သွားသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ 'စိုးရိမ်ပူပန် သောကခေတ်' ဟူသော ဒဿန စာအုပ်ကြီးများထဲမှ စကားလုံးသည် စိတ်ကူးယဉ်မှုတစ်ခု မဟုတ်ကြောင်း သင်တကယ်နားလည်ပြီဆိုလျှင် 'မဟုတ်သေးဘူးကွ' ကို မနက် အိပ်ရာထတိုင်း ရွတ်ဆို ယတြာချေပါလေ. . .။

●

ညသည် အမှောင်ကို ဆွဲငင်နေသော သံလိုက်တုံးတစ်တုံးနှင့် ပိုပိုတူလာ၏။ ပူလောင်သော နှင်းစက်တွေ ကျနေသည်လား။ အလင်းပါးပါးနှင့် မှုန်ဝေနေသော လက်ဖက်ရည်ဆိုင်ကလေး၏ အခင်းအကျင်းသည် ညထဲတွင် တစ်ခြမ်းမြုပ်ကာ ပျော်ဝင်နေသည်။

သီချင်းသံ တိုးတိုးလွင့်နေ၏။ အဆိုတော်တစ်ယောက်ယောက်ဖြစ်ပေလိမ့်မည်။ ယောက်ျားလား . . . မိန်းမလား. . .။ လက်ဖက်ရည်ဆိုင် ထိုင်နေသူများထံမှ စကားသံ တီးတိုးတွေ ရောထွေး တွန်းထိုးလှုပ်ရှားကာ အမျိုးအမည် ခွဲခြားမရသော ဆူညံသံ တဝူးဝူးဖြစ်နေ၏။





ဆေးလိပ်၊ စီးကရက်များမှ ထွက်လာသော မီးခိုးငွေ့များသည် သူတို့၏ဦးခေါင်း အထက်နားတွင် တိမ်မည်းမည်းတွေလို အုံ့ခဲနေကြ၏။

မကောင်းဆိုးရွား တစ်ကောင်က ထိုလူများကို အပေါ်စီးမှ အုပ်မိုးစောင့်ကြည့်နေသည်နှင့်တူ၏။ ခပ်ဝါးဝါး အလင်းဝါ ကြင့်ကြင့်နှင့် အမှောင်တို့ ရောထွေးနေသည့်ကြားတွင် လူ့မျက်နှာများသည် ချောက်ချားစရာကောင်းလောက်အောင် တစ်ဝက်တစ်ပျက် နီရဲ ပူလောင်နေလေသည်။

သူ တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်စွာ သက်ပြင်းချမိလေသည်။

"ဟာ. . . အစ်ကိုက ဒီရောက်နေတာကိုး၊ ကျွန်တော်က ဒီအချိန်ဆို အစ်ကို အိပ်နေလောက်ပြီထင်တာ. . ."

တစ်စုံတစ်ယောက်က သူ့လက်မောင်းကို လှမ်းပုတ်ပြီး နှုတ်ဆက်သောကြောင့် သူ လှည့်ကြည့်လိုက်သည်။ ဆိုက်ကားသမား အသေးလေးကို တွေ့ရသောကြောင့် အံ့အားသင့်သွားရ၏။ (ဘာမှအကြောင်း မည်မည်ရရ မရှိဘဲနှင့်) ဝမ်းလည်း ဝမ်းသာသွားသည်။ တစ်ခါတစ်ရံတွင် ချိန်းဆိုမထားဘဲ ဆုံတွေ့ရခြင်းများသည် လိုအပ်ချက်နှင့် အံဝင်ခွင်ကျ ဖြစ်တတ်ပါသည်။

"အသေးလေး. . . လာ. . . ထိုင်ကွာ။ မင်းက ဒီည လက်ဖက်ရည်ဆိုင် မလာတော့ဘူးလို့ ပြောထားတော့. . . ငါမှာ. . ."

"ကျွန်တော်က ဟိုဆိုင် ဒီဆိုင်တွေ လျှောက်သွားရသေးတယ် အစ်ကိုရ။ ဒီည ဘာများထူးမလဲလို့ လိုက်စပ်စုတာလေ။ ကျွန်တော် ဒီဆိုင်ပြန်ရောက်ရင် ညဥ့်နက်မယ်ဆိုတာ သိလို့ အစ်ကို့ကို မချိန်းခဲ့တာ။ အခုပဲ ဆယ်နာရီထိုးနေပြီ။ ဒီအချိန်လောက်ကြီး အစ်ကို အပြင်ထွက်လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။ အတော်ပဲ . . .၊ ဟော့ကောင် စန်းလွင်. . . ဒီအစ်ကိုကြီးပေါ့ကွ၊ စောစောက ငါပြောတာ. . ."

အသေးလေးက အတူပါလာသူ တစ်ယောက်နှင့် သူ့ကို မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးရန် ပြင်သည်။ ထိုအချိန်တွင် တစ်ဖက်ဝိုင်းမှ မုတ်ဆိတ်မွေး တိုနံ့နံ့နှင့် လူက. . .

"ဟေ့ကောင် အသေးလေး၊ ဟိုဘက်ဆိုင် ရောက်ခဲ့သေးလား၊ ဘာထူးခြားလဲ"

ဟု လှမ်းမေး၏။ အသေးလေးက. . .

"အစ်ကို ခဏနေဦးနော်"

ဟု ပြောရင်း တစ်ဖက်ဝိုင်းသို့ ကူးသွားသည်။

သူနှင့် စောစောက မိတ်ဆက်ပေးခဲ့သည့် စန်းလွင် ဆိုသော ကောင်လေးသာ ကျန်ရစ်သည်။

"ကိုကိုမြင့်တို့ကတော့ ဒီည တစ်ညလုံး ကင်းစောင့်မယ်လို့ ပြောနေကြတယ်။ ဦးသက်နောင်တို့ လူကြီးပိုင်းတွေလည်း ပါတယ်ဗျ"

ဟု တက်တက်ကြွကြွ ပြောနေသော အသေးလေး၏ အသံကို ကြားရ၏။ ဘီလူးကိစ္စပင် ဖြစ်ပေလိမ့်မည်။

"မနက်က ပြောတဲ့အစီအစဉ်ကော ဘယ်လိုလဲ. . . လုပ်ဖြစ်လား"

"မသိဘူးဗျာ. . . အရက်ဆိုင်မှာတော့ ဟိုလူတွေ စုနေကြပြီ သူတို့လည်း ဒီည ကင်းစောင့်မယ်ထင်တယ်"

"ဘယ်သူတွေ ပါကြဦးမှာလဲ"

"အေး. . . အဲဒီကောင်တွေက. . . မင်း ပြန်လာပြောဦးလေ. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . ."

ဘာတွေ ပြောနေကြသည် မသိတော့။ အသေးလေးကတော့ အတော် တက်တက်ကြွကြွဖြစ်နေပုံရသည်။ အင်း. . . ဒီကောင်လေး မဆိုးဘူးပဲဟု သူ တွက်မိ၏။

"မဖြစ်ပါဘူး. . . ဦးသက်နောင်ကြီးက အလကားပါ"





"ဘယ်လိုလုပ်ပြီး မိမှာလဲကွ. . . ဘယ်အိမ်က မိန်းကလေးကို စောင့်ကြည့်ရမယ်ဆိုတာမှ ကြိုမစဉ်းစားထားဘဲ"

"မင်းတို့ အစီအစဉ်လောက်နဲ့တော့ မရနိုင်ပါဘူးကွာ. . . လမ်းတိုင်းမှာ လူစေ့အောင်မှ မစောင့်တာ"

"လုပ်မနေပါနဲ့ကွာ"

"မဟုတ်သေးဘူး. . . မဟုတ်သေးဘူး. . ."

စသဖြင့် သူများပြောသမျှ စကားတိုင်းကို တစ်ဦးတည်း ဒိုင်ခံ ငြင်းလိုက်. . . မပျက်ပျက်အောင် အပြစ်တင်လိုက် လုပ်နေသော မည်းမည်းပိန်ပိန်နှင့် လူ၏အသံကိုလည်း မပြတ်ကြားနေရ၏။

မည်သည့်အကြောင်းအရာဖြစ်ဖြစ်၊ ထိုသူ၏ ပါးစပ်က သူများ ပြောလာသမျှကို ငြင်းရန်နှင့် ဘာပဲလာလာ အကောင်းမမြင်နိုင်သည့် ဘက်က ကြည့်၍ ဝေဖန်ရန် အသင့်ဖြစ်နေပုံရ၏။

ထိုသူ့ကို ဘုရားသခင် 'သွားကိုက်' နေသည့်အချိန်တွင် ဖန်ဆင်းမိခြင်း ဖြစ်နိုင်ပါသည်။

●

သူ တစ်ချက် ပြုံးမိ၏။

'မပြည့်တဲ့အိုး ဘောင်ဘင်ခတ်' ဟူသော စကားပုံကို သတိရသည်။ ထိုသူသည် မပြည့်သည့်အိုးလား. . . ဘယ့်နှယ်ပါလိမ့်၊ ပြည့်နေတဲ့ အိုး ဆိုရင်တော့ ဘောင်ဘင်မခတ်တော့ဘူးပေါ့။ ဒီလိုလည်း ပြောလို့မရသေး။ သွန်ပြီး မှောက်ထားသော အိုး ဆိုလျှင်လည်း ဘောင်ဘင်မခတ်ဘဲ ငြိမ်နေနိုင်တာပဲ မဟုတ်လား။

ရေပြည့်နေသည့် အိုးလား၊ သွန်ပြီး မှောက်ထားသည့် အိုးလား ငြိမ်သက်နေရုံမျှဖြင့်တော့ ဘာမှ အပြစ်ပြော၍မရပါ။

လောကကြီးတွင် ဘာကိုမှ အပြစ်ပြော၍ မရ။ လောက



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မှာ မြေကြီးထဲတွင် မြုပ်နေသော အာလူးတစ်လုံး ဖြစ်ပါသည်။ ကဲ. . . အာလူး တစ်ကိုက်လောက် စားကြည့်ရအောင်။

●

အသေးလေးက လက်ဖက်ရည်ဝိုင်း အတော်များများကို လျှောက်သွားကာ ကြားလာရသမျှ သတင်းအတိုအစတွေကို လျှောက်ပြောပြီး အတော်ကြာမှ ပြန်လာသည်။ စန်းလွင်၏ဘေးတွင် ဝင်ထိုင်လိုက်ပြီး သူ့ကို လှမ်းပြော၏။

"အစ်ကို့အကြောင်းတောင် စောစောက ဒီကောင့်ကို ပြောထားသေးတယ်"

သူ စန်းလွင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ စန်းလွင်က သူ့ကိုပြုံးပြီး ခေါင်းညိတ်ပြ၏။ ဒီကောင်လေး အတော်မျက်နှာချိုတာပဲဟု သူ တွေးလိုက်သည်။ အသေးလေးနှင့် ရွယ်တူလောက်ပင် ရှိပေလိမ့်မည်။ သူ စဉ်းစားနေခိုက်မှာပင် အသေးလေးက. . .

"ဒီကောင်က ဈေးထဲမှာတင် ဂိတ်ထိုးတာ အစ်ကိုရ၊ မြို့ဆင်ခြေဖုံး ဘက်ဆိုရင် ကျွန်တော့်ထက် ပိုနှံ့စပ်တယ်။ တကယ်လို့များ အစ်ကို့ အဖေ က တည်းခိုခန်းမှာ မတည်းဘဲ တစ်နေရာရာမှာ ဝင်တည်းနေရင် ရှာရခက်မှာစိုးလို့ ဒီကောင့်ကို အကူအညီတောင်းရအောင် လိုလိုမည်မည် ပြောထားတာ"

သူ အံ့အားသင့်စွာ ဝမ်းသာမိသည်။ ရုတ်တရက် ပြန်ပြောစရာ စကားလုံးပင် ရှာမရ။ အသေးလေး၏မျက်နှာကို တစ်လှည့်၊ စန်းလွင်ကို တစ်လှည့် သူ အကြာကြီး ကြောင်ငေးနေမိ၏။ သည်ကောင်လေးတွေ သူ့ကိစ္စကို သည်လောက် အလေးအနက်ထား ကူညီလိမ့်မည်ဟု သူ ထင်မထား။





တကယ်တမ်းပြောရလျှင် သူကိုယ်တိုင်ကပင် လေးလေးနက်နက် သိပ်ရှိလှသည် မဟုတ်။ တည်းခိုခန်းတွင် မတွေ့လျှင် ဘာလုပ်ရမည်ကို အသေအချာ စီစဉ် စဉ်းစားထားခြင်းမရှိ။

"အေးကွာ. . . ကျေးဇူးတင်လိုက်တာ။ မင်းတို့ကို. . . အင်း. . . ငါ ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး"

သူ့အသံတွေပင် နည်းနည်းတုန်ချင်နေသလား မပြောတတ်။ အင်း. . . အရေးထဲမှာ ငါက ပြဇာတ်ဆန်နေပြန်ပြီဟုတွေးမိ၏။ အသေးလေးက ရယ်ရယ်မောမောဖြင့်. . .

"ကိစ္စမရှိပါဘူး အစ်ကို"

ဟု ပြောသည်။ စန်းလွင်က. . .

"ကိုယ်မရောက်ဘူးတဲ့ နေရာတစ်ခုမှာ လူတစ်ယောက်ကို တွေ့အောင် ရှာဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ အစ်ကိုရာ။ မြို့ခံအကူအညီ မရှိဘဲနဲ့ ဖြစ်ကို မဖြစ်ဘူး။ ဒီအတွက် ကျွန်တော်တို့ကို နည်းနည်းမှ အားနာစရာမလိုဘူး. . . သိလား အစ်ကို"

သူ တကယ် အားကိုးရပြီမှန်း ယုံယုံကြည်ကြည် သိလိုက်သည်။ သူက. . .

"အေးကွာ. . . အသေးလေး ပြောသလိုပဲ၊ ငါက တည်းခိုခန်းမှာ မတွေ့တော့ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းမှာပဲ အဖေ သွားတည်းသလားလို့ စဉ်းစားနေတာ။ အဲဒါ ဘယ်လိုရှာရင် ကောင်းမလဲ လုပ်စမ်းပါဦး. . ."

"ဒီမြို့မှာက ဘုန်းကြီးကျောင်း သုံးကျောင်းရှိတယ် အစ်ကို၊ အောင်မင်္ဂလာ ရပ်ကွက်ထဲမှာ တစ်ကျောင်း၊ နောက်ပြီးတော့. . . ဟော့ ကောင် စန်းလွင် ပြောလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ စရင်းနှီးကာစ ဖြစ်သောကြောင့် စကားစရန် လေးနေသေးသော စန်းလွင်ကို အသေးလေးက တိုက်တွန်းလိုက်၏။ စန်းလွင်က. . .

"ဒီလိုလုပ်လေ အစ်ကို၊ မနက်ဖြန် မနက် ကိုးနာရီလောက်မှာ တည်းခိုခန်းကို ကျွန်တော် လာခဲ့မယ်။ အစ်ကို စောင့်နေ၊ ပြီးမှ ကျွန်တော့်ဆိုက်ကားနဲ့ပဲ အဲဒီဘုန်းကြီးကျောင်းတွေ တစ်ကျောင်းပြီး တစ်ကျောင်း လိုက်ကြည့်ကြတာပေါ့။ တွေ့မှာပါ အစ်ကိုရာ. . . ဘာမှ စိတ်မပူပါနဲ့"

သူ ခေါင်းညိတ်လိုက်၏။ အသေးလေးက စန်းလွင်ကို. . .

"အဲဒါဆို . . . အခု မင်းပဲ အစ်ကို့ကို တည်းခိုခန်း ပြန်ပို့လိုက်ကွာ။ ပြီးရင် ဒီကို ပြန်လာခဲ့. . . ကင်းစောင့်တဲ့ဆီ သွားရအောင်"

ပြောပြီး တစ်ဖက်ဝိုင်းဆီ ကူးသွားပြန်သည်။ အသေးလေးကို ကြည့်ရသည်မှာ ပါးစပ်ရော လူပါ နည်းနည်းလေးမှ ဂနာမငြိမ်။ စန်းလွင်က "အေးပါကွာ"ဟု ပြန်ဖြေလိုက်သော်လည်း ထိုင်နေရာမှ ထဟန်မပြင်။ တောင်ငေး မြောက်ငေး ငေးနေ၏။

အသေးလေးက မုတ်ဆိတ်တိုနံ့နံ့နှင့် လူတို့၏ ဝိုင်းတွင် တွတ်တွတ် တွတ်တွတ်နှင့် ပြောနေပြန်သည်။ သူ့အကြောင်းတွေလည်း ပါပုံရသည်ဟု တွက်မိသည်။ ထိုလူသုံးယောက်က သူ့ကို လှမ်းလှမ်းကြည့်သောကြောင့် ဖြစ်၏။ အတန်ကြာအောင် ပြောနေပြီး. . . ထိုလူ သုံးယောက်က စားပွဲထိုးကို ခေါ်ကာ ပိုက်ဆံရှင်းဟန်ပြင်သောအခါကျမှ အသေးလေးက သည်ဘက်ဝိုင်းသို့ ပြန်ကူးလာသည်။

"ဟာ. . . စန်းလွင်၊ မင်း အခုထက်ထိ မသွားရသေးဘူး"

စန်းလွင်က ခါးတစ်ချက် ဆန့်လိုက်ပြီး. . .

"အေးပါကွာ၊ အခုပဲ သွားတော့မလို့ ပြင်နေတာ"

ပြောသာ ပြောသည်။ မထသေး။ အသေးလေးက. . .





"မင်းကလည်းကွာ. . . အစ်ကို့ကို အားနာစရာကြီး။ နေတော့ကွာ. . . ငါပဲ လိုက်ပို့လိုက်တော့မယ်"

သူက 'ဟာ. . . ကိစ္စမရှိပါဘူး။ ရပါတယ်ကွ၊ အေးအေးဆေးဆေး လုပ်ပါ' စသဖြင့် ဝင်ပြောရသည်။

ထိုအချိန်တွင် တစ်ဖက်ဝိုင်းမှ လူသုံးယောက်အနက် မုတ်ဆိတ်တိုနံ့နံ့နှင့် လူက. . .

"အသေးလေးရေ. . . သွားပြီဟေ့၊ မင်းညွှန့်သည်အတွက်ပါ ရှင်းပေးလိုက်ပြီ"

ဟု လှမ်းပြောသည်။ သြော်. . . ငါသောက်တဲ့ လက်ဖက်ရည်ဖိုးကိုပါ ပေးသွားသတဲ့။ သူ အံ့ဩတုန်လှုပ်စွာ လှမ်းကြည့်မိသောအခါ ထိုလူသုံးယောက်က သူ့ကို ရင်းရင်းနှီးနှီး ပြုံးပြနေသည်ကို မြင်ရ၏။ သူကယောင်ကတမ်း ဖြစ်သွားမိပြီးမှ ပြန်ပြုံးပြလိုက်ရသည်။

ရင်ထဲတွင် နွေးခနဲ ဖြစ်သွား၏။

သည်လိုတော့လည်း သည်မြို့က လူတွေ ဘယ်ဆိုးလို့လဲ။ သူ့ရင်ဘတ်ထဲကို မြို့ကလေးက ခေါင်းနှင့် တိုးဝှေ့ပွတ်သပ်ကာ ဝင်လာ၏။ ကြာကြာမြင့်မြင့် ရင်းနှီးပြီးသား အရပ်ဒေသတစ်ခုသဖွယ် နှစ်လိုစွာ ခံစားမိလေသည်။

ည၏ ကမ်းစပ်တွင် လေပြည်သည် ပင်လယ်လေဆန်ဆန် နွေးနေ၏။ မွှေးပျံ့သော အလင်းတန်းကို နမ်းရ ရှိုက်ရသလို ထင်ချင်သည်။

အသေးလေး၏ ဆိုက်ကားပေါ် သူ ထိုင်မိသောအခါ စန်းလွင်က. . .

"အစ်ကို . . . မနက်ဖြန် မနက် ကိုးနာရီနော်. . . စောင့်နေ"

ဟု လှမ်းအော်သည်။ အသေးလေးက-

"ဟေ့ကောင် စန်းလွင် . . . မင်း ကိုကိုမြင့်တို့ဆီ သွားနှင့်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့မယ်။ သြော်. . . ဟော့ကောင်၊ ဦးကျင်စွမ် ဆိုင်က အရက်တစ်လုံးလောက် ဝင်ဝယ်သွားဦး"

ဆိုက်ကားဘီးလိမ့်လာပြီး အတော်ဝေးဝေး ရောက်သည့်အချိန်တွင် သူက . . .

"နေစမ်းပါဦးကွ၊ ညကြီးမိုးချုပ်မှ အရက်ပုလင်းက ဘာလုပ်ဖို့လဲ"

"ကျွန်တော်တို့ပါ ဒီည ကင်းစောင့်ကြမယ်လေ"

●

ကောင်တာတွင် အိပ်ငိုက်နေသော လူဝကြီး မကြားအောင် ခြေဖော့နင်းပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ အင်း. . . ခိုးကြောင် ခိုးဝှက် ဆန်လိုက်တာ။ ကိုယ့်ဘက်က လောကစောင့်တရားနှင့် ကိုယ်ကျင့် စာရိတ္တတို့ကို ဘာမှမကျူးလွန်မိဘဲနှင့် သည်လို ခိုးကြောင်ခိုးဝှက် လုပ်နေရခြင်းသည် တွေးကြည့်လျှင် အတော် ကသိကအောက်ဖြစ်စရာ ကောင်းပါသည်။

လောကစောင့်တရားနှင့် ကိုယ်ကျင့်စာရိတ္တတို့၏ တန်ဖိုးသည် နေရာလိုက်၍ ပြောင်းလဲသွားတတ်ပါသလား။

သူကတော့ ခိုးကြောင် ခိုးဝှက်နှင့်ပင် အပေါ်ထပ်ရှိ သူ့အခန်းရှေ့သို့ ရောက်လာခဲ့ရ၏။

"ပူစီ. . . မီ မီ မီ မီ. . . ဒီကိုလာ. . . ဒီကိုလာ"

စာကလေးသံလို ကျလိ ကျလိ အသံကလေး ထွက်လာရာ စင်္ကြံထောင့်ဆီသို့ သူ လှမ်းကြည့်လိုက်သည်။ အဲ. . . ဟိုကောင်မလေးပဲ။ ကြည့်စမ်း. . . ခုထိ မအိပ်သေးပါလား။ သူ ပြုံးမိသည်။ ငါ ပြန်လာတဲ့အထိ စောင့်နေတာလား မသိဘူးဟု သူ အနည်းငယ် ဘဝင်မြင့်စွာ တွေးလိုက်၏။





ကောင်မလေးက သူ့ကို မကြည့်။ (တမင်တကာ မကြည့်ဘဲနေခြင်း ဖြစ်ပါလိမ့်မည်) ကြောင်ကလေးကိုသာ တမီမီနှင့် ခေါ်နေ၏။ စင်စစ် ခေါ်သာ ခေါ်နေသော်လည်း ကြောင်က ဘယ်မှသွားသည် မဟုတ်။ သူမ၏ ခြေထောက်နှစ်ချောင်းကြားတွင်သာ လှည့်ပတ် တိုးဝှေ့နေခြင်းဖြစ်သည်။

အင်း. . . ဒီလို မသိမသာ အသံပေးတာ မိန်းမတွေရဲ့ မာယာ တစ်မျိုးပဲဟု သူ တွေးလိုက်သည်။ ခပ်ကြောင်ကြောင် စာအုပ်တစ်အုပ်တွင် သူ ဖတ်ဖူးထား၏။ မာယာ လေးဆယ်ထဲက နံပါတ်ဘယ်လောက်လဲ ဆိုသည်ကိုတော့ မမှတ်မိတော့။ မေ့သွားပြီ။

ကောင်မလေးက ကြမ်းပြင်ပေါ်မှ ကြောင်ကို ကောက်ယူ ပွေ့ချီလိုက်သည်။ အဲ. . . အဲဒါလည်း မာယာလေးဆယ်ထဲမှာ ပါတာပဲ။ ဘာလဲ ကလေးငယ်ကို ပွေ့ချီခြင်း၊ နမ်းခြင်း၊ မြှူခြင်းဆိုသလား မသိဘူး။ အင်း. . . ဒီမှာတော့ ကလေးပေါက်စ မရှိတော့ ကြောင်ကိုပဲ ပွေ့ချီရမှာပေါ့။ ဘယ်ရမလဲ ကောင်မလေးရာ. . . မင်းလုပ်နေတာတွေ ငါ သိပါတယ်။

ကောင်မလေးက သူ ရောက်နေမှန်းသိသိနှင့် ခုထိ လှည့်မကြည့်သေး။ ကြောင်နှင့် အလုပ်ရှုပ်ချင်ယောင်ဆောင်နေသည်။ သူက အခန်းတံခါးသော့ကို လှည့်ဖွင့်လိုက်ပြီး အခန်းထဲသို့ မဝင်သေးဘဲ နေရာတွင်ပင် ရပ်လျက်က (အခန်းထဲ ဝင်သွားပြီးသည့် ဟန်မျိုးဖြင့်) တမင် အသံကျယ်ကျယ် ပြန်ဆောင့်ပိတ်လိုက်၏။

ကောင်မလေးက သူ ဝင်သွားပြီအထင်နှင့် လှမ်းကြည့်သည်။

ကောင်မလေးက အငိုက်မိသွား၏။ နှစ်ယောက်သား အဝေးမျက်လုံးချင်း အကြည့်ကြုံ ငြိနေသည်ကို အတော်ကြာအောင် သာယာနေဖြစ်ကြသည်။ နောက်. . . ကောင်မလေးက သတိရသွားပြီး ရှက်စနိုးပြုံးကာ မျက်နှာလွှဲဖယ် ထွက်သွား၏။ ကဲ. . . မှတ်ထား၊ အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ကျယ်ပိတ်တာ ယောကျ်ားတွေရဲ့ မာယာ နံပါတ်တစ် ပဲကွ။ ဘယ်စာအုပ်ထဲမှာမှတော့ မပါဘူး။ မင်း နုပါသေးတယ် ချာတိတ်မရယ်။

●

သူ့ဘာသာသူ ကျေနပ်စွာ ပြုံးရင်း အခန်းထဲဝင်၍ တံခါးပိတ်ကာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

အတော်ကြာသည့်အထိ အိပ်မရနိုင်သေး။ လက်ဖက်ရည်သောက်ထားသောကြောင့်လည်း ဖြစ်နိုင်သည်။ လက်ဖက်ရည်ဆိုကာမှ လက်ဖက်ရည်ဆိုင် ပိုင်ရှင်၏ စိတ်ရှုပ်နွမ်းနယ်နေသော မျက်နှာကို ပြန်မြင်ယောင်လာ၏။ နောက်. . . စားပွဲထိုးကလေးငယ်လေး၏ မျက်နှာ. . . လက်ဖက်ရည်ဆိုင် ထိုင်နေကြသူများ၏ မျက်နှာ. . . မုတ်ဆိတ်မွေးတိုနံ့နံ့နှင့် လူ၏မျက်နှာ. . . ပိန်ပိန်သေးသေးနှင့် အရာရာကို ငြင်းဆန်ဖို့ အပျက်ဘက်က တွေးဖို့ အသင့်ဖြစ်နေသူ၏ မျက်နှာ. . . အသေးလေး၏ ပျာယီးပျာယာ မျက်နှာ. . . မျက်နှာများ. . . ။ နောက်မျက်နှာများ. . . ။

သည်မြို့က လူတွေအားလုံး၏ မျက်နှာတွင် အမျိုးအမည်မသိသော တစ်စုံတစ်ခု လိုအပ်နေသည်ဟု သူ ခံစားရ၏။ ဘာလဲတော့ မပြောတတ်။ တစ်ခုခု လစ်ဟာနေသည်ကတော့ သေချာသည်။ သူ့ အာရုံထဲတွင် ပေါ်လာသမျှ မျက်နှာအားလုံးသည် ခြောက်သွေ့ ကျုံ့ရှုံ့နေသော ငရုတ်သီးစိမ်း ပိန်ပိန်လှီလှီကလေးများနှင့် တူသည်ဟု အလိုလို အောက်မေ့လာမိ၏။ သူ သက်ပြင်းချမိသည်။ သည်မြို့ကလေးသည် မြေဆီသြဇာ ညံ့ဖျင်းသော ငရုတ်ခင်းတစ်ခင်း ဖြစ်နေနိုင်ပါသည်။

သူ အာရုံကို လွှဲပစ်ဖို့ ကြိုးစားသည်။ စာဘုန်းကြီးမကလေး၏ ချစ်စရာကောင်းသော ပြုံးကြောင်ကြောင် မျက်လုံးကလေးများ. . . ။ ဒီကောင်မလေးနဲ့ မတော်တဆဖြစ်ဖြစ် ချစ်သူတွေ ဖြစ်သွားကြဖို့ မလို





အပ်ဘူးလား။ မနက် ကိုးနာရီမှာ စန်းလွင် လာခေါ်မယ်။ ကင်းစောင့်ကြမည့် သူများထံသို့ သူ့စိတ်က ပျံ့လွင့်သွားပြန်သည်။ နောက်. . . ဘီလူး၊

ဖျတ်ခနဲ သူ့စိတ်ကို တစ်ခုခုက နှိုးဆော်သလို ခံစားလိုက်ရ၏။ ဒီညအဖို့ ပျောက်ဆုံးသွားရမယ့် ကံဆိုးသူ မိန်းကလေးဟာ ဒီကောင်မလေးကော မဖြစ်နိုင်ဘူးတဲ့လား။ တွေးမိလျှင် တွေးမိချင်း ရုတ်တရက် ထိတ်ထိတ်ပျာပျာဖြစ်ကာ စိတ်ပူသွားသည်။

ခုတင်ပေါ်မှ ချက်ချင်းဆင်းပြီး အခန်းတံခါးကို ဆွဲဖွင့်သည်။ စောစောက ကောင်မလေး ရပ်နေရာ စင်္ကြံထောင့်ဆီသို့ လှမ်းကြည့်လိုက်မိ၏။

ထိုနေရာတွင် ကောင်မလေး မရှိတော့။

■



www.burmeseclassic.com

www.burmeseclassic.com

(၄)

မျက်စိနှစ်လုံး ပွင့်လာလာချင်း ခြင်ထောင်အမိုးဖြူဖြူကို မြင်ရသည်။ ရုတ်တရက် မထဖြစ်သေး။ ဟိုလိုမ့် သည်လိမ့်လုပ်နေလိုက်သေး၏။ ဗိုက်ထဲက အနည်းငယ် ဆာသလိုလိုခံစားရသည်။ အရေပြားအောက်မှာ အူတွေ တလှုပ်လှုပ်ဖြစ်နေသည့် အထိအတွေ့ကိုပင် သိနေရသည်ဟု အောက်မေ့ရ၏။

အင်း. . . ဒီလိုပဲပေါ့. . . အူတွေ ရှိနေသရွေ့တော့ ဆာမှာပဲ။ လူလည်း ဆာတာပဲ။ ခွေးလည်း ဆာတာပဲ။ မျောက်တွေ . . . ကြောင်တွေ. . . ကြွက်တွေ. . . အခြားတိရစ္ဆာန်တွေလည်း ဆာမှာပဲ။

'အူမတောင့်မှ သီလ စောင့်နိုင်မည်' ဟူသော စကားပုံကို ဖျတ်ခနဲ သတိရလိုက်သေး၏။ လူမှာလည်း အူ ရှိသည်၊ ခွေးမှာလည်း အူ ရှိသည်၊ သို့သော် သီလစောင့်ဖို့ကတော့ လူသာလျှင် တတ်နိုင်သောကိစ္စ ဖြစ်၏။ ခွေးက မစောင့်။ ထို့ကြောင့် 'အူမတောင့်မှ သီလစောင့်နိုင်သည်'ဟူသော စကားပုံသည် လူတစ်ပိုင်း ခွေးတစ်ပိုင်းကောင်များအတွက်သာ ဖြစ်လိမ့်မည် ထင်သည်။





အား. . . ငါ ဘာတွေ လျှောက်တွေးနေပါလိမ့်။ စန်းလွင်က သည်နေ့ မနက်ကိုးနာရီတွင် လာခေါ်မည်ဟု ပြောခဲ့သည်ကို ပြန်သတိရလာ၏။ အင်း. . . ငါ အိပ်ရာထဖို့ ကောင်းပြီ။ သူ ခြင်ထောင်ကို မတင်လိုက်ပြီး ခုတင်ပေါ်မှ ဆင်းသည်။

စားပွဲပေါ်မှ လက်ပတ်နာရီကို ကောက်ကြည့်လိုက်သောအခါ ခုနစ်နာရီခွဲ။ သွားတိုက်ဆေးဘူး၊ သွားပွတ်တံနှင့် မျက်နှာသုတ်ပဝါတို့ကို ဆွဲယူပြီး ရေချိုးခန်းဆီသို့ သွားရန် တံခါးဖွင့် ထွက်လိုက်၏။

ဖြုန်းခနဲ သူ့အခန်းနားတွင် ရစ်သီရစ်သီလုပ်နေသော ကောင်မလေးကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားသည်။ သူ လှမ်းပြုံးပြလိုက်သောအခါ ကောင်မလေးက ချာခနဲ လှည့်ထွက်သွား၏။

အင်း . . . ဒီကောင်မလေးကတော့ ငါ့ကို ငါးမျှားသလို မျှားနေပြီဟု သူ တွေးလိုက်သည်။ ကောင်မလေးရေ. . . ငါဟာ ငါးပူတင်းတစ်ကောင်လည်း ဖြစ်နေနိုင်သကွဲ့။ သည်းခြေတော့ ထုတ်မစားမိစေနဲ့ပေါ့။

●

သွားတိုက်နေရင်း ကောင်မလေးအကြောင်းက ခေါင်းထဲ ရောက်လာသည်။ မနေ့ညက ကောင်မလေး ပျောက်သွားမှာစိုးလို့ ပူပန်နေမိသေးတယ် မဟုတ်လားဟု သူ့ကိုယ်သူ ပြန်မေးလိုက်၏။ ဟုတ်လိမ့်မည်. . . ဟုတ်ခဲ့လိမ့်မည် ထင်သည်။

တကယ်ဆိုလျှင် အိပ်ရာမှ နိုးနိုးချင်း ကောင်မလေး ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုသည်ကို အလျင်ဆုံး စိတ်က ရောက်သွားဖို့ကောင်းတာပေါ့။ အခုတော့ ကောင်မလေးကို မြင်ရကာမှပင် ပူပန်ဖို့ သတိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းဆို သိပ်တော့ မဟုတ်လှသေး. . .။ ရင်ထဲမှာ လေးလေးနက်နက် မရှိသလို ဖြစ်နေ၏။ 'မြင်မြင်ချင်းပဲ ချစ်မိတယ်' ဟူသော ပေါကြောင်ကြောင် သီချင်းတစ်ပုဒ်ကို သတိရမိသည်။ အင်း. . . ဘာကို မြင်လို့ ချစ်သွားတာပါလိမ့်။

ရေချိုးနေရင်းနှင့် မြင်မြင်ချင်းပဲ ချစ်မိတယ် ဟူသော သီချင်း ကို ခပ်တိုးတိုး ဆိုနေလိုက်သည်။

"ဩော်. . . မောင်ရင် နိုးနေပြီကိုး. . .၊ အေးကွာ. . အန်ကယ် လည်း မောင်ရင်နဲ့ စကားစမြည်လေး ဘာလေး ပြောမလားလို့ စိတ်ကူး ပြီး အပေါ်ထပ် တက်လာတာ"

ရေချိုးခန်းမှ ထွက်ထွက်ချင်း ဦးတင်ကြည်နှင့် တည့်တည့်တိုး သည်။ ပြဿနာပဲ. . . ဟု သူ့စိတ်ထဲက ကျိတ်၍ ရေရွတ်လိုက်၏။ သည် ငတိကြီး ဘယ်အချိန်ကတည်းက ငါ့ကို ချောင်းနေသလဲ မသိဘူး။

သည်လောက် စကားကြော လေရှည်တတ်သည့် လူကြီးကို ငယ် ငယ်တုန်းက စကားပြောတတ်အောင် သင်ပေးလိုက်သည့် အဖေနှင့်အမေ သာ ရှိသေးလျှင် သူတို့ အတော်ပင် နောင်တရကြလိမ့်မည် ထင်သည်။

"ဟုတ်ကဲ့. . . အန်ကယ်၊ ကျွန်တော် အခုပဲ အဝတ်အစားလဲပြီး ထွက်ခဲ့မယ်"

"အေး. . . အေး. . . အန်ကယ် စောင့်နေမယ်"

သူ အခန်းထဲ ခပ်မြန်မြန်ဝင်ပြီး တံခါးပိတ်လိုက်သည်။

သူ တမင်တကာ အချိန်ဆွဲပြီး အဝတ်အစားလဲသည်။ ကိုးနာရီ ထိုးခါနီးကာမှ အပြင်ထွက်တော့မည်ဟု စိတ်ကူးလိုက်၏။ စန်းလွင် လာခေါ်မှာနဲ့ အချိန်ကိုက်ပြီး အောက်ဆင်းသွားမှ ဟိုငတိကြီး စကားပြောချိန် သိပ်မရမှာ။





သူ အဝတ်အစားများကို ခေါက်သည်။ အိပ်ရာခင်းများကို ဆွဲ ဆန့်သည်။ နောက်. . . ပြီးသည်နှင့် သူ့မှာ ဘာမှလုပ်စရာ မရှိတော့သလို ဖြစ်သွား၏။ အပြင်ထွက်ပြီး ဟိုစာဘုန်းကြီးမကလေးကို မျက်စိ အရသာ ခံကြည့်ရင် ကောင်းမလား။ သူ အခန်းတံခါးဆီသို့ ခြေဖျား ထောက်ပြီး တံခါးကို ဟသည်ဆိုရုံ ဖြည်းဖြည်းကလေးဖွင့်ကာ အပြင်သို့ ချောင်းကြည့် လိုက်၏။

စကြံထိပ်တွင် ရပ်နေသော ဦးတင်ကြည်၏ ကိုယ်လုံး ဝဝဖိုင့်ဖိုင့် ကြီးကို မြင်လိုက်ရသောကြောင့် ကမန်းကတန်း ပြန်ပိတ်လိုက်ရသည်။ နှုတ်မှ ခပ်တိုးတိုး ကျိတ်၍ ကျိန်ဆဲလိုက်မိ၏။ သေစမ်းကွာ. . .။ သည် ငတိကြီးက သူ့အခန်းကို စက္ကန့်နှင့်အမျှ ချောင်းနေပုံရသည်။ ကိုးနာရီ မထိုးမချင်း အခန်းထဲက တစ်လှမ်းမှထွက်ရန် မဖြစ်နိုင်တော့။

ပိုက်ကလည်း ဆာလာသည်။ အာရုံကိုလွှဲရန် ပြတင်းပေါက်နား သွားရပ်နေလိုက်၏။ ခြံထောင့်မှ ငုပင်ကြီးနှင့် ကြိုးလွဲဒန်းတို့ကို လှမ်းမြင် ရသည်။ နံနက်ခင်း နေခြည်က မြက်ခင်းပေါ် ကြည်လင်စွာ ဖြာကျနေ၏။ အလင်းတွေ လက်ပနေသောကြောင့် မြက်ပင်စိမ်းစိမ်းကလေးများမှာ ရွှေရောင်အနားတွေ ဖွာနေသည်ဟု ထင်ရသည်။ ခြံစည်းရိုးပေါ်တွင် နားနေသော ငှက်ကလေး နှစ်ကောင်ကို မြင်ရ၏။ ရင်အုပ်ကလေးတွေ နီရဲနေကြသည်။ အမွေးနုနု ရဲရဲကလေးတွေကို နှုတ်ခမ်းနှင့် တို့ထိပြီး နမ်းချင်စိတ် ပေါ်လာသည်။

●

ထိုငှက်ကလေးတွေသာ အခုလို အရွယ်အစား မဟုတ်ဘဲ လူ ထက် နှစ်ဆလောက် ကြီးနေလျှင်ကော သည်လိုနမ်းချင်စိတ် ဖြစ်လာပါ ဦးမလား ဟု သူ တွေးလိုက်၏။ နောက်ပြီးတော့ အကယ်၍ ငှက်တွေသာ လူသား စားကြတယ်ဆိုရင်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ ဘယ်လိုမှ ချစ်စရာကောင်းလိမ့်မည် မဟုတ်ပါ။ သည်လိုသာဆိုလျှင် 'အချစ်' ဆိုသည်မှာ ကိုယ့်ထက် အားနည်းသော၊ ကိုယ့်ကို အန္တရာယ်မပြုနိုင် (ဟု ယူဆရ) သော သတ္တဝါအပေါ်တွင်သာ ခံစားရသည့်စိတ် ဖြစ်ပေလိမ့်မည်။ စိတ်ချမ်းသာရေး နယ်မြေ ချဲ့ထွင်မှု ပါပဲလေ။ အားနည်းမည့်သူ၏စိတ်ကို ဝင်ရောက် စိုးနင်း တိုက်ခိုက်ပြီး (ကိုယ့် ဘာသာကိုယ် မသိလိုက်ဘဲ) ဂုဏ်ယူ အမြတ်ထုတ်ခြင်း တစ်မျိုးပေ့။ ယောကျ်ားများက မိန်းမများ၏ စိတ်အားနည်းချက်အပေါ် အမြတ်ထုတ်သည်။ မိန်းမများက ယောကျ်ား၏ စိတ်အားနည်းချက်အပေါ် အမြတ်ထုတ်သည်။ သည်လိုပဲ နေထိုင်ကြတာ မဟုတ်လား။

●

ကိုးနာရီထိုးရန် ငါးမိနစ်အလိုတွင် သူ အောက်ထပ်ဆင်းခဲ့သည်။

"လာ. . . မောင်ရင်. . . လာကွာ"

ဟု ဦးတင်ကြည်က ဆီး၍ နှုတ်ဆက်၏။ သူ ခြံဝဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ စန်းလွင်၏ ဆိုက်ကားကို မမြင်ရသေး။ ဦးတင်ကြည် က သူ့လက်ကို ဆွဲ၍ ဆက်တီခုံမှာ ထိုင်ခိုင်း၏။

"မနေ့ညက ဘာတွေဖြစ်သွားသလဲ မောင်ရင် သိလား"

သူ့စိတ်ထဲတွင် ချက်ချင်း တင်းခနဲ ဖြစ်သွား၏။ သူ တစ်မနက်လုံး မေ့လျော့နေသော ဘီလူးကိစ္စက ခေါင်းထဲပြန်ဆောင့်ဝင်လာသည်။ အသက်ရှူမြန်လာ၏။ ဟင့်အင်း. . . မသိဘူး အန်ကယ်ဟု ပြန်ဖြေလိုက်သည်။ သူ့အသံကို သူ ပြန်ကြားရသည်ဟု မထင်၊ တစ်စုံတစ်ယောက်က ကြားဝင်ပြောလိုက်သလိုလို သူစိမ်းဆန်နေ၏။

"မနေ့ညက ကမ်းနားရပ်ကွက်မှာနေတဲ့ ကောင်မလေး တစ်ယောက်ကို ဘီလူးဝင်စားသတဲ့"





ဘုရားရေ. . . လက်စသတ်တော့ ဒီကိစ္စတွေဟာ တကယ်ဖြစ်နေတာပါလား။ ငါ ယုံကြည်ပစ်လိုက်ရတော့မယ်။ သူ တစ်စုံတစ်ရာကို ကြောက်သလိုလို ခံစားလိုက်ရ၏။ နှုတ်ခမ်းတွေမှာ ဖြုန်းခနဲ သွေးဆုတ်ဖျော့ကျသွားမှန်း ကိုယ့်ဘာသာကိုယ် သိလိုက်သည်။

အရင်က သူများပြောသည့် စကားများအပေါ်တွင်သာ ခံစားနေရသောကြောင့်လား မသိ။ သိပ်လှိုက်လှိုက်လှဲလှဲ မဖြစ်၊ ရင်ဘတ်အတွင်းအနက်ဆီမှ မလာ။ အခုမှပင် အန္တရာယ်တစ်ခုခုက ကိုယ့်နှာသီးဖျားစပ်မှာ လာထိနေသလိုလို. . .။ ချောက်ချားမှု၏ ရနံ့ကို ရှူရှိုက်ရပြီ။

"ဒီမြို့က ကောင်တွေကလည်းကွာ. . . တစ်ယောက်မှ အသုံးမကျပါဘူး။ ဒီရက်မှာ ဒါမျိုးဖြစ်တတ်တယ်ဆိုတာ သိလျက်သားနဲ့ ဘာမှ လုပ်ဖို့ စိတ်မကူးကြဘူး။ အားလုံး စောက်ပျင်းတွေချည်းပဲ"

ဦးတင်ကြည်၏ စကားတွေက သူ့နားထဲတွင် ကြားတစ်ချက်၊ မကြားတစ်ချက်။ သူ့စိတ်တွေ လွင့်နေ၏။ မနေ့ညက ကင်းစောင့်နေကြမည့် အသေးလေးတို့၊ စန်းလွင်တို့ကို မျက်စိထဲ မြင်ယောင်သည်။ ဘာတွေများ ဖြစ်ခဲ့ကြပါလိမ့်။ နောက်. . . စိတ်က ဦးတင်ကြည်ဆီ ဖျတ်ခနဲ ပြန်ရောက်လာသည်။

"ဒီမြို့မှာက လူပျင်းတွေက များတယ်ကွ။ ဘယ်သူမှလည်း အလုပ်ကို ထောင့်စေ့အောင် မလုပ်တတ်ကြဘူး။ မောင်ရင့်ကို မနေ့က လိုက်ပို့တဲ့ ဆိုက်ကားသမား ကောင်လေး သိလား။ အသေးလေးလေ၊ အေး. . . အဲဒီကောင်ဆို ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ် ပျာယာခတ်နေတာ၊ ဦးနှောက်က . . ."

အား. . . သောက်ကျိုးနည်း အတင်းပြောတတ်တဲ့ ငတိကြီးပဲ။ ပြောနေလိုက်တာ တစ်ယောက်မှကို အကောင်းမကျန်တော့ဘူး။ သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထုတ်လိုက်ချင်စိတ်ကို အောင့်ထားရသောကြောင့် ရင်ထဲ တင်းကျပ်လာ၏။ ဒီငတိကြီးက သူများကိုသာ အသုံးမကျဘူး လျှောက်ပြောနေတာ၊ သူကိုယ်တိုင်ကကော. . . ဒီလူကြီး သမီးပျောက်သွားတုန်းက ဖြစ်နေမယ့် မျက်နှာကို ငါကြည့်ချင်လိုက်တာ. . .။

ပျောက်သွားသော သမီးအကြီးအကြောင်းကို စဉ်းစားမိရာမှ ချက်ချင်း စိတ်က သမီး အငယ်မလေးဆီ ရောက်သွား၏။ အဲ. . . ကောင်မလေး ဘယ်ရောက်နေပါလိမ့်။ သူ့မျက်လုံးကို တစ်ချက်ဝေ့၍ အကြည့်ဖြင့် ရှာလိုက်သည်။ စာဘုန်းကြီးမလေးကို လှေကားအဆင်းတွင် ကြောင်ကလေး ပိုက်၍ ရပ်လျက်သား တွေ့ရ၏။ ကောင်မလေးက သူ့ကို လှမ်းကြည့်နေသည်။ သူ့ရင်ထဲ တစ်ချက်လှုပ်သွား၏။

ဦးတင်ကြည်က သူ့ကို သတိမပြုမိ။ ပြောချင်သည်များကိုသာ တရစပ် လျှောက်ပြောနေသည်။

"နောက်ပြီး. . . သန်းမြင့် ဆိုတဲ့ ကောင်ကလည်း ရှိသေးတယ်၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဟောင်ဖွာ ဟောင်ဖွာ လျှောက်ပြောနေတာ။ မိန်းမလုပ်စာ စားလိုက်၊ မိဘဆီက လက်ဖြန့်တောင်းလိုက်နဲ့ ဘာအလုပ်မှ လုပ်တာ မဟုတ်ဘူး။ ရှိပါသေးတယ်ကွာ. . . စန်းလွင်တို့ . . . ဘာတဲ့ ဟိုကောင် ကျော်စိန်တို့လို ကောင်မျိုးတွေ. . ."

သူ နားထောင်ရင်း စိတ်ညစ်လာသည်။ သူ မကြားဖူးသော နာမည်များလည်း ပါသေးသည်။ ငါက ဘယ့်နှယ်လုပ် သိမှာတုံး၊ မနေ့ကမှ ဒီမြို့ကိုရောက်တာဟု စိတ်ပျက်စွာ တွေးလိုက်၏။ စန်းလွင်ဆိုသည်ကတော့ သူနှင့် မနေ့ညက တွေ့ခဲ့ရသော ကောင်လေး ဖြစ်ပါလိမ့်မည်။ ကျန်သူတွေက ဘယ်သူတွေပါလိမ့်။

မနေ့ညက လက်ဖက်ရည်ဆိုင်တွင် တွေ့ခဲ့ရသော မျက်နှာများ





ကို ပြန်မြင်ယောင်ရင်း နာမည်များနှင့် တွဲစပ်ကြည့်သည်။ ဟိုလူများလား။ အင်း . . . သန်းမြင့် ဆိုတာကကော။ တကယ်တမ်းတွင် ဦးတင်ကြည် ပြောနေသူများ အားလုံး မနေ့ညက လက်ဖက်ရည်ဆိုင်တွင် မလွဲမသွေ ရှိနေခဲ့မည်တော့ မဟုတ်ပါ။

တွေးရင်းနှင့်မှ စန်းလွင်ဆီ စိတ်ရောက်သွားသည်။ ဒုက္ခပဲ. . . ဒီကောင်ကလည်း ခုထက်ထိ မလာသေးဘူး။ မေ့များ မေ့နေပြီလား။ နာရီကို ကြည့်လိုက်သောအခါ ကိုးနာရီခွဲပြီး ငါးမိနစ်ရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။ ဦးတင်ကြည်ကလည်း စကားကို အသက်မရှူနိုင်အောင် မရပ်မနား ပြောနေ၏။

ဒီလူကြီး ပါးစပ်ထဲက လေတွေ ဘယ်နေရာကများ ထွက်ထွက်လာပါလိမ့်။ လှုပ်တုပ် လှုပ်တုပ်ဖြစ်နေသော ပါးဖောင်းဖောင်းကြီးတွေထဲမှာ ငုံထားတာများလား။ သူ့နားထဲတွင်တော့ စကားပြောသံများသည် မသဲကွဲတော့ . . .။ တဗျစ်ဗျစ် မြည်နေသလို အသံမျိုးသာ ကြားရတော့သည်။

အင်း. . . ဒီငတိကြီးက အိမ်ထဲက အိမ်ပြင်မထွက်ဘဲ တစ်မြို့လုံး ရဲ့ အတင်းအဖျင်းတွေ သတင်းတွေကို ဘယ်လိုရပါလိမ့်။ သူ့ဟာနှင့်သူတော့ ဟုတ်နေပေလိမ့်မည်။ ကဲ. . . အန်ကယ့်ဘာသာ အန်ကယ့် ပါးစပ်နဲ့ တရုတ်နှစ်သစ်ကူး ပြောက်အိုး ဖောက်နေရစ်ပေတော့။ ကျွန်တော် သည်းမခံနိုင်တော့ဘူး၊ လစ်တော့မယ်။ သူ ထိုင်နေရာမှ ထလိုက်သည်။ (မျက်လုံးကို တစ်ချက် ထောင့်ကပ်လိုက်ပြီး စာဘုန်းကြီးမကလေးဆီသို့ လှမ်းကြည့်လိုက်သေးသည်)

"ကျွန်တော် မြို့ထဲသွားလိုက်ဦးမယ် အန်ကယ်။ ကျွန်တော့်အဖေ ဒါ့စွလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အေး၊ ဟုတ်သားပဲ။ အန်ကယ်တောင် မင်းကို မေးတော့မလို့ဟာကို. . . မေ့နေလို့။ ဘယ်လိုလဲ တွေ့ပြီလား"

"မပြောတတ်သေးပါဘူး အန်ကယ်။ ဒီနေ့မှ ဟိုဟိုဒီဒီ လိုက်မေးကြည့်မလို့"

ပြောလည်း ပြောရင်း ကောင်မလေး ရှိရာဆီသို့လည်း ခိုးကြည့်ရင်း သူ ခြေလှမ်းကို ရွေ့သည်။ ဦးတင်ကြည်က. . .

"အေး. . . အေး. . . သွား၊ ဒါပေမဲ့ အန်ကယ် ပြောတာ မမေ့နဲ့နော်။ ဒီမြို့က လူတွေနဲ့ ဆက်ဆံရင် အင်မတန် သတိထားကွ။ တစ်မြို့လုံးက ကောင်တွေ အားလုံးဟာ တိရစ္ဆာန်သာသာလောက်ရှိတာ"

ဟုတ်ကဲ့. . . အန်ကယ်၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ကို ဒီမြို့ဆီလာဖို့ ကျွန်တော် အကြောင်းကြားလိုက်ပါ့မယ်ဟု စိတ်ထဲက ပြောလိုက်သည်။

နောက်. . . ကောင်မလေး ရှိရာဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြီး လှည့်ထွက်ခဲ့၏။

●

မြကျွန်းသာ လက်ဖက်ရည်ဆိုင် အပြင်ဘက်ထောင့်စားပွဲတွင် အခြားလူငယ် သုံးလေးယောက်နှင့်အတူ ထိုင်ကာ တဟီးဟီး တဟားဟား လုပ်နေသော စန်းလွင်ကို အတော်ဝေးဝေးကတည်းက လှမ်းမြင်ရသည်။ သူ စိတ်မတိုမိအောင် ခက်ခက်ခဲခဲ ထိန်းလိုက်နိုင်သည့်တိုင် နည်းနည်းတော့ ကသိကအောက် ဖြစ်သွား၏။

"ဟော့ကောင် စန်းလွင်၊ မင်း လာမယ်ဆိုလို့ ငါ့မှာ စောင့်လိုက်ရတာကွာ"

စန်းလွင်က သူ့ကိုမြင်သောအခါ ပျာပျာသလဲဖြင့် ထိုင်ခုံ တစ်လုံး ယူပေးရင်း. . .





"ဟုတ်တယ် အစ်ကို၊ ခုပဲ လာတော့မလို့"

သူ သိပ်မယုံ။ ဒီကောင့် အကျင့်က သည်လိုပဲ ဖြစ်မည်။ တစ်နေရာရာတွင် ထိုင်မိပြီဆိုသည်နှင့် ကျောက်ချ ရပ်နားထားလိုက်သလိုပင် နည်းနည်းမှ ရွှေ့ချင် လှုပ်ချင်ပုံမပေါ်။ သူများပြောသမျှ ထိုင်နားထောင်လိုက်၊ ငေးလိုက်၊ ဟီးဟီးဟားဟား လုပ်လိုက်နှင့် အချိန်ဖြုန်းဖို့ လူဖြစ်လာပုံရ၏။

အင်း. . . သည်မြို့ကလေးမှာ သည်လို လူငယ်တွေ ဘယ်လောက်များများ ရှိနေဦးမှာပါလိမ့်။

"အခုပဲ လာမလို့ အစ်ကိုရ၊ ဒီမှာ ညက အကြောင်းတွေ ပြန်ပြောပြီး စကားကောင်းနေတာနဲ့။ အစ်ကိုရော. . . ညတုန်းက ဖြစ်သွားတဲ့ကိစ္စ ကြားပြီးပြီလား"

သူ ချက်ချင်း စိတ်ဝင်စားသွားသည်။ စန်းလွင်နှင့်အတူ ထိုင်နေကြသူများကို တစ်ချက် ဝေ့ကြည့်လိုက်၏။ ညက စန်းလွင်တို့ အသေးလေးတို့နဲ့အတူတူ ကင်းစောင့်သူတွေဖြစ်မယ်ဟု တွက်ဆကြည့်ဖြစ်သည်။

ညက ကိစ္စကို ဦးတင်ကြည် ပြောသလောက်သာ သူ သိထားရသေး၏။ 'သိပြီးပြီ'ဟု ပြောလိုက်လျှင် ဘာမှ ထူးထူးခြားခြား ပြည့်ပြည့်စုံစုံ ထပ်နားမထောင်ရတော့မည် စိုးသောကြောင့် . . .

"ဟင့်အင်း. . . ငါ ဘာမှမသိသေးဘူး ဆိုစမ်းပါဦးကွ"

"ညက . . . ကမ်းနား ရပ်ကွက်ထဲက ကောင်မလေး တစ်ယောက်ကို ဘီလူး ဖမ်းစားသွားတယ် အစ်ကိုရဲ့"

"ဟင်. . . မင်းတို့ ကင်းစောင့်နေတဲ့ ကောင်တွေက ဘာမှမလုပ်ကြဘူးလား၊ ဘီလူးကိုကော တွေ့လိုက်ရလား"

ပြောသာ ပြောလိုက်ရသော်လည်း စိတ်ထဲက အင်း. . . ဒီကောင်တွေ ညက အရက်မူးနေကြမှာပါဟု အနည်းငယ် မကျေနပ်စွာ တွေးနေမိ



www.burmeseclassic.com

www.burmeseclassic.com



၏။ ညက သူ့ကို တည်းခိုခန်းလိုက်ပို့ခါနီး ဟော့ကောင် စန်းလွင် ကိုကိုမြင့်တို့ဆီ သွားနှင့်၊ ဦးကျင်စွမ်ရဲ့ ဆိုင်က အရက်တစ်လုံးလောက် ဝင်ဝယ်သွားဦးဟု မှာနေသော အသေးလေး၏ အသံကိုပါ ပြန်ကြားရသလိုလို အောက်မေ့သည်။ စန်းလွင်က. . .

"ကျွန်တော်တို့ အစောင့်ကျတာက ဘူတာရုံလမ်းဘက်မှာ အစ်ကိုရ။ ကမ်းနားရပ်ကွက်မှာ စောင့်တဲ့ ကောင်တွေနဲ့တော့ မတွေ့သေးဘူး။ နေဦး. . . အစ်ကို၊ ဒီလက်ဖက်ရည်ဆိုင်မှာ ကြားရသလောက်က ဘာမှ တိတိကျကျ မရှိသေးဘူး။ ကောလာဟလတွေ များနေတယ်။ ကျွန်တော်တို့ အဲဒီကမ်းနားဘက်သွားကြရင် မကောင်းဘူးလား။ အစ်ကို သွားရှာမယ့် ဘုန်းကြီးကျောင်းတွေကလည်း အဲဒီဘက်မှာဆိုတော့ လမ်းကြုံနေတဲ့ ဥစ္စာ"

သူက စိတ်ပါလက်ပါဖြင့် အေး. . . သွားလေကွာ ဟု ပြောလိုက်သည်။ ဒီ ဘီလူးကိစ္စကို တိတိကျကျသိရမှ ဖြစ်မယ်ဟု သူ ဆုံးဖြတ်၏။ ဟုတ်တယ်. . . သိအောင်လုပ်ရမယ်။ သူ့ကိုယ်သူ သတိပေးသလိုမျိုး စိတ်ထဲက ရွတ်ဆိုလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ သူ မထမချင်း စန်းလွင်ကလည်း ဝိုင်းမှ ခွာဦးမည်မဟုတ်။ ဟိုလိုလို သည်လိုလိုနှင့် အချိန်ဖင့်နေဦးမည်ကို သိသောကြောင့်ဖြစ်၏။

စန်းလွင်က အတူနေကြသူများကို ကမ်းနားဘက် သွားလိုက်ဦးမယ်ကွာဟု ပျင်းရိပျင်းတွဲ နှုတ်ဆက်သည်။ သူကလည်း ရောယောင်ပြုံးပြကာ နှုတ်ဆက်လိုက်၏။ စန်းလွင်က နှုတ်ဆက်ပြီးပြီးချင်း ဝိုင်းနားမှ မခွာသေး။ သူ့ကို သူငယ်ချင်းများနှင့် မိတ်ဆက်ပေးနေပြန်သည်။

"အစ်ကို. . . ဒါ ကျွန်တော့်သူငယ်ချင်းတွေချည်းပဲ။ ကျွန်တော်နဲ့ကော အသေးလေးနဲ့ပါ ခင်တာ။ လူရင်းတွေလို သဘောထားလို့ရတယ်။





ကျွန်တော်တို့ မရှိတဲ့အခါ အကူအညီလိုရင်လည်း တောင်းလို့ရတယ်။ မှတ်ထား အစ်ကို. . . သူက ညွန့်ဟန် တဲ့။ သူက ဇော်မောင်၊ ဒီတစ်ယောက်က ရန်အောင်စိုး"

သူက ဟုတ်ကဲ့. . . ဟုတ်ကဲ့နှင့်ပြောကာ ခေါင်းညိတ်ပြီး ပြုံးပြုံးပြရပြန်၏။ မျက်မှန်နှင့် ညွန့်ဟန်ဆိုသူက ကျွန်တော်တို့ကို ညီအစ်ကိုလို သဘောထားပါ. . . ဘာညာ စသဖြင့် လျှောက်ပြောသည်။ ထိုသူမှာလည်း ပြောစရာစကားက များများစားစားရှိဟန်မတူ။ ပြောရင်းနှင့် ထိုနေရာမှာပင် လည်နေ၏။ ရန်အောင်စိုး ဆိုသူ လူပုပုညက်ညက်က "ဟော့ကောင် စန်းလွင် သတင်းထူးရင် ငါတို့ကို ပြန်လာပြောဦး" ဟု မှာနေသည်။

"အေးပါကွ၊ ဒီလက်ဖက်ရည်ဆိုင်မှာပဲ ပြန်ဆုံကြတာပေါ့။ ဩော်. . . ဟိုကောင့်ကိုတွေ့ရင် ပြောလိုက်ဦး"

"စိတ်ချ. . . မနေ့ညကဆို. . . ဟာ. . . . မင်းကို မေးနေသေးတယ်"

စကားတွေ အပြန်အလှန်ပြောရင်း မပြီးနိုင် မစီးနိုင် ရှည်လျားနေပြန်တော့သည်။

"သွားမယ်" ဟု နှုတ်ဆက်ပြီးသည့်နောက် နာရီဝက်ခန့်ကြာမှ ဆိုင်အပြင်သို့ တကယ်ရောက်ဖြစ်၏။

●

စန်းလွင်က ဆိုက်ကားကို လက်ဖက်ရည်ဆိုင်ရှေ့က ကားလမ်းမအတိုင်း နင်းလာခဲ့၏။ လမ်း၏ လက်ဝဲဘက်အခြမ်းတွင် ဈေးရုံသစ်ကြီးကို မြင်နေရသည်။ သို့သော် ခြောက်ခြောက်သွေ့သွေ့။ ဈေးဝင်းအပြင်ဘက် ကားလမ်းမဘေး မြေကြီးပေါ်တွင်သာ ဈေးဗန်းများ ချကာ ရောင်းနေကြသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ ဗလုံးဗထွေး အော်ဟစ် ဆူညံနေသော လမ်းဘေး ဈေးတန်းကြီးကို ကြည့်ပြီး သူ စိတ်ပျက်မိ၏။ ဝယ်မည့်သူများကလည်း ဟိုဘက် လျှောက်လိုက် သည်ဘက်လျှောက်လိုက်၊ တရုန်းရုန်း တလှုပ်လှုပ် တရှုပ်ရှုပ်၊ ခြေထောက်တွေ လှမ်းလိုက် ရွှေ့လိုက်တိုင်း ဖုန်လုံးတွေ ဖွေးခနဲ ဖွေးခနဲ ထကာ မြေပေါ် ချခင်းထားသော ဟင်းသီးဟင်းရွက်ဗန်းများပေါ် လွှမ်းအုပ်သွားသည်။

ကန်စွန်းရွက်တွေ၊ ချဉ်ပေါင်ရွက်တွေကို ကြည့်လျှင် အစိမ်းရောင်ဟု ပြော၍မရတော့။ ဖုန်တွေ လူးကာ ဝါညစ်ညစ် ဖြစ်နေကြ၏။ ငါးစိမ်းတွေမှာ သွေးနှင့် ဖုန်မှုန့် သဲမှုန့်တွေကပ်နေ လူးနေကြသည်။ ဘုရားရေ. . . သည်မြို့က လူတွေ ဒီလိုဟင်းတွေကို ချက်စားပြီး ဘယ်လိုများ မဖျားမနာဘဲ နေနိုင်ကြပါလိမ့်။

ခြေဖြင့် အနင်းခံထားရသောကြောင့် ပျော့ပြဲ ကြေမွနေသော ခရမ်းချဉ်သီးတွေ မြေကြီးပေါ်မှာ ညစ်ပတ် ပေရေနေကြ၏။ အာလူးအပုပ်များ၊ ဂေါ်ဖီထုပ်မှ အနာများကို လှီးထုတ်လွှင့်ပစ်ထားသော အပိုင်းအစများကလည်း ပြန့်ကျဲ ရှုပ်ပွနေ၏။

ဈေးသည်တို့ကလည်း ဈေးဗန်းများ၊ မိုးကာ ပလတ်စတစ်စများ၊ ဝါးကပ်များ၊ ခြင်းတောင်းများ ဖြန့်ခင်းကာ အော်ဟစ် ရောင်းချနေကြသည်။ လူတွေကလည်း တိုးဝှေ့ တွန်းထိုးနေကြ၏။ ဆဲသံဆိုသံများကိုလည်း ကြားရသည်။

ဈေးသည် မိန်းမဝဝကြီးတစ်ဦးက ဆိုက်ကားပေါ်မှ ကုန်စိမ်းခြင်းတောင်းကြီးကို မ,ချရင်း ဟဲ့. . . ငါ့နေရာ ဦးထားတဲ့ စောက်ကောင်မတွေ အခုချက်ချင်း ဖယ်ပေးဟု အော်ဟစ်နေ၏။ ဈေးတန်း အစွန်နားတွင် မိန်းမနှစ်ယောက် ရန်ဖြစ်ပြီး သတ်ပုတ်နေကြသည်။ အင်္ကျီ ထဘီများ ပြုတ်စုတ် လန်ထွက်ကုန်သည်အထိ နှစ်ယောက်သား မြေကြီးပေါ်





တွင် ဖက်ကာ လှိမ့်နေ၏။ ထု၏၊ ကိုက်၏၊ ဆံပင်ကို ဆောင့်ဆွဲ၏။ လည်ပင်းကို ညှစ်၏။ ဆယ်နှစ်သား ကလေးတစ်ယောက်က ခရမ်းသီးတစ်လုံးကို အလစ်သုတ်ပြီး ထွက်ပြေးသည်။ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ လူကြီးတစ်ယောက်က ထို ကလေးကို ကုပ်မှ ဖမ်းဆွဲထားလိုက်သည်။ ကလေးလေး၏ ပါးစပ်မှ ညစ်ညမ်းစွာ ဆဲရေးလိုက်သော စကားတစ်လုံး ထွက်လာသည်။ ဈေးတန်း လမ်းဘေး မျက်လှည့်ဝိုင်းမှ လင်းကွင်းကို 'ဂျမ်း. . . ဂျမ်း. . .' မြည်အောင် ထုလိုက်သံကို ကြားရလေသည်။

●

ထိုမြင်ကွင်းကို ကြည့်ရင်း သူ အိုမင်းသွားသလို ခံစားရ၏။ မောပန်း ဆို့ကျပ်လာသည်။ သူက စန်းလွင်ကို. . .

"ဈေးရုံကြီးက အသစ်စက်စက်ကြီးကွာ. . . ကောင်းလိုက်တာ။ ဒါနဲ့များ ဈေးသည်တွေက အထဲဝင်မရောင်းကြဘူး၊ လမ်းဘေးမှာ ညစ်တီး ညစ်ပတ်နဲ့ စည်းမရှိ ကမ်းမရှိ၊ ဈေးရုံထဲမှာကော ဘာတွေရောင်းသေးလဲ"

စန်းလွင်က ခေါင်းကို ခါယမ်းလိုက်သည်။

"ဈေးရုံကြီးထဲမှာ ဘာမှမရောင်းဘူး အစ်ကို။ အခုမှ ဈေးရုံသစ်ကြီးက သူ့ကိုယ်သူ ရောင်းနေတုန်း"

စန်းလွင်၏ စကားကို သူ သိပ်နားမလည်၊ သေချာအောင် သူ ထပ်မေးလိုက်သည်၊ စန်းလွင်က. . .

"အရင် ဈေးဟောင်းတုန်းကတော့ အထဲမှာ ရောင်းကြပါသေးတယ်။ အခု အစ်ကိုမြင်တဲ့ ဈေးရုံသစ်ကြီး ဆောက်လိုက်တာ သန့်လည်း သန့်သွားတယ်။ ကောင်းလည်း အတော်ကောင်းသွားတယ်။ အဲ. . . ဒါပေမဲ့ ဆိုင်ခန်းတွေက ဈေးကြီးတော့ ဝယ်မယ့်လူ မရှိဘူး။ အဲဒါကြောင့် ဈေးရုံသစ်ကြီးက ဘာမှမရောင်းဘူး။ သူ့ကိုယ်သူပဲ ရောင်းနေတယ်လို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



စန်းလွင်၏ စကားကို နားထောင်လိုက်မိသောကြောင့် သူ ပို မောလာ၏။ ဘာပြန်ပြောရမည်မှန်းမသိ။ တစ်ခုခုပြောမည်ဟု စိတ်ကူးပြီး ပါးစပ် ဟလိုက်သောအခါ ချက်ချင်းပင် လျှာက လေနှင့်ထိကာ ခြောက်သွေ့သွားသည်။ ရေငတ်လာ၏။ နေကလည်း ပူလိုက်တာဟု သူ တွေးသည်။

"အဲဒါနဲ့ပဲ လူတွေလည်း လမ်းဘေးရောက်သွားတာပါပဲ အစ်ကိုရာ"

ဟု စန်းလွင်က စကားကို အဆုံးသတ်လိုက်သည်။ နေပူမှာပေါ့နွေရာသီကိုး ဟု သူ အယောင်ယောင်အမှားမှား တွေးရင်း စိတ်ကို ဖြေသည်။

●

ချောင်းရေရှိရာဘက်နှင့် နီးလာသောကြောင့် လေက ပို၍ သန့်သလိုလို၊ အေးစိမ့်သလိုလို အောက်မေ့ရသည်။ ငှက်တစ်အုပ် ခပ်နိမ့်နိမ့် ပျံသန်းသွားကြသည်ကို မြင်ရ၏။ သည်ကားလမ်းမကြီးအတိုင်း ရှေ့ဆက်ဆင်းသွားပြီး ဘယ်ဘက်ကို အတော်လေး ချိုးဝင်လိုက်ရင် ချောင်းကမ်းပါးကို ရောက်သွားရောဟု စန်းလွင်က သူ့ကို ရှင်းပြသည်။ နံနက်ဆယ်နာရီကျော်ခါစပင် ရှိသေးသောကြောင့် နေအလင်းသည် သိပ်စူးစူးလက်လက် မရှိလှသေး။ သူ ရင်ထဲ နွေးလာ၏။

မြို့ရဲ့ ဒီဘက်ပိုင်းမှာ အရက်ဆိုင်တွေ ပိုများသလိုပဲနော်ဟု သူက ပြောလိုက်သည်။ စန်းလွင်က ခေါင်းညိတ်ပြ၏။ နံနက်ပိုင်းမှာပင် အရက်ဆိုင်တွေထဲမှာ တစ်ဝိုင်းစ နှစ်ဝိုင်းစ ဆိုသလို လူတွေ ရှိနေကြသည်ကို မြင်ရသောကြောင့် သူ အံ့သြချင်သလို ဝမ်းနည်းချင်သလို ဖြစ်မိသည်။ အရက်သမား အများတစ်ထောင်ဟုသာ ပြောကြကြေးဆိုလျှင်





သည်မြို့ကလေး ကိုယ်တိုင်က အတော်ကြီးမားသော အမှားသချိုင်းတစ်ခု ဖြစ်နေနိုင်ပေသည်။

"အရက်ဆိုင်တွေများတော့ ဘာဖြစ်သလဲ. . . အစ်ကို"

ဟု စန်းလွင်က နားမလည်စွာ မေး၏။ သူ အနည်းငယ် စိတ်ညစ်မိတော့မလို ဖြစ်သွားသည်။ နောက်မှ . . .

"ကောင်းတာပေါ့ကွ။ အရက်မူးရင် ကွဲခိုးပေါ်တယ်ဆိုတဲ့ စကားပုံ ရှိတယ် မဟုတ်လား။ မင်းတို့ တစ်မြို့လုံးက အရက်မူးနေတော့ ဒီမြို့မှာ ကွဲအခိုးခံရမှာ ပူစရာမလိုတော့ဘူးပေါ့ကွာ"

ဟု ပြောလိုက်သည်။ စန်းလွင်က တိုးတိုးကလေး ရယ်၏။

နောက်. . . ညာဘက် လမ်းဘေးမှ လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုက်ကားကို ထိုးရပ်လိုက်ပြီး ဆင်း၏။ 'ဒဿနသစ်' လက်ဖက်ရည်ဆိုင်. . . ဟူသော ဆိုင်းဘုတ်ကို မြင်ရသည်။ ဆိုင်နာမည်က တယ်လှပါကလားဟု သူ အောက်မေ့မိ၏။ အတွေးအခေါ်သစ်၊ အမြင်သစ်တွေကို လိုလားနှစ်ခြိုက်တဲ့ သဘောပေါ့ဟုလည်း စိတ်ထဲက အဓိပ္ပာယ်ဖွင့်ကြည့်နေမိသည်။ သို့သော်. . . ဆိုင်းဘုတ်ကို အသေအချာ ထပ်ကြည့်လိုက်သည့်အခါ 'ဒဿနသစ်'ဟူသော စာတန်းအပေါ်တွင် 'အရဟံ' ဟူသော စာလုံးကို မြင်လိုက်ရသောကြောင့် ရင်ထဲတွင် မအီမလည်ကြီး ခံစားလိုက်ရ၏။

ဘယ့်နှယ်လုပ် အတွေးသစ် အမြင်သစ် ထွန်းကားနိုင်ပါတော့မလဲ။ ဆိုင်းဘုတ် ရေးထားတာကိုက လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်လောက်က ဈေးရောင်းနည်း အဟောင်းကြီး. . . ဟု သူ့စိတ်ထဲက ကြိတ်၍ ကဲ့ရဲ့လိုက်၏။ သည်မြို့ကလေးတွင် အဆီအငေါ် မတည့်တာတွေ အတော်များ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်နှစ်ယောက် ထိုင်နေသော ဝိုင်းသို့ စန်းလွင်က ဝင်ထိုင်လိုက်၏။ သူကပါ စန်းလွင်ဘေးတွင် ရောယောင် ဝင်ထိုင်လိုက်သည်။

စန်းလွင်က. . .

"ညတုန်းက ဘယ်လိုဖြစ်တာလဲ ကိုဝင်းကျော်။ ကင်းစောင့်တဲ့ အထဲ ခင်ဗျားတို့ ပါပါတယ် မဟုတ်လား"

အရုပ်ရှည်ရှည်နှင့် လူက နှာခေါင်းကို တစ်ချက်ရှုံ့လိုက်သည်။

"ပါတာပေါ့ကွာ၊ သိပ်ပါတာပေါ့။ ဒီဘက်မှာ ဦးစီးဦးဆောင်လုပ်မယ့်သူဆိုလို့ ဘယ်သူရှိတာမှတ်လို့၊ ငါနဲ့ တင်ကိုကိုနဲ့ပဲရှိတာ။ မင်း သိပါတယ် စန်းလွင်ရာ. . . အရေးဟယ် အကြောင်းဟယ်ဆို ငါတို့နှစ်ယောက်ကလွဲလို့ ဘယ်သူမှထွက်တာ မဟုတ်ဘူး၊ ငါတို့ဆို. . ."

"ခဏ. . . ခဏလေး. . . ကိုဝင်းကျော်၊ ညကကိစ္စပြောပါဦး"

"အေးပါ. . . ပြောမယ်လေကွာ၊ ငါတို့ ဘယ်လောက် အကွက်စေ့စေ့ လုပ်တတ်တယ်ဆိုတာ မင်းအသိပဲ မဟုတ်လား။ ငါဆိုရင် ပြီးခဲ့တဲ့ လတုန်းက ကင်ဒိုမားတစ်ချောင်း သွားဝယ်ထားတာ။ ဓားမှ တကယ့်အကောင်းစား ကင်ဒိုအစစ်။ နှစ်သောင်းတောင်ပေးရတယ်။ ဒါနဲ့ ဓားဝယ်တုန်းကတောင် ငါ့ဦးလေးက ပြောသေးတယ် ဒီလို. . ."

စန်းလွင်က ကမန်းကတန်း လက်ပြပြီး တားသည်။

"ခဏနေပါဦး ကိုဝင်းကျော်၊ ညက ဖြစ်တာကို အရင်ပြောပါဦး"

ဟု အလောတကြီး ဝင်မေး၏။ ဘေးတွင် ထိုင်နေသော အသားညိုညို အရုပ်ပုပုနှင့် တင်ကိုကို ဆိုသူက. . .

"ညက ဘီလူးက ငါတို့လူငယ်တွေ ကင်းစောင့်နေတဲ့ဘက်က ဝင်တာ မဟုတ်ဘူးကွ။ လူကြီးပိုင်းတွေစောင့်နေတဲ့ အခြမ်းက ဝင်သွားတာ။ ဟင်း. . . ငါတို့ဘက်ကသာ ဝင်လာရင် ဒီလိုဘယ်လွတ်မလဲကွာ၊ သိတယ်မဟုတ်လား"





ဟု အသံကျယ်ကျယ်ဖြင့် ပြောရင်း နံဘေးမှ ဝိုင်းကို မျက်စိထောင့်ကပ်၍ လှမ်းကြည့် အကဲခတ်လိုက်၏။ သူကပါ ရောယောင်၍ တင်ကိုကို ကြည့်သော စားပွဲဘက် လိုက်ကြည့်မိသည်။ ထိုဝိုင်းတွင် အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး လူကြီးသုံးယောက် ထိုင်နေကြ၏။ တစ်ယောက်က မျက်နှာသုတ်ပဝါ အသေးကလေးတစ်ထည်ကို ပခုံးပေါ် တင်ထားသည်။ တစ်ယောက်က မျက်မှန်ထူထူကို ချွတ်ကာ အိပ်ရေးပျက်ထားသောကြောင့် နီရဲနေသည့် မျက်လုံးများကို ပွတ်သပ်နေ၏။

ဝင်းကျော်ကလည်း တင်ကိုကို ပခုံးပေါ်မှ ကျော်၍ လူကြီးဝိုင်းသို့ လှမ်းကြည့်ရင်း. . .

"အဲဒီဘက်မှာ စောင့်နေတဲ့ လူကြီးတွေကလည်းကွာ၊ မပြောချင်ပါဘူး။ ဘီလူးဝင်လာတာတောင် မသိလိုက်ဘူးတဲ့"

တင်ကိုကိုက. . .

"ဘယ်သိမှာလဲ၊ ဖဲရိုက်နေတာကိုး"

သူ နားထောင်ရင်း ပြုံးမိသည်။ သည်လူနှစ်ယောက် အတော်အတွဲညီတာပဲဟု အောက်မေ့လိုက်၏။ တစ်ဖက်ဝိုင်းမှ မျက်မှန်နှင့် လူကြီးက သူတို့ဘက်သို့ ချာခနဲ လှည့်ကြည့်ပြီး. . .

"ဟေ့ကောင်လေးတွေ၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့။ ငါ ဆဲလိုက်ရ မကောင်းဘဲရှိတော့မယ်"

ဟု အသံမာမာဖြင့် လှမ်းပြောသည်။ တမင်ကြိုးစား၍ မာကျောကျော ပြောနေရသော်လည်း ထိုလူကြီး၏ မျက်လုံးများတွင် မလုံမလဲ အမူအယာပေါ်နေ၏။ ပြောပြီးပြီးချင်းပင် ပျာပျာသလဲ မျက်စိအကြည့်ကို လွှဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှ ပခုံးပေါ် မျက်နှာသုတ်ပဝါတင်ထားသည့် အဘိုးကြီးကတော့ ကျပ်တန် အနွမ်းတွေ တစ်ထပ်ကြီးကို ရေတွက်ရင်း ဖင်ပြန်ခေါင်းပြန် စီထပ်နေ၏။ အင်း. . . ဖဲနိုင်ထားတဲ့ ပိုက်ဆံတွေနဲ့ တူတယ်ဟု သူ တွေးလိုက်မိသည်။

"မင်းတို့ကျတော့ . . . တရှန်းရှန်းနဲ့ အရက်သောက်နေကြပြီးတော့. . ."

မျက်မှန်နှင့် လူကြီးက မကျေနပ်သလို တတွတ်တွတ် ရွတ်နေ၏။ ထိုသို့ ပြန်စွပ်စွဲလိုက်သည်ကပင် သူတို့ ဖဲရိုက်ကြောင်း ဝန်ခံသလို ဖြစ်သွားသည်ကို ထိုလူကြီး သတိမထားမိ။ သူ့ဘေးက နားထောင်ရင်း ရယ်ချင်လာ၏။ ဝင်းကျော်က. . .

"ဘာဖြစ်လဲဗျာ. . . လူငယ်တွေပဲ၊ နည်းနည်းပါးပါးတော့ ရှိမှာပေါ့"

တင်ကိုကိုကလည်း တဝူးဝူးနှင့် ဝင်ပြော၏။ ဟိုဘက်ဝိုင်းနှင့် သည်ဘက်ဝိုင်း ပါးစပ်ထဲ တွေ့ကရာ ပြောရင်း ငြင်းခုံနေကြသည်ကို နားထောင်ရင်း သူပါ ပျော်သလိုလို ဖြစ်လာသည်။

●

နာရီကို ကြည့်လိုက်တော့ ဆယ်နာရီခွဲကျော်နေပြီ။ သူ့အဖေ ကိစ္စကို ဘုန်းကြီးကျောင်းများတွင် သွားစုံစမ်းရန် ကိစ္စရှိသေးသည်ကို သတိရသွားပြီး စိတ်ထဲလေးသလိုလို ဖြစ်လာ၏။ သူထိုင်ရာမှ မထချင်သေး. . .။

ကိစ္စမရှိပါဘူးလေ။ အခုအချိန်က ဘုန်းကြီးတွေ ဆွမ်းခံထွက်ချိန်ပဲ။ ငါသွားရင်လည်း ဘာမှသိပ်အကြောင်းထူးမှာ မဟုတ်ပါဘူးဟု တွက်ကာ သူ့စိတ်ကို ဖြေပြီး ဆက်ထိုင်နေလိုက်သည်။

●





အဘိုးကြီး သုံးယောက်က ပြောရင်းဆိုရင်း အားမလို အားမရ ဟန်ဖြင့် သူတို့ဝိုင်းသို့ ကူးလာ၏။ စကားသံတွေ ပိုဆူညံ ရှုပ်ထွေးလာသည်။ တစ်ယောက်နှင့်တစ်ယောက် အလုအယက်ပြောနေသောကြောင့် ဘာတစ်ခုမှ သဲသဲကွဲကွဲမရှိ။

နားထောင်ရသလောက်တော့ သူတို့ကိုယ်တိုင်လည်း ဘာဖြစ်၍ ဖြစ်သွားမှန်း တိတိကျကျ သိပုံမပေါ်။ နံနက် ငါးနာရီလောက်တွင် လမ်းထိပ် တစ်အိမ်ကျော်မှ ဒေါ်သန်းစိန် ဟူသော မိန်းမကြီး ငိုသံကြား၍ ပြေးသွားကြည့်ခါမှ ဒေါ်သန်းစိန်၏ သမီးအငယ်လေး ပျောက်နေသည်ကို သိကြရခြင်း ဖြစ်သည်။ ညအိပ်ရာဝင်ချိန်အထိ ရှိနေသေးကြောင်း အဖေဖြစ်သူက အခိုင်အမာ ပြောသည်ဟုဆို၏။

ဝင်းကျော်တို့၊ တင်ကိုကိုတို့ ကိုယ်တိုင်လည်း သည်ထက် ပိုမသိ။ သူတို့က ဒေါ်သန်းစိန်ကြီး မည်သို့မည်ပုံ ငိုသည် ဆိုသည်ကိုသာ အသေးစိတ် ဖွဲ့နွဲ့ပြောနေကြသည်။ တစ်ဦးက မမြင်လိုက်သောအကွက်ကို တစ်ဦးက ဝင်ထောက်ဖြည့်စွက်ပြီး (ကြည့်ခဲ့ရသော ဘောလုံးပွဲတစ်ပွဲအကြောင်းကို ပြန်ပြောသလိုမျိုး) ပြောကြသည်။

လူကြီးသုံးယောက်ကလည်း ပျောက်ဆုံးသွားသော ကလေးမလေးသည် ငယ်စဉ်တုန်းက သူတို့လက်ပေါ်တွင် မည်သို့မည်ပုံ ကြီးပြင်းလာကြောင်းကို လွမ်းလွမ်းဆွေးဆွေး ရေရွတ်မြည်တမ်း ပြောကြ၏။ နောက်ပြောရင်းနှင့် ကလေးမလေး၏ ငယ်စဉ်ဘဝအကြောင်း ရောက်သွားကြပြန်သည်။

အဘိုးကြီး တစ်ယောက်က လွန်ခဲ့သည့် ဆယ့်လေးငါးနှစ်က အကြောင်းများကို ပြောရင်း. . .

"အဲဒီတုန်းက ငါ ဂျင်ထိုးပြီး အကြီးအကျယ် နိုင်လိုက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



လေ. . . အဲဒီတုန်းက ကလေးမလေးကို သိုးမွေးခြေအိတ်တစ်စုံ ဝယ်ပေးလိုက်သေးတာကော"

ဟု စကားစပ်မိသွားရာမှ ဂျင်ထိုးခြင်း အတတ်ပညာအကြောင်း ရောက်သွားပြီး ပညာချင်း ဆွေးနွေးဖလှယ်ကြပြန်သည်။

စန်းလွင်က သူတို့စကားကို ဝင်ဖြတ်ပြီး. . .

"ခဏနေကြပါဦးဗျာ. . . ဟောဒီက အစ်ကိုက ဒီမြို့ကို မနေ့ကမှ ရောက်တာ. . ."

သူ့ကို လက်ညှိုးထိုးပြပြီး ပြောလိုက်သောကြောင့် အားလုံးက အသံတိတ်သွားပြီး သူ့ကို ဝိုင်းကြည့်ကြသည်။ သူ အနေရ အထိုင်ရ ခက်သလို ဖြစ်လာ၏။ စန်းလွင်က. . .

"ဒီက အစ်ကိုက ကျွန်တော်တို့မြို့မှာ အဲသည်လို မိန်းကလေးတွေ ပျောက်ပျောက်သွားတဲ့ကိစ္စကိုကြားလို့ အတိအကျ ကိုယ်တိုင် စုံစမ်းချင်လို့ လာတာဗျ"

ဘုရားရေ. . . ဒီကောင် ဘာတွေ လျှောက်ပြောနေတာပါလိမ့်။ ဝိုင်းကြည့်နေသူများထံမှ ခပ်တိုးတိုး အာမေဋိတ်ပြုသံတစ်ချက် ကြားရသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေစို့လာ၏။ အိုက်စပ်စပ်ဖြစ်သလို ခံစားရသည်။ တစ်ချိန်တည်းမှာပင် ကြောက်စိတ်၊ စိုးရွံ့စိတ်တို့ကြောင့် ချမ်းစိမ့်လာသည်ဟုလည်း အောက်မေ့ချင်ချင် ဖြစ်မိလေသည်။

ငါ့အဖေ သတင်းကို စုံစမ်းဖို့လာတယ်ဆိုတာ သိလျက်သားနဲ့ ဘာသဘောနဲ့ စန်းလွင် ဒီလိုပြောလိုက်တာပါလိမ့်ဟု တွေးရင်း စန်းလွင်ကို စိတ်ထဲက ကျိန်ဆဲဖြစ်၏။

စန်းလွင် မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း ဘာမှထူးထူးခြားခြား မရှိ။ သူ ခေါ်လာသော ဧည့်သည်ကို အရေးပါ အရာရောက်သူ





အဖြစ် အားလုံးက တအံ့တဩ သဘောထားနေသည့်အတွက်ကြောင့်ပင် ဂုဏ်ယူဟန် ပြုံးနေသည်။

ခွေးမသားလေး. . . ဝမ်းတွင်းရှူးလေး. . . အုတ်ကြား မြက်ပေါက်ကလေး. . . မိမစစ် ဖမစစ်လေး. . . ကလေကဝလေး . . . စောက်ပေါလေး. . . ဒုက္ခပဲ၊ ငါတော့ ဟုတ်လည်း မဟုတ်ဘဲနဲ့ ချောက်ကျပြီ။

ဝင်းကျော်က အလွန်အမင်း အံ့ဩ အားကိုးဟန်ဖြင့်. . .

"ဟုတ်လား. . ."

ဟု အဆက်အစပ်မရှိ ဝင်မေး၏။

သူ လျင်မြန်စွာ ခေါင်းညိတ်ပြဖြစ်သွား၏။ ပြီးလျှင်ပြီးချင်း သူ့ကိုယ်သူ ပြန်အံ့ဩနေမိ၏။

နောက်မှ. . . အင်း. . . သည့်ပြင် တခြားနည်းလမ်းလည်း ရှိမှမရှိတော့ဘဲလေဟု ပြန်တွေးကာ စိတ်ကို ဖြေလိုက်၏။ တကယ်လည်း အဲဒီကိစ္စကို ငါက သိချင်နေတာ မဟုတ်လား။ အချိန်နည်းနည်းပါးပါး ပေးပြီး သူတို့ ကျေနပ်လောက်အောင် လိုက်စုံစမ်းလိုက်ရင် ပြီးတာပဲ။ လိမ်လည်ရာလည်း မရောက်တော့ဘူးပေါ့။

တင်ကိုကိုက သူ့ပခုံးကို တရင်းတနှီး ပုတ်ကာ. . .

"လုပ်စမ်းပါဦးဗျ၊ ခင်ဗျားအမြင်လေး. . . ဒီဘီလူးက ဘယ်လိုသဘောနဲ့ ကျွန်တော်တို့မြို့က မိန်းကလေးတွေချည်း ရွေးဖမ်းနေရတယ်ဆိုတာကို. . ."

သူက လည်ချောင်းရှင်းသည့်အနေဖြင့် ချောင်းတစ်ချက် ဟန့်လိုက်သည်။ သူ့တစ်ကိုယ်လုံးသည် အံ့ဩစရာကောင်းလောက်အောင်ပင် တည်ငြိမ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို သူ ပြန်အံ့ဩနေမိ၏။ တကယ့်ကို တာဝန်ရှိလို့ လာစစ်ဆေးရတဲ့ အရာရှိတစ်ယောက်ရဲ့ ဟန်ပန်မျိုး အေးဆေးမှုအပြည့်နဲ့ ပါလား။

သူက. . .

"ဒီလိုရှိတယ် ကိုတင်ကိုကို ရဲ့။ ကျွန်တော်တို့က ပြဿနာတစ်ခုကို ချဉ်းကပ်တဲ့နေရာမှာ 'အဓိကကျတာ ဘာလဲ' ဆိုတဲ့ မေးခွန်းကိုဖြေဖို့ အရင်ကြိုးစားရလိမ့်မယ်။ အခုကိစ္စက ဘီလူးဟာ တကယ်ရှိသလား. . . မရှိဘူးလားဆိုတာတွေ၊ ဘာကြောင့် ဘီလူးက ဖမ်းရသလဲဆိုတာတွေ. . . မေးနေရမယ့်အချိန် မဟုတ်တော့ဘူး။ ဒါတွေ စဉ်းစားပြီးတော့လည်း အချိန်ကုန်မခံနိုင်တော့ဘူး"

သူစကားကို ခေတ္တဖြတ်ပြီး နားထောင်နေကြသူ အားလုံးကို အထက်စီးက ကြည့်သည့်အကြည့်မျိုးဖြင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။ အားလုံးက သူ့ကို ငေးစိုက်ရင်း တိတ်ဆိတ်စွာ မှင်တက်မိနေကြ၏။ အဲ. . . တယ်ဟုတ်တဲ့ ငါပါလား။ မိန့်ခွန်းတစ်ခုကို ပြောနေတဲ့အတိုင်းပဲ။

သူ့အဖေသတင်းစုံစမ်းရန် ဘုန်းကြီးကျောင်းသို့ သွားရန်ရှိသေးသည်ကို ပြန်သတိရလာ၏။ လက်ပတ်နာရီကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဆယ့်တစ်နာရီ၊ အို. . . သည်အချိန်ဆို ဘုန်းကြီးတွေ ဆွမ်းစားနေတုန်းပဲ ရှိဦးမှာပါ။ ငါ သွားရင် အနှောင့်အယှက်ပေးသလို ဖြစ်နေဦးမယ်။ အချိန်ရပါသေးတယ်။ ခဏတစ်ဖြုတ်လောက် ဆက်ထိုင်လိုက်သေးတာပေါ့ဟု တွေးရင်း သူ့စကားကို ဆက်လိုက်၏။

"အခုပြဿနာမှာ လောလောဆယ် အဓိက အရေးကြီးနေတာက နောက်ထပ် ကောင်မလေးတွေကို ဘီလူး မဖမ်းအောင် ဘယ်လိုကာကွယ်မလဲဆိုတဲ့ ကိစ္စပဲ။ ဒါကို ဦးစားပေး စဉ်းစားရမယ်"





"ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့"

မျက်နှာသုတ်ပဝါ ပခုံးပေါ်တင်ထားသည့် အဘိုးကြီးက အသံကျယ်ကျယ်ဖြင့် ဝင်ပြော၏။ ကျန်သူများကလည်း ခေါင်းတညိတ်ညိတ် လုပ်နေကြသည်။ ဝင်းကျော်က. . .

"ဟုတ်တယ်. . . ဟုတ်တယ်၊ အဲဒါ. . . ပြီးခဲ့တဲ့ အပတ်ကတောင် ကျွန်တော့်ဦးလေးက ခြံစည်းရိုးကို ဆေးသုတ်ရင်း. . ."

"ဟာ. . . မောင်ဝင်းကျော်ကလည်းကွာ၊ နေစမ်းပါဦး။ ကဲ. . . မောင်ရင် ပြောတာတော့ ဟုတ်ပါပြီ။ အဲသည်လို ကောင်မလေးတွေကို ဘီလူးမဖမ်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာလေး ပြောပါဦး"

ဘယ်လိုလုပ်ရမလဲ. . . ဟုတ်လား၊ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေကကြတာပေါ့။ သူ့စိတ်တွေ ချဉ်ခါးလာ၏။

မည်သို့ပင်ဖြစ်စေ. . . သူ့အနေနှင့် တစ်ခုခုတော့ ပြောကို ပြောပစ်လိုက်ရန် လိုအပ်နေလေပြီ။ သူက လည်ချောင်းတစ်ချက် ရှင်းရင်း အနည်းငယ် အချိန်ဆွဲလိုက်သေး၏။ နောက်မှ. . .

"ဒီကိစ္စကို ကျွန်တော် အသေအချာ စဉ်းစားပြီး အစီအစဉ်တွေ ချထားတယ်"

သူက စကားကို ခေတ္တဖြတ်ရင်း တစ်ဝိုင်းလုံးကို မျက်လုံးဝေ့ကြည့်လိုက်၏။ အင်း. . . ငါပြောတာ ယုံမှယုံပါ့မလား။ လောလောဆယ်တော့ တစ်ဝိုင်းလုံး တိတ်ဆိတ်ကာ အာရုံတွေအားလုံး သူ့ဆီကျရောက်နေကြ၏။ တစ်ယောက်ယောက်က 'ခင်ဗျားရဲ့ အစီအစဉ်တွေ ပြောပါဦး' ဟု မမေးခင် စကားကို ကြိုပိတ်ထားမှ ဖြစ်မည်ဟု သူ စဉ်းစားမိသောကြောင့်. . .

"အဲဒီအစီအစဉ်တွေကို. . . အင်း. . . လောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မပြောချင်သေးဘူးဗျာ။ ခင်ဗျားတို့ မြို့ခံလူတွေရဲ့ အနေအထားကို ကျွန်တော် အသေအချာ မလေ့လာရသေးလို့ပါ။ အဲဒီတော့ အဲ. . . ဟိုဒင်းပေါ့ဗျာ။ ခင်ဗျားတို့အားလုံးနဲ့ ကျွန်တော် တစ်ရက်ရက်မှာ အသေအချာတွေ့ပြီး ဆွေးနွေးချင်တယ်။ အဲဒီလို ဆွေးနွေးပြီးတော့မှ ခင်ဗျားတို့ လုပ်ချင်တဲ့ဆန္ဒနဲ့ အဆင်ပြေဆုံး အစီအစဉ်ကို ကျွန်တော် ချပြမယ်၊ မကောင်းဘူးလား"

ဝိုင်းထိုင်နေကြသူများထံမှ သဘောကျ နှစ်မြို့က်စွာ ထောက်ခံပြောဆိုသံများ တီးတိုးထွက်လာ၏။ ခေါင်းတဆတ်ဆတ် ညိတ်ကြ၏။

တော်ပါသေးရဲ့. . . ငါပြောတာကို ရှောရှောရှူရှူ လက်ခံကြလို့ဟု ခိုးကြောင်ခိုးဝှက် တွေးရင်း သက်ပြင်းတစ်ချက် ကျိတ်ချမိ၏။

စန်းလွင်ကို သူ ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လိုက်သည်။ ကောင်လေးက သူ့ကိုမျက်လုံးအဝိုင်းသားဖြင့် တအံ့တသြ ငေးနေသည်ကို မြင်ရ၏။ အင်းလေ. . . အံ့သြမှာပေါ့။ ဒီကောင်က တွေ့ကရာတွေ လျှောက်ပြောရင်း ငါ့ကို တွန်းပို့လိုက်တာ၊ အခုတော့ ငါက တကယ်ကို အတည်ပေါက်ကြီး သြဝါဒတွေပေးလို့. . .။

သူ စန်းလွင်ကို ကြည့်နေရာမှ မျက်နှာပြန်လွှဲလိုက်၏။ ကောင်းပါတယ်လေ. . . ဖြစ်ချင်ရာဖြစ်ပေါ့။ ဘာတတ်နိုင်မလဲ။ လောကကြီးကိုယ်တိုင်က ဖြစ်ချင်ရာဖြစ်နေတာ မဟုတ်လား။ ငါလည်း မီးစင်ကြည့်ကရုံပေါ့။

●

လောကသည် ကြည့်ရင်း ကြည့်ရင်း သူ့မျက်စိရှေ့မှောက်မှာပင် ရယ်စရာကောင်းသည်ထက် ကောင်းလာ၏။ သို့သော် သူ ရယ်၍မရ။ ဝမ်းနည်းစရာကောင်းသော ရယ်စရာများပင် ဖြစ်သည်။





သူ့အကြောင်းကိုသိသော စန်းလွင် အပါအဝင် သူ့အကြောင်း ဘာမှမသိသော လူတွေအားလုံးက သူ့ကို ကယ်တင်ရှင်တစ်ယောက်လို အားကိုးတကြီး ငေးမောကြည့်နေကြ၏။

သူကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှ မဟုတ်မှန်း သိသော်လည်း ပါးစပ်ထဲ တွေ့ကရာတွေ လျှောက်ပြောရင်း တကယ်ဟုတ်နေသလိုလို ထင်ချင်လာသည်။ ဘာလဲ. . . အဲဒါဘာတွေလဲ. . . ကိုယ့်ကိုယ်ကိုယ် ရှက်ရမှာလား၊ သာယာပစ်လိုက်ရမှာလား။ သူ့စိတ်တွေ အဝေးကို ထွက်မသွားသေး။

လက်ဖက်ရည်ဝိုင်းတွင် လာနားသော ယင်ကောင် တစ်ကောင် တလေကို တွေ့ရသည်။ မောင်းထုတ်လိုက်သောအခါ ခဏမျှ ပျံသွားပြီး မူလနေရာအနီးမှာပင် ပြန်လာနားသည်။ ဘာလို့ ဝေးဝေးကို ပျံမသွားကြတာလဲဟု သူ တွေးနေမိ၏။

ယင်ကောင်တွေဟာ ဒီလိုပဲ ထင်ပါရဲ့။ သိပ်ကို ညံ့ဖျင်းတဲ့ အကောင်တွေပေါ့။ သူ့အာရုံတွေ လေးလံ ကြွေကျသွားကြသည်။ အတောင်ပံဆိုတာ ဘာတွေလဲ. . .။ သူအပါအဝင် လူတွေအားလုံးသည် ယင်ကောင်များ ဖြစ်နေကြ၏။

အတောင်ပံပါလျက်နှင့် ဟိုးအဝေးဆုံး တစ်နေရာဆီသို့ ဦးတည်ပျံသန်းရန် ဘယ်သူမှ စိတ်မကူးကြ။ လက်ဖက်ရည်ဝိုင်းမှာပင် နားမြဲတိုင်း နားနေကြသည်။ အတောင်ပံတွေကို ရောင်းမယ်၊ အညီအဟောက် ဘယ်လောက်ဖိုးပေးမှာလဲ။

●

ကြာကြာဆက်ထိုင်နေရင် တစ်ခုခုတော့ ကမောက်ကမ ဖြစ်ကုန်တော့မှာပဲ. . . ဟု တွေးကာ ပြန်ရန် သူ ဟန်ပြင်သည်။ သူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ထဲက ကျွန်တော်နဲ့ တစ်ယောက်ချင်းစီ ဆွေးနွေးချင်ရင်လည်း လာခဲ့ပါ။ ကိုယ်ဖြစ်ချင်တာတွေ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း လာပြောလို့ ရပါတယ်"

သူတို့လာပြောတဲ့ စိတ်ကူးတွေထဲက ကောင်းနိုးရာရာကလေးတွေကို မှတ်ထားပြီး အားလုံးနဲ့ ဆုံတဲ့အခါ ငါ့အစီအစဉ်အနေနဲ့ ပြန်ပြောပြလိုက်ရုံပဲပေါ့. . . သူ တွေးမိသောကြောင့် ဝမ်းသာသွား၏။ ကဲ. . . လူတွေကို ဦးဆောင်ရတာ ဘာခက်လို့လဲ။

"ဟုတ်ပြီ. . . အဲဒါကောင်းတယ်ဗျာ။ ကျန်တဲ့လူတွေအားလုံးကို ကျွန်တော်တို့ လိုက်ပြောပြလိုက်မယ်။ ဒီကြားထဲမှာလည်း ခင်ဗျားကို ကျွန်တော်တို့ လာတွေ့ပါဦးမယ်။ ဒါနဲ့. . . အားလုံး ဆုံဖို့ရက်ကို ဘယ်နေ့ ချိန်းမလဲ"

တင်ကိုကိုက မေး၏။ သူက ခပ်လွယ်လွယ်ပင်. . .

"နောက်. . . သုံးရက်လောက် ခွာချိန်းလိုက်ပါဗျာ"

ဟု ဖြေလိုက်သည်။ ပြောပြီးမှ. . . သုံးရက်လောက်နဲ့ ငါ့ အစီအစဉ်တွေ လုပ်ဖို့ အချိန်လုံလောက်ပါ့မလား. . ဟု တွေးမိပြီး တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ အို. . . ဘာဖြစ်လဲ၊ သူ့ဟာနဲ့သူ အဆင်ပြေသွားလိမ့်မယ်၊ ခေါင်းရှုပ်ခံမနေနဲ့။

သူ့ကို အားကိုးတကြီး ငေးကြည့်နေသူများ အားလုံးကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ဆိုက်ကားပေါ် တက်ခါနီးတွင် စန်းလွင်က သူ့အနားကို ကပ်ပြီး. . .

"အစ်ကို. . . ကျွန်တော်လည်း နည်းနည်းစဉ်းစားထားတာ ရှိတယ်၊ အစ်ကို့ကို လာပြောပြမယ်နော်. . . နော်. . . အစ်ကို"

"အေးပါကွ"





သူ ခပ်တည်တည် ပြောလိုက်၏။ အဲ. . . ဒီကောင် ငါ့ကို တကယ်ယုံနေပါရောလား။ လေသံကိုက ရိုရိုကျိုးကျိုးနဲ့။ ကျေနပ်မှုကို သူ ခံစားနေရမှန်း သူ့ဘာသာသူ သိသည်။

သူ့စိတ်သည် ပြုံးနေ၏။

"အစ်ကို ဟိုဒင်း. . . ဘုန်းကြီးကျောင်းကို သွားဦးမှာလား"

သူ ဆိုက်ကားပေါ် တက်လိုက်လိုက်ချင်း စန်းလွင်က မေးသည်။ ပျင်းရိပျင်းတွဲအသံ ဖြစ်နေသောကြောင့် နားထဲ ချွဲကျိကျိဝင်လာသည်ဟု အောက်မေ့ရ၏။ သူ လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီ ကျော်နေပြီ။

သူ ဘာပြန်ဖြေရမှန်း မသိ။ အင်း. . . လိုလို၊ အည်း. . . လိုလို အသံတစ်မျိုးဖြင့် ညည်းရင်း စန်းလွင်၏ မျက်နှာကဲကို ခတ်ကြည့်လိုက်၏။ ဒင်းကလေးကလည်း သွားချင်ပုံမရ။

အင်း. . . နေကလည်း ပူလိုက်တာ။ ကိုယ်မသွားချင်သော ခရီးလမ်း တစ်ခုပေါ်တွင် နေက ပိုပူသည်ဟု ထင်ချင်စရာကောင်း၏။ သူက စန်းလွင်ကို. . .

"မင်းကော. . ."

ဟု မေးလိုက်သည်။ စန်းလွင်က သူ့ကို အားနာသလိုဟန်ဖြင့်. .

"ကျွန်တော်တော့ ထမင်းပြန်စားလိုက်ဦးမယ် အစ်ကို"

သူ ဆုံးဖြတ်ချက်ချလိုက်သည်။ နေပါစေတော့. . . အဖေ့ကို တွေ့လည်း ဘာမှမထူးပါဘူးလေ၊ အဖေတောင် စိတ်အနှောင့်အယှက်ဖြစ်ချင် ဖြစ်နေပါဦးမယ်။

"အေးကွာ. . . ငါလည်း တည်းခိုခန်းပဲ ပြန်တော့မယ်"

ဆိုက်ကားဘီး တစ်ပတ် နှစ်ပတ် လှိမ့်ထွက်သည်။ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားခ ဘယ်လောက်ပေးရမှာလဲ. . . ဟု သူ မေးလိုက်သောအခါ စန်းလွင်က နေပါစေ အစ်ကိုရာ မယူပါဘူးဟု ပြန်ဖြေ၏။

●

ငုပင်နှင့်တူသော စိတ်သည် ကိုယ့်အရိပ်ကိုယ် ပြန်ခြွေချနေ၏။ နွေ၏ အလယ်ကောင်တည့်တည့်သို့ ရောက်သောအချိန်တွင် ငုပင်တို့သည် တစ်ပင်လုံးစာအပြည့် အဝါရောင်ပန်းကုံးတွေ တွဲရွဲချိတ်ပြနိုင်ချင် စိတ်သက်သက်ဖြင့် အရွက်အားလုံးကို ခြွေချပစ်လိုက်သည်။ အရွက်ကင်းမဲ့သော ထိုအလှသည် သက်ပြင်းဖွဖွ ရှိုက်သောအခါ ဆည်းဆာအားလုံး အဝါရောင် ဖုံးသွား၏။ သူ့စိတ် ကိုယ်လုံးတီးကို သူ ပြန်တွေ့နေရသလို ခံစားရသည်။ ကြည့်လေ. . . အရွက်မရှိ လှပနေလိုက်တာကွယ်။ ငါ့အရိပ် သစ်ရွက်တွေ ဘယ်မှာလဲ။ နေပူထဲတွင် သူ ကြေကြေကွဲကွဲ လှပစွာ ခြောက်သွေ့နေ၏။

'အားကိုးခြင်း' ဟူသော ဝေါဟာရကို သူ နားမလည်နိုင်တော့သလို ဖြစ်နေ၏။ ဘာလဲ. . . အဲဒါ ဘာလဲ။ 'အား' ဆိုတာကတော့ ခွန်အား၊ ဒါမှမဟုတ် အင်အားပါပဲ။ 'ကိုး' ဆိုတာတော့ ခိုကိုးတာ ခိုလှုံတာလို့ ပြောရင် ရမှာပေါ့။

သူ ခေါင်းကို ခါယမ်းလိုက်သည်။ အားကိုးခြင်း ဆိုသည်မှာ အင်အားရှိသူထံ ခိုကိုးခိုလှုံခြင်းဟု အဓိပ္ပာယ်ရနိုင်မည် ဖြစ်သော်လည်း သည်မြို့ကလေးက လူတွေအတွက်တော့ မှားယွင်းကောင်း မှားယွင်းနေနိုင်သေးသည်။

ငါ့လို ဘာအင်အားမှမရှိတဲ့သူကို ဘာလို့ ခိုကိုးရာလို့ အောက်မေ့လိုက်ကြတာပါလိမ့်။ ကျေးဇူးပြုပြီး ငါ့ကို အားမကိုးကြပါနဲ့။ (ထိုစကားကို သူကျယ်လောင်စွာ တိုးတိုးတိတ်တိတ်ကလေးပြောဖြစ်လေသည်) ဟင့်အင်း. . . သူက သူ့ကို ပြန်ငြင်းဆန်နေသည်။





သူ လူလိမ် လူညာတစ်ယောက် မဟုတ်ပါ။ (မဟုတ်. . . ဟု သူ့ကိုယ်သူ ထင်ထားဖြစ်ခဲ့သည်။ ထိုအထင်ကို ပြန်ရုပ်သိမ်းရမည်ကိုလည်း နှမြောနေမိသည်) ဘာဖြစ်လဲ အားကိုးချင်လည်း အားကိုးကြပါစေပေါ့။

တကယ်ဆိုလျှင် 'အားကိုးသည်' ဆိုခြင်းမှာ အားအားယားယား ရှိနေသောကြောင့် တစ်စုံတစ်ခုကို ကိုးကွယ်ရာရှာခြင်းဟုလည်း အဓိပ္ပာယ်ထွက်နိုင်သေးသည် မဟုတ်လား။ ထားလိုက်ပါတော့. . .။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ရန် အချိန်မကျသေးပါ၊ စောပါသေးသည်။

ကိုယ့်ကိုယ်ကိုယ် ဝေဖန်သုံးသပ်ခြင်း ဆိုသည်မှာ 'အံဆုံး' သွားပေါက်ခြင်းနှင့် တူသည်ဟု သူ ထင်၏။ သွား ၃၂ ချောင်းအနက် ထိုသွားသည် နောက်ဆုံးကျမှ ပေါက်လေ့ရှိပြီး ပေါက်လျှင်လည်း အတော်နာပါသည်။

●

"ဘယ်လိုလဲ. . . မောင်ရင်၊ မင်းအဖေ သတင်းအစအန ရပြီလား"

တည်းခိုခန်းထဲ ဝင်ဝင်ချင်း ဦးတင်ကြည်က လှမ်းမေး၏။

သူက ခေါင်းခါပြလိုက်သည်။ အင်း. . . ဒီမှာ ဆက်နေဖြစ်ဦးမှာဆိုတော့ တည်းခိုခန်းခ ထပ်ပေးရဦးမှာပဲဟု စိတ်ထဲက တွေးနေမိ၏။

"ဘာသတင်းမှမရပါဘူး အန်ကယ်ရယ်၊ ကျွန်တော်တော့ စိတ်ဓာတ်တောင် ကျလာပြီ"

သူ တမင် ခပ်လေးလေး ခပ်ချွဲချွဲအသံလုပ်၍ ပြောဖြစ်သွား၏။ ငါ သရုပ်ဆောင် ဘယ်ဆိုးလို့တုံး။ သိပ်ကို ပင်ပန်းနွမ်းနယ်ပြီး စိတ်ဓာတ်ကျလာတဲ့ လူတစ်ယောက်နဲ့ တူသားပဲ။ ဒီအဘိုးကြီးက ငါ့ကို သနားပြီး အခန်းခ လျှော့ယူရင် ကောင်းမှာပဲ။ အို. . . ငါဘာတွေ လျှော့တွက်ပြီး စိတ်ကူးယဉ်နေမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်လုံး ဘာမှ မည်မည်ရရ မလုပ်ဘဲ လက်ဖက်ရည်ဆိုင် ထိုင်နေခဲ့မိသည့်အဖြစ်ကို မေ့လျော့သွားကာ သူ့ကိုယ်သူ တကယ်ပင် အဖေ့ကို အားကြိုးမာန်တက် လိုက်လံရှာဖွေရာမှ ပြန်လာခဲ့သလိုမျိုး အောက်မေ့နေဖြစ်သည်။ ချက်ချင်းပင် ခြေတွေလက်တွေ တုန်ယင်လာကာ မောပန်းနွမ်းနယ်နေသည်ဟု အလိုလိုခံစားလာရ၏။ ဦးတင်ကြည်က. . .

"စိတ်မပျက်ပါနဲ့ မောင်ရင်ရာ. . . ဒီလိုပဲပေါ့ ဘဝဆိုတာ. . ."

ဘုရားရေ. . . အခန်းခလျှော့ဖို့ စကားဦးတောင် အသန်းမခံ တဲ့အပြင် ပြန်ပြီးတော့တောင် အားပေးနေလိုက်သေးတယ်။ ဘဝတွေ ဘာတွေနဲ့ အစချီနေပြီဆိုတော့ အတော် လေကြောရှည်ဦးတော့မယ့်ပုံပဲ။

စောစောက မောပန်းနွမ်းနယ်သလိုလို ခြေတုန် လက်တုန်သလိုလို စိတ်ကူးယဉ်ရောဂါများ ဖြုန်းစားကြီး ပြန်ပျောက်သွားပြီး သူ စိတ်တိုချင်သလိုလို ဖြစ်လာ၏။ 'ဘဝဆိုတာ. . .' ဟု အစချီသော စကားလုံးပေါင်း များစွာကို နေရာအမျိုးမျိုး၊ အချိန်အမျိုးမျိုးတွင် လူအမျိုးမျိုးက ပြောခဲ့ဖူးပေါင်း များလှပြီ။ သူ ကြားရဖူးသည်မှာလည်း စုံလှပြီ။

စင်စစ် ထိုစကားများသည် လူတစ်ယောက်နှင့် တစ်ယောက် ဆုံတွေ့ရာတွင် ခုံခုံညားညား ညှော်ခံရန်လောက်သာ အသုံးဝင်သည့် စကားလုံးများ ဖြစ်ကြသည်ဟု သူ ထင်၏။ (လက်ဖက်ပွဲနှင့်တူသော ဒဿနဟု သူက နာမည်ပေးထားသည်။ မိတ်ဖြစ်ဆွေဖြစ် ဟန်ပြရုံ တစ်ဇွန်း နှစ်ဇွန်း လောက်သာ စားသုံးသင့်သော ဘဝဒဿနများဖြစ်ပြီး၊ များများစားလျှင် ခါတ်ချုပ်လေချုပ် ဖြစ်စေတတ်သော သဘောရှိပါသည်)

ဟုတ်ကဲ့. . . အန်ကယ်၊ ကျွန်တော် လက်ဖက် မကြိုက်တတ်ပါဘူး။ သူ ဦးတင်ကြည်ကို ခပ်မြန်မြန် စကားစဖြတ်ပြီး သူ့အခန်းရှိရာ တက်တော့မည်ဟု စိတ်ကူးလိုက်စဉ်မှာပင်. . .





"အဲဒါဆို. . . ဗေဒင်သွားမေးကြည့်ရင် ကောင်းမယ်နော် ပါပါး။ အောင်မင်္ဂလာရပ်ကွက်ထဲက ဗေဒင်ဆရာကြီးက သိပ်မှန်တာ"

စာကလေး မြည်သံ ကျလိ ကျလိလေးကို ကြားရသောကြောင့် သူ လှည့်ကြည့်လိုက်၏။ အဲ. . . ဒီကောင်မလေး ဘယ်အချိန်က ငါ့နောက် ဝင်လိုက်လာတာပါလိမ့်။

"အဲဒီ ဘဘကြီးက ခုနောက်ပိုင်း သိပ်တောင် မဟောတော့ဘူး။ ကျန်းမာရေးလည်း မကောင်းဘူးပြောတယ်။ ဒါပေမဲ့ ရင်းနှီးတဲ့လူတွေကတော့ ပြောပေးလို့ ရပါတယ်။ အင်း. . ."

ကောင်မလေးက သူမ၏အဖေကို တစ်ချက် လှမ်းကြည့်ရင်း စကားဆက်ရမလို ရပ်ထားရမလို အူကြောင်ကြောင် လုပ်နေ၏။ သူမ စကားပြောသည်ကိုက သူ့ကို ဦးတည်ပြီးပြောသလိုလို. . . သူမ အဖေကို ဦးတည်၍ ပြောသလိုလို ဝိုးတဝါး. . .။

"ကောင်းသားပဲ. . . ကျွန်တော်လည်း အဖေ့အတွက် ဗေဒင် မေးကြည့်မလား စိတ်ကူးနေတာ။ ကျွန်တော့်ကို အဲဒီဗေဒင်ဆရာဆီ လိုက်ပို့ပေးပါလား"

စင်စစ် သူ ဗေဒင်ကို နည်းနည်းလေးမှ မယုံကြည်ပါ။ သို့သော် ရုတ်ခြည်းဖြစ်သွားသည့် အသိကို ဖမ်းဆုပ်ကာ အတင်းပင် ယုံကြည်ပစ်လိုက်သည်။ လေကြောရှည်တတ်တဲ့ ဝပြဲပြဲ အဘိုးကြီးတစ်ယောက်နဲ့ စကားပြောနေရမှာထက်စာရင်တော့ အဘိုးကြီးရဲ့ သမီးကလေးနဲ့ အပြင်ထွက်ပြီး လမ်းလေး ဘာလေး လျှောက်ရတာက ပိုပြီး စိတ်ကူးယဉ်ချင်စရာ ကောင်းမယ် ထင်ပါရဲ့။

ကောင်မလေးက သူ့ကို ချက်ချင်း အဖြေပြန်မပေးသေးဘဲ အဖေဖြစ်သူ၏ မျက်နှာကို အကဲခတ်နေသည်။ အဘိုးကြီးကလည်း 'လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်'ဟု ခွင့်ပြုရမှာ ခက်သလို၊ 'လိုက်မပို့နဲ့' ဟု ပွင့်ပွင့်လင်းလင်း တားမြစ်ရမှာလည်း ခက်နေပုံရ၏။ ဘာမှမပြောဘဲ မျက်လုံးကြီးသာ ပြူးကြည့်နေသည်။

ကဲ. . . အဲဒါကြီးကတော့ ဘယ်လောက်တောင် စိတ်ကူးယဉ်ချင်စရာ မကောင်းလိုက်တဲ့ မျက်ခွက်ကြီးလဲလို့။ အလွန်ဆုံး စိတ်ကူးယဉ်ကြည့်၍ရလျှင် ဒီဝတုတ်ပြဲ အဘိုးကြီးကို ဆံပင်ကြက်တောင်စည်း စည်းပေးကာ ပါးကွက်ဝိုင်းနှင့် သူငယ်တော်အက ကခိုင်းဖို့သာ ရှိတော့သည်။

သူ နည်းဗျူဟာကို နောက်တစ်ဆင့် မြှင့်ကြည့်လိုက်၏။

"ဒါပေမဲ့ ကျွန်တော့်အဖေရဲ့ မွေးနေ့ သက္ကရာဇ်တွေ ဘာတွေ သေသေချာချာ မသိဘူး၊ မေးလို့ ဖြစ်ပါ့မလား"

"ရတယ်၊ ကိစ္စမရှိဘူး။ အဲဒီ ဘဘကြီးက မွေးနေ့တွေ ဇာတာတွေ ဘာတွေမတွက်ဘဲ ဟောတာ"

ကောင်မလေးက သွက်သွက်လက်လက် ဖြေ၏။ သေချာပြီ၊ ဒီစာကလေးမလေးလည်း အပြင်ထွက်လည်ချင်ပုံရသည်။

"ဘယ်လိုလဲ. . . အကြားအမြင်နဲ့ ဟောတာလား"

လောလောဆယ်. . . ကောင်မလေး၏ အဖေကြီးရှေ့တွင် သူ့အမူအရာက ဗေဒင်ကိစ္စကိုသာ လေးလေးနက်နက် စူးစူးစိုက်စိုက် စိတ်ဝင်စားနေပြီး ကျန်သည့်ကိစ္စများကို ဘာတစ်ခုမှ မရှုတတ် မရှိုက်တတ် မနမ်းတတ်သည့်ဟန် ပေါ်လွင်နေဖို့ လိုအပ်လေသည်။

"အကြားအမြင်တော့ မဟုတ်ဘူး၊ တစ်ခုခုစီးပြီး ဟောတာလည်း မဟုတ်ဘူး။ အင်း . . . ဘယ်လိုခေါ်မလဲ၊ ကျွန်မလည်း သိပ်တော့ မပြောတတ်ဘူး"

"စိတ်ဝင်စားစရာပဲနော်"





ဟု သူက တမင် ခပ်ကျယ်ကျယ် ပြောလိုက်၏။ စိတ်ထဲတွင် ဒီဝတုတ်ပြဲ ငတိကြီးက သူ့သမီးကို သွားခွင့်မပေးရင်တော့ ပြဿနာပဲဟု တွေးနေမိသည်။

သူ နောက်ဆုံးအဆင့် စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။ သူ့လေသံကို အနူးညွှတ်ဆုံး အယဉ်ကျေးဆုံးဖြစ်အောင် ကြိုးစားပြီး. . .

"အဲဒါဆို . . . ကျွန်တော့်ကို ဘယ်အချိန်လောက် အဲဒီဗေဒင်ဆရာဆီ လိုက်ပို့ပေးနိုင်မလဲ ခင်ဗျာ၊ ကျေးဇူးမမေ့ပါဘူး"

ငါ့အသံက နောက်ဆုံး ကောက်ရိုးတစ်မျှင်ကို ဆွဲဖို့ ကြိုးစားနေတဲ့ ခိုကိုးရာမဲ့ လူတစ်ယောက်ရဲ့ အဖြစ်မျိုး ပေါ်လွင်စေပါ့မလား။ သူ ရင်တထိတ်ထိတ် အေးစက်စွာ ခုန်ရင်း စကားသံတစ်ခုခုကို နားစွင့်နေ၏။ ဘုရားသိကြား မလို့ ဝတုတ်ကြီး ဝင်မဖျက်ပါစေနဲ့။ သူ့စိတ်တွေ နာရီ စက္ကန့်တံ ဆန်နေလေသည်။

"အင်းလေ. . . ကျွန်မတို့ ညနေ သုံးနာရီလောက် သွားကြတာပေါ့"

ဟူသော ကောင်မလေး၏ (အဖေ့ကို ကြောက်စိတ်ဖြင့်) တစ်ခြမ်းပဲ့စွာ ချိုနေသောအသံကို ကြားရသည်။

သူမ၏ အဖေကြီးက ဘာမှဝင်မပြော။ တိတ်နေသည်။ ကဲ. . . လုပ်ပါဦး အန်ကယ်ကြီး၊ စိတ်ခတ်မကျပါနဲ့ တို့၊ အားပေးပါတယ် တို့၊ မိဘကို သိတတ်တာ ကောင်းတယ်တို့ လျှောက်ပြောပါဦးလား။

သူက နောက်ဆုံး မြားတစ်စင်းကို ပစ်လွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျားတို့ သားအဖရဲ့ ကျေးဇူးတွေကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ဘူး။ ကျွန်တော့်အဖေကို မတွေ့ရရင် ကျွန်တော် အသက်ရှင်နေဖို့တောင် ခပ်ခက်ခက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ကြည်က သူ့ကို သိပ်မသက်ာသလို တစ်ချက်ကြည့်ပြီး အင်း. . . သွားချင်လည်း သွားပေါ့၊ အပြန်တော့ မိုးမချုပ်စေနဲ့. . . ဟု တိုတိုပြတ်ပြတ်ပြောကာ လှည့်ထွက်သွား၏။ ကောင်မလေးကလည်း ကြွေ အပြည့်ဖြင့် သူ့အဖေနောက်က ကပ်လိုက်သွားသည်။

သူ ရယ်ချင်စိတ်ကို မနည်းအောင့်ထားရသည်။

ဦးတင်ကြည် မမြင်နိုင်လောက်သည့်နေရာသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကောင်မလေးက သူ့ဘက် ဖျတ်ခနဲ လှည့်ကာ လျှာထုတ် နှာခေါင်းရှုံ့ပြပြီး ပြောင်စပ်စပ်လုပ်ပြ၏။

သူကလည်း လက်ဖဝါး နှစ်ဖက် ဖြန့်ကားလျက် ခေါင်းပေါ်တွင် ယုန်နားရွက်ကဲ့သို့ ထောင်ကာ လှုပ်ယမ်းရင်း စပ်ဖြဲဖြဲ ရယ်ပြလိုက်သည်။



(၅)

ကြည်လင်သော ဖန်သားဖြင့် ထွင်းထားသည့် စောင်းအိုးမှာ ရတနာပိုးကြိုး ဆယ့်သုံးမျှင်ကို သွယ်ထား၏။ ဆယ့်သုံးဂဏန်းသည် နိမိတ်ဆိုးတစ်ခုခုကို ကိုယ်စားပြုထားကြောင်း တစ်စုံတစ်ယောက် ပြောသံ ကြားဖူးသည်။ ခရမ်းရောင် အလင်္ကာမြောက် ဂီတရသထဲတွင် နိမိတ်ဆိုးတစ်ခု ပါဝင်မည်ဆိုပါလျှင် ထိုနိမိတ်ဆိုး၏ ပါးပြင်ကို ဖွဖွကလေး ထိရုံ နမ်းချင်ပါသည်။ လှုပ်ယမ်းနေသော ရေပွက်ပုခက်ထဲတွင် စကားဝါ တစ်ပွင့် မှေးပါလောမျောနေသည်ကို မြင်ရ၏။ အဲဒါက အသက်ဝင်နေတဲ့ ကြွေလွင့်မှု တစ်ခု ဖြစ်ချင်ဖြစ်နေမှာပေါ့။ လွင့်ပစ်လိုက်ရမှာလား၊ အမြတ်တနိုး ထွေးပွေ့ထားရမှာလား။ နောက်ကျသွားရှာသူအတွက် အချစ်သည် တစ်ခုခုတော့ ထားရစ်ခဲ့ဖို့ ကောင်းသည်ဟု တွေးမိ၏။ ဝေးကြပြီ ဆိုသောအခါတွင် အရာရာသည် အဖိုးတန်သော အမှတ်တရများ ဖြစ်လာတတ်လေသည်။ မြတ်စွန်းမှုပဲ ဖြစ်ဖြစ်၊ မြတ်နိုးမှုပဲ ဖြစ်ဖြစ်ပေါ့။ လှစ်ခနဲ နွေးထွေး သင်းပျံ့သွားတတ်တဲ့ ကိုယ်ငွေ့ရနံ့ကလေးကိုပဲ လွမ်းစရာစိတ်နဲ့ အတူတူ ပန်းတာ အိတ်ထဲမှာ ထည့်ထားပါရစေကွယ်။ အို. . . မင်း မဝေးသွားပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ငှက်ပျိုမကလေးနှင့်အတူ ပခုံးစွန်းချင်း ထိလုမတတ် လျှောက်ရင်းနှင့်ပင် ဝေးဝေးကွာကွာ ဖြစ်လှုပြီဟု အောက်မေ့ချင်သည်။ တို့နှစ်ယောက် ပခုံးအစပ်ကြားမှာ နှင်း မထူ၊ မြူ မခြားပါစေနဲ့ကွယ်. . .။

သည်ကောင်မလေးကို ငါ တကယ် သံယောဇဉ်ဖြစ်နေမိပြီလား ဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သောအခါ အဖြေ ရေရေရာရာ မရှိ။ (သူနှင့် အနီးဆုံး ပတ်ဝန်းကျင်တွင် စိတ်ဝင်စားစရာကောင်းသော အနေအထားရှိသူ ဟူ၍ သူမတစ်ယောက်တည်းသာ ရှိနေခြင်းကြောင့် ဖြစ်နိုင်ပါသည်) အဲဒါဟာ. . . အချစ်တဲ့လား။

ကောင်မလေးကလည်း ခဏတစ်ဖြုတ် တွေ့ရတဲ့ ဧည့်သည် တစ်ယောက်အနေနဲ့ ငါ့အပေါ်မှာ စိတ်ကစားကြည့်တာကော မဖြစ်နိုင်ဘူးလား။ သူမရဲ့ 'မိန်းမဖြစ်မှု'ဟာ ယောက်ျားတစ်ယောက်အပေါ် ဘယ်လောက် သက်ရောက်နိုင်တယ်ဆိုတာ ဂုဏ်ယူစွာ စမ်းသပ်ခြင်း တစ်မျိုးပေါ့လေ။

ဒါပဲဖြစ်မှာပါ။ အချစ်တို့. . . သံယောဇဉ်တို့. . . ဆိုတာဟာ ဒီလောက် အချိန်တိုတိုအတွင်းမှာ ဘယ့်နှယ်လုပ်ပြီး အင်အားကောင်းနိုင်ပါ့မလဲ။

ဒါဆို. . . ကောင်မလေးနဲ့ မနီးစပ်နိုင်အောင် ခပ်ကင်းကင်း နေပစ်လိုက်ပေါ့။ ဟင့်အင်း. . . သည်လိုတော့လည်း သူက နှမြောနေမိပြန်သေးသည်။ ကိစ္စမရှိပါဘူးလေ. . . သံယောဇဉ်ကြိုးဆိုတာ ဘောင်းဘီချုပ်ဖို့ သုံးမယ့်ကြိုးမှ မဟုတ်တာ။ သိပ်ခိုင်စရာ မလိုလှပါဘူးဟု သူ့ဘာသာ သူ ဆင်ခြေပေးလိုက်သည်။

သူမနှင့် ပခုံးစွန်းချင်း ထိဖြစ်၏။

●





သူက ကောင်မလေး၏ နာမည်ကို မေးကြည့်လိုက်သောအခါ 'ချိုချိုသင်းလဲ့ရည်ဆွေ' ဟု သိရ၏။ သူ အနည်းငယ် စိတ်ညစ်သွားသည်။ ထိုနာမည်ကို စိတ်ထဲစွဲအောင် မှတ်ရမည့်အစား ဆယ့်ခြောက်အလီကိုသာ အလွတ်ရအောင် ကျက်ပစ်လိုက်ချင်တော့သည်။

သူမကို စတွေ့ခါစက စာဘုန်းကြီးမကလေးနှင့် တူသည်ဟု သူ ကျိတ်တွေးခဲ့မိကြောင်း ပြန်အမှတ်ရလာ၏။ ထို့ကြောင့် သူက. . .

"ကိုယ်ကတော့ မင်းကို ငှက်ကလေးလို့ပဲ ခေါ်မယ်နော်"

ဟု ခွင့်တောင်းလိုက်သည်။

ကောင်မလေးက နှုတ်ခမ်းစူကာ ပြုံးရင်း ခေါင်းညိတ်ပြသည်။ ထိုနှုတ်ခမ်းစုစုကလေးကို ငေးကြည့်နေမိရာမှ သူ မျက်နှာမလွှဲဖြစ်။

ငှက် အားလုံးတို့ထဲတွင် စာကလေးသည် နှုတ်သီးအလှဆုံး သတ္တဝါဖြစ်သည်ဟု သူထင်၏။

●

ဗေဒင်ဆရာဟု ဆိုသော အဘိုးကြီးကို ကြည့်ရင်း သူစိတ်ပျက်သလိုလို၊ ဝမ်းနည်းကြေကွဲသလိုလို ခံစားမှုတစ်မျိုး ဖြစ်လာသည်။ ဒီအဘိုးကြီး အသက်က အနည်းဆုံး ကိုးဆယ်တော့ ရှိလောက်ပြီဟု သူ တွက်မိ၏။ ဖြူဖွေးနေသော မျက်ခုံးမွေး ခပ်ကျဲကျဲအောက်က အရေပြား အတွန့်အလိပ်တို့ကြား အခွက်ထဲမြှုပ်ဝင်နေသည့် မျက်လုံးမှုန်သီသီတို့ဖြင့် သူ့ကို လှမ်းကြည့်နေသည်။ မမြင်နိုင်သော အရပ်တစ်ခုဆီသို့ စိတ်ပျက်စွာ ငေးနေသူလိုမျိုး. . .။

ဘေးလူနှစ်ယောက်က တွဲထူပေးမှ အဘိုးကြီးက ခုတင်ပေါ်တွင် ထိုင်နိုင်၏။ သူ့ကို ခုတင်ဘေးရှိ ခုံပုကလေးတွင် ဝင်ထိုင်ရန် ခြေဟန်လက်ဟန်ဖြင့် ပြသည်။ ငှက်ကလေးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မေးစရာရှိတာ မေးလေ၊ ညီမ အပြင်ကပဲ စောင့်နေမယ်. . ."

ဟု ပြောပြီး ထရံတစ်ချပ်သာ ခြားထားသော အပြင်ဧည့်ခန်းဆီ ထွက်သွား၏။ မိန်းမဝဝကြီး တစ်ယောက်က. . .

"ရပ်ဝေးက လာတဲ့သူမို့လို့သာ ဘဘကြီးနဲ့ တွေ့ခွင့်ပေးတာ၊ ကျန်းမာရေးအခြေအနေက အတော် အားနည်းနေတော့ ဘယ်သူနဲ့မှ စကားမပြောတာကြာပြီ"

ဟု အပြင်တွင် ရှင်းပြနေသည်ကို ကြားနေရ၏။

နဂိုကမှ သူ့အနေနှင့် ဗေဒင်ကို အယုံအကြည်မရှိရသည့်အထဲ အခုလို သက်ကြီးရွယ်အို လူမမာကြီး တစ်ယောက်ကို ပင်ပန်းအောင် လုပ်သလိုဖြစ်မည့် အခြေအနေကြောင့် သူ စိတ်ညစ်သွား၏။ သို့သော် အဘိုးကြီးက. . .

"ကဲ. . လူကလေး ဘာဖြစ်သလဲ ဆိုပါဦး"

သူက သူ့အဖေ အိမ်မှ ဆင်းသွားသည့်အကြောင်းနှင့် ယခု သူ လိုက်ရှာနေသည်မှာ တွေ့နိုင် မတွေ့နိုင် မေးလိုက်၏။ အဘိုးကြီးက. . .

"ပြည့်ပြည့်စုံစုံ ပြောပြမှ စဉ်းစားကြည့်ဖို့ အဆင်ပြေမှာပေါ့ လူကလေးရယ်။ ကဲ. . . လူကလေးတို့ မိသားစုအကြောင်းက စပြီး ပြောပြပါဦး။ နောက်. . . တစ်ယောက်ချင်းစီရဲ့ စိတ်နေစိတ်ထား၊ အဲဒီ တစ်ယောက်ချင်းစီအပေါ် လူကလေးရဲ့ အဖေက ဘယ်လို ဆက်ဆံတယ်၊ ဘယ်လို သဘောထားတယ်ဆိုတာပါ ပြောပြစမ်းပါဦးကွယ်"

ဟင်. . . ဒါ ဗေဒင်ဟောနေတာမှ မဟုတ်တာ။ နည်းနည်းတော့ ဆန်းသည်ဟု သူ ရိပ်စားမိစပြုလာ၏။ သူက. . .

"အဘက ဗေဒင်ဟောမှာ မဟုတ်ဘူးလား"





အဘိုးကြီးက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဒီကိစ္စကိုပဲ အဘ တစ်သက်လုံး ဖြေရှင်းလာခဲ့ရတာပဲ လူကလေးရေ. . . ဗေဒင်ဟောတာ မဟုတ်ပါဘူးလို့ တဖွဖွပြောနေတဲ့ကြားက ဒီမြို့က လူတွေက အဘကို ဗေဒင်ဆရာလို့ချည်း အတင်းခေါ်နေတော့တာပဲ"

"ဒါဖြင့် အဘ ဟောတာ သိပ်မှန်တယ်။ ဘာညာ ဆိုတာက ကော. . . အဘက ဘယ်လိုလုပ်ပြီး ပြောနိုင်နေရတာလဲ"

"ရှင်းရှင်းလေးပဲ လူကလေးရယ်။ စဉ်းစားတာပေါ့။ လူတစ်ယောက်ချင်းစီရဲ့ စရိုက်တွေ အချက်အလက်တွေနဲ့ လူမှန်ရင် ရှိတတ်ဖြစ်တတ်တဲ့ သဘောသဘာဝတွေကို ပေါင်းစပ်ပြီး စဉ်းစားကြည့်တာပေါ့၊ တွေးကြည့်တာပေါ့။ ဒါပါပဲ။ အဘက ဒီမြို့မှာ တစ်သက်လုံး နေထိုင်ကြီးပြင်းလာတာလေ။ အဲဒီတော့ ဒီမြို့မှာ ရှိရှိသမျှ လူတစ်ယောက်ချင်းစီရဲ့ စရိုက်ကို သိတာပေါ့။ ဥပမာကွာ. . . အခု လူကလေး တည်းနေတဲ့ အိမ်ရှင် မောင်တင်ကြည် ဆိုပါတော့။ သူဆိုရင် တခြားလူ မကောင်းကြောင်း သိပ်ပြောတတ်တယ်။ အပြစ်သိပ်မြင်တတ်တယ်။ ပြီးတော့ စကားလည်း သိပ်များတယ်။ ဟုတ်တယ် မဟုတ်လား။ လူကလေး သတိထားမိမှာပေါ့။ အဲဒါ ဘာကြောင့်လဲ သိလား"

သူ ပခုံးနှစ်ဖက်ကို မသိမသာတွန့်လိုက်၏။ အဲဒီလူကြီးက ငယ်ငယ်တုန်းက ငါးပိလို၊ တညင်းသီးလို အပူ အပုပ်စာတွေ စားပြီး ဝမ်းမနုတ်ခဲ့လို့ အခုလို ခန္ဓာကိုယ် အတ္တဘောကြီးနဲ့ အပြည့် အပုပ်အစပ်တွေ များနေတာ နေမှာပေါ့။ ဒါပဲလေ. . . ဘယ်သိပါ့မလဲ။ လေကြောရှည်တတ်တာကကော. . . အဲ အဲဒါကတော့ ငယ်ငယ်တုန်းက ရော်ဘာပူဖောင်းတွေ မှုတ်မှုတ်ပြီး ကစားတတ်လို့ ဖြစ်မယ်ထင်တယ်။

အဘိုးကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ မောင်တင်ကြည်လို လူစားမျိုးတွေက သိပ်သနားဖို့ကောင်းတယ်။ ငယ်ငယ်တုန်းက သူ့ကိုယ်သူ တစ်နေ့ရာရာမှာ ထူးချွန်လိမ့်မယ်၊ အောင်မြင်လိမ့်မယ်လို့ ထင်ထားခဲ့တာ။ ကိုယ့်ကိုယ်ကိုယ် မျှော်လင့်ထားလိုက်တာ. . . ။ တကယ်တမ်းကျတော့ အသက်ကြီးလာတဲ့အထိ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် လုပ်မပြနိုင်ဘူး။ မျှော်လင့်ခဲ့တာတွေ ဘာတစ်ခုမှ ဖြစ်မလာဘူး။ အဲဒီမှာ ပတ်ဝန်းကျင်ကို လှည့်ရမ်းတော့တာပဲ. . ."

အခန်းအပြင်ဘက်တွင် ထိုင်စောင့်နေသော ငှက်ကလေးဆီ ပြေးထွက်သွားပြီး သူမ၏ အဖေအတွက် တစ်ခုခုကို ဝန်ခံဖြောင့်ချက်ပေးလိုက်ချင်သော စိတ်ခံစားမှုတစ်မျိုး သူ့တွင် ဖြစ်ပေါ်လာ၏။ ဦးတင်ကြည်၏ ဖောင်းဖောင်းအစ်အစ် မျက်နှာကြီးကိုလည်း မြင်ယောင်နေမိ၏။ ထိုဝဝတုတ်တုတ် စကားကြောရှည်ရှည် ငတိကြီး၏ မျက်နှာကို ပထမဦးဆုံး အကြိမ်အဖြစ် မကျေနပ်ခြင်း ကင်းပစွာ မြင်ယောင်မိခြင်းဖြစ်လေသည်။

"မောင်တင်ကြည်. . . မောင်တင်ကြည်။ အင်း. . . တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာပါပဲလေ"

အဘိုးအိုက ခပ်ညည်းညည်းပြော၏။ နောက်. . .

"အဲဒီလို လူစားတွေဟာ ကိုယ့် မအောင်မြင်မှုအတွက် ကိုယ်သိမ်ငယ်နေတာကို ဖျောက်ဖို့ ဖြေဖို့ သူများတွေလည်း ညံ့တာပါပဲလေ ဆိုတဲ့ အတွေးမျိုး တွေးတတ်ကြတယ် လူကလေးရဲ့။ အဲဒီမှာတင် သူများ မကောင်းကြောင်းကို အရသာခံပြီး ပြောတော့တာပဲ"

လူတစ်ယောက်ကို နားလည်ခြင်းသည် ခွင့်လွှတ်ခြင်းကို ခေါ်ငင်၍ ကြည်လင်အေးမြသော အလင်းတန်းထဲသို့ ဝင်သွား၏။ သူ့ တစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားရသည်။ အဲသည်မှာ. . . လိပ်ပြာတွေ ဝဲနေကြလေရဲ့။





ရှုံးနိမ့်စွာဖြင့် သူများကို တိုက်ခိုက်နေရသူ အားလုံးအတွက် ဆုတောင်းပတ္ထနာတစ်ပုဒ် ရွတ်ဆိုပေးရအောင်၊ သီချင်း တစ်ပိုင်းတစ်စ လေထဲလွင့်လာ၏။

"အဲဒီလို လူတစ်ယောက်ချင်းစီရဲ့ စရိုက် အခြေအနေတွေကို သိထားပြီးတဲ့နောက်တော့ ဒီလူမျိုးတစ်ယောက် ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတာ ပြောရ ဘယ်ခက်တော့မလဲ လူကလေးရယ်။ တွေးတတ်ဖို့ ကလေးပဲ လိုပါတယ်. . ."

အဘိုးအိုက ပြောရင်း စိတ်ပျက်ငြီးငွေ့ဟန်ဖြင့် သက်ပြင်းချရင်း စကားကို ခေတ္တဖြတ်ကာ နားသည်။ နောက်. . .

"ဒါပေမဲ့ ဒီမြို့က လူတွေက တွေးတယ်၊ စဉ်းစားတယ် ဆိုတဲ့ ဝေါဟာရတွေကို နားမလည်နိုင်ကြရှာဘူး။ အင်းလေ. . . မမြင်ရတဲ့ တန်ခိုးတွေ၊ ကယ်တင်ရှင်တွေလောက်သာ မျှော်တတ်တဲ့ လူစားတွေပဲ။ ဒီမြို့က ကောင်တွေ ဦးနှောက်နည်းလိုက်ပုံကတော့ကွာ. . . လူကလေးရေ. . . အဲဒါနဲ့ပဲ ငါ့ကို ဒင်းတို့က ဗေဒင်ဆရာလို့ ဝိုင်းပြီး နာမည်တပ်လိုက်ကြတာပါပဲ"

သူ ခေါင်းကို ညိတ်ဖြစ်သည်။ အဘိုးကြီးက ဘယ်သူ့ကိုမှ လက်ခံစကားပြောတော့တာ မဟုတ်ဘူးဆိုသောအချက်ကို သူ နားလည်သလိုလို ရှိလာသည်။

သူ့မိသားစုအကြောင်း အဘိုးအိုကို အိတ်သွန်ဖာမှောက် ပြောပြဖြစ်သည်။ အထူးသဖြင့် အမေ့အကြောင်း. . . ။လောဘသက္ကာရ ကြီးတတ်သော အမေ့စရိုက်၊ အဖေ့ကို အမြဲတဆူဆူ တပူပူလုပ်တတ်သော အကျင့်ဆိုး၊ အမြဲတမ်း တစ်ခုခုကို အလိုမပြည့်ဖြစ်နေတတ်သော သဘာဝတို့ကို ပြောပြသောအခါ အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မိသားစုကို စွန့်ပစ်ထားခဲ့ပြီး အဖေ အိမ်ပေါ်က ဆင်းသွားပုံနှင့် သူ လိုက်ရှာခဲ့ရပုံတို့ကိုပါ ပြောပြလိုက်သည်။

အဘိုးအိုက တိတ်ဆိတ်မှုထဲတွင် ကြာမြင့်စွာ နစ်မျောနေပြီးမှ. . .

"လူကလေး. . .မင်းအဖေကို လိုက်ရှာမနေပါနဲ့တော့ကွယ်"

သူ ဘာမှပြန်မဖြေဖြစ်။ တိတ်ဆိတ်နေမိသည်။ အဘိုးအိုက. . .

"လိုက်ရှာလို့လည်း တွေ့မှာ မဟုတ်ဘူး။ တကယ်လို့ တွေ့သည့်တိုင်အောင် ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး လူကလေး"

သူ လေးတွဲ့စွာ ခေါင်းကို ညိတ်ပြလိုက်၏။ နောက်. . .

"ဒါဆို. . . ကျွန်တော် ဘာလုပ်ရမလဲ အဘ"

အဘိုးအိုက ခုတင်တိုင်ကို မှီကာ မျက်လုံးများကို မှိတ်ရင်း စဉ်းစားနေသည်။ နောက်မှ. . .

"ဒီမြို့ကလေးရဲ့ ဘီလူးကိစ္စကိုတော့ လူကလေး ကြားပြီးရောပေါ့"

ဟု မေး၏။

ဘာကို ရည်ရွယ်မှန်း မသိသောကြောင့် သူက ယောင်နနဖြင့် ဟုတ်ကဲ့. . . ဟု ပြန်ဖြေလိုက်သည်။ အဘိုးအိုက ချောင်းတစ်ချက် ဟန့်လိုက်ပြီး. . .

"အေးကွယ်၊ လူကလေးရဲ့ အဖေကို လိုက်ရှာမယ့်အစား အဲဒီဘီလူးကို ရှာဖို့ အဘ အကြံပေးပါရစေ လူကလေး"

"ဗျာ. . ."

သူ အံ့အားသင့်စွာဖြင့် အဘိုးအို၏ ဖြူရော်ရော် ဖျော့တော့တော့ မျက်နှာကို ငေးစိုက်ကြည့်နေမိ၏။





"ဟုတ်တယ်. . . လူကလေး၊ မင်း တကယ်ရှာရင် ဘီလူးကို တွေ့မှာပါကွယ်"

"ဘာဖြစ်လို့ ကျွန်တော့်ကို ရှာခိုင်းတာလဲ အဘ"

အဘိုးအို၏ ရင်ဘတ်ပေါ်တွင် သစ်တော်သီးပင်တစ်ပင် ပေါက်လာသည်ကို မြင်ရသည်။ နုမျစ်ပျို့ရွယ်သော နွေဦးသည် အကိုင်းထိုးဝင် ပုန်းအောင်းနေ၏။ ပြီးလျှင်. . . သစ်သီးယောင်ဆောင်ပြီး ပြန်လည် ထွက်ပေါ်လာတော့မည်။

"မင်းက လူငယ်ကိုး. . .၊ လူငယ်ဘဝဆိုတာ တစ်ခုမဟုတ် တစ်ခုကိုတော့ ရှာဖွေနေရမှာ မဟုတ်လားကွယ်"

အဘိုးအိုကို အသက်ရှူသံများနှင့်အတူ ထားရစ်ခဲ့ပြီး သူ အခန်းအပြင်ဘက် ထွက်လာခဲ့တော့သည်။ သူ့ကိုယ်သူ သူရဲကောင်း တစ်ယောက်လိုလို ခံစားမိ၏။

ဟောသည်မှာ ငါဟာ ပိုးစိုးပက်စက်ကြီး မြင့်မြတ်နေလေရဲ့။ ဒီမြို့ကလေးကို ကယ်တင်မယ့် သူရဲကောင်းဟာ ငါပါပဲ။ ဟင်္သာပြဒါးရောင် နီရဲရဲနဲ့ ရွှေပိန်းတွေ လက်လက်ထနေတဲ့ အိပ်မက်နန်းတော် တိမ်တိုက်ကြားမှာ မြင်းဖြူကြီးစီးလို့ ငါ ထွက်ပေါ်လာခဲ့တာပေါ့။ မြို့ကလေးကို လက်ဝဲလက်ဖြင့် ထွေးပိုက်အုံ့ဟု သူ စိတ်ထဲက ကြုံးဝါးမိ၏။

အလိုလိုနေရင်း သူ့မှာ တာဝန်ရှိနေသလို အောက်မေ့ပစ်လိုက်လေသည်။

အခန်းထဲမှ ထွက်ထွက်လာချင်း ကောင်မလေးက ပြီးပြီလားဟု ဆီးမေးသည်။ သူ ခေါင်းညိတ်ပြလိုက်၏။

"ရှင် တော်တော်ညံ့သေးတာပဲ"

ကောင်မလေးက မျက်မှောင် နည်းနည်းကုတ်ထားရင်း မကျေမနပ်ဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ. . ."

ဟု သူ ပြန်မေးလိုက်၏။ ကောင်မလေးက. . .

"ရှင့်အရွယ် ရှင့်အနေအထားမျိုးနဲ့ဆို အိမ်ထောင်ရေးအကြောင်းလေး ဘာလေးမေးဖို့ ကောင်းတာပေါ့"

သူ အနည်းငယ် စိတ်ရှုပ်သွား၏။ အင်း. . . ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါပေမဲ့ အခုကိစ္စက ဗေဒင်ဟောနေတာမှ မဟုတ်တာ။ ဘာပြောလို့ရမှာလဲ။

သူက ကောင်မလေး မျက်နှာကို လှမ်းအကဲခတ်လိုက်၏။ ငှက်ကလေးက အမိပ္ပာယ်ပါသော တိတ်ဆိတ်မှု အသစ်တစ်ခုဖြင့် သူ့မျက်ဝန်းများကို တည့်တည့်ကြည့်နေသည်။

သူ သဘောပေါက်သွား၏။ ဟုတ်ပြီလေ၊ မေးရမှာပေါ့။ ဘာပဲဖြစ်ဖြစ် တစ်ခုခုကိုတော့ ငါတို့နှစ်ယောက်ကြားဖို့ လိုအပ်တယ် မဟုတ်လား။

သူ အခန်းထဲ ပြန်ဝင်သွားပြီး အဘိုးအိုကို မေးလိုက်သည်။

"ကျွန်တော် ဘယ်လို မိန်းကလေးမျိုးနဲ့ အိမ်ထောင်ကျနိုင်မလဲ အဘ"

အဘိုးအိုက စိတ်ရှုပ်စွာဖြင့် သူ့ကို ပြန်ကြည့်နေ၏။ ဘာပြန်ဖြေရမည်ဆိုသည်ကို အတော်ခက်ခက်ခဲခဲ စဉ်းစားနေရပုံပေါ်သည်။ ကဲ. . . ဖြေလိုက်စမ်းပါ အဘရယ်၊ ဦးတင်ကြည် သမီးအငယ်မလေး ချိုချိုသင်းလဲ့ရည်ဆွေ နဲ့ အိမ်ထောင်ကျမယ်လို့။ ထရံတစ်ချပ်သာခြားသော အခန်းအပြင်ဘက်တွင် သူမ ရှိနေမည်။ ထိုအဖြေကို ခိုးနားထောင်နေမည်မှာလည်း အလွန်သေချာသည်။

ကဲ. . . ဘယ်လောက်တောင် စိတ်ကူးယဉ်ဖို့ကောင်းလိုက်သလဲလို့။





စိတ်ကူးယဉ်ခြင်းဆိုသည်မှာ ထောပတ်နှင့်တူသည်ဟု သူ ထင်၏။ ထောပတ်ချည်းသက်သက် စားသောက်ရသည်က သိပ်အရသာရှိလိမ့်မည် မဟုတ်ပါ။ တစ်ခုခုကို သုတ်လိမ်းပြီး စားရပေလိမ့်မည်။

ကဲ. . . ပြောတော့ အဘရေ. . . အဘရဲ့အဖြေကို စိတ်ကူးယဉ်မှုတွေနဲ့ သုတ်လိမ်းပြီး ကျွန်တော်နဲ့ ကောင်မလေးတို့ နှစ်ယောက်သားမီးကင်ပြီး စားကြမယ်။ ပေါင်မုန့်မီးကင် ထောပတ်သုတ်လိုမျိုး စကားမီးကင် စိတ်ကူးသုတ်ပေါ့။

လူတွေဟာ စိတ်ကူးတွေကို စားသုံးပြီး အာဟာရဖြစ်ကြတယ်။ လူတွေဟာ စကားလုံးတွေကို စားသုံးပြီး အာဟာရဖြစ်ကြတယ်။ လူတွေဟာ ကိုယ် ချစ်သူ၊ ကိုယ် မုန်းသူရဲ့ မျက်နှာတွေကို စားသုံးပြီး အာဟာရဖြစ်ကြတယ်။ လူတွေဟာ ပတ်ဝန်းကျင်ကို စားသုံးပြီး အာဟာရ ဖြစ်ကြတယ်။ လူတွေဟာ ထမင်းကို စားသုံးပြီး အာဟာရဖြစ်ကြတယ်။ လူတွေဟာ ဓာတ်ကြိုးလေးပါးကို စားသုံးပြီး အာဟာရဖြစ်ကြတယ်။

စားသုံးစရာတွေ အများကြီးရှိတဲ့အထဲကမှ ဘာဖြစ်လို့ ထမင်းစားဖို့လောက်ကိုသာ သဲသဲမဲမဲ ဖြစ်နေကြတာလဲ. . . ဟု သူ တွေးကြည့်နေမိသည်။ ကိုယ်စားနေတဲ့ အိုးထဲက ဆန်ဖြူဖွေးဖို့ အရေးကြီးသလိုမျိုး ကိုယ်စားသုံးနေတဲ့ ပတ်ဝန်းကျင် ဖြူစင်ဖို့ကလည်း အရေးကြီးတဲ့အကြောင်း ဘယ်သူကမှ မတွေးကြည့်ကြဘူးလား။ ကိုယ့်စိတ်ကူးတွေ ဖြူစင်ဖို့ကိုကော ဘယ်သူတွေက အလေးအနက်ထားပြီး ကြိုးစားခဲ့ကြ ပါသလဲ။

အူမတောင့်မှ သီလစောင့်နိုင်မယ် ဆိုတာကကော။ အင်း. . . အူမ သိပ်တောင့်ချင်နေလျှင် ဘီလပ်မြေကို ထုံးနှင့်သဲနှင့် စပ်ကာ ဖျော်ပြီး မျိုချလိုက်ကြပါတော့။

မကျေနပ်ချက်များကို စားသုံးရင်း သူ့စိတ်တွေ ဟိုးအဝေးကြီးတို လွင့်စင် ထွက်ခွာသွားနေလေသည်။ သူကတော့ (ဖြစ်နိုင်လျှင်) ပန်းခြံ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတတ်ချင်သည်။ 'အူမနှင့် လူ' ဟု အမည်ရသော ပန်းချီကား တစ်ချပ်ကို ဆွဲမည်။

ထိုပန်းချီကားထဲတွင် လူသုံးယောက်၏ပုံများ ပါမည်ဖြစ်ပြီး ပထမလူတစ်ယောက်က ဒူးထောက်ကာ လက်နှစ်ဖက်ကို ဆန့်တန်း ဟစ်ကြွေးလျက် စားစရာတစ်ခုခုပေးရန် တောင်းခံနေမည်။ ဒုတိယ လူတစ်ယောက်က ကိုယ့်ဗိုက်ကို ကိုယ် ဓားဖြင့် ပြန်ခွဲကာ အူမကို လှီးဖြတ်နေပုံ ဖြစ်သည်။ နောက်ဆုံး တတိယလူကတော့ နာကြည်းခံပြင်းစွာဖြင့် ကောင်းကင်ဘုံကို စားသောက် မျိုချပစ်လိုက်ပုံဖြစ်ရမည်။ အင်း. . . ဒါပါပဲ။

သူကိုယ်တိုင်ကကော. . . သူကိုယ်တိုင်ကတော့ ထိုပန်းချီကားကိုပင် စားပစ်ရပါတော့မည်။ (သူသည် သိပ်အစွမ်းအစရှိလှသူ တစ်ယောက် မဟုတ်ကြောင်း သူ့ဘာသာသူ တိတ်တိတ်ကျိတ်၍ သိနေခဲ့သည်မှာ ကြာပြီ)

အင်း. . . ဒါနဲ့များ ဒီအဘိုးကြီးက ပြောတော့ ဘီလူးကို ငါရှာရင်တွေ့မယ်. . . တဲ့။ ဘုရားရေ. . . ငါဟာ သူရဲကောင်းကြီးပါလားကွယ်၊

လိုအပ်သည်ထက် အချိန်များစွာ ပိုကြာမြင့်နေပြီးမှ အဘိုးအို၏ ချောင်းဟန့်သံကို ကြားရလေသည်။ သူ ရင်ခုန်လာ၏။ နားရွက်ထဲမှာ ပိုးကောင် တစ်ကောင် ဝင်နေသလိုလို စိုစွတ်စွတ် ဖြစ်နေသလိုလို အောက်မေ့ ခံစားရလေသည်။

ဗေဒင်ကို ယုံသလား၊ မယုံဘူးလားဆိုသော မေးခွန်းမျိုး မမေးပါနှင့်။ မဆိုင်ပါ။ အဘိုးအို ပြောနေသည်မှာ ဗေဒင် ဟောခြင်းလား၊ တွေးတော စဉ်းစား ခန့်မှန်းခြင်းလားဆိုသော အချက်နှင့်လည်း မသက်ဆိုင်ပါ။ မှန်သလား၊ မှားသလားဆိုသည့် ကိစ္စကိုလည်း ချင့်ချိန်နေစရာ မလိုပါ။

ရိုးရိုးကလေးပင် ဖြစ်သည်။ လူဆိုသည်မှာ မိမိအကြောင်း သူများ





က ပြောပြသည်ကို ကြားချင်သော စိတ်ရောဂါအခြေခံ ရှိကြသည်။ (အမြောက်အပင့်ခံလိုသော စိတ်နှင့် တစ်စုံတစ်ရာ အနှစ်သိမ့်ခံလိုသော သားသမီးဆန်သည့် စိတ်တို့လည်း အနည်းအကျဉ်းစီ ပါဝင်ပါသည်)

အဘိုးအိုက. . .

"လူကလေး . . . ယောကျ်ားကလေးဆိုတာ ကိုယ်နဲ့ နီးစပ်တဲ့ မိန်းကလေးတွေထဲကိုသာ အာရုံဝင်စားမှု အများဆုံးရှိစမြဲပဲ။ အဲဒီအထဲက ပထမဦးဆုံး အခွင့်အရေးရတဲ့ မိန်းမကို ချစ်ပစ်လိုက်ကြတာပါပဲကွယ်။ အချစ်ဆိုတာ တကယ်တော့ ဘာမှ သိပ်ကြီးကြီးကျယ်ကျယ်ကိစ္စ မဟုတ်ပါဘူး"

သူ လိုချင်သောအဖြေမျိုး မဟုတ်သောကြောင့် အနည်းငယ်ကသိကအောက် ဖြစ်သွားရ၏။ အဘိုးအိုက သူ့အရိပ်အကဲကို နားလည်သွားပုံပေါ်သည်။ ထို့ကြောင့်. . .

"အဲဒီတော့ အတိုဆုံး အဖြေပေးရရင် လူကလေးဟာ အနီးစပ်ဆုံး ရှိတဲ့ အင်း. . . နောက်ပြီး ရုပ်ရည်ကလေးလည်း သနားကမားရှိတဲ့ မိန်းကလေးတစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျမှာပါပဲကွယ်"

အဘိုးအိုကို နှုတ်ဆက်ပြီး သူ အိမ်ပြင်ဘက် ထွက်လာခဲ့သည်။ အခန်းဝတွင် ရပ်စောင့်နေသော 'ချိုချိုသင်းလှဲ့ရည်ဆွေ' ၏ နောက်စပ်စပ် ပြောင်ချော်ချော် မျက်နှာကလေးကို မြင်လိုက်ရသည့် အခိုက်အတန့်တွင် သီချင်းတစ်ပုဒ်ကို ဆိုညည်းချင်စိတ်ပေါ်လာသည်။ သူ့တစ်ကိုယ်စာကြားရုံ ခပ်တိုးတိုး ဆိုမိလျက်သား ဖြစ်သွားသည်။

ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ. . .

ဟင်. . . မဟုတ်သေးပါဘူး၊ ဒီစာသားက အောင်ခြင်းရှုပ်ပါးသီချင်းထဲကပဲ။ ဘာဆိုင်လို့ ငါ့ပါးစပ်ထဲ ရောက်နေရတာလဲ။ အာရုံခံစား



www.burmeseclassic.com

www.burmeseclassic.com



မှုများနှင့် ကိုယ်နှုတ်စကားလုံး သင်္ကေတ ဆက်သွယ်ပုံများသည် အတော် ရှုပ်ထွေး ဆန်းကြယ်ပုံရလေသည်။

"ရှင့်ကို ဘယ်လို အိမ်ထောင်ကျမယ်လို့ ဟောလိုက်သလဲ"

ကဲ. . . ဒီကောင်မလေးရဲ့ နားရွက်ကို စိတ်ရှိ လက်ရှိ ဆွဲလိမ် ပစ်လိုက်ဖို့ မကောင်းပေဘူးလား။ ခိုးနားထောင်နေပြီး အဖြေကိုလည်း ကြားပြီးသား။ ဒါနဲ့များ ထပ်မေးနေသေးတယ်။ သူ စိတ်ပေါက်ပေါက်ဖြင့် ဖြေလိုက်၏။

"ချိုချိုသင်းလဲ့ရည်ဆွေ ဆိုတဲ့ ကောင်မလေးနဲ့ အိမ်ထောင်ကျ မယ်လို့ ဟောလိုက်တယ်"

"ဟင်. . . ဟုတ်လည်း ဟုတ်ပဲနဲ့"

သူ ရယ်မောလိုက်၏။

"ကိုယ်ကတော့ အဲဒီလို ဟောလိုက်တယ်လို့ ထင်ချင်တာပဲ။ မင်းကကော မထင်ချင်ဘူးလား"

ကောင်မလေး ခေါင်းငုံ့နေလေသည်။

အပြုံးတွေ နှင်းလို ဖျူဖွေးလက်ပစွာ ကွေကျလာ၏။

●

သောင်ယံသဲက ပုလဲလိုလို ခင်းသာတယ်ကို ဟူသော ပတ်ပျိုး တစ်ပိုင်းတစ်စကို ပြန်အမှတ်ရလာ၏။ ချောင်းစပ်က သဲမှုန့်တွေကို နေ ရောင်ခြည် ထိသောအခါ ကြယ်တွေလို လင်းလက်သည်။ ရေသောက်ဆင်း သော ငှက်တွေ ချောင်းစပ် ကျောက်တုံးကလေးတွေပေါ်မှာ နားနေကြ သည်ကို မြင်ရ၏။ လေပြည်ကလေး ညင်ညင်သာသာ တိုက်သောအခါ ချောင်းရေ မျက်နှာပြင်ပေါ်မှာ လှိုင်းကလေးတွေ ခွက်ဝင်သွားသည်။

လတ်ဆတ် ရှင်းသန့်သော လေအေးအေးကို တဝရှူရှိုက်ရ





သည်။ ချောင်းဟိုဘက်က မှိုင်းညို့နေသော တောအုပ်ဆီ လှမ်းငေးရင်း သူကော သူမပါ စကားမပြောဘဲ ထိုင်နေဖြစ်ကြ၏။

အချစ်ဆိုတာ ဘာလဲ. . . ဟု ရင်ထဲမှ တိုးတိတ်စွာ မေးဖြစ် သည်။ ဘာမှန်းမသိသော တစ်စုံတစ်ခုကို လွမ်းသလိုလို ဖြစ်လာ၏။

ကိုယ့်ကိုချစ်မယ့် ကောင်မလေးတစ်ယောက်ယောက် လောက မှာ ရှိနေသေးတာကို ဂုဏ်ယူချင်တဲ့ စိတ်လား၊ ဒါမှမဟုတ် ကိုယ့်ဆီမှာ မရှိတဲ့အရာကို တပ်မက်တဲ့ သဘာဝစိတ်ကြောင့် ဆန့်ကျင်ဘက်လိင်ရဲ့ အရသာကို ခံစားကြည့်ချင်တာလား၊ ဒါမှမဟုတ် သူများတွေမှာ ချစ်သူ ရှိတယ်ဆိုတာ ဘယ်လိုပါလိမ့်လို့ သိချင်တဲ့ ဆတ်ဆော့မှုမျိုးလား. . .။

ဘာပဲဖြစ်ဖြစ်. . .

ဟောသည် မြို့ကလေးအတွက် သူ့ကိုယ်သူ ပုံပြင်ထဲက သူရဲ ကောင်း မင်းသားလေး တစ်ပါးပေါ့လို့ စိတ်ကူးယဉ်ကြည့်ရအောင်။ ဒီ ပိန်သေးသေး ကောင်မလေးကိုတော့ ရွှေမင်းသမီးလေးအဖြစ်နဲ့ မြင် ယောင် ကြည့်လိုက်ရင် မကောင်းဘူးလား။ ပုံပြင်အဆုံးမှာ ဒီမြို့ကလေးကို ဘီလူး ရဲ့ အန္တရာယ်က ကယ်တင်ပြီး မင်းသမီးလေးနဲ့ မင်းသားလေး ပေါင်းဖက်ကြပေါ့၊ ဒါပဲပေါ့။

လူတိုင်းဟာ ကိုယ့်ဘဝထဲမှာတော့ ကိုယ့်ကိုယ်ကိုယ် ဇာတ်လိုက် လို့ စိတ်ကူးယဉ်တတ်ကြတာပဲ။ ကောင်မလေးရေ. . . တဆိတ်လောက် ကျေးဇူးပြု၍ ငါ့ပုံပြင်ထဲမှာ မင်းသမီးယောင် လာဆောင်ပေးပါကွယ်။

သူ ကောင်မလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။ ချောင်းကမ်းပါးစပ်တွင် ထိုင်ရင်း နေဝင်သွားသည်ကို အတူတူ ထိုင်ကြည့် ကြဖို့ အမှန်တကယ် လိုအပ်ပါသည်။ ချောင်းရေစီးသံသည် စောင်းကြိုး ခတ်သလို သာသာယောင်းယောင်း မြည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . သောင်ယံသဲက ပုလဲလိုလိုပါလားကွယ်. . ။

ကောင်မလေးက သူ့ကို. . .

"ချစ်ရဲ့လား. . ."

ဟု မေးလာသောအခါ သူ ဘာပြန်ဖြေရမည်မှန်း မသိဘဲ ဖြစ်နေ၏။ (သည်နေရာမှာ အမှန်အတိုင်း အတိအကျပြောဖို့ မလိုအပ်ဟု သူ ယူဆသောကြောင့်) "သိပ်ချစ်တာပဲကွာ" သို့မဟုတ် အလားတူ စကားလုံး တစ်ခုခုသုံး၍ ပြီးစလွယ် ဖြေလိုက်၏။

ကောင်မလေးကို အဲဒီလို မေးရင်ကော. . . အင်း. . . ဒီလိုပဲ ဖြေမှာပါပဲ။ တကယ်ဆို. . . ကောင်မလေးက သူ့ကို သိပ်အချစ်ကြီး ချစ်လှသည်တော့ မဟုတ်မှန်း သူ သိနေ၏။ ကောင်မလေး၏ စိတ်ကူးယဉ် ဇာတ်လမ်းထဲမှာ သူသည် ဇာတ်ကောင် တစ်ကောင်မျှသာ ဖြစ်သည်။ (သူ တွေးသလိုပဲ ကောင်မလေးလည်း တွေးမှာပေါ့)

ကောင်မလေးရေ. . . မင်းနဲ့ငါ နှစ်ယောက်တည်း ယုံကြည်လိုက်ကြရအောင်၊ တကယ် ယုံကြည်သွားသလိုမျိုး သဘောထားပြီး ယုံကြည်ပစ်လိုက်ရအောင်လေ . . . ။

●

ချောင်းစပ် သောင်ပြင်အတိုင်း လျှောက်လာခဲ့ကြ၏။ (တစ်ဦးကို တစ်ဦး ပခုံးဖြင့် မှီထားပြီး လမ်းလျှောက်ရသည်မှာ အနည်းငယ် မလွတ်လပ်သလို ရှိသော်လည်း ကြည်နူးစရာကောင်း၏) ညနေအလင်းလုံးလုံးမကွယ်ခင်မှာ တည်းခိုခန်းဆီသို့ ပြန်ရောက်ဖို့ လိုအပ်သောကြောင့် ခြေလှမ်းကို နည်းနည်းသွက်လိုက်သည်။

"သန်ဘက်ခါ ညနေကျရင် ဒီချောင်းစပ်မှာ ထပ်ဆုံရအောင်နော်"

နှစ်ရက်ဆက်တိုက် သူ့သမီး အပြင်ထွက်လျှင် ဦးတင်ကြည် မသင်္ကာဖြစ်လာနိုင်စရာ ရှိသောကြောင့် တစ်ရက်ကျော်ပြီး သူ ချိန်း၏။





ချိုချိုသင်းလဲ့ရည်ဆွေက. . .

"ဟင့်အင်း. . . မလာချင်ပါဘူး၊ ပါပါး သိသွားရင် ဆူလိမ့်မယ်"

သို့သော် သူမ အသံက လာချင်သည့်ပုံပေါက်နေမှန်း သူ ရိပ်မိလိုက်၏။ အင်းလေ. . . နည်းနည်းတော့ တိုက်တိုက်တွန်းတွန်း ပြောပေးဖို့ လိုအပ်မှာပေါ့။

"ကိုယ်က နေ့လယ်လောက်ကတည်းက အရင်ထွက်နှင့်မယ်လေ။ ပြီးတော့ ညနေကျမှ ချောင်းစပ်မှာ ကြိုစောင့်နေမယ်။ လေးနာရီလောက်ဆို. . . အကြောင်းတစ်ခုခုပြပြီး ဒီကို ထွက်လာခဲ့ပေါ့"

သူမ အဖေ မရိပ်မိအောင် တစ်ယောက်ချင်းစီ ခွဲထွက်ပြီး ညနေကျမှ ဆုံရန် သူ ချိန်းသည်။ ကောင်မလေးက. . .

"ဟာ. . . လေးနာရီဆို မကောင်းပါဘူး။ ချောင်းထဲမှာ အဝတ်လာလျှော်တတ်တဲ့လူတွေ ရှိတယ်။ လူရှုပ်တယ်။ လေးနာရီခွဲလောက်မှ"

သူ ခေါင်းညိတ်လိုက်၏။ အဲဒါကိုများ. . . စောစောကတည်းက ပြောလိုက်ရင် ပြီးရောပေါ့။ ပါပါး ကြောက်တာတွေ၊ မာမား ကြောက်တာတွေ လုပ်နေသေးတယ်ဟု စိတ်မရှည်စွာတွေးမိသည်။

လေးနာရီခွဲလောက်မှ အိမ်က ထွက်လာလျှင် ဒီကို ငါးနာရီလောက်မှ ရောက်မည်။ တွေ့ချိန်၊ စကားပြောချိန် တစ်နာရီလောက်သာ ရမည်ဟု သူ တွက်၏။

●

အိပ်တန်းဆီ ပျံသန်းသွားကြသော ငှက်တစ်အုပ်ကို မြင်ရသည်။ ငှက်သံ ကျေးသံသည် မှောင်ရီပျိုးစ ဆည်းဆာထဲမှာ အေးစိမ့်ကာ ချိုနေ၏။ ပျိုလွင်နုသစ်သော အဝါရောင်ဖြင့် ဝင်းပနေသည့် ဆည်းဆာ ရောင်ပြည်သည် ရင်ထဲ တိုးဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူနေစိပ်သော ရပ်ကွက်အနား ရောက်လာပြီဖြစ်သောကြောင့် သူတို့နှစ်ဦးသား ပခုံးချင်းထိထားရာမှ ခွာလိုက်၏။ ကြားတွင် သမုဒ္ဒရာ ခုနစ်စင်း ခြားသလို ခံစားရသည်။

သူမ၏ ကိုယ်သင်းရနံ့နှင့် ဝေးသွား၏။

အမှန်စင်စစ် ကိုယ်သင်းရနံ့ ဆိုသည်မှာ ချွေးနံ့သာ ဖြစ်ပါသည်။ ကဗျာဆရာများ၊ စာရေးဆရာများက ဘယ်လောက်လှပသော စကားလုံးများကို သုံး၍ရေးရေး၊ ချွေးနံ့က ချွေးနံ့ပင် ဖြစ်၏။ ရာသီဥတုပူလျှင် လှုပ်လှုပ်ရှားရှားလုပ်လျှင် ချွေးထွက်မည်။ ညစ်ပတ်သည်။ အလကားလှလှ တွေ ဘာမှ လာမပြောကြနှင့်. . .။

သူမ၏ ချွေးနံ့ကို ရှူရင်း သူ ရင်ခုန်ရမလို စိတ်ပျက်ရမလို ခံစားရလေသည်။

■



(၆)

ပင်လယ်ရေ မျက်နှာပြင်ပေါ်မှာ နှင်းဆီပွင့်တွေကို ဖြန့်ခင်းကြပက်ထားသည်။ လှိုင်းတွေ မကြမ်းကြပါနှင့်။ မုန်တိုင်းလည်း မတိုက်နှင့်။ မုန်တိုင်းကို နှင်းဆီရနံ့တို့ဖြင့် ယစ်ပူဇော်ပါမည်။ ရယ်သံ မကြားရ၊ မရယ်ရသည်မှာ ကြာသောကြောင့် ရယ်ခြင်း အတတ်ပညာကို မေ့လျော့သွားခြင်း ဖြစ်မည်ထင်၏။ နံနက်ခင်းထဲကို ဝင်ခဲ့ပါ။ စကားလုံးတွေထဲကို ဝင်ခဲ့ပါ။ မသန့်စင်တော့သော အမှန်တရား၏ တံစက်မြိတ်အောက်ထဲကို ဝင်ခဲ့ပါ။ အချစ်တွေ သစ်ပင်ပေါ် ပွင့်ဖူးနေကြသည်။ ဘယ်သူ ခူးမှာလဲ။ တတိယတန်းစား ရုပ်ရှင်နှင့် ဝတ္ထုများကို ဖတ်၍ စိတ်ကူးယဉ်ဖို့မှတစ်ပါး လောကတွင် အခြားလုပ်စရာမရှိဖြစ်နေသော ခပ်ညံ့ညံ့ ငနဲသားများကို ခူးဆွတ်ခွင့်ပြုလိုက်ပါ။ သည်အထဲတွင် ကိုယ်လည်း ပါပါစေ။ အချိန်နှင့် ဒီရေသည် လူကို မစောင့်ကြောင်း ဘယ်သူက စတင်ပြောခဲ့ပါသလဲ။ တကယ်ဆိုလျှင် လူကို မစောင့်သောအရာတွေ လောကမှာ အများကြီး ရှိသည် မဟုတ်လား။ အချိန်နှင့် ဒီရေလောက်ကိုတော့ စကားထဲတောင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြောနေစရာမလို။ (ထိုအရာနှစ်ခုစလုံးက ပိုက်ဆံမပေးဘဲရသော အရာများ ဖြစ်သောကြောင့်)

နှုတ်ခမ်းတွေကို မြေကြီးထဲ ထည့်သွင်း မြှုပ်နှံထားရာက နောင် အနှစ် တစ်သန်းကြာလျှင် ဥယျာဉ်တစ်ခု သီးပွင့်လာပေလိမ့်မည်။ ထိုအရာသည် တိတ်ဆိတ်ခြင်း ဥယျာဉ်ဖြစ်၏။ ထိုအရာသည် ကြောက်ရွံ့ခြင်း ဖြစ်၏။ ထိုအရာသည် နှောင်ဖွဲ့ခြင်းဖြစ်၏။ ထိုအရာသည် လူသားမဆန် ခြင်းလည်း ဖြစ်လေသည်။ လိုအပ်လို့လား. . .။ တကယ်ဆိုလျှင် ဘယ်သူမှ လူသား မဟုတ်ပါ။ အားလုံးသည် ကြွက်ကလေးများသာ ဖြစ်ကြ၏။ ရှေ့က အကောင်၏ အမြီးကို နောက်က အကောင်က ကိုက်ကာ. . . ဟောဟိုမှာ. . . မှောင်မိုက် နက်ရှိုင်းသောအကြည့်နှင့် အကွေ့အဝိုက် ကိုးခုပါသော ခရမ်းပြာရောင် သုညတစ်ခုတို့သည် လောကကို လှောင်ပြောင် ရယ်မောနှုတ်ဆက်ကြပြီ။ သူတို့ သွားတော့လေမည်လား. . .။

ဒီရေနှင့် အချိန်သာမက သစ္စာတရားကပါ ငါတို့ကို မစောင့်တော့ လေပြီတကား။ သွားနှင့်တော့. . . သွားနှင့်ကြပေဦးတော့။ ငါတို့ နေရစ် ခဲ့ပါမည်။ ခွေးသေ ဝက်သေ သေဖို့ရာ . . . ငါတို့ နေရစ်ခဲ့ရပါဦးမည်။

●

နံနက်စောစောစီးစီး တည်းခိုခန်းတံခါးကို လာခေါက်နေသော ကြောင့် သူ ထဖွင့်လိုက်သည်။ အရေးထဲမှာ တံခါးက ကျပ်နေ၏။ အပြင် ဘက်မှ. . .

"မြန်မြန်ဖွင့်စမ်းပါ"

ငှက်ကလေး၏အသံ ကျလိ ကျလိကို ကြားရသည်။ ဘာဖြစ်လို့ ပါလိမ့်၊ တစ်ခုခုတော့ အရေးကြီးလာတဲ့ လေယူ လေသိမ်းမျိုးပဲ။ ဘာလဲ ဘာလဲ. . . ဘာလဲ။





စက္ကန့်တိုတိုအတွင်းမှာ စိုးရိမ်စိတ်တွေ အမည်နာမပေါင်းစုံ တရကြမ်း တိုးဝှေ့ ဝင်လာသောကြောင့် သူ့ရင်ဘတ်အခေါင်းသည် ချက်ချင်း ပြည့်ကျပ်သွား၏။ ထိုအခိုက်အတန့်အတွင်း သူ ဘာစဉ်းစားနေသည်ကိုပင် သူ မြန်မသိ။

ဖြစ်ဖို့များတာကတော့ မနေ့ညနေက သူနှင့် ငှက်ကလေးတို့ ချောင်းစပ်တွင် ပွေ့ကာ ဖက်ကာ ထိုင်နေကြသည်ကို တစ်ယောက်ယောက် မြင်သွားခဲ့ပြီး သည်နေ့မနက် လာတိုင်ခြင်းဖြစ်မည်။ ဖက်တီးကြီး ဦးတင်ကြည် ဒေါကန်နေရောပေါ့။ သူ လန့်လာသည်။ ထိုတစ်ခဏလေး အတွင်းမှာပင် ဖက်တီးကြီးများ ဒေါသထွက်လျှင် (သူတို့ အမူအရာမှာ) အလွန် ရယ်စရာကောင်းကြောင်း သူ သတိရဖြစ်အောင် ရလိုက်သေးသည်။

ဝုန်းခနဲ တံခါးပွင့်သွား၏။

အခန်းဝတွင် ငှက်ကလေးက ပြုံးပြုံးကလေး ရပ်နေသည်။

"ဘာလဲ. . ."

ဟု သူက မေးလိုက်သည်။ ငှက်ကလေးက. . .

"မလှဘူးလား. . ."

ပြောရင်း အခန်းထဲ ဝင်လာ၏။ ပြဿနာပဲ. . . ငါ့အခန်းထဲ သူ့သမီးရောက်နေတာ ဟို ဖက်တီးကြီး မြင်သွားရင်တော့. . .။

"ဘာကို ပြောနေတာလဲ၊ ဘာဖြစ်လို့လဲ"

နားမလည်နိုင်စွာ ထပ်မေးဖြစ်သည်။ သူ စကားပြောပုံမှာ သိသိ သာသာ လောလွန်းနေမှန်း ကိုယ့်ကိုယ်ကိုယ်ယည်း သတိထားမိ၏။ ပြော ရင်းက အခန်းဝဆီ ရွှေ့သွားပြီး အောက်ထပ်မှ တက်လာလျှင် မြင်ရမည့် လှေကားဆီ လှမ်းကြည့်ရသေးသည်။

ချိုချိုသင်းလဲ့ရည်ဆွတက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . ဒီကိုကြည့်လေ၊ မလှဘူးလားလို့ မေးနေတာ"

ငှက်အစာတောင်းသံမျိုး (နားစည်ကို ယားကျိကျိ ဖြစ်စေသည့် အသံတစ်မျိုး) ဖြင့် ပြောနေ၏။ သူ အခုမှ အသေအချာ ကြည့်မိသည်။ ကောင်မလေးက ကျစ်ဆံမြီး နှစ်ဖက်မှာ (မည်သို့မည်ပုံ လုပ်ထားမှန်းမသိသော) သိုးမွေးလိုလို ဘာလိုလို အနီရောင် အလုံးကလေးတွေ ချည်ထား၏။ အဲ. . . အဲဒါကို ပြချင်တာများလား။ ဘာမှလည်း ထွေထွေထူးထူး မဟုတ်ပါလားဟု သူ အောက်မေ့မိ၏။ သူ သေချာအောင် တစ်ကိုယ်လုံးကို ထပ်ကြည့်လိုက်သည်။ ငှက်ကလေးက ခြေဖျားအထိ ဖုံးနေသော ဂါဝန်အနီရောင်လေးကို ဝတ်ထား၏။ ပိန်ပိန်သေးသေးလေး ဖြစ်သောကြောင့် ဂါဝန် ဝတ်ထားသည်မှာ ကလေးပေါက်စန တစ်ကောင်နှင့် တူနေလေသည်။ ဒါပါပဲ။ ဘာမှလည်း မဟုတ်ပါ။

ဘာကို လှ၊ မလှ ကြည့်ခိုင်းသလဲဆိုသည်ကို ထပ်မေးရန် စိတ်ကူးရသော်လည်း အခုအချိန်မှာများ သူ့အဖေကြီး တက်လာခဲ့လျှင်. . . ဟူသော အတွေးကြောင့် ကမန်းကတန်း . . .

"အင်း. . . လှတယ်"

သေချင်းဆိုးမလေး . . . ဟု စိတ်ထဲက ဆဲဆို ကြိမ်းမောင်းမိပြန်သည်။

ကောင်မလေးက ပြုံးနေသည်။

အင်း. . . သင်းကလေးကလည်း သင်းစိတ်ကူးနဲ့ သင်းပေါ့။

သူကတော့ စိတ်တိုနေသည်။ ဖြစ်နိုင်လျှင် ထိုကောင်မလေးကို သူ့လက်နှစ်ဖက်ဖြင့် လည်ပင်းမှ တစ်ချက်၊ ခါးမှ တစ်ချက် ဆုပ်ကိုင်ဖျစ်ညှစ်ကာ အဝတ်ဖွပ်သလို ကိုင်ဆောင့်ချလိုက်ချင်နေသည်။

"မနက်ဖြန်ညနေကျရင် ဒါမျိုးလေး ဝတ်လာမယ်နော်"

ဟု ငှက်ကလေးက ပြော၏။ နင့်ဟာနင် ဘာဝတ်ဝတ်ကွာ. . .





တောက်. . . စောက်ကောင်မလေး။ အခုနေ နင့်အဖေကြီးများ ရောက်လာပြီး မိသွားလို့ကတော့ ငါတို့နှစ်ယောက်စလုံး အသေပဲ ဆိုတာများ နည်းနည်းမှ မစဉ်းစားဘူးလား။

"ဝတ်ပါ. . . ဝတ်ပါ"

သူက စိတ်မရှည်စွာပြောရင်း ကောင်မလေးကို ကုပ်မှ ကိုင်၍ ဆွဲမထုတ်ရုံတစ်မည် တွန်းတွန်းထိုးထိုးလုပ်ကာ အခန်းအပြင်ဘက် ရောက်အောင် ပို့လိုက်သည်။ ဦးတင်ကြည်ကြီး တက်လာနေပြီလားဟုလည်း လှေကားဆီ လှမ်းကြည့်ရသေး၏။ အင်း. . . တော်ပါသေးရဲ့။

မိန်းမတွေ၏စိတ်ကို သူ အံ့ဩမိသည်။ တစ်ခါတလေမှာ ထင်မထားရဲလောက်အောင်ကို မိုက်မဲတာပဲဟု အောက်မေ့မိ၏။ အခုပဲကြည့်. . . ဒီအဝတ်အစား ဒီကျစ်ဆံမြီးကလေးအကြောင်း ပြောဖို့လောက်ကို အရေးတကြီးလုပ်ပြီး သူ့ဆီ လာတွေ့သည်။ ဘာမှ အဓိပ္ပာယ်မရှိ။ သူ့မ အဖေ သိသွားလျှင် တကယ့်ပြဿနာ။ ဒါလောက်ကလေးတောင် မစဉ်းစားတတ်ဘူးလားဟု သူ မချင့်မရဲ တွေးမိ၏။

မိန်းမတွေကို ဘယ်လို သတ်မှတ်ရမလဲ။ အချစ်နဲ့ ပတ်သက်ရင် စွန့်စားတယ်လို့ ပြောရမလား။ အင်း . . . စွန့်စားသည်ဆိုလျှင်လည်း တော်တော်ကို ရှေ့မကြည့် နောက်မကြည့် (ဦးနှောက်လည်း သိပ်မရှိစွာ) စွန့်စားခြင်းမျိုး ဖြစ်ပေလိမ့်မည်။

●

မြို့တံခါးဝတွင် ရပ်မိလျှင် ရပ်မိချင်း 'ကလင်. . . ' ခနဲ မြည်သော ဆိုက်ကားခေါင်းလောင်းသံကို ကြားရသည်။ တံခါးကို ပြန်စေ့နေရာမှ သူ လှည့်ကြည့်လိုက်၏။ အား. . . စန်းလွင်။ သူ ဘီလူးအကြောင်း ပြန်သတိရစပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က တစ်ညနေလုံးလုံး ချိုချိုသင်းလှဲ့ရည်ဆွေနှင့် စကားတွေ ပြောကာ ရယ်ကာ ပြုံးကာ ချောင်းကမ်းစပ်တွင် လမ်းလျှောက်ကာ (အပေါ စား ရုပ်ရှင်ကား တစ်ကားထဲမှ ဇာတ်ကွက်တစ်ကွက်ဆန်ဆန်) ကြည်နူး ရင်ခုန်ရင်း အချိန်ကုန်ပစ်လိုက်သည်ကို နှမြောသလိုလို ခံစားရ၏။

အား. . . ဘီလူးကိစ္စကို ငါ လုံးလုံးမေ့နေခဲ့တာပဲ။

တကယ်ဆိုလျှင် ဘီလူးကို စောင့်ဖမ်းဖို့ ကင်းစောင့်ဖို့၊ ကာကွယ် ဖို့ ကိစ္စများကို အခုအချိန်တွင် စဉ်းစားထားပြီးသား ဖြစ်နေသင့်ပြီ။ အခု နေ. . . စန်းလွင်တို့က မေးလျှင် ငါ ဘယ်လိုပြောမလဲ။ အို. . . အဆင်ပြေ သလို ကြည့်ပြောလိုက်ရုံပေါ့။ ဘာတတ်နိုင်မလဲ၊ ငါကိုက ညံ့တာပါ။ ယောကျ်ားကောင်းဆိုတာ မိန်းမ ရင်ငွေ့နဲ့ ချက်မှ ကျက်တဲ့ ဟင်းတစ်ခွက် မဖြစ်စေရဘူး။

တွေးရင်းနှင့် သူ့ရင်ဘတ် ကျယ်ပြန့် ဆန့်ကားလာသလိုလို အောက်မေ့မိသည်။ ကြည့်စမ်း. . . ယောကျ်ားပီသလိုက်ပုံများ။ သူ လမ်း လျှောက်ပုံသည် တောင့်တောင့်မတ်မတ် ဖြစ်လာ၏။ ဒီမြို့ကလေးကို ငါ ကယ်တင်ရမယ်။

"ဩော်. . . စန်းလွင် ဆိုပါဦးကွ. . . ဘာထူးသေးလဲ"

ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ပါသော လေသံဖြင့် လှမ်း မေးလိုက်၏။ သူ လတ်ဆတ်နေလေသည်။

စန်းလွင်က ဆိုက်ကားပေါ်တွင် သူ့အတွက် ထိုင်စရာ ခုံနေရာ ပြင်ပေးသဖြင့် သူ တက်ထိုင်လိုက်၏။ အင်း . . . ဒီကောင်လေးတော့ သူ စိတ်ကူးယဉ်ထားတဲ့ အကြံဉာဏ်ရပ္ပတွေ လာပြောတော့မှာပဲဟု သူ တွေးလိုက် မိသေးသည်။ ဆိုက်ကားဘီး တစ်လိမ့် နှစ်လိမ့် စထွက်၏။ စန်းလွင်က. . .

"မြကျွန်းသာ လက်ဖက်ရည်ဆိုင်မှာ အားလုံးဆုံဖို့ ချိန်းထားကြ တယ် အစ်ကို"





"ဟ. . . ဘာလဲကွ၊ အားလုံးဆိုတာ ဘယ်သူတွေလဲ"

"အားလုံးဆိုတာ အားလုံးပဲပေါ့ အစ်ကိုရာ။ ဟိုနေ့ညက အစ်ကို လက်ဖက်ရည်ဆိုင်မှာ ဆုံတဲ့ ကိုထွန်းစန်းတို့၊ ကိုထိုက်တို့လည်း ပါတယ်။ မနေ့က ကျွန်တော်နဲ့ အတူတူထိုင်နေတဲ့ ကိုညွန့်ဟန်တို့၊ ကိုဇော်မောင် တို့ ရန်အောင်စိုး တို့လည်း ပါတယ်။ အားလုံးပါပဲ. . . ဘီလူးဖမ်းမယ့် အစီအစဉ်ကို တိုင်ပင်ဖို့ပေါ့။ လူကုန်ပဲ။ ဒီနေ့ နေ့လယ် တစ်နာရီ ချိန်း ထားတာ"

သူ အနည်းငယ် အံ့ဩသွား၏။ မြန်လှချေလား။ သူ့အထင်တော့ မနေ့က သူ ပါးစပ်ထဲ တွေ့ရာလျှောက်ပြောခဲ့သည့် အစီအစဉ်များကို စန်းလွင်က ဆိုက်ကားတစ်စီးဖြင့် တစ်မြို့လုံးပတ်ကာ သတင်းဖြန့်ပုံရသည်။

သေချာအောင် ထပ်မေးကြည့်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

"ဘယ်လိုလုပ်ပြီး ဒီအစီအစဉ် ဖြစ်သွားတာလဲ၊ မြန်လှချေလား"

စန်းလွင်က သူ့အမေးကို ပြန်မဖြေအားသေး။ ရှေ့တွင် တွေ့ရ သော ချိုင့်ခွက်နှင့်လွတ်အောင် ဆိုက်ကားကို ဘယ်ဘက်သို့ ခပ်ယိမ်းယိမ်း ဆွဲရင်း ရှောင်သည်။ လမ်းက အတော်ပျက်နေပြီ။ ချိုင့်တွေ ခွက်တွေ အတော်များ၏။

"အားလုံးက အစ်ကိုပြောတဲ့ အစီအစဉ်ကို စိတ်ဝင်စားနေတာ အစ်ကိုရ"

"ဘာကိုလဲ. . ."

"အားလုံးစုပြီး ဘီလူးဖမ်းဖို့၊ နည်းလမ်းတစ်ခုခု တိုင်ပင်ဖို့၊ စနစ် တကျ တာဝန်ခွဲပြီး လုပ်ဖို့ပေါ့။ အဲဒီလို လုပ်သင့်နေတာ ကြာပြီ အစ်ကို ရ. . ."

သူ ခေါင်းညိတ်ပြလိုက်၏။ ဒါဆိုလည်း ဘာဖြစ်လို့ စောစော ကတည်းက မလုပ်တာလဲဟု မေးချင်သော်လည်း မမေးဖြစ်။ 'ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြုပြီးမှ ဒီလိုအစီအစဉ် ပေါ်လာရတာကွ'ဟု ဂုဏ်ယူဝင့်ကြွားသလိုမျိုး လေသံပါသွားမည်စိုးသောကြောင့် ဖြစ်၏။ (တကယ်လည်း သူ့စိတ်ထဲတွင် အနည်းငယ် ဘဝင်မြင့်ချင်သလိုလို ဖြစ်နေသည်) စန်းလွင်က. . .

"ဘာပဲပြောပြော အစ်ကို့ကို ကျေးဇူးတင်ရမှာပဲ။ တခြားနယ်က လာတဲ့ သူစိမ်းဆိုတော့ အားလုံးက နည်းနည်းဖြစ်ဖြစ် အထင်ကြီးချင် မျှော်လင့်ချင်ကြတာချည်းပဲလေ။ အဲဒီအရှိန်လည်း ပါတာပေါ့"

သူ ပြန်စိတ်ပျက်သွား၏။ ငါ့ကို တကယ် လေးစား အားကိုးတာမှ မဟုတ်ဘဲဟု တွေးမိသောကြောင့် ဖြစ်သည်။ ဧည့်သည်ဆိုတဲ့ သဘောအရ ဘာမှန်းမသိဘဲ အရှိန်အဝါရှိနေတာမျိုးပဲ ဟူသော အသိစိတ်ကြောင့် စောစောက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေချင်စိတ်က ရှက်သွား၏။

●

သူနှင့် စန်းလွင်တို့ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်ကြသည်။ လူခုနစ်ယောက် ရှစ်ယောက်ခန့် ရောက်နှင့်နေကြပြီးသည်ကို တွေ့လိုက်ရ၏။ အများစုက သူနှင့် ဆုံဖူးသူများပင် ဖြစ်သည်။ ကိုထွန်းစန်း၊ ကိုထိုက်ဝင်းနောင်၊ ကိုညွန့်ဟန်နှင့် ရန်အောင်စိုးတို့ကို သူ ကောင်းကောင်းမှတ်မိသည်။ ကျန်သုံးယောက်ကို မသိ။

တစ်ယောက်က အသက်အတော်ကြီးပြီ။ လေးဆယ်ကျော် ဟုခန့်မှန်းရ၏။ ထိုသူ့ဆံပင်က ကောက်တိကောက်ကွေး။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ငုတ်စိများကလည်း မသပ်မရပ် ထိုးထိုးထောင်ထောင်။ အင်္ကျီရင်ဘတ်ပေါ်တွင် ဘာမှန်းမသိသော တံဆိပ်တစ်ခု ထိုးထား၏။

နောက်တစ်ယောက်က အသား အတော်မည်း၏။ မျက်လုံးပြူးပြူး၊ စကားကို ခြေဟန်လက်ဟန်နှင့် မျက်စိနောက်လောက်အောင် ပြောနေသည်။





နောက်ဆုံး တစ်ယောက်က အရပ်ရှည်ရှည်၊ ကလန်ကလားနှင့်၊ မျက်လုံးက ကျီးကြည့်ကြောင်ကြည့်၊ မုန့်လုစားခံရမှာစိုးနေသော ကလေးတစ်ယောက်၏ ပြူးတူးပျာတာ အကြည့်မျိုး။

ကိုထွန်းစန်းက ပြုံးပြပြီး. . .

"လာလေ"

ဟု လှမ်းခေါ်သဖြင့် ကိုထွန်းစန်း ဘေးတွင်ပင် သူ ဝင်ထိုင်ဖြစ်၏။

ထိုအချိန်တွင် အသေးလေး ရောက်လာပြီး သူ့ကို ကျန် သုံးယောက်နှင့် မိတ်ဆက်ပေး၏။

"အစ်ကို. . . ဒါက ဆရာဦးသက်နောင်"

ဪ. . . ရင်ဘတ်မှာ တံဆိပ်နဲ့ လူကြီး။ ထိုလူက ရင်ခွင်ထဲတွင် လွယ်အိတ်ကို ကျစ်ကျစ်ပါအောင် ပိုက်ကာ ကုန်းကုန်းကွေးကွေး ကလေး ထိုင်နေရာမှ လက်တစ်ဖက် ဆန့်ပေးပြီး နှုတ်ဆက်၏။ သူကတော့ ထိုသူ့ကို ဘာဖြစ်လို့ ဆရာတပ်ခေါ်ရသလဲ ဆိုသည်ကို စဉ်းစားနေမိသည်။

"ဒါက ကိုကိုမြင့်. . ."

အသားမည်းမည်း၊ မျက်စိပြူးပြူးနှင့် လူက ပြုံးပြ၏။ ဪ. . . ကိုကိုမြင့် ဆိုတဲ့ နာမည် ငါ ကြားဖူးသားပဲ။ ဟို. . . ကင်းစောင့်တဲ့ညက။ သူ ပြန်ဆက်စပ်တွေးကြည့်သည်။ ထိုသူက အတော်စကားပြော အားသန်ပုံရသည်။ ကျွန်တော်. . . ကိုကိုမြင့်ပါ ဟု ပြောရုံနှင့် မပြီးသေးဘဲ သူ့ကို ခင်ဗျား ကိုရဲနဲ့ သိလား၊ ကိုဇော်မြင့်နဲ့ သိလား၊ ဟိုလူ ဒီလူနဲ့ သိလားဆိုသည့် မေးခွန်းများကို နာမည်တွေ တစ်ခုပြီးတစ်ခု ရွတ်ပြကာ မေးသည်။ သူ စိတ်ညစ်လာ၏။ အား. . . ဘယ်သူတွေလဲ၊ သူ့ဆွေမျိုးတွေလား. . . သူနဲ့ ရည်းစားလုဖက်တွေလား. . . ငါနဲ့ ဘာဖြစ်လို့ အတင်းဆွေမျိုးစပ်ချင်နေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်တိုတိုဖြင့် မသိဘူးဟုချည်း ပြောပစ်လိုက်သည်။ ဘယ့်နှယ်ပါလိမ့်. . . ဒီမြို့ကို ငါရောက်တာဖြင့် သုံးလေးရက်ရှိသေးတာ၊ အဲဒီနာမည်တွေ ဘယ်လိုလုပ် သိပါ့မလဲ။ သိတော့ကော ဘာလုပ်လို့ရတာမှတ်လို့။

ကိုကိုမြင့်ကတော့ အားရပါးရ ဆက်ပြောနေပြန်သည်။ အားမာန်ပါပါ ပြောလိုက်သည့်အခါများတွင် မျက်လုံးက ပို၍ ပြူးလာသည်ဟု အောက်မေ့ရ၏။ အင်း. . . ဒီလူ စိတ်ဓာတ်တက်ကြွပုံက မျက်လုံးနဲ့ပြတာကိုး ဟု သူ မှတ်ထားလိုက်သည်။

စကားစပြတ်သွားစေရန် နောက်တစ်ယောက်ဘက် လှည့်လိုက်သည်။ ကိုင်း. . . ဒီရှည်မျော့မျော့ ငတိက ဘယ်သူပါလိမ့်။ ထိုသူက အသေးလေး မိတ်ဆက်ပေးသည်ကို မစောင့်ဘဲ ကိုယ်တိုင်. . .

"ကျွန်တော့်. . . ကျွန်တော့်နာမည် ထွန်းလင်းဦး ပါ"

ဟု မိတ်ဆက်၏။ ကျွန်တော့်. . . ဟူသော စကားလုံးကို နှစ်ခါထပ်ပြောမှန်း သတိထားလိုက်မိသည်။ စကားထစ်တာကတော့ ဟုတ်မည်မထင်။ သို့သော် စကားမပြောခင် သူ့နှုတ်ခမ်းတွေက တဆတ်ဆတ်လှုပ်ကာ အရှိန်ယူရပုံကို ကြည့်ရင်း ထို ငတိကိုယ်စား နားထောင်သူက စိတ်မောရ၏။

"ကဲ. . . လူစုံပြီ မဟုတ်လား"

ကိုညွန့်ဟန်က စပြောသံ ကြားရသည်။ ကိုကိုမြင့်က မျက်လုံးတစ်ချက်ပြူးလိုက်ရင်း. . .

"နေဦး. . . ကိုကျော်စိုး မလာသေးဘူး"

"အဲဒီလူက အချိန်ကို ဘယ်တော့မှ မလေးစားဘူး၊ အမြဲတမ်းနောက်ကျတယ်"





ထွန်းလင်းဦးက ပါးစပ်ကလေး ဟကာ ဟကာဖြင့် အားယူပြော၏။

"ကမ္ဘာကျော်မယ့်လူတွေထဲမှာ ဒီကောင် မပါနိုင်တော့ဘူးကွ"

ကိုထွန်းစန်းက ပြောရင်း ရယ်သည်။ ကျန်သူများကပါ ဝိုင်းရယ်ကြ၏။ သူတို့ချင်း ပြောနေကျ ဟာသ ဖြစ်ပေလိမ့်မည်။ သူကတော့ ဘာမှန်း နားမလည်လိုက်သောကြောင့် မရယ်ရ။

"ကဲ. . . ဒီတော့ စောင့်မနေတော့ဘူး။ ဒီလူတွေနဲ့ပဲ စဆွေးနွေးလိုက်ကြတာပေါ့"

ဦးသက်နောင်က တိုက်တွန်းသံဖြင့် ပြော၏။

အားလုံး ခဏငြိမ်ကျသွား၏။ သူ့စိတ်ထဲတွင် ဘယ်လို စကြမှာပါလိမ့်ဟု သိချင်နေသည်။ နမော တဿ သုံးကြိမ် ရွတ်ပြီးတော့ပဲ စမှာလား၊ အခုအချိန်ကစပြီး စတင်လိုက်ပါပြီ ခင်ဗျားဟု အော်ကာ လက်ခုပ်တွေ တီးရင်းစမှာလား၊ ကိုင်း. . . စလိုက်ကြရအောင်ဟုဆိုကာ တရားနာသီလတောင်းသည့်ပုံစံမျိုးဖြင့် တိုးတိုး တိုးတိုး စမှာလား။ ကဲ. . . ဒီလူတွေ ဘာလုပ်နေကြတာတုံး။

စတင်ရန် တိုက်တွန်းသူ ဦးသက်နောင်က ပြောပြီးသည်နှင့် ဘာမှမဆိုင်တော့သလိုမျိုး ထိုင်ခုံအပုလေးကို မရွေ့ကာ သူနှင့် ကိုထွန်းစန်းတို့ဘေးနား ပြောင်းထိုင်သည်။ သူနှင့် ဦးသက်နောင်တို့ ပခုံးချင်း ထိလျက်အနေအထား ဖြစ်သွား၏။

သူက ကိုထွန်းစန်းဘက် စောင်းငဲ့ကြည့်ရင်း. . .

"ဘယ်သူက စပြောမှာလဲ၊ အစီအစဉ် ဘယ်လိုလုပ်ထားလဲ"

ကိုထွန်းစန်းက. . .

"ထားလိုက်စမ်းပါ. . . ညွန့်ဟန် လုပ်ပါလိမ့်မယ်။ ဒီငနဲက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမျိုးမှာ အပိုင်ပဲ။ နောက်ပြီး သုံးလို့ရတာလည်း ဒီတစ်နေရာပဲ ရှိတယ်။ မယုံရင် ကြည့်. . ."

ဟု ရယ်ရင်းပြော၏။

တကယ်ပင် ကိုညွှန့်ဟန်က မတ်တတ် ထရပ်သည်ကို တွေ့ရသည်။ ကိုထွန်းစန်းက သူ့နားနား ကပ်၍ တိုးတိုးကလေး. . .

"ကဲ. . . ကျွန်တော် မပြောလား။ ညွှန့်ဟန် လုပ်ပါလိမ့်မယ်ဆို။ သူက မူလတန်းလောက်ကတည်းက အတန်းထဲမှာ ဘုရားရှိခိုးရင် ဩကာသတို့. . . ဘာတို့ တိုင်ပေးနေကျ။ ရပ်ကွက်ထဲမှာ 'အိမ်က မယားကြီး စိန်နားကပ်ပန်ရန် အလှူခံပါတယ် ခင်ဗျား' တွေ ဘာတွေ အော်ရဟစ်ရရင်လည်း သူ ရှေ့ဆုံးကပဲ"

ဟု ပြောသည်။ သူနှင့် ကိုထွန်းစန်းတို့ နှစ်ယောက်တည်း ကျိတ်၍ ရယ်ဖြစ်ကြ၏။

ထိုအချိန်တွင် ကိုညွှန့်ဟန်က ဟန်ပါပါဖြင့် အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး လည်ချောင်းရှင်း၏။ နောက်. . .

"အခု အားလုံးစုပြီး ဆွေးနွေးကြတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ မြို့မှာ ညဘက် ညဘက် မိန်းကလေးတွေကို ဘီလူးဝင်စားတဲ့ကိစ္စ. . . အဲဒါကို ကျွန်တော်တို့ အစီအစဉ်တစ်ခု အသေအချာဆွဲပြီး တာဝန်ခွဲယူကြဖို့ပါ။ ဒီအစီအစဉ်မှာဆိုရင်. . "

"ကိုညွှန့်ဟန် ခင်ဗျားကလည်း ကြီးကြီးကျယ်ကျယ်ဗျာ၊ မတ်တတ်တွေ ဘာတွေ ရပ်ပြောစရာ မလိုပါဘူး။ တကယ့် အစည်းအဝေးကြီးမှ မဟုတ်တာ၊ ဒီမှာ လူက ဆယ်ယောက်လောက်ပဲ ရှိတဲ့ဟာကို"

ကိုထိုက်က စိတ်မရှည်သလို ပြော၏။ ထွန်းလင်းဦးကလည်း ကမန်းကတန်း ပါးစပ်အရှိန်ယူကာ 'ဟုတ်တယ် ဟုတ်တယ်' ဟု ပြောသည်။





ကိုညွှန့်ဟန်က အောင့်သက်သက် ဖြစ်သွားကာ မထိုင်ချင် ထိုင်ချင်ဖြင့် ပြန်ထိုင်လိုက်ရသည်။ စောစောက ပြောလက်စ စကားကလည်း ပြတ်သွားသောကြောင့် ဘာဆက်ပြောရမည် မသိ။ သည်အတိုင်း ငူငူကြီး ဆက်ထိုင်နေ၏။

သူက အစီအစဉ်လမ်းကြောင်းပေါ် ရဲ့ စကားစပေးမည်ဟု စိတ်ကူးလိုက်သည်။ အင်း. . . ဘယ်ကစရမလဲ၊ ကင်းစောင့်တဲ့ အစီအစဉ်ကိုပဲ စပြောရင် ကောင်းမယ်၊ အရင်ဆုံး မိန်းကလေးငယ်ငယ်ရှိတဲ့ အိမ်တွေကို စာရင်းကောက်ဖို့ . . .၊ အဲဒီကိစ္စပြီးရင်. . .။

သူ စဉ်းစားနေစဉ်မှာပင်. . .

"ဟိုမှာ ကိုကျော်စိုး လာပြီ"

စကားသံကြောင့် လမ်းမဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။

အသားမည်းမည်း နှုတ်ခမ်းထူထူနှင့် လူတစ်ယောက် ခပ်သုတ်သုတ် လမ်းလျှောက်လာသည်ကို မြင်ရ၏။ အညာသားလို ပုံစံမျိုး ပေါက်နေသော်လည်း ပါဝါမျက်မှန်ထူထူအောက်မှ မျက်လုံးအစုံက ဂန္ဓာလရာဇ်မျိုးနွယ်လို ခပ်မှေးမှေး။

တရုတ်သွေး အနည်းငယ် စပ်ပုံရသည်။ အင်း. . . ငါ မြင်ဖူးသမျှထဲမှာတော့ ဒီလူဟာ အသားအမည်းဆုံး တရုတ်ပါပဲဟု သူ တွေးလိုက်မိ၏။

အဲသည် ကိုကျော်စိုး ဆိုသူက စားပွဲဝိုင်းထိပ်နားရှိ ကိုကိုမြင့်ဘေးတွင် ဝင်ထိုင်ရင်း သွားတွေ အဖွေးသားပေါ်အောင် ပြုံးပြ၏။ ရန်အောင်စိုးက. . .

"ခင်ဗျားကလည်း နောက်ကျလိုက်တာဗျာ"

အပြစ်တင်သံကိုလည်း ကိုကျော်စိုးက ဘာမှမတုံ့ပြန်။ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး 'ဆောရီးဗျာ' ဟူသော လောကဝတ် သဘော၊ ယဉ်ကျေးမှု သဘော တောင်းပန်စကားကိုပင် မဆိုချေ။

ကိုကိုမြင့်က ကိုကျော်စိုးကို. . .

"ဟေ့လူ. . . ခင်ဗျား စိတ်ကူးက ဘယ်လိုလဲ၊ ကျွန်တော်တို့က ဘီလူးကို အားလုံးစုပြီး ဖမ်းကြမလို့"

"အင်း . . . လုပ်လေ"

"မဟုတ်ဘူးလေ၊ ခင်ဗျားမှာ အစီအစဉ်ရှိရင် ပြောဖို့ တိုက်တွန်းတာ"

"ခင်ဗျားတို့ကော ဘယ်လို စိတ်ကူးထားလဲ"

"ဒါ အများနဲ့မှ ဖြစ်မှာဗျ။ အားလုံးကို စုရမယ်"

"ဟုတ်တယ်. . . ဟုတ်တယ်"

ကိုကျော်စိုးက ပြုံးရင်း ခေါင်းကို တဆတ်ဆတ်ညိတ်ကာ 'ဟုတ်တယ်'ဟူသော စကားကို တွင်တွင်ပြော၏။ ကိုကိုမြင့်က စကားကို တိုးတိုးဖြင့် (တစ်ချက် တစ်ချက်တွင် မျက်လုံးကို အားပါးတရ ပြူးကာ) ပြောသည်။ ကိုကျော်စိုးကလည်း ခေါင်းခါသည်ဟူ၍မရှိ၊ 'ဟုတ်တယ်' 'ကောင်းတာပေါ့' 'ကျွန်တော်လည်း ဒီလိုပဲ ထင်တယ်' 'လုပ်ပါ လုပ်ပါ' ဟူသော စကားလုံးများကိုသာ မထပ်ရအောင် သုံးရင်း ခေါင်းညိတ်မြဲ ညိတ်၏။

သူတို့နှစ်ယောက်တည်း ကျိတ်ကျိတ် ကျိတ်ကျိတ်-ဘာတွေ ပြောနေကြသည် မသိ။

ကိုထိုက်က. . .

"မြန်မာ ဘီလူးနဲ့ အင်္ဂလိပ်စာအုပ်တွေမှာ တွေ့ရတဲ့ 'Giant'လို့ ခေါ်တဲ့ ဘီလူး မတူကြဘူးနော်"

"ဟုတ်တယ်၊ မြန်မာဘီလူးက 'နတ်' ဆန်တယ်၊ ဘယက်နဲ့





ဒွါဒရာနဲ့၊ ဥရောပ ဘီလူးက သတ္တဝါ အကြမ်းစားမျိုးပဲ၊ အမွေးအမှင် ထူထူနဲ့ ကြီးကြီးမားမား လူပုံစံပဲ"

ဟု ကိုညွန့်ဟန်က ဝင်ပြော၏။ တစ်ချိန်လုံး ငြိမ်နေသော ရန်အောင်စိုးက. . .

"ဒါကတော့ ဘာသာပြန်တဲ့အပေါ်မှာလည်း မူတည်တာကိုး၊ ကိုယ့်အလေ့အထနဲ့ နီးစပ်တဲ့သတ္တဝါရဲ့ နာမည်ကိုပဲ ပေးလိုက်တဲ့သဘောပေါ့၊ ကိုယ့် ယဉ်ကျေးမှုထဲမှာ မရှိရင် ကိုယ်က ဘယ်သိနိုင်မလဲ၊ ဥပမာ 'Dragon' ကို 'နဂါး' လို့ ဘာသာပြန်တာ ကြည့်ပါလား။ တလွဲကြီး"

သူတို့ သုံးယောက်သား ဘာသာပြန် ဝေါဟာရများအကြောင်း ဆွေးနွေးကြသည်။

ဦးသက်နောင်က သူ့ပခုံးကို လှမ်းတို့ပြီး ပြော၏။

"ဒီအန္တရာယ်က မလွယ်ဘူးဗျ၊ အားလုံးစုပေါင်းပြီး လုပ်ကြမယ် ဆိုရင်လည်း တစ်ယောက်ကို တစ်ယောက် အသက်ပေးပြီး ယုံကြည်မှ ဖြစ်မှာ။ ကျွန်တော်တို့ လက်တွဲပြီး အလုပ်လုပ်လို့မဖြစ်ကြတဲ့ အကြောင်းရင်းက အဲဒါပဲ။ တစ်ယောက်ကိုတစ်ယောက် သံသယတွေ များနေတာ"

သူ စိတ်ဝင်စားသွားသည်။ ဘယ်လိုပါလိမ့်. . .။ ဘီလူးကို ကြောက်ရတာထက် ကိုယ်နဲ့ လည်ပင်းချင်း ဖက်ပြီး ထိုင်နေတဲ့သူကို ပိုကြောက်ရတာလား။ သည်မြို့ကလေးမှ လူများသည် တစ်စုံတစ်ရာထက် မက မှားယွင်းနေသည်မှာ သေချာ၏။

ဦးသက်နောင်က. . .

"ကျွန်တော်က ဒီမြို့သားမဟုတ်ရုံနဲ့ မသက်ာဖြစ်တယ်ဆိုတာတော့ လုံးဝ အဓိပ္ပာယ်မရှိဘူးဗျာ။ ခင်ဗျား စဉ်းစားကြည့်လေ၊ ဟောဒီမှာ ကျွန်တော့် ရင်ဘတ်က တံဆိပ်ကို ကြည့်စမ်းပါ။ ဒါ အကြိမ်ငါး ပြောက်



www.burmeseclassic.com

www.burmeseclassic.com



သွေးလှူရှင် တံဆိပ်။ ဒါ စွန့်လွှတ်မှုရဲ့ သင်္ကေတ။ ကျွန်တော်ဟာ အများအတွက်ဆိုရင် ကိုယ့်နှလုံးအိမ်ထဲက တစ်စက်စက်ကျလာတဲ့ သွေးကိုတောင်မှ ဖောက်ထုတ်ပေးရဲတယ်ဆိုတဲ့ သက်သေပဲဗျ။ ကျွန်တော့်ရဲ့ စွန့်လွှတ် အနစ်နာခံတဲ့ စိတ်ဓာတ်ကို မသင်္ကာ မဖြစ်စမ်းပါနဲ့ဗျာ။ နောက်ပြီး. . . ကျွန်တော် ရှင်းပြရဦးမယ် ဟိုဒင်းလေ. . .”

ဦးသက်နောင် ရှင်းပြနေသော စကားများကို နားထောင်ရင်း သူ့စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလာရသည်။ ဒီလူက ဘာလဲ. . . ဒီလူက ဘာလဲ. . .။

ထို့ကြောင့် ဆေးပေါ့လိပ်ဝယ်ရန် ကောင်တာဆီသို့ ဦးသက်နောင် ထအသွားတွင် ကိုထွန်းစန်းကို ခပ်တိုးတိုး မေးကြည့်လိုက်၏။

“ကိုထွန်းစန်း၊ ဘာဖြစ်လို့ ဦးသက်နောင်ကို လူတွေက ဝိုင်းပြီး မသင်္ကာဖြစ်ကြတာလဲ”

“မသိဘူးဗျ။ သူကတော့ အဲဒီလိုပဲ လူတိုင်းကို လိုက်ရှင်းပြနေတော့တာပဲ။ သူ ရောက်လာပြီးမှ ဒီမြို့က ကောင်မလေးတွေ ပျောက်သွားတာ တိုက်ဆိုင်မှု သက်သက်ပါပေါ့ဗျာ။ သူနဲ့ ဘီလူး ဘယ်လိုမှ အဆက်အစပ် မရှိပါဘူး. . . စသဖြင့်ပေါ့”

သူ ခေတ္တမျှ တွေပြီး စဉ်းစားနေလိုက်သည်။ နောက်မှ. . .

“နေဦး. . . ကိုထွန်းစန်းရဲ့။ သူ ဒီလောက် အရေးတကြီး လုပ်ပြီး လိုက်ဖြေရှင်းနေတာ အကြောင်းတစ်ခုခုတော့ရှိရမယ်ဗျ။ ကျွန်တော်တော့ သိပ်မသင်္ကာဘူး”

ကိုထွန်းစန်းက ရယ်လိုက်သည်။ နောက်. . .

“အားလုံးက အဲဒီလို ခံစားရတာချည်းပဲဗျ။ အစတုန်းက ဦးသက်နောင်ကို ဘယ်သူမှ မသင်္ကာမဖြစ်ကြဘူး။ နောက်ပိုင်း သူက အဲဒီလို





မသင်္ကာမဖြစ်ရအောင် လိုက်လိုက်ရှင်းပြတော့မှပဲ တကယ် မသင်္ကာ ဖြစ်သွားကြတာ”

ထိုစဉ် ဦးသက်နောင် ပြန်ရောက်လာသဖြင့် သူတို့ စကားပြတ်သွားကြ၏။

အသေးလေးက ဆေးလိပ်ဝယ်ပြီး ပြန်လာသော ဦးသက်နောင်ကို လှမ်းမေးသည်။

“ဆရာ. . . ပဉ္စာန်းကို မှန်မှန်ရွတ်ရင် မြေဘုတ်ဘီလူး၊ ပြိတ္တာ၊ တစ္ဆေတွေ မကပ်နိုင်ဘူးဆိုတာ တကယ်လား”

ဦးသက်နောင် တစ်စုံတစ်ခုကို အားရကျေနပ်ဟန်ဖြင့် စားပွဲခုံကို လက်ဖြင့် တဒေါက်ဒေါက် ခေါက်လိုက်ရင်း. . .

“အဲဒါ ပြောတာပေါ့ အသေးလေးရဲ့။ လူတွေက ဗုဒ္ဓဘာသာကို အတွေးအခေါ် တစ်ခုအနေနဲ့ မအောက်မေ့ကြဘူး။ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ လောက်ပဲ စိတ်ကူးကြတယ်။ ရမလားဗျာ။ ဘာဆိုင်လို့လဲ။ တံတွေးစင်တာပဲ အဖတ်တင်မှာပေါ့။ တကယ်တော့ ပဋ္ဌာန်းဟာ အင်မတန် ခမ်းနားတဲ့ အတွေးအခေါ်ဗျ။ ဒီမှာ ကျွန်တော် ရှင်းပြမယ်”

ဦးသက်နောင်က အားပါးတရ ရှင်းပြနေသည်။ ပါဠိတွေ ရွတ်လိုက်၊ အနက်ပြန်လိုက် လုပ်နေ၏။ တစ်ချက် တစ်ချက်တွင် စားပွဲခုံကို လက်ဖြင့် ပုတ်ပြီးပြောသည်။ ဦးသက်နောင် ကျွမ်းကျင်သော ဘာသာရပ် ဖြစ်ပေလိမ့်မည်။ ပြောရသည်မှာ အတော် လျှာအရသာရှိနေပုံပေါ်၏။

●

စားပွဲဝိုင်း ဟိုဘက်ထိပ်တွင် ကိုကျော်စိုးကို ကိုကိုမြင့်က တစ်စုံတစ်ရာ တိုးတိုးပြောနေ၏။ ကိုကျော်စိုးက ပြုံးလိုက်၊ ခေါင်းညိတ်လိုက်၊ တစ်ခွန်းစ နှစ်ခွန်းစ ထောက်ခံလိုက်နှင့်။ သို့သော် ခေါင်းထဲတော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပုံမပေါ်။ ကိုကျော်ဇိုး မျက်နှာက မင်းတို့လည်း လုပ်ချင်တာလုပ်၊ ငါလည်း လုပ်ချင်တာ လုပ်မယ် ဟူသော အမူအရာမျိုး ဖြစ်၏။ ကိုကိုမြင့်ကတော့ အားပါးတရ မျက်လုံးကို ပြူးကာ ပြူးကာ ပြောနေသည်။

●

စားပွဲအလယ်ဘက်တွင် ထွန်းလင်းဦး၊ ရန်အောင်စိုးနှင့် ကိုထိုက်တို့က ဘီလူး၏ ပုံသဏ္ဍာန်မည်သို့ ရှိနိုင်ကြောင်းကို စာအုပ်တွေ ကိုးကားကာ ငြင်းခုံနေကြ၏။

●

တစ်ဖက်အခြမ်းတွင် ကိုညွန့်ဟန်က ဝင်းနောင်နှင့် စန်းလွင်တို့ကို တစ်စုံတစ်ရာ ပြောပြနေသည်။

●

သည်ဘက်နားတွင် ဦးသက်နောင်က အသေးလေးကို ပဋ္ဌာန်းဒေသနာအကြောင်း ရှင်းပြနေ၏။

●

ကိုထွန်းစန်းက ထိုသူ အားလုံးကိုကြည့်ပြီး အတင်းကျိတ် ပြောကာ ရယ်သည်။

●

ဘာဆွေးနွေးပွဲကြီးလဲ. . . ဘာအစီအစဉ်မှ မရှိ၊ ဘာမှလည်း ဟုတ်တိပတ်တိ မတိုင်ပင်ကြ။ အပျင်းပြေ စကားစုပြောနေကြတာမျိုးပဲဟု သူ စတင် သတိရစပြုလာ၏။ ဘီလူးကို ဖမ်းမိအောင် ဘယ်လို ထောင်ချောက်ဆင်မလဲ။ ဘယ်လို လက်နက်မျိုးတွေ လိုအပ်မလဲ။ လူအင်အား ဘယ်လိုစုမလဲ။

ဘာမှ မဆွေးနွေးဖြစ်။ ကိုယ့်အစုနှင့်ကိုယ် ပြောချင်ရာပြောနေ





ကြသည်။ ဒီလိုပုံစံမျိုးနဲ့ ဘီလူးကို ဖမ်းမိမတဲ့လား။ သူ တွေးရင်း စိတ်ပျက်လာ၏။

ပျင်းပျင်းရိရိဖြင့် နာရီကို ကြည့်မိသောအခါ လေးနာရီ ထိုးခါနီးပြီဖြစ်ကြောင်း တွေ့ရသည်။

သူ ဝိုင်းမှ ထပြန်ချင်လာပြီ။

●

ထိုစဉ်မှာပင် ကိုထိုက်က ထရပ်လိုက်ပြီး. . .

"ကဲ. . . အားလုံးပဲ ကျွန်တော် သွားလိုက်ဦးမယ်"

"ဟာ. . . ကိုထိုက်ကလည်းဗျာ. . . နေစမ်းပါဦးဗျ၊ ဒီမှာ ဘာမှ မပြောရသေးဘူး"

ကိုကိုမြင့်က လှမ်းတား၏။ ကိုထိုက်က. . .

"မဖြစ်ဘူးဗျ၊ ကျွန်တော် ချိန်းထားတာ ရှိသေးတယ်၊ မနက်ဖြန်ကျမှ တွေ့ကြရအောင်ဗျာ"

ကျန်သူများကလည်း ပြန်ရန် ဟန်ပြင်ကြသည်။ သူလည်း ရောယောင် ထရပ်လိုက်၏။ အားလုံးက ပြန်ခါနီးကျမှ လာရင်းကိစ္စကို ပြောရန် သတိရသလို အားကြီးမာန်တက် ဖြစ်နေကြသည်။ မနက်ဖြန် အသေအချာ ပြောကြမယ်ဟုလည်း ကတိတွေ အထပ်ထပ်ပေးကာ ချိန်းကြ၏။

ကိုကိုမြင့်က စတိသဘောပဲဖြစ်ဖြစ် နည်းနည်းတော့ ပြောလိုက်ဦးမှ ဟူသည့် ပုံမျိုးဖြင့်. . .

"ဒီကိစ္စက အားလုံးပါဝင်ဖို့ လိုတယ်ဗျ"

ကျန်သူများကလည်း ပြီးပြီးရော သဘောဖြင့် ဟုတ်တယ်၊ ဟုတ်တယ်ဟု ခပ်ဝါးဝါးပြောကြသည်။ သူလည်း ရောယောင်ကာ ဝင်ထောက်ခံပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ . . . တခြားရပ်ကွက်က လူငယ်တွေနဲ့ပါ ကျွန်တော်တို့ တွေ့ပြီး ပြောဖို့ လိုလာပြီ။ ဟိုဘက်က ဝင်းကျော်တို့၊ တင်ကိုကို တို့။ နောက်ပြီး . . . ရဲထွန်းတို့ . . ."

ကိုထွန်းစန်းက . . .

"ဟော့ကောင်တွေ . . . ဝင်းကျော်ကိုတော့ ခေါ်မလာနဲ့ကွာ။ ဒီကောင် ပါလည်း လူများပြီး ပွဲစည်မှာ မဟုတ်ဘူး။ အရပ်ထဲမှာ အငြိမ့်က မှ လူရွှင်တော်လုပ်ဖို့ ခေါ်ချင်ခေါ်။ ဒီလောက် အရေးကြီးတဲ့ကိစ္စမှာတော့ မထည့်နဲ့"

ဒသနသစ် လက်ဖက်ရည်ဆိုင်တွင် တစ်ခါဆုံဖူးသော ပိန်ပိန်ရှည်ရှည်နှင့် ဝင်းကျော် ဆိုသူကို ပြန်မြင်ယောင်လာသည်။ ထိုသူနှင့် ကိုထွန်းစန်း သိပ်တည့်ပုံမရဟု သူ တွက်မိသည်။

ကိုကျော်စိုးက ပြုံးကာ ခေါင်းတညိတ်ညိတ် လုပ်နေ၏။ စပရိန်တပ်ထားသော အရုပ်တစ်ရုပ်နှင့် တူနေလေသည်။

●

'ပျက်ပြားသည်' ဟူသော စကားရပ်ကို သူ အခုမှ သေသေချာချာ နားလည်သလို ရှိလာ၏။ လောလောဆယ် ဆွေးနွေးပွဲ မပျက်ပါ။ သို့သော် 'ပြား' သွားပြီ ဖြစ်သည်။

လက်ဖက်ရည်ဝိုင်းမှ လူစုခွဲလိုက်ကြသောအခါ မှောင်ရီ ဝိုးဝါးစပြုနေပြီ ဖြစ်သည်။ သူ့ကို အသေးလေးက မေးသည်။

"အစ်ကို ဘယ်သွားချင်သေးလဲ"

"ငါ့ကို ထမင်းဆိုင် ပို့ပေးကွာ"

ထိုစဉ် သူတို့အနီးသို့ ခပ်သုတ်သုတ်ရောက်လာသော ကိုကျော်စိုးက လှမ်းပြော၏။





"နေနေ အသေးလေး၊ ညီ့သည်ကို ငါပဲ ထမင်းဆိုင် ခေါ်သွားလိုက်မယ်၊ သိပ်ဝေးတာမှ မဟုတ်တာ၊ မင်းက ကိုဝင်းကျော်ကို ဆိုက်ကားနဲ့ သွားခေါ် စမ်းကွာ၊ ပြီးရင် ငါတို့စားနေကျ ထမင်းဆိုင်ကို လိုက်ခဲ့"

အသေးလေးက 'ဟုတ်ကဲ့' ဟု မပီမသပြောရင်း ဆိုက်ကားကို တွန်းကာ တစ်ဘီးလှိမ့် နှစ်ဘီးလှိမ့်ဖြင့် အရှိန်ရကာမှ လွှားခနဲ ခုန်တက်ပြီး နင်းထွက်သွား၏။

သူနှင့် ကိုကျော်စိုးတို့ နှစ်ယောက် ကွဲကွဲအက်အက် ထိုးထိုးထောင်ထောင်ဖြစ်နေသော ပလက်ဖောင်းအတိုင်း အပေါက်မကျွံအောင် ရှောင်ရင်းရှားရင်း လျှောက်လာခဲ့ကြသည်။ ထိုသို့ လျှောက်လာရင်း ကိုကျော်စိုးက. . .

"ဒီမြို့ကလေးရဲ့ သတင်းကို ဘယ်က ဘယ်လို ကြားပြီး ရောက်ချလာရတာတုံးဗျ"

"သတင်းကြားလို့ တမင်လာတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အဖေကို လိုက်ရှာရင်းနဲ့ ရောက်လာတာပါ၊ အဖေက အိမ်က ဆင်းသွားလို့လေ"

"သြော်. . ."

ကိုကျော်စိုးက 'သြော်' ဟု တစ်ခွန်းတည်းသာ ရေရွတ်သည်။

ကိုကျော်စိုးက သူ့ပါဝါ မျက်မှန်ထူထူကို အဝတ်စဖြင့် ဖုန်သုတ်ရင်း. . .

'ဘာပဲဖြစ်ဖြစ်ပါဗျာ။ ခင်ဗျား ရောက်လာတာ ကျွန်တော်တို့မြို့ကလေးအတွက် ကံကောင်းတာပဲ"

တမင်မြှောက်ပြောသော စကားဖြစ်မှန်း သိသော်လည်း စိတ်ထဲမှာ အနည်းငယ် သာယာသလို ဖြစ်မိကြောင်း ဝန်ခံရပေလိမ့်မည်။ ကိုကျော်စိုးက ဆက်၍. . .



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားကို မြင်တာနဲ့ ကျွန်တော် အားကိုးမိတယ်ဗျာ၊ ဒီမြို့ကလေးအတွက် ခင်ဗျား လုပ်ပေးနိုင်တာမဘွ အများကြီးရှိတယ်၊ ပြီးမှ ကျွန်တော် အေးအေးဆေးဆေး ပြောပြမယ်”

အင်း. . . မြှောက်ပေးပြီးရင် ခိုင်းတဲ့ကိစ္စ လာတော့မယ်ဟု သူ တွက်ဆလိုက်မိ၏။ အဲဒါကိုက . . . ကိုကျော်စိုး၏ စရိုက်တစ်မျိုး ဖြစ်လေလိမ့်မည်။ ဘာမှပြန်ပြောမနေတော့။

ထမင်းဆိုင်အတွင်းသို့ လှမ်းဝင်လိုက်တော့သည်။

●

ညစ်ပတ်လိုက်တာ. . .။ စားပွဲခုံတွေ လက်သုတ်ပဝါတွေက မည်းညစ်ကာ စိုထိုင်းထိုင်း စေးကပ်ကပ် ဖြစ်နေကြသည်။ သောက်ရေခွက် ဟု ထင်ရသော ပလတ်စတစ်ခွက်တစ်လုံး၏ နှုတ်ခမ်းတွင် ကြေး(ကျိုး)များဖြင့် အကွက်လိုက် ဖြစ်နေသည်ကို တွေ့ရ၏။ ထမင်းစေ့ တစ်စေ့ နှစ်စေ့ ကပ်နေသည့်အပြင် ဆီများကလည်း ဝေ့နေသေးသည်။

ဘုရားရေ. . . အဲသည်လို ရေခွက်မျိုးနဲ့ ဘယ်လို သောက်ရပါ့မလဲ။ သူ ပျို့အန်ချင်စိတ် ပေါ်လာ၏။ တစ်ဆိုင်လုံးမှာ ပြတင်းပေါက်မရှိ၊ လေဝင်လေထွက် မကောင်း။ မှောင်မိုက်ကာ ပူစပ်စပ်၊ ညှီစို့စို့ နံစော်နေ၏။ ဆိုင်ထောင့်တွင် ယင်ကောင်တွေ အုံခဲနေသည့် ကြွပ်ကြွပ်အိတ် အစုတ်နှစ်လုံး သုံးလုံးကို တွေ့ရသည်။ စားကြွင်းစားကျန်များ၊ သားငါး ခုတ်ထစ် လှီးဖြတ်ရာ အညစ်အကြေး အပိုင်းအစများ၊ ပုစွန်ခေါင်းပုပ်များ ထည့်ထားပုံရ၏။

ပေရေ ညစ်ပတ်နေသော ထမင်းအိုး၊ ဟင်းအိုးများ တင်ထားရာ စင်ခပ်မြင့်မြင့်ကလေး၏ ထောင့်တွင် အစိမ်းရောင် အရက်ပုလင်းထဲ နှင်းဆီပန်း အနီရဲရဲတစ်ပွင့် ထိုးထားသည်ကို မြင်ရ၏။ ဈေးခေါ်လောက် အစီအရင်တစ်ခုဖြစ်မှန်း သူသိလိုက်သည်။ (သူ ဒီမြို့ကို ရောက်ကတည်းက ဈေးဆိုင်တိုင်းလိုလိုတွင် ‘ဥုံမဏိပဒ္မေဟုံ’ ဟူသော စာတမ်းနှင့် အနီရောင် နှင်းဆီပန်းထိုးထားသော အရက်ပုလင်းအစိမ်းကို မမြင်ချင်မှ အဆုံး တွေ့တွေ့နေရသောကြောင့် မျက်စိကျင့်သားရနေပြီ ဖြစ်၏)





ကြည့်စမ်းပါဦး. . . ဘယ်လောက်တောင် စဉ်းစား ဆင်ခြင်ဉာဏ် နည်းလိုက်ကြသလဲလို့။ သည်မြို့ တစ်မြို့လုံးက လူတွေ ရူးသွပ်နေကြပြီလား။ ရိုးရိုးသားသား ရူးသွပ်တာ မဟုတ်ဘဲ စီးပွားပျက်လို့ သွေးရူးသွေးတမ်း လျှောက်လုပ်နေကြတာလည်း ဖြစ်နိုင်သည်။

အင်း. . . အသုဘခေါင်း ရောင်းတဲ့ သုဘရာဇာ တစ်ယောက်ကများ အဲသည်လို ဈေးခေါ်တဲ့ လက်ဖွဲ့အစီအရင်တစ်ခုခုလုပ်ရင် ဘာဖြစ်လာမလဲ. .။

●

အတော်လေးကြာတော့ စန်းလွင်နှင့် အသေးလေးတို့ ဆိုက်ကားကိုယ်စီဖြင့် ရောက်လာကြသည်။ အသေးလေး၏ ဆိုက်ကားပေါ်တွင် ကိုဝင်းကျော်က ပုဆိုးကို ဒူးခေါင်းအထက်နားထိ ဆွဲတင်ကာ ထိုင်ရင်းလိုက်ပါလာ၏။

ကိုကျော်စိုးက လာလေဗျာဟု လှမ်းခေါ်သောအခါကို ဝင်းကျော်က အတော်ပဲ။ ငါလည်း ထမင်းမစားရသေးဘူးဟု ပြော၏။ အသေးလေးကတော့ အိမ်ပြန်စားမှ ဖြစ်မယ်ဗျို့၊ အမေ စောင့်နေလိမ့်မယ်ဟု ပြောကာ လက်ပြ နှုတ်ဆက်ပြီး ဆိုက်ကားကို နင်းထွက်သွားလေသည်။

ကိုဝင်းကျော်က ငါးဖယ်ဟင်း ရှိသေးသလားဟု လှမ်းမှာသည်။ ဟင်းအိုးများနောက်တွင် ထိုင်နေသော မိန်းမကြီးများထဲမှ တစ်ယောက်က မရှိတော့ဘူး၊ ဒီနေ့ လူကျလို့ အစောကြီးကတည်းက ကုန်သွားတာဟု ပြန်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက. . .

"ဒါဆို ဒီဆိုင် ရောင်းကောင်းပုံပဲ။ ဈေးခေါ် ယကြောက စွမ်းတယ် ထင်တယ်"

နှင်းဆီပန်းထိုးထားသော ပုလင်းအစိမ်းကို မေးငေါ့ပြပြီး သူတို့ ချည်း ကြားသာရုံ တိုးတိုးကလေး နောက်ပြောင်လိုက်သည်။ စန်းလွင် က. . .

"ယကြောစွမ်းလို့ မဟုတ်ဘူး အစ်ကိုရ။ ဒီဆိုင်က ဈေးသက်သာလို့"

ပြောရင်း ရယ်၏။ ကိုကျော်စိုးက. . .

"ဟုတ်တယ်ဗျ။ ဒီမြို့မှာ. . . ပိုက်ဆံကို ဘယ်ကနေ ဘယ်လိုရ နေမှန်း မသိတဲ့ လူတန်းစားကလည်း ဝယ်နိုင် ခြမ်းနိုင် သုံးဖြုန်းနိုင်တယ်။ ပိုက်ဆံရ ပြီးရောဆိုပြီး ဘာမှမတွေးဘဲ လုပ်တဲ့လူတွေကလည်း သူတို့ဟာ နဲ့ သူတို့ စားသာအောင် ရတယ်။ ပြောင်ပြောင်ရောင်ရောင် မနေရရင် သာ ရှိရမယ်။ အဲဒီလို အလုပ်ကြမ်းလုပ်တဲ့ လူတွေကမှ စားနိုင် သုံးနိုင်ကြ သေးတယ်။ အဲ. . . မရှိတာက ကျွန်တော်တို့လို လူလတ်တန်းစားတွေပဲ ဗျ။ ကျောထောက်နောက်ခံလည်း မရှိဘူး။ ပိုက်ဆံရ ပြီးရောဆိုပြီး လုပ်ရ အောင်ကလည်း ကိုယ့်ပညာတွေ အတွေးအခေါ်တွေက ခွင့်မပြုပြန်ဘူး။ ကြာရင်. . . လူလတ်တန်းစား မျိုးတုံးသွားတော့မှာ။ ဒါနဲ့ပဲ အခုလို ဈေးပေါပေါရတဲ့ ဆိုင်ကို ဝင်ဝင်တိုးနေရတာပဲ"

ကိုဝင်းကျော်က ချဉ်ပေါင်ရွက်ကြော်နှင့် ဆိတ်ကလီဇာဟင်း မှာလိုက်သည်။ အတင်းတိုက်တွန်းနေသောကြောင့် သူကလည်း ဟင်း တစ်ခွက် မှာဖြစ်၏။

တကယ်တမ်း ထမင်းဟင်းများ လာချသောအခါ သူ ဘယ်လို စားရမှန်းမသိ။ ထမင်းစေ့တွေက ကွမ်းတံတွေးတွေ အန်ဖတ်တွေနှင့်





ရောနယ်ထားသည့်ပုံမျိုး ဖြစ်နေ၏။ ဘုရားရေ. . . ဒါ ထမင်းမှ ဟုတ် ရဲ့လား။

ဟင့်အင်း. . . ဒါ ထမင်းယောင်ဆောင်ထားတဲ့ ခြေသည်းခွံ အပွဲ့အရွဲ့ အစအနတွေပဲ။

●

ကိုကျော်စိုးနှင့် ကိုဝင်းကျော်တို့က ထမင်းစားရင်း ခေါင်းချင်း ဆိုင်ကာ တတွတ်တွတ်ပြောနေကြ၏။ နေ့လယ်က ပြောခဲ့သောကိစ္စများ ကိုပင် ကိုကျော်စိုးက ပြန်ပြောပြနေပုံရသည်။ သူကတော့ အာရုံစိုက်ပြီး နားထောင်မနေနိုင်ဘဲ ဖြစ်နေ၏။ သည်ထမင်းကို ဘယ်လိုစားရပါ့မလဲ။ ထမင်းနှင့်ဟင်းကို ဟိုဘက်မွှေလိုက် သည်ဘက်နယ်လိုက်. . .၊ သူ့အာရုံ တွေ ပျံ့လွင့်နေ၏။

ထမင်းရောင်းသော မိန်းမကြီးနှင့် အခြား မိန်းမအဖော် နှစ် ယောက်တို့ ဖွာလောင် ဖွာလောင် ပြောနေကြသော စကားသံများကိုလည်း တစ်ချက် တစ်ချက် ကြားနေရသည်။ သူ အသေအချာကြည့်လိုက်တော့ ထမင်းဆိုင်မှာ ပန်းကန်ဆေးသော ဆယ့်လေးငါးခြောက်နှစ်အရွယ် ကလေး မလေးကပါ ထိုစကားဝိုင်းကို ငေးမော နားထောင်နေမှန်း တွေ့ရ၏။

မိန်းမကြီး နှစ်ယောက်က ကျန်သည့်တစ်ယောက်ကို သူတို့ ကြည့်ခဲ့သော ဗီဒီယိုဇာတ်ကား တစ်ကားအကြောင်း ပြန်ပြောပြနေခြင်း ဖြစ်သည်။ မင်းသား မင်းသမီး နာမည်များကို ကြားရသလောက် ဆိုလျှင် တော့ ခပ်ညံ့ညံ့ မြန်မာဇာတ်ကားတစ်ကားဖြစ်ဖို့ သေချာ၏။

"အဲဒီကားက သိပ်ကောင်းတာပဲဟယ်။ ငါဖြင့် ငိုလိုက်ရတာ"

"မင်းသမီး ဆံပင်စည်းတဲ့ဟာလေး သိလား၊ ပန်းဖွားလိုဟာမျိုး လေးလေ. . . အဲဒါ ငါ မနေ့က ဈေးထဲမှာတွေ့လို့ မေးကြည့်တော့သုံးရာ ငါးဆယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . အဲဒီမင်းသမီးက ဟိုဒင်းနဲ့ ယူတော့မှာ. . ."

"မင်းသားက ရယ်လည်း ရယ်ရတယ်။ အဲဒီကားက သိပ်ကောင်းတာပဲ နင်ကြည့်ဖြစ်အောင် ကြည့်"

အတော် ကိုးရိုးကားရားနိုင်သော စကားများကို နားထောင်ရင်း သူ စိတ်ရှိလက်ရှိ အသံကုန် အော်ဟစ်ပစ်လိုက်ချင်စိတ် ပေါ်လာသည်။ တောက်. . . ထမင်းက မျိုလို့မကျရတဲ့အထဲ။

အင်းပေါ့လေ. . . အသိဉာဏ် ကျဉ်းမြောင်းချို့တဲ့သော မိန်းမကြီးများ အပျင်းဖြေ အချိန်ဖြုန်းဖို့ရန် . . . နောက်ပြီး စိတ်ပုလင်း ခေါင်းချိုးခံထားရသည့် မြီးကောင်ပေါက်မလေးများကို မြူဆွယ်ဖို့ရန် ထုတ်လုပ်သော ပစ္စည်းများက သည်မြို့ကလေးတွင် အနုပညာယောင် လာဆောင်နေကြသည်။

ငိုလိုက်ကြ၊ ရယ်လိုက်ကြ၊ ချစ်ကြ၊ မုန်းကြ၊ အထင်လွဲကြ၊ စိတ်ကောက်ကြ၊ ပြန်ချော့ကြ၊ ချစ်သူနဲ့ ကွဲရ၊ မုန်းသူနှင့် ပေါင်းရ နောက်ဆုံး ချုပ်လိုက်လျှင် 'လင်ယူ မယားယူသည့်ကိစ္စ' ကို ၉၆ ပါးရောဂါ ပျောက်သည့် လျက်ဆားလို ရေနွေး၊ ရေအေး၊ ကွမ်းရွက်ဖြင့် အမျိုးမျိုး တိုက်နေကြရုံလောက်နှင့် အနုပညာကိစ္စ ပြီးနေကြ၏။

●

ပုရွက်ဆိတ်တောင်မှ ကိုယ်ခန္ဓာ အလေးချိန်ထက် ကြီးမားသည့် ဝန်ကို သယ်ပိုးနိုင်သေးသည်။ သည်မြို့ကလေးက လူတွေရဲ့ ဦးနှောက်ကတော့ ဘာဝန်ကိုမှ သယ်နိုင်ပုံ သယ်ချင်ပုံမရ။ ပုရွက်ဆိတ်လောက်တောင် အသုံးမကျတဲ့လူတွေပါလား။

●





ကောင်းပါတယ်လေ၊ ရုပ်ရှင်ကြည့်ပြီး မျက်ရည်တွေ ဘူးသီးလုံးလောက် ကျရတာကိုပဲ ခင်ဗျားတို့ ရင်သပ်ရှုမောကြပေဦးတော့။

●

အာတိတ်စက်ဝိုင်းထိပ် အစွန်းနှင့်တည့်တည့် အရပ်ဒေသမှာ နေထိုင်သူတို့သည် သန်းခေါင်ယံအချိန်တွင် နေထွက်သည်ကို မြင်ရသည်ဟု ဆိုသည်။ 'Midnight Sun' ဟု ခေါ်သည်ထင်၏။ သူ သိပ်မမှတ်မိတော့။

ဟောသည့် မြို့ကလေးသည် အာတိတ်စက်ဝိုင်း၏ ပခုံးပေါ်တည့်တည့်တွင် ရှိသည်။ ထို့ကြောင့် နေထွက်သည်ကို ကြည့်ဖို့ရန် သန်းခေါင်ယံ အချိန်ကို မျှော်ရပါဦးမည်။

နောင်ဘဝတွင် ဒီမြို့ကလေး၌ သူ တစ်ခုခုပြန်ဖြစ်ရမည် ဆိုပါစို့။ ဒီမြို့မှာ ဘုရားသခင် မဖြစ်လိုပါ။ ဘုရားကိုးဆူဆရာသာ ဖြစ်ချင်ပါတော့သည်။

"ကိုထွန်းစန်းက ခင်ဗျားကိုတော့ အတော် လေးစားတဲ့ပုံပဲ ကိုဝင်းကျော်ရဲ့။ နေ့လယ်ကတောင် ခင်ဗျားအကြောင်း ပြောနေသေးတယ်"

ကိုကျော်စိုး ပြောလိုက်သည့် စကားသံက နားရွက်ထဲ မတော်တဆ ဝင်လာ၏။ ဟာ. . . ဒုက္ခပါပဲ၊ မဟုတ်တာတွေ။ ကိုကျော်စိုး ဘာတွေ လျှောက်ပြောနေတာပါလိမ့်။

ကိုဝင်းကျော်နှင့် ကိုကျော်စိုးတို့ ခေါင်းချင်းဆိုင်ပြီး တတွတ်တွတ် ပြောနေရာဘက်ဆီ သူ အာရုံရောက်သွားပြန်သည်။ ကိုဝင်းကျော်က. . .

"ဟာ. . . ဒီကောင်နဲ့ ငါ မဖြစ်ပါဘူးကွာ။ ထွန်းစန်းက သူများကို သိပ်အပြစ်အနာအဆာတွေ ရှာချင်တဲ့ ကောင်။ ဒီကောင့် ခေါင်းထဲမှာ ဘယ်သူ့ကို ဘယ်လိုပြောလိုက်ရမလဲ ဆိုတာလောက်ပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပစေပေါ့ဗျ၊ ဘာဖြစ်လဲ။ တစ်ခါတလေ ကျွန်တော်တို့လည်း သူများ အတင်းပြောတာပဲ မဟုတ်လား။ နောက်ပြီး ကိုယ့်အကြောင်း အကောင်းချည်းပဲ အပြောခံချင်တဲ့စိတ်က သိပ်မဟုတ်သေးပါဘူး ကိုဝင်းကျော် ရာ။ မကောင်းပြောခံရတော့လည်း ဘာဖြစ်သေးလဲ။ ကိုထွန်းစန်းက အဲဒီအကျင့်တစ်ခုပဲ ဆိုးတာပါ"

ကိုကျော်စိုး ပြောနေသော စကားကို နားထောင်ရင်း သူ ဖြတ်မေးချင်စိတ်ပေါ်လာသည်။ တကယ်တော့ ကိုထွန်းစန်း ပြောတာတွေက မမှန်လို့လား။ ဟုတ်လည်း ဟုတ်နေတာပဲလေ. . .။

ကိုယ့်အပြစ် ကိုယ် ပြန်မြင်နိုင်သောအမြင် နည်းနည်းပါးပါး လောက် ဒီလူတွေမှာရှိလျှင် အခုလိုပြဿနာမျိုး မပေါ်နိုင်။

ကိုကျော်စိုးက. . .

"ကိုယ့်အကြောင်း မကောင်းပြောတဲ့လူတွေထဲမှာ ဂရုစိုက်စရာ လူသုံးမျိုးပဲ ပါတယ်ဗျ။ ပညာရှင်ရယ်. . . ကိုယ့်ရန်သူရယ်. . . ကိုယ်က ထိခိုက်နစ်နာအောင် လုပ်တာကို ခံရဖူးတဲ့လူရယ်. . . ဒီသုံးမျိုးပဲ။ ပညာရှင် ပြောတဲ့အထဲမှာ ကိုယ့်အတွက် ပညာယူစရာစကား ပါတတ်တယ်။ ကိုယ့်ရန်သူကတော့ ကိုယ့်အားနည်းချက်ကို အမြင်တတ်ဆုံးလူဗျ။ အဲဒီလူ ပြောတဲ့အထဲမှာ ကိုယ့်ဟာကွက် ကိုယ် ပြန်တွေ့ရတတ်တယ်။ ကိုယ်က ထိခိုက်နစ်နာအောင် လုပ်တာ ခံဖူးတဲ့လူက ပြောတာဆိုရင်တော့ အဲဒီလူကို ပြန်တောင်းပန်လိုက်ပေါ့ဗျာ။ ဒါပါပဲ။ ကျန်တဲ့လူတွေ ပြောတာတော့ ဂရုစိုက်မနေပါနဲ့"

ကိုဝင်းကျော်က ခေါင်းကို ခါယမ်း၏။

"မင်း မသိဘူး ကျော်စိုး၊ မလွယ်ဘူးကွ"

●





ဘီလူးကို ရင်ဆိုင်ပြီး ဖမ်းဖို့က သိပ်မခက်ခဲလှဘဲ ဒီလူတွေ အချင်းချင်း စေးစေးကပ်ကပ် ညီညီညွတ်ညွတ်ဖြစ်အောင် အရင်လုပ်နေရတာက ပိုခက်နေပါလားဟု သူ တွေးမိ၏။

ထိုအချိန်တွင် ကိုကျော်စိုးက စကားကို ချက်ချင်း ပြောင်းလိုက်၏။

"ဪ . . . ဒါနဲ့ ကိုဝင်းကျော် ဟိုတစ်ခါ ဝယ်လိုက်တဲ့ ကင်ဒိုစားကော။ အစစ်ဆိုတာလေ။ အေးဗျာ. . . အဲဒါ မနေ့က ကျွန်တော်တို့ မြကျွန်းသာမှာ ထိုင်ရင်း ပြောဖြစ်တော့ ကိုထွန်းစန်းက အတော်စိတ်ဝင်စားပုံရတယ်ဗျ။ သူ့ကို ပြကြည့်ပါလား"

ကိုဝင်းကျော်က ခဏကြာအောင် တွေနေပြီး. . .

"ဒီကောင်က ဒါမျိုးတွေ နားလည်မယ် မထင်ပါဘူးကွာ"

မပွင့်တပွင့် ပြော၏။ ကိုကျော်စိုးက. . .

"ဟာ. . . ပြဖြစ်အောင်သာ ပြလိုက်ပါဗျာ၊ သူလည်း မြင်ဖူးတယ် ရှိသွားတာပေါ့"

အတင်းတိုက်တိုက်တွန်းတွန်း ပြောသောအခါ ကိုဝင်းကျော်က ခေါင်းညိတ်၏။ ဒါဆို မနက်ဖြန် မြကျွန်းသာ လက်ဖက်ရည်ဆိုင်ကို နေ့လယ်လောက် လာခဲ့ဗျာ။ အဲဒီမှာ ဘီလူးကို ဖမ်းဖို့ အစီအစဉ်ပါ တစ်ခါတည်း တိုင်ပင်ကြမယ်. . . ဟု ချိန်းဆိုနေသံကိုပါ ကြားရသည်။

သူ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းမိလေသည်။

●

ထမင်းစားမည့်သူ နောက်ထပ် ငါးယောက် ခြောက်ယောက်ခန့် ထပ်ဝင်လာကြ၏။ အားလုံး အရက်မူးနေကြသည်။

ညစ်ပတ် ပေရေနေသော ခုံပေါ် ခြေပစ် လက်ပစ် ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ထမင်းဟင်းများ မှာသည်။ စကားတွေ ကြမ်းတမ်းရုန့်ရင်း ဆူညံစွာ ပြောကြ၏။ ထမင်းများ လာချသောအခါ မူးမူးနှင့် ဝရုန်းသုန်းကား စားကြပြန်သည်။

သူတို့ကို ကြည့်ရသည်မှာ ထမင်းစားနေသည်နှင့်မတူ။ မြေတူး မြေသယ် အလုပ်သမားတစ်ယောက် မြေကြီးခဲတွေကို ကျုံးထည့်နေပုံ မျိုးနှင့် တူနေ၏။ ထမင်းနှင့် ဟင်းများကို ဗရဗျစ် ရောနယ်လုံးထွေးကာ ပါးစပ်ထဲ ထိုးပစ်ကော်သွင်းနေကြသည်။

ဘယ်မှာလဲ. . . အရသာ၊ ထမင်းဟင်းဆိုသည့် အသိလည်း မရှိတော့။ သူက သူ စားနေသော ထမင်းပန်းကန်ကို ပြန်ငုံ့ကြည့်မိသည်။ ဟုတ်တယ်၊ ဒီလို ထမင်းဟင်းမျိုးကို ဘယ်လိုလုပ်ပြီး အရသာခံ ဝါးမျို နေဖို့ ဖြစ်နိုင်မှာလဲ။

ဒီမြို့က လူများ၏ 'ထမင်းစားနည်းအသစ်' ကို သူ ရှာဖွေတွေ့ရှိ ပြီ ဖြစ်သည်။ ထမင်းက ကြမ်းသည်ဖြစ်စေ၊ မာသည်ဖြစ်စေ ဘာမှဂရုစိုက် စရာ မလို။ အရက်ကို မူးအောင်သောက်ပြီး ပါးစပ်ထဲ ထိုးသွတ်ထည့်လိုက် ရုံသာ။ ဘာအရသာမှ လာမပြောနဲ့။

●

သည်မြို့ကလေး တစ်မြို့လုံးသည် အချိုရည်ကုန်အောင် ဝါးကာ စုပ်ယူပြီးမှ ထွေးချထားပစ်ခဲ့သော ပီကေ (ချွင်းဂမ်း) တစ်ဖတ်သာ ဖြစ် ၏။

သူကတော့ အဲသည် ပီကေဖတ်ကို ပြန်ကောက်ဝါးပြီး ပူဖောင်း မှုတ်ရန် ကြိုးစားနေသူ တစ်ယောက်သာ ဖြစ်နေလေသည်။

■



(၇)

အမှောင်တွေ ပိတ်ဆို့ကာထားသော လမ်းပေါ်သို့ ထွက်လာခဲ့ တော့သည်။

လေထုမရှိသော အဖုံးပိတ် သေတ္တာတစ်လုံးထဲ ဝင်ရပ်နေမိသူ တစ်ယောက်လို ခံစားရ၏။ ဟောသည်မြို့ကိုယ်တိုင်ကိုက မွန်းကျပ်နေ တာပါကွယ်. . .။ အမှောင်ထဲမှာ တီးတိုးစကားသံများ၊ ဝိုးတဝါး ရယ် မောသံများ၊ သို့မဟုတ် ရယ်မောသံဟု ထင်စရာကောင်းသော ငိုကြွေး သံများ။ အရက်ဖန်ခွက် နှုတ်ခမ်းချင်း တို့ထိလိုက်သံများ၊ မူးယစ် နောက်ကျိစွာ ဆဲရေးသံများ၊ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေသည့် ဝင့်သက်ချသံများ. . .။

အမှောင်သည် ပို၍ မှောင်ကျသွားလေသည်။

●

မီးပျက်နေတယ်ဗျ။ ဒီအတိုင်း ခင်ဗျား တည်းခိုခန်းဆီ ပြန်လို့ဖြစ် ပါ့မလားဟု ကိုကျော်စိုးက မေးသည်။ သူက ရပါတယ်ဟုသာ ပြန်ပြော

www.burmeseclassic.com



လိုက်၏။ စိတ်ထဲတွင်တော့. . . မီးလင်းနေလို့ကော ဘာထူးမှာလဲ၊ ဘယ်လိုနေနေ ရှာတွေ့စရာဆိုလို့ အမှောင်ပဲရှိတာ မဟုတ်လား. . . ဟု မေးခွန်းထုတ်နေမိသည်။

တကယ်တော့ မွေးလာကတည်းက မျက်လုံးတွေက မှောင်နေတာပါလေ. . .။

ကိုကျော်စိုးက. . .

"ဒါဆိုရင် ကျွန်တော် လိုက်မပို့တော့ဘူးဗျာ၊ မနက်ဖြန်ကိစ္စအတွက် လုပ်စရာတွေက များနေလို့ အခုလည်း ကိုထိုက်တို့ကို လိုက်ရှာပြီး တိုင်ပင်စရာရှိတာ တိုင်ပင်ရဦးမယ်"

BURMESE CLASSIC

သူက. . .

"ရတယ်. . . ရတယ် ကိစ္စမရှိဘူး၊ ကျွန်တော် ပြန်တတ်ပါတယ်"

ဟု ဖြေလိုက်သည်။ နောက်. . . ကိုကျော်စိုးနှင့် ကိုဝင်းကျော်တို့ ဆိုက်ကားပေါ် တက်ပြီး အမှောင်ထဲ တိုးဝင် ပျောက်ကွယ်သွားသည်ကို သူ ရပ်ငေးကြည့်နေလိုက်သည်။

သူတို့ ဝေး၍ ဝေး၍ သွားကြပြီ။ သူတို့က အမှောင်ကို ထိုးခွဲဖောက်ဝင်သွားသည်လား. . .၊ အမှောင်က သူတို့ကို ဝါးမျိုသွားသည်လား မသိ. . .။

●

သူကတော့ အလင်းရောင် ကင်းမဲ့သော လမ်းမပေါ်တွင် ခြေထောက်တွေဖြင့် တစ်စုံတစ်ခုကို ရှာဖွေနေလေသည်။ သူလည်း မြို့၏ အမှောင်ထဲတွင် တရွေ့ရွေ့. . .။

တကယ်တမ်း မှောင်ပြီဆိုမှဖြင့် ကိုယ်တစ်ယောက်တည်းပါလားကွယ်။

●





ဝါကြင့်ကြင့် ဖယောင်းတိုင်မီး မှိန်မှိန်ကလေးတွေ ထွန်းပြီး ရောင်းနေသော လမ်းဘေး အရက်ဆိုင်များကို မြင်ရသည်။ မပီမသ ဆဲရေးသံများ၊ ညစ်ညစ်ညမ်းညမ်း ပြောလိုက်သော စကားလုံးများ၊ ထွီခနဲ ကွမ်းဖတ်ကို ထွေးထုတ်လိုက်သူ တစ်ယောက်၏ အဆီပြန်နေသော မျက်နှာ၊ စုတ်ပြတ် နွမ်းရိနေသည့် မိန်းမတစ်ယောက်၏ နီကြင်ကြင် အပြုံး၊ ဆွဲလား ရမ်းလား လုပ်နေကြသော အရိပ်များ. . . ရန်ဖြစ်နေကြသလား မသိ။ အိုး. . . အမှောင်ထဲမှာတော့ ဘာမဆို ဖြစ်နေနိုင်တာပဲလေ။

သည်မြို့ကလေးရဲ့ ညတွေထဲမှာ လူတွေဟာ တိရစ္ဆာန်ဆန်တဲ့ ဝိညာဉ်မျိုးနဲ့ တစ်ပိုင်း ရှင်သန်နေကြတာပဲ. . . ဟု သူတွေးမိ၏။ သူတို့ အားလုံးသည် လူနှင့်မတူတော့၊ ဖုတ်ဝင်နေသည့် အလောင်းကောင်များ လက်ခြေကားယားဖြင့် သိစိတ်မဲ့စွာ ရှင်သန်ပုံမျိုး ညအမှောင်ကို ရိုင်းရိုင်းစိုင်းစိုင်း ဖြတ်သန်းနေကြ၏။ အနက်ရောင် ပုပ်ပုပ်ရနံ့တစ်ခုကို ရသည်။ ထိုင်းမှိုင်းစိုစွတ်နေသော ကြေကွဲမှု တိမ်ငွေ့များသည် မြို့ကျ ပိဆင်းကာ အရာ အားလုံးကို ဖုံးအုပ်ထားသည်ဟု ထင်မှတ်ရလေသည်။

အဲသည့် မှောင်ပုပ်နေတဲ့ ညထဲမှာ အရက်တွေ သောက်ကြ၊ ဟေးလားဝါးလား ဆူညံကြ၊ လက်ဖက်ရည်ဆိုင် ထိုင်ကြ၊ အဓိပ္ပာယ်မဲ့ ငေးမောကြ၊ ကြေကြေကွဲကွဲစကားတွေပြောကြ၊ သက်ပြင်းချကြ၊ ရယ်မောဟားတိုက်ပြီး ငိုကြွေးကြ၊ တိရစ္ဆာန်ဆန်ဆန် ရှင်သန် မူးယစ်ကြ. . . ဒါပါပဲ. . . အဲဒါပါပဲ. . .။

သည်မြို့ကလေးက လူတွေဟာ ည ညဆို အဲသည်လို ဘဝ တစ်ခြမ်းသေတွေကို လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တွေမှာ ဒေါသတကြီး အမှိုက်လို လာလာစွန့်ပစ်နေကြတာပေါ့။

●



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ကိုပဲ ယုံတော့မယ်၊
အရှက်မတက်ချင်ပါဘူး
ငှက်တွေ အသက်ရှူသံကြားကာမှ
ကိုယ်က သေဆုံးနေပါလားဆိုတာ
ပို. . . ပို . . . သေချာလာလို့ပါကွယ်. . .

●

တည်းခိုခန်းကို တစ်ခေါက် ပြန်မနေချင်တော့သောကြောင့် ကိုထွန်းစန်းတို့ ရှိမည့် လက်ဖက်ရည်ဆိုင်ဆီသို့ ထွက်ခဲ့၏။

သူ ရောက်သွားသည့်အချိန် အနည်းငယ် စောနေသေးသောကြောင့်လား မပြောတတ်။ ကိုထွန်းစန်းနှင့် ဦးသက်နောင်တို့ နှစ်ယောက်တည်းကိုသာ တွေ့ရ၏။ ဦးသက်နောင်က သူရဲကောင်းဝါဒ ကျင့်သုံးမှုကို လိုအပ်ကြောင်း ပြောနေသည်။ သူကပါ ဝင်ထိုင်ပြီး နားထောင်နေလိုက်၏။ ဦးသက်နောင်က. . .

"ဟောဒီမြို့က လူတွေက ကိုယ် သက်သာဖို့ ကိုယ် အဆင်ပြေဖို့လောက်ကိုပဲ ဦးတည်ပြီး အချောင်ခိုနေချင်တဲ့လူတွေဗျ။ အဲဒီလို နေထိုင်ရတာဟာလည်း အပြစ်တစ်ခုလို ဖြစ်နေမှန်း သူတို့ဘာသာသူတို့ သိကြတယ်။ အဲဒီမှာတင် အဲဒီအပြစ်ကို တစ်ယောက်ယောက်အပေါ် ပုံချဖို့ သူရဲကောင်းကို ရှာကြတော့တာပဲ"

အပူအပင် အကြောင့်အကြ ကင်းချင်ယောင်ဆောင်ထားသော မျက်နှာများဖြင့် သည်မြို့က လူတွေ ညညဆို လက်ဖက်ရည်ဆိုင် ထိုင်လိုက်၊ အရက်ဝိုင်းဖွဲ့လိုက် လုပ်နေနိုင်ကြရခြင်း၏အကြောင်းရင်းကို သူ နားလည်စ ပြုလာသည်။

ဟောသည်လိုပဲလေ. . . ဟောသည်လိုပဲ၊ ကြွက်စရာကောင်း





လောက်အောင် အားကိုးရာ မဲ့ကြ၊ အားကိုးရာ ရှာကြ၊ ကြောက်လန့်မှုကို ဖုံးကွယ်ပစ်လိုက်ဖို့ ရယ်မောကြ၊ သေရည်နဲ့ မူးယစ်ကြ။

ဘီလူးက ဟောသည်မြို့က မိန်းကလေးတွေ အားလုံးကို တစ်ယောက် မကျန် စားသွားပြီးတဲ့အထိ သူတို့ကတော့ ည အရက်ဆိုင်တွေ၊ လက်ဖက်ရည်ဝိုင်းတွေကနေ ကြောင်တောင် ထိုင်ငေးကြည့်နေကြရုံပဲ တတ်နိုင်မယ့်လူတွေပါ။

ဦးသက်နောင်က. . .

"အသိဉာဏ်မဲ့လွန်းတဲ့၊ သတ္တိနည်းလွန်းတဲ့ ဟောဒီမြို့က လူတွေ အားလုံးကို ဇိကုပ်ပြီး နတ်ပြည် အတင်းဆွဲတင်ဖို့ရာ သူရဲကောင်း တစ်ယောက်တော့ လိုကို လိုအပ်တယ်။ ခင်ဗျားတို့ အသေအချာ စဉ်းစားကြ။ မဟုတ်ဘူးလားဗျာ. . . . ဒီမြို့က လူတွေဟာ ပုံပြင်ထဲကလို သူတို့ကို လာကယ်တင်မယ့် တန်ခိုးရှင်တွေ၊ ရသေ့ဝိဇ္ဇာတွေ၊ ဝတ်ရုံကြီး တဖားဖားနဲ့ မြင်းဖြူတလွှားလွှား စီးလာမယ့် မင်းသားတွေကို မျှော်နေကြတာ. . ."

အဆုံးမဲ့ ကျယ်ပြော နက်ရှိုင်းသော အမှောင်ထုထဲမှ ဘာတွေ ထွက်ပေါ်လာမလဲ။ ဒီလူတွေကို နတ်ပြည်တင်ဖို့ ဓာတ်လှေကားတစ်စင်းများ ထွက်လာမလား။ ဇိတော့ ကုပ်ဆွဲ၍ရမည် မထင်ပါ။ ဒီလူတွေက ပစ်တိုင်းထောင်တွေ ဖြစ်နေကြပြီ။ (သူတို့ခန္ဓာကိုယ်မှာ ကုပ်စရာ နေရာ မရှိတော့)

ရောက်ရာဘဝမှာ ဖြစ်သလို လိမ့်နေတဲ့ အဲဒီ ပစ်တိုင်းထောင်လို လူတွေကို နတ်ပြည်တင်ဖို့ မလိုပါ။ ဂေါ်လီလိုရိုက်ပြီး ကျင်းစိမ်ဖို့သာ ကောင်းနေပါတော့သည်။

ဦးသက်နောင်က ဆက်ပြောနေသည်။

"အဲဒီ သူရဲကောင်းကို ကြည်ညိုကြလွန်းလို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ လူတွေက အဲဒီ သူရဲကောင်း ဦးဆောင်ရာကို လိုက်ကြလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ အဲဒီခေါင်းဆောင်ရဲ့လမ်းက မှန်နေရင် သူတို့ အကျိုး ခံစားရမယ်။ လမ်းက မှားသွားလို့ ဒုက္ခကြုံကြရမယ်ဆိုရင်လည်း အပြစ် ကို အဲဒီခေါင်းဆောင်ပေါ် ပုံချလိုက်ကြမယ်ဆိုတဲ့ စိတ်မျိုးနဲ့ဗျာ။ ကဲ. . . ကျွန်တော် ပြောချင်တာ အဲဒါပဲ"

ငါ့လိုပဲ သူလည်း အတော်ပြင်းပြင်းထန်ထန် စိတ်နာနေတာပဲဟု ဦးသက်နောင်ကို ကြည့်ရင်း သူ တွေးမိသည်။ သူက. . .

"ဟုတ်တယ်၊ ဆရာ ပြောတာမှန်တယ်လို့ ကျွန်တော်လည်း ထင် တယ်။ လူတွေက ကိုယ့်ကိုယ်ကိုယ် တာဝန်ယူချင်စိတ် ခေါင်းပါးလွန်း တာကိုး"

"ဟာ. . . ဘယ်ကမလဲ။ အပြစ်တင်ခံရမှာကိုပါ သေမလောက် ကြောက်ကြတာ။ ဒီလိုနဲ့ အချောင်လိုက်နေကြရော။ အဲဒီလူတွေ အသိ ဉာဏ် ရှိလာတဲ့အထိ ထိုင်စောင့်နေရင် တစ်မြို့လုံး ဘီလူးစားတာနဲ့ ကုန် လိမ့်မယ်။ ဒါကြောင့် ပြတ်ပြတ်သားသားလုပ်မယ့် သူရဲကောင်း တစ် ယောက် လိုတယ်လို့ ကျွန်တော် ပြောတာပေါ့"

ဟုတ်တာပေါ့. . . သူရဲကောင်း ဆိုသည်မှာ ဘာမှမဟုတ်လှ သည့်တိုင် ခပ်ညံ့ညံ့လူများ၏ ကိုးကွယ်မှုကို ခံယူဖို့အတွက်တော့ လိုအပ် ပါသည်။

အဖျင်းစား ကိုးကွယ် ပူဇော်မှုများ ထွန်းကားရာ ဟောသည့် မြို့ကလေးတွင် ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် အုန်းပွဲ၊ ငှက်ပျောပွဲ ရောင်း သူများ သူဌေး ဖြစ်နေကြရော့မည်။ (အကယ်၍ သူသာ နတ်တစ်ပါးပါး ဖြစ်ခွင့်ရမည်ဆိုလျှင် ရိုးရိုးနတ် မဖြစ်ချင်ပါ။ နတ်ဆရာဝန် ဖြစ်ချင်သည်။ အုန်းပွဲ ငှက်ပျောပွဲနှင့်ချည်း အပူဇော်ခံနေရသဖြင့် နတ်တွေအားလုံး အုန်းသီးစားပြီး ချောင်းဆိုးနေကြမှာ သေချာသောကြောင့် ဖြစ်သည်)





ထိုစဉ်. . . ကိုထွန်းစန်းက ခင်ဗျား ထမင်းစားပြီးခဲ့ပြီလားဟု စကားဖြတ်မေး၏။ သူက စောစောကတင် ကိုကျော်စိုးတို့နှင့် အတူတူ စားခဲ့သည့်အကြောင်း ပြန်ပြောပြလိုက်ပြီး. . .

"ကိုကျော်စိုးကတော့ မနက်ဖြန် အစည်းအဝေးလုပ်မယ့်ကိစ္စ တိုင်ပင်ဖို့ဆိုပြီး ကိုထိုက်တို့ဆီ ပျာပျာပျာပျာနဲ့ ထွက်သွားလေရဲ့"

ကိုထွန်းစန်းက စိတ်ပျက် လက်ပျက်ဖြင့် ခေါင်းကို ဘယ်ညာ ခါယမ်းလိုက်ပြီး. . .

"အလကားပါ. . . ကျော်စိုးက ဟန်သိပ်များတဲ့ ကောင်။ ဒါ သူ့ထုံးစံပဲ"

သူ ခေါင်းညိတ်မိ၏။ ဟုတ်လောက်သည်ဟု သူ တွေးသည်။ သူကိုယ်တိုင်ကလည်း ထိုသူ့အပေါ် ကိုထွန်းစန်း မြင်သလို မြင်ထားခဲ့၏။

ကိုထွန်းစန်းနှင့် သူ အမြင်ချင်း တူနေသောကြောင့် ချက်ချင်း ပင် စိတ်နှစ်ခု နီးနီးကပ်ကပ်ဖြစ်သကဲ့သို့ ခံစားရလေသည်။ ကျေနပ်စိတ် ဖြင့် နွေးထွေးလာ၏။

●

သည်မြို့ကို စရောက်ရောက်ချင်း ညက ဒီလက်ဖက်ရည်ဆိုင် မှာပင် ကိုထွန်းစန်းကို သူ စတွေ့ဖူးခဲ့သည်။ သူများကို လှောက်ပြီး ပြစ်တင် ကဲ့ရဲ့တတ်တဲ့ လူစားမျိုးပဲဟု မသိမသာ ကောက်ချက်ချခဲ့ဖူးသည်။ (လူ့ ဘဝ၏ ဖြစ်ခြင်း တည်ခြင်း ပျက်ခြင်းများသည် ဒီဂရီအမှတ်အသားများ ဆေးမှိန် ပျောက်ကွယ်နေသော ပြဒါးတိုင်တစ်တိုင်နှင့် တူပါသည်။ ဘယ် လောက် ပူနေသလဲ၊ ဘယ်လောက် အေးနေသလဲ၊ ဘယ်လောက် ပြောင်းလဲ သွားပြီလဲ. . . အတိအကျ မသိရ။ ပြောင်းလဲနေသည်ကတော့ သေချာ ၏) အဲသည့်ညက သူ ဖတ်ရှု၍ နားမလည်ခဲ့သူ ကိုထွန်းစန်းသည် အခု တွင် သူ့ရင်ဘတ်နှင့် အနီးဆုံး ထိုင်နေသူတစ်ယောက် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြီးမည်းမည်းထဲတွင် သူတို့နှစ်ယောက်သား အသက်ရှူသံချင်း ရင်းနှီးစွာ ထိုင်နေသည်မှာ သေချာသည်။

●

"ငါက မှန်တာ ပြောတာ၊ သူတို့ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ"

ဟု ကိုထွန်းစန်း ပြောသောအခါ သူ ခေါင်းကိုက်ချင်သလိုလို ဖြစ်လာသည်။ မှန်တာ ပြောသည်ကို မကြိုက်သူတွေ ဘယ်လောက်များနေပြီလဲ. . .။ ကြေကွဲရမှာလား . . . လှောင်ပြောင်ရမှာလား . . . လျှာကို ပျားရည်သုတ်ပြီး စကားပြောသောအခါ ပုရွက်ဆိတ်တွေ တက်လာကြသည်။

'မုသားမပါ လင်္ကာမချော' ဆိုသည့် စကားကို ဘယ်ငနဲက စပြီး တာဝန်မဲ့ ပြောခဲ့သလဲ။ လင်္ကာချောရုံသက်သက်အတွက်သာ ရည်ရွယ်၍ စကားပြောကြရမည်ဆိုပါလျှင် ကြမ်းခင်းတွေကို ပါကေးတုံး မခင်းဘဲ လူ့လျှာတွေဖြင့် စီကာ ခင်းကြဖို့သာ ရှိပါတော့သည်။ (ချော်မလဲအောင်တော့ အတော်သတိထားပြီး လျှောက်ကြရမှာပေါ့)

အမှန်တရားကို ဈေးလျှော့ရောင်းသူသည် အကောင်းဆုံး အရောင်းမြှင့်တင်ရေး တာဝန်ခံဖြစ်လာဖို့ သေချာသည်။ ကမ္ဘာကို အဲဒီ ဈေးကွက်ကသာ လွှမ်းမိုးချုပ်ကိုင်ထားတာ မဟုတ်လား။

●

အမှောင်ထဲမှာ ထိုင်နေရသည်ကို အလိုလို စိတ်ညစ်လာသည်။ ဘာကြောင့်ဟု မပြောတတ်။ လက်ဖက်ရည်ဆိုင်က ထွန်းပေးထားသော ဖယောင်းတိုင်မီး၏ အလင်းရောင်က ငိုညည်းနေသည်နှင့်တူသော ခံစား





မှုကို ဖြစ်ပေါ်စေ၏။ အမှောင်ဟာ စိတ်ကိုပါ လာမှောင်နေလေရဲ့။ ဝါကြင့်ကြင့် နဲ့ ဒုက္ခိတဆန်နေတဲ့ ဖယောင်းတိုင်မီးတွေဟာ တကယ်တော့ အလင်းအစစ်မှ မဟုတ်တာ။

အမှောင်ထဲမှာ ထိုင်ရင်း ကိုယ့်ကိုယ်ကိုယ် အတုဖြစ်လာသလို ခံစားရလေသည်။

သူ. . . လက်ဖက်ရည်ဆိုင်မှ ထပြန်ရန် ဆုံးဖြတ်လိုက်၏။

●

လမ်းမီးတွေပါ ပျက်ကာ မှောင်နှင့်မည်းမည်း ဖြစ်နေသောကြောင့် သူ့ကို ဦးသက်နောင်က လိုက်ပို့၏။ (တစ်ခါတစ်ရံတွင် ဘာရယ်မဟုတ်ဘဲ အခြားလူတစ်ယောက် ပြုမူလိုက်သည့် ဂရုတစိုက် ရှိမှုကလေးများသည် ကိုယ့်ကို ကြည်နူးစေတတ်ပါသည်)

လမ်းတွင် သူက ဦးသက်နောင်၏ ဘဝအကြောင်း၊ သည်မြို့ကို ရောက်လာရသည့် အကြောင်းများကို မေးကြည့်ဖြစ်၏။ ဦးသက်နောင်တကြေကြေကွဲကွဲဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဖြစ်နိုင်ရင် ကျွန်တော့်ဘဝအကြောင်းကို ပြန်မပြောပြချင်ဘူးဗျာ၊ နာကြည်း ခံပြင်းစရာတွေ များလွန်းလို့ပါ။ ခင်ဗျား တွေ့ဖူး မြင်ဖူးသမျှထဲက ဘဝနာလှပါတယ်ဆိုတဲ့လူတွေထက် ကျွန်တော့်ဘဝက ဆယ်ဆပိုနာတယ်။ အို. . . ကျွန်တော့်ဘဝအကြောင်းတော့ မပြောချင်ပါဘူးဗျာ. . ."

'မပြောချင်ပါဘူးဗျာ. . .' ဟူသော စကားအဆုံးမှ စတင်ကာ တောက်လျှောက်ပြောတော့သည်။

လူတစ်ယောက်၏ နာကြည်းစရာ အဖြစ်အပျက်များသည် ကိုယ့်အတွက် နားငြီးစရာ အဖြစ်အပျက်များ ဖြစ်လာမိမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး ကြိုတင် မမျှော်လင့်ထားမိခဲ့သည်ကပင် ကိုယ့်အမှား ဖြစ်၏။

သူ့တည်းခိုခန်း ခြံဝသို့ ရောက်သည်အထိ မဆုံးသေးသော ကြောင့် နာရီဝက်ကျော်ကျော် ရပ်ပြီး နားထောင်ရသေးသည်။

●

နောက်ဆုံး စကားအပြတ်တွင် ဦးသက်နောင်က. . .

"မနက်ဖြန် အစည်းအဝေးကိုတော့ စောစောကြိုရောက်အောင် လာခဲ့ဗျာ။ ခင်ဗျားက အရေးကြီးတယ်. . .။ ဘီလူးဖမ်းဖို့ အစီအစဉ်မကော ဆွဲပြီးပြီလား. . ."

သူ ခေါင်းညိတ်ပြလိုက်သည်။ စင်စစ် ဘီလူးနှင့် ပတ်သက်၍ သူ ဘာမှမစဉ်းစားရသေး။ အို. . . ဘာဖြစ်သေးလဲ၊ ဒီည နည်းနည်း ပါးပါး စဉ်းစားလိုက်ရုံပေါ့။

"ဟုတ်တယ်ဗျ၊ မနက်ဖြန် အရေးကြီးတယ်"

သူက အလိုက်သင့် ပြန်ပြောလိုက်သည်။ ဦးသက်နောင်က. . .

"တခြားအဖွဲ့က လူတွေနဲ့ပါ ချိန်းထားပြီးနေပြီ"

ဟုတ်တာပေါ့. . . ဟု သူ တွေးလိုက်၏။

သူလည်း ချိုချိုသင်းလဲ့ရည်ဆွေနှင့် ချောင်းကမ်းစပ်တွင် ညနေ ပိုင်း ဆုံဖို့ ချိန်းထားပြီးပြီ။ သူ့စိတ်တွေ ဖျတ်ခနဲ ချိုချိုသင်းလဲ့ရည်ဆွေ ဆီ ရောက်သွား၏။

အို. . . မဟုတ်သေးပါဘူး။ ငါ ဘာတွေ လျှောက်စဉ်းစားနေ တာပါလိမ့်။ မနက်ဖြန်. . . မနက်ဖြန်. . . မနက်ဖြန် အရေးကြီးတယ်။

ဘီလူးကိုဖမ်းဖို့ အစီအစဉ်ကို မနက်ဖြန်မှာ အတိအကျ ဆုံးဖြတ် ရတော့မည်။ မနက်ဖြန်သည် တကယ်ပင် ခမ်းနားကြီးကျယ်စွာ ဆိုက်





ရောက်လာမှာ သေချာ၏။ (မနက်ဖြန်ဆိုတာ ဘဝမှာ တကယ်ရှိလာဦး မည့် အရာတစ်ခု ဖြစ်လျှင်ပေါ့. . .)

●

ချိန်းဆိုထားသည့်အတိုင်း ရောက်လာသည်ဖြစ်စေ၊ မရောက် လာသည်ဖြစ်စေ ခွင့်လွှတ်ကို လွှတ်ရမည့်သူတစ်ယောက်နှင့် မချိန်းဆို သင့်ပါ။ သူကလည်း တတ်နိုင်လျှင် မနက်ဖြန်နှင့် ချိန်းဆိုချင်သူ တစ် ယောက် မဟုတ်ပါ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၈)

အခန်းတံခါးကို ခပ်ပြင်းပြင်း ခေါက်သံကြားရသောကြောင့် သူ နိုးလာသည်။ ဖွင့်ကြည့်လိုက်သောအခါ ငှက်ကလေးကို တွေ့ရ၏။ သူမက. . .

"ဟို . . . ဘဘကြီး ဆုံးသွားပြီတဲ့"

အိပ်ရာမှ ပြုန်းစားကြီး နိုးလာခါစ ဖြစ်သောကြောင့် သူ့အာရုံတွေ သိပ်မကြည်လင်လှသေး။ ဘယ်သူလဲ. . . ဘယ်က ဘဘကြီးလဲ. . .။ တောင့်တင်းနေသော ဇက်ကြောတွေ ပြေလျော့သွားစေရန် ခေါင်းကို ဘယ်ညာ ဆတ်ကာ ယမ်းလိုက်သည်။ နောက်. . .

"ဘယ်က ဘဘကြီးလဲ"

"ဗေဒင်ဟောတဲ့ ဘဘကြီးလေ. . ."

ဩော်. . . ဟု သူ့စိတ်တွင်းက ရေရွတ်မိသည်။ လူတစ်ယောက်ဟာ အဲသည်လောက်ကြီး မြန်မြန်ဆန်ဆန် သေဆုံးသွားနိုင်သတဲ့လား။





တစ်နေ့ကပင် သူနှင့် တွေ့ဆုံ စကားပြောခဲ့သူ တစ်ယောက်သည် ဒီနေ့မနက်မှာ သတ္တဝါတစ်ကောင်၏ အဆင့်အတန်းမှ ဖယ်ရှားခံလိုက်ရပြီ။ (သည့်ထက်မြင့်သော အဆင့်အတန်းသို့ ရောက်သွားခြင်းလား၊ အဆင့်အတန်း လျော့ကျသွားခြင်းလား. . . မသိ။ အသက်ရှင်နေခြင်းကကော အဆင့်အတန်း တစ်ခုမှာ ရောက်ရှိနေခြင်း ဟုတ်ရဲ့လား။ ဒါလည်း မသေချာ. . .)

သေချာသည်ကတော့ ထို အဘိုးအိုနှင့် ပတ်သက်သည်ဟု ထင်စရာ ကောင်းခဲ့သော ကိစ္စအားလုံးသည် ယခုအခါ ဘာမှ မပတ်သက်တော့ခြင်းပင် ဖြစ်၏။ သည်အဖြစ်အပျက်သည် သူနှင့် အဘိုးကြီး တွေ့ဆုံပြီးနောက် ၃၆ နာရီကျော်ကျော်ကလေးမှာ ဖြစ်ပျက်ခဲ့ခြင်းလည်း ဖြစ်သည်။ မြန်လိုက်တာ. . .။ မြန်ဆန်လွန်းသောကြောင့် လူတစ်ယောက် သေဆုံးရန်ကိစ္စသည် လွယ်ကူသလိုလို ဘာလိုလိုဖြစ်နေ၏။

"ဘာရောဂါနဲ့ ဆုံးတာတဲ့လဲ"

သူက မေးလိုက်သည်။ ကောင်မလေးက ခေါင်းခါပြပြီး. . .

"ဟင့်အင်း. . . အဲဒါတော့ မသိဘူး။ ကျန်းမာရေး မကောင်းဘူးလို့ ကြားနေရတာတော့ ကြာပြီ။ ဟိုနေ့ကတောင် ကြည့်ပါလား၊ သိပ်ထနိုင်တာမှ မဟုတ်တာ။ ကဲ. . . . သွားလေ၊ မျက်နှာသစ်တော့. . ."

သူက သွားတိုက်ဆေးဘူး၊ သွားပွတ်တံနှင့် မျက်နှာသုတ်ပဝါများကို ယူပြီး ရေချိုးခန်းဆီ ထွက်ခဲ့၏။ စိတ်ထဲတွင်တော့ ထိုအဘိုးကြီးအကြောင်းက တရွတ်တိုက် ဆွဲပါလာသည်။ (အခု 'အဲဒီအဘိုးကြီး' လို့တောင် ခေါ်ဝေါ်သုံးစွဲလို့ မရတော့ဘူးပေါ့။ အင်း. . . အဲဒီ မရှိတော့တဲ့ တစ်ခုခုကြီးကို ဘယ်လိုခေါ်ရမလဲ၊ ဘယ်လို ရည်ညွှန်းမလဲ၊ ထားလိုက်ပါတော့. . . တစ်ခုခုပေါ့လေ. . .)



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ စကားပြောတုန်းက ဒီလောက် အခြေအနေအဆိုးကြီး မဟုတ်ပါဘူး။ တကယ့်ရောဂါသည်ကြီးမှ မဟုတ်တာ။ နောက်ထပ် လေးငါးနှစ်လောက်တော့ အသက်ရှင်မယ်ဆို ရှင်နိုင်ပါသေးတယ်။ ဘာဖြစ်လို့ သေသွားရတာပါလိမ့်. . . ။

●

တကယ်တမ်းတွင်. . . ဘာကြောင့်ပဲဖြစ်ဖြစ် လူတစ်ယောက်သည် သေသွားနိုင်ပါသည်။ သေဖို့ကိစ္စတွင် အကြောင်းပြချက် မလိုပါ။ ရောဂါအမည်တပ်စရာ မလိုပါ။ သေသွားသူတစ်ယောက်ကို ဘာရောဂါကြောင့် သေသည်၊ ညာရောဂါကြောင့် သေသည်. . . စသဖြင့် ခေါင်းစဉ် တပ်တပ်ပေးသော အကျင့်စွဲလွှမ်းနေသောကြောင့် 'လူတစ်ယောက်သည် ရောဂါတစ်ခုခုမရှိဘဲ သည်အတိုင်း သေလို့ မရ' သလိုလို ဖြစ်နေ၏။

အဲသည်လို. . . မဟုတ်ပါ။

သေခြင်းက ရောဂါနှင့် မည်သို့မှ မပတ်သက်ဘဲ ရောက်ရှိလာသူ ဖြစ်သည်။ သို့မဟုတ်. . . သေခြင်း ကိုယ်တိုင်ကိုယ်က ရောဂါတစ်ခု ဖြစ်ပါသည်။

●

ရေချိုး အဝတ်အစားလဲပြီး အောက်ထပ် ဆင်းလာသောအခါ တည်းခိုခန်းပိုင်ရှင် လူဝကြီးနှင့် တည့်တည့်တိုးသည်။ ဘယ်လိုမှ ရှောင်ထွက် လစ်ပြေးသွား၍ မရနိုင်တော့။ သိပ်နောက်ကျသွားပြီ။ လူဝကြီးက သူ့ကို လှမ်းနှုတ်ဆက်၏။

"ဟေး. . . မောင်ရင်၊ ဗဲရီးဂွတ်မောနင်းပဲဟေ့၊ မင်္ဂလာပါကွာ"

ဟင်. . . ဘယ်လို နှုတ်ဆက်စကားကြီးလဲ. . . သူများတွေက ပြောရိုးပြောစဉ် 'ဂွတ်မောနင်း (Good Morning) မင်္ဂလာနံနက်ပါ' ဟု





သာ နှုတ်ဆက်ကြသည်။ ဒီလူကြီးကျခါမှ ဗဲရီးဂွတ်မောနင်း (Very Good Morning) . . . တဲ့။

တစ်ခါမှ မကြားဘူးချေ။ 'အရမ်းကို မင်္ဂလာရှိတဲ့ နံနက်ခင်းပါ' ဟု ဆိုလိုချင်သလား မပြောတတ်။ အတော် အူကြောင်ကြောင်နိုင်သော အင်္ဂလိပ်စကားဖြစ်သည်ကတော့ သေချာ၏။

သူက ဦးတင်ကြည်ကို အလိုက်သင့် ပြန်ပြုံးပြလိုက်သည်။ သွားတော့မယ်နော်. . . ဟု ခပ်မြန်မြန်ပြောပြီး လစ်ပြေးဖို့ စိတ်ကူးနေစဉ်မှာပင် သူ နောက်ကျသွား၏။ ဦးတင်ကြည်က. . .

"ဩော်. . . ဒါနဲ့ မောင်ရင်၊ စိတ်မကောင်းစရာ ပြောရဦးမယ်။ ဟိုတစ်နေ့က မောင်ရင် ဗေဒင်သွားကြည့်တဲ့ ဆရာကြီး ဆုံးရှာပြီတဲ့"

သူ့ပါးစပ်က ဩော်. . . လိုလို၊ အင်း. . . လိုလို အသံတစ်မျိုးဖြင့် သံယောင်ဝါးလိုက်ရ၏။

အဲဒီ ဝတုတ်ပြကြီးက တစ်နေ့တစ်နေ့ ဟောဒီကောင်တာ စားပွဲမှာ ထိုင်နေရင်းနဲ့ကို တစ်မြို့လုံးမှာဖြစ်နေတဲ့ သတင်းတွေ၊ အတင်းအဖျင်းတွေအားလုံးကို ကြားနေတာပဲကိုး. . . ဟု တွေးလိုက်မိသေးသည်။

ဒီသတင်းကို စောစောက ငှက်ကလေး သူ့ကို လာနှိုးပြီး ပြောသွားရခြင်းမှာလည်း သူမ၏အဖေ ဟောသည့် ဝတုတ်ပြ ကိုယ်တော်ကြီးဆီမှ သိရသောကြောင့်သာ ဖြစ်လိမ့်မည်။

●

လေကြောရှည်ဖို့ရန်အတွက် ဘုရားရှင် အဆက်ဆက် ဗျာဒိတ်တော်မြွက် ရထားသော ဦးတင်ကြည်၏ နံနက်ချိန်ခါ တေးသံသာက မဆုံးသေး . . . ။ သူ ကြိတ်မှိတ် သည်းခံပြီး ဆက်နားထောင်နေရ၏။

"ဒီလိုပါပဲကွာ၊ ဆန့်သောလက် မကွေးမီ. . . ကွေးသောလက် မဆန့်မီ ဆိုတာလိုပေါ့။ သခါရသဘော ဆိုတာ. . . ၊ တို့ အားလုံး အတူ



www.burmeseclassic.com

www.burmeseclassic.com



တူ ချည်းပါပဲလေ. . . လူဆိုတာ သေမျိုး မဟုတ်လား၊ သံသရာခရီးကို အတူတူသွားနေကြတာ"

ဖြစ်နိုင်လျှင် သူကတော့ ဦးတင်ကြည်နှင့် အတူတူ သံသရာခရီးကို မသွားချင်ပါ။ ဒီလို ဝတုတ်ပြဲကြီးတစ်ယောက်နှင့် အတူထိုင်ပြီး ခရီးသွားရလျှင် ထိုင်စရာနေရာ အတော်ကျပ်မည်ဟု တွေးမိသောကြောင့် ဖြစ်၏။

သူသာ လောက၏ ဖန်ဆင်းရှင်တစ်ပါး ဖြစ်မည်ဆိုပါလျှင် ဦးတင်ကြည်ကို ညာတာပါတေးနှင့် ချော့မော့ပြောကာ သံသရာခရီးပေါ်မှ ဆင်းခိုင်းလိုက်မည်။ နောက်ပြီး. . . ကျန်တဲ့ ခရီးသည်တွေချည်း တိတ်တိတ်ကလေး လစ်ပြေးကြပါမည်။ ငတိကြီး ကျန်နေခဲ့ပစေပေါ့။

●

ဦးတင်ကြည်ကို ကျွန်တော် မနက်စာ သွားစားလိုက်ဦးမယ် အန်ကယ် ဟု ပြောကာ ခပ်မြန်မြန် စကားဖြတ်ပြီး ထွက်ခဲ့၏။

သူ့ကိုယ်သူ အတော်စောလှပြီဟု အောက်မေ့ထားခဲ့မိသော်လည်း မြကျွန်းသာ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ကိုကျော်စိုး ကိုထွန်းစန်း နှင့် ဦးသက်နောင်တို့ ထိုင်ပြီး စကားပြောနေနှင့်ကြသည်ကို တွေ့ရ၏။

သူပါ လက်ဖက်ရည်ဝိုင်းတွင် ဝင်ထိုင်လိုက်ပြီးသည့်နောက် မကြာခင်မှာပင် စန်းလွင်၏ ဆိုက်ကား ရောက်လာသည်။ ဆိုက်ကားပေါ်တွင် ကိုထိုက် ပါလာ၏။ ကိုထိုက်က ဆိုက်ကားပေါ်မှ ဆင်းလာလာချင်း. . .

"ဒီနေ့တော့ ထူးထူးခြားခြား ကိုကျော်စိုးက စောပြီးရောက်နေပါလား. . . ချိန်းထားရင် အမြဲတမ်း တစ်နာရီလောက် နောက်ကျတတ်တဲ့ လူက. . ."





ကိုကျော်စိုးက. . .

"ဒီမှာ ကိုထွန်းစန်းနဲ့ ကိစ္စရှိနေလို့ပါဗျာ"

ဟု ပြန်ဖြေရင်း ကိုထွန်းစန်းဘက် လှည့်ကာ. . .

"လုပ်ပေးလိုက်ပါ ကိုထွန်းစန်းရာ၊ ဝင်းကျော်ကြီး သနားပါတယ်"

ဟု ပြောနေသံကြားရသည်။ ကိုထွန်းစန်းက. . .

"မဖြစ်ပါဘူးကွာ. . . ငါက ဝင်းကျော် မျက်နှာကို လုံးလုံးကြည့်လို့ရတာ မဟုတ်ဘူး။ ဟိုတစ်ခါတည်းက ငါ ပြောပြီးသားပဲ။ ဒီကောင်က ဘယ်နေရာမှာမှ သုံးလို့ရတာ မဟုတ်ဘူး။ အရပ်ထဲမှာ ဇာတ် ကတော့မှပဲ ဒီကောင့်ကို ငှက်ပျောတောမင်းသား လုပ်ခိုင်း. . ."

"မဟုတ်ဘူး ကိုထွန်းစန်းရဲ့၊ အခု ဒီလူ တကယ်ကို ကိုးရိုးကားရား ဖြစ်နေတာ။ ကင်ဒိုမားလို့ ပြောပြီး သူများက လာရောင်းတဲ့ မားတစ်လက်ကို ဈေးကြီးပေးဝယ်ထားလိုက်တာ။ သူကိုယ်တိုင်လည်း အတုလား၊ အစစ်လား မခွဲတတ်ဘူး။ အဲဒါနဲ့ ဒီလူက ခင်ဗျားကို လာပြချင်တယ်လို့ ပြောပြောနေတာ။ ကျွန်တော် ဒီနေ့ ချိန်းထားလိုက်တယ်။ နည်းနည်းပါးပါး ကြည့်ပေးလိုက်ပါဗျာ"

ဟု ကိုကျော်စိုးက ပြောနေသံကြားရ၏။ ထိုစကားကို နားထောင်ပြီး သူ လန့်သွားသည်။ ဘုရားရေ. . . ဒီလူ ဘာတွေ လျှောက်ပြောနေတာပါလိမ့်။

မနေ့ညက ထမင်းဆိုင်မှာ ကိုကျော်စိုးက ကိုဝင်းကျော်ကို ပြောနေခဲ့သည်က တစ်မျိုး။ ကိုထွန်းစန်းကပဲ မားကို ကြည့်ချင်လှချေရဲ့ဟု တောင်းပန်နေသလိုလို၊ အခုပြောတော့ ကိုဝင်းကျော်ကပဲ သူ့မားကို အတုအစစ် ခွဲပေးဖို့ ကိုထွန်းစန်းဆီ အကူအညီ လာတောင်းတော့မလိုလို။ အား. . . အဲဒီလူအချင်းချင်းကလည်း တစ်ယောက်မျက်နှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကြည့်လို့ရတာ မဟုတ်၊ နှစ်ယောက်ဆုံကြလျှင် ပြဿနာ အကြီးအကျယ် တက်တော့မည်ဟု သူ တွေးနေမိ၏။

ကိုထွန်းစန်းက. . .

"အေးပေါ့ဗျာ၊ ကြည့်ပေးရတော့မှာပေါ့။ ဝင်းကျော်ကြီးကတော့ ခက်ပါတယ်။ ဒီကောင် ရှူးသလို ပေါသလိုနဲ့ လူတကာ ဝိုင်းညာတာခံနေရတဲ့ ကောင်ပါ"

ကိုထွန်းစန်း၏ နှုတ်ခမ်းထောင့်ကလေး တွန့်နေသည်။

●

ခဏကြာသောအခါ ကင်ဒီမား တစ်ချောင်းကို ကိုင်လျက် ကိုဝင်းကျော် ရောက်လာ၏။ ကိုကျော်စိုးက အလယ်က နေကာ ကိုဝင်းကျော်နှင့် ကိုထွန်းစန်းနှစ်ယောက် ပခုံးကို ဖက်ရင်း ဘာတွေ တပြုံးပြုံးနှင့် ပြောနေသည်မသိ။

ကိုဝင်းကျော် ကိုင်လာသော မားကို စိတ်ဝင်စားပြီး ကလေးတွေက ဝိုင်းအုံလာကြည့်ကြသည်။ ကလေးတွေ နောက်က လူကြီးများပါ လိုက်လာကြ၏။ တစ်စထက်တစ်စ လူတွေ များလာပြီ။ နေအလင်းနှင့် အပူကလည်း တဖြည်းဖြည်း မြင့်လာပြီ။

●

လက်ဖက်ရည်ဆိုင်ထဲမှာ လူတွေစုရုံး စုရုံး ဖြစ်လာသောကြောင့် သူ မနေတတ်သလို ဖြစ်လာ၏။ ဝိုင်းမှ အသာထပြီး ထွက်ခဲ့သည်။ ခဏအကြာ သူ့နောက်မှာ တစ်စုံတစ်ယောက် လာရပ်သောကြောင့် လှည့်ကြည့်လိုက်သောအခါ ကိုကျော်စိုးကို မြင်ရ၏။ သူက. . .

"ကိုကျော်စိုး ဘယ်သွားမလို့လဲ၊ အစည်းအဝေးက စတော့မှာ မဟုတ်လား"





"ဘယ်မှ မသွားပါဘူးဗျာ၊ ဟိုလူနှစ်ယောက်ကို သူတို့ဘာသာ စကားပြောရအောင် ထားခဲ့ချင်လို့ ခဏရှောင်ထွက်လာတာပါ"

ကိုထွန်းစန်းနှင့် ကိုဝင်းကျော်တို့ နှစ်ယောက်ကို ရည်ညွှန်းပြီး ပြောမှန်း သူ ချက်ချင်း သိလိုက်သည်။

ကိုကျော်စိုးက သူ့ပခုံးကို ဖက်ကာ လက်ဖက်ရည်ဆိုင်နှင့် ခပ်လှမ်းလှမ်းဆီ ဆွဲခေါ်သွား၏။ အရိပ်အေးစက်စက်ဖြင့် တောင့်တင်းနေသည့် ကုက္ကိုပင်ကြီးတစ်ပင်၏အောက်တွင် ရပ်ကာ ဈေးလမ်းမနှင့် ကွင်းပြင်တို့ ထိစပ်ရာဆီသို့ သူတို့နှစ်ယောက်သား ငေးမောကြည့်နေဖြစ်ကြသည်။ ဘာရယ်မဟုတ်။ ကြည့်ရင်း ကြည့်ရင်းနှင့် အကြည့်သည် ဝေးလာ၏။ ထိုအခါ ပို၍ ဝေးဝေးဆီသို့ ငေးကြည့်နေသလိုလို ဖြစ်လာသည်။

နောက်ဆုံးတွင်. . . သူတို့သည် ကြည့်သည်ထက် ပို၍ဝေးသော နေရာဆီသို့ ငေးကြည့်နေကြသူနှစ်ဦးသာ ဖြစ်နေလေတော့သည်။

●

ဟောသည်လို. . . ဘယ်ရယ်မဟုတ်ဘဲ ငေးကြည့်နေရတာက အေးချမ်းလှချေရဲ့။ ငါ အခု ဘာကိုမြင်နေသလဲ။ ဟင့်အင်း. . . ဘာကိုမှ မမြင်ဘူး။ သူ တစ်သက်လုံး သည်လိုပဲ ငေးကြည့်နေချင်တော့သည်။ အို. . . ဘယ်ဖြစ်မလဲ ဟူသည့် အတွေးက ခေါင်းထဲဝင်လာ၏။ မျက်စိဆိုတာက ရည်ရွယ်ရာတစ်ခုခုကို မြင်ဖို့ထားတာ မဟုတ်လား။ တစ်ခုခုကို မြင်မနေဘူးဆိုရင် မျက်စိဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ. . .။

သူ စဉ်းစားရင်း စိတ်တွေ သဲမှန်တိုင်းကျလာ၏။ ဒါပေမဲ့ မျက်စိဟာ သူ့ကိုယ်ပိုင် အေးချမ်းမှုအတွက် ဘာကိုမှ မမြင်ဘဲနေမယ်ဆို နေခွင့်ရှိတယ် မဟုတ်လားဟု သူ့စိတ်တွင်းမှ တစ်စုံတစ်ရာက ပြန်ငြင်းဆန်နေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဆိုတာကတော့ ဘာပါလိမ့်. . . မျက်စိတွေလိုပဲလား။ သူ လူ့ဘဝ၏အဓိပ္ပာယ် မပျောက်ဆုံးချင်ပါ။ သို့သော် အမြဲတမ်း ရည်ရွယ်ချက် တစ်ခုခုကို စိုက်စိုက်ကြည့်နေရသည်မှာလည်း မျက်စိညောင်းလှပါပြီ။

ဘဝရေ. . . ဘာကိုမှ မမြင်နိုင်အောင် မင်း ငေးကြည့်နေပစ်လိုက်စမ်းပါကွယ်. . . (တစ်ခါတလေပေါ့)

●

သူက အတွေးစကို ဖြတ်ပြီး ကိုကျော်စိုးကို လှမ်းမေးသည်။

"ခင်ဗျား ဟိုလူနှစ်ယောက် အတူတူထားခဲ့လို့ ဖြစ်ပါ့မလား။ ရန်တွေ ဘာတွေ ဖြစ်ကုန်ဦးမယ်"

ကိုကျော်စိုးက ပုံသေနည်းကျ အပြုံးတစ်ခုပြုံးရင်း ကလေးတွေမှ မဟုတ်ကြတော့တာပဲဗျာဟု ဖြေ၏။ သူက စိုးရိမ်စိတ်ဖြင့် . . .

"ကိုဝင်းကျော်က နားလည်မှုရှိရင်တော့ ကောင်းတာပေါ့။ ဟိုလူကိုထွန်းစန်းက ငါ မှန်တာပြောတာပဲဆိုပြီး စွတ်. . . စွတ်ပြောတတ်တာ"

ကိုကျော်စိုးက ရုတ်တရက် ဘာမှပြန်မပြောသေးဘဲ ခဏစဉ်းစားနေသည်။ နောက်မှ. . .

"ငါက မှန်တာပြောတာကွလို့ ကြွေးကြော်ပြီး ပါးစပ်က ပိုးစိုးပက်စက် ကဲ့ရဲ့အပြစ်ပြောတတ်တဲ့ လူတွေအများကြီးနဲ့ ကျွန်တော် တွေ့ဖူးပါတယ်။ ဒါပေမဲ့ တကယ်တမ်း စေ့စေ့ပေါက်ပေါက် တွေးကြည့်လိုက်တော့ အဲဒီလူတွေရဲ့ ပါးစပ်က သူတို့ဘာသာ သူတို့ အမှန်လို့ ထင်ထားတာတွေကို ပြောနေတာပဲ။ တကယ့်အမှန်ပါလို့ ဘယ်လိုမှ အာမ မခံနိုင်ဘူး"

သူနှင့် ကိုကျော်စိုး အကြည့်ချင်းဆုံသည်။ ကိုကျော်စိုးက ဆက်ပြော၏။

"ကျွန်တော့်အထင်ပြောရရင် လူဆိုတဲ့ သတ္တဝါရဲ့ ပါးစပ်က





တကယ် အမှန်တရားထွက်လာဖို့ ရှားပါးလွန်းတယ်။ ကိုယ့်စိတ်ကြိုက်နဲ့ တိုင်းထားတဲ့ အမှန်တရားတွေပဲ ပြောနေကြတာပါ။ ဒါနဲ့. . . ကိုယ့် စိတ်ကြိုက်နဲ့လည်း မတွေ့ရော. . . ဒါ အမှားပဲဆိုပြီး ပိုးစိုးပက်စက် ကဲ့ရဲ့တယ်၊ အပုပ်ချတယ်၊ အပြစ်ပြောတယ်။ အဲဒီမှာ ပြဿနာတက်တော့တာပဲ"

သူက တစ်စုံတစ်ရာ ငြင်းဆိုရန် ကြိုးစားသော်လည်း ပါးစပ်ထဲမှ စကားလုံးက ထွက်မလာ။

●

စန်းလွင်၏ လှမ်းအော်ခေါ်သံ ကြားရသည်။ သဲသဲကွဲကွဲ မကြားလိုက်ရသော်လည်း 'လူတွေ စုံနေပြီ၊ အစည်းအဝေး စနေပြီ လာကြ' သို့မဟုတ် အလားတူ အဓိပ္ပာယ်ရသော စကားတစ်ခုဖြစ်မှန်းတော့ သေချာသည်။

သူက ခပ်သုတ်သုတ်ပင် သွားလိုက်သည်။ နောက်. . . ခြေလှမ်းနှစ်ဆယ် အစိတ်ခန့်သွားပြီးမှ ကိုကျော်စိုး ကျန်ခဲ့သည်ကို သတိရ၍ ရပ်စောင့်ရပြန်၏။ ဒီလူ့နှယ်. . . နှေးတုံ့ နှေးတုံ့နဲ့ မြန်မြန်လာပါတော့လား။

သူ့စိတ်သည် သူကိုယ်တိုင်ပင် မသိဘဲ လောနေ၏။ နောက်မှ ဖျတ်ခနဲ ပြန်သတိရလိုက်သည်။ မဟုတ်သေးဘူး. . . ငါ ဘာဖြစ်လို့ ဒီလောက်တောင် ဣန္ဒြေမဆည်နိုင် ဖြစ်နေရတာလဲ။ သူ စိုးရိမ်နေသည်။ သူ မပါလိုက်ရဘဲ အစည်းအဝေး ဖြစ်မြောက်သွားမည်ကို တိုးတိုးကလေး စိုးရိမ်နေသည်။ ရှက်စရာကောင်းလိုက်တာ. . . ငါ့မှာ လူစွမ်းကောင်းလုပ်ပြချင်စိတ်တွေ သိပ်များနေပြီ။

သူနှင့် ကိုကျော်စိုးတို့ စန်းလွင်အနား ရပ်မိသည့်အချိန်မှာပင် ဦးသက်နောင်ကလည်း ရောက်လာ၏။ ကိုကျော်စိုးက ဦးသက်နောင်ကို လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . . အောင်စည်ဟိန်းတို့ အုပ်စုကို သွားဖိတ်ထားတယ်ဆို၊ မတွေ့ပါလား။ ခုထိ မရောက်ကြသေးဘူးနဲ့တူတယ်"

"အေးဗျ၊ ကျုပ်လည်း အဲဒါ စိတ်ပူနေတာ။ သေသေချာချာ ဖိတ်ခဲ့လျက်သားနဲ့"

"ဒီလူတွေ မေ့နေပြီနဲ့ တူတယ်၊ ကဲ. . . ဟေ့ကောင် စန်းလွင် ဟိုဘက်ရပ်ကွက်ကိုသွားပြီး အောင်စည်ဟိန်းတို့ကို သွားခေါ်ကွာ၊ မင်းက ဆိုက်ကားနဲ့ဆိုတော့ မြန်ပါတယ်။ အစည်းအဝေးမီအောင် ပြန်လာခဲ့"

စန်းလွင်က သွားချင်သလိုလို မသွားချင်သလိုလို လုပ်နေသည်။ ဆိုက်ကားကို ရှေ့က ပတ်လိုက်၊ နောက်က ပတ်လိုက်၊ လက်ဖက်ရည်ဆိုင်ထဲက စကားပြောသံများကို ငေးနားထောင်လိုက်။

အင်း. . . ဒီကောင်လေးအကျင့်က ဒီလိုပါပဲ. . . ဟု သူ တွေးမိ၏။ တစ်နေရာရာ သွားဖို့ဆိုလျှင် ဘယ်တော့မှ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် မလုပ်။ လူများ စုစုဝေးဝေးရှိရာ၊ အပေါင်းအသင်းရှိရာ စကားဝိုင်းရှိရာများတွင်သာ တမေ့တမော ထိုင်ပြီး ငေးနေချင်သူဖြစ်သည်။

စိတ်ပျက်စရာကောင်းလောက်အောင် ပျင်းရိ လေးဖင့်လိုက်ပုံများ. . .။

ထိုစဉ် ဦးသက်နောင်က. . .

"နေပါစေ. . . နေပါစေ၊ ကျုပ်ကိုယ်တိုင်ပဲ သွားလိုက်ပါ့မယ်"

ဟု ပြောကာ လွယ်အိတ်ကို ချက်ချင်းပြင်လွယ်လိုက်ပြီး နေပူကျဲကျဲအောက်တွင် မပြေးရုံတစ်မည် ခြေလှမ်းများဖြင့် သုတ်ခနဲ ထွက်သွား၏။

သူ အံ့သြလျက် ကျန်ရစ်၏။ အားနာသလိုလိုလည်း ဖြစ်မိသည်။ (အသက်အရွယ်အားဖြင့် အများကြီး ပိုကြီးပါလျက်) ကျိုးကျိုးနွံနွံ အောက်ခြေသိမ်း လိုက်လုပ်နေသည်ကို ကြည့်ကာ သူ့ရင်ဘတ်ထဲမှ တစ်စုံတစ်ရာကို လက်ကုန် နှိုက်ယူသွားသလို ခံစားရ၏။





"ကျွန်တော် တွေ့ရသလောက်တော့. . . ဘီလူးဖမ်းဖို့ ကြိုးစားနေကြတဲ့ ခင်ဗျားတို့ လူတွေထဲမှာ ဦးသက်နောင်က တကယ် ပြေးပြေးလွှားလွှားနဲ့ အလုပ်လုပ်နိုင်ဆုံးပဲ"

ဟု သူက ခပ်တိုးတိုးလှမ်းပြောလိုက်၏။

ကိုကျော်စိုးက သူ့ အကောင်းဆုံး လေ့ကျင့်ထားသော အပြုံးကို ပြုံးပြပြီး. . .

"ဦးသက်နောင်တင် မကဘူးဗျ၊ ဟောဒီ ခင်ဗျား မြင်နေရတဲ့ လူတွေအားလုံးမှာ အဲသည်လိုမျိုး သူ့အကွက်နဲ့သူ အားသာချက်ကလေးတွေ ရှိတယ်၊ နောက်ပြီး အားနည်းချက်ကလေးတွေလည်း ရှိတယ်။ အဲဒီမှာ. . . ချစ်စရာကောင်းတဲ့ အားသာချက်က ဘာလဲဆိုတော့ အဲဒီလူတွေ အားလုံးဟာ ဟောဒီမြို့ကလေးရဲ့ အကျိုးအတွက် တစ်ခုခု လုပ်ပေးချင်နေကြတာပဲ"

ဒါဖြင့် အားသာချက်နဲ့ အားနည်းချက် နှစ်ခုမှာ ဘယ်ဟာက နောက်ဆုံး အနိုင်ရသွားမှာလဲ။ သည်မေးခွန်းကို သူ ထပ်မေးသင့်ပါလျက် မမေးလိုက်တော့။ (ကိုကျော်စိုး၏ လေသံက ကလေးတစ်ယောက်ကို စိတ်ရှည်လက်ရှည် သင်ပေးနေရသည့် ဆရာတစ်ယောက်၏ ဟန်မျိုးဖြင့် ပြောနေသည်ဟု ခံစားရသောကြောင့် မေးချင်စိတ် မရှိတော့ခြင်းလည်း ဖြစ်နိုင်၏)

'နောက်ဆုံး' ဆိုတာကကော ဘာလဲ။ နောက်တစ်ခေါက် ပြန်မစနိုင်အောင် ဆုံးသွားတာမျိုးလား။ သည်လိုဆိုလျှင်တော့ သူတို့အားလုံးက ဘီလူးကို ဖမ်းမိလျှင်လည်း ဆုံးသွားမည်၊ သို့မဟုတ် ဘီလူးက သူတို့အားလုံးကို ဖမ်းစားလိုက်လျှင်လည်း အဆုံးသတ်သွားမှာပင်ဖြစ်၏။

●



www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံး' ဆိုတာ . . . နောက်ထပ်တစ်ခု ထပ်ဆုံးရှုံးရတာမျိုးတော့ မဖြစ်စေချင်ပါ။ အထူးသဖြင့် အဲသည် 'ချစ်စရာကောင်းသော အားသာချက်ကလေး' ကိုပါ နောက်ထပ် ဆုံးရှုံးလိုက်ရမည်ကို သူ နှမြောနေမိလေသည်။

●

လူတွေအုံနေသောကြောင့် အထဲသို့ရောက်ရန် အတော်တိုးတိုးဝှေ့ဝှေ့ ဝင်ရ၏။ စုရုံးစုရုံးလုပ်နေသော လူအုပ်ထဲတွင် ကလေးတွေလည်း ပါသည်။ နှစ်လုံးတိုက် ထီအကြောင်း ပြောနေသူပါသည်။ ဆံပင်ဆေးဆိုးဖို့ အလုပ်ကြီး အကိုင်ကြီးလုပ်ပြီး တိုင်ပင်နေသူတွေပါသည်။ အာဂျင်တီးနားက ချေဂွေဗားရား ဆိုတာ မာရာဒိုနာအစား ဝင်ကန်တဲ့ကောင်ပေါ့ကွ ဟု ကမ္ဘာ့အရေးအခင်းကို တုတ်ဖြင့် ထိုးနေသူတွေပါသည်။ ကျွက်စီကျွက်စီဖြင့် ဆူညံသံတွေ ပွထနေ၏။

အလယ်မှ မတ်တတ်ထပြီး ပြောနေသော ကိုညွှန့်ဟန်၏အသံကို ကြားရတစ်ချက် မကြားရတစ်ချက်။ ကိုထိုက်ဘေးတွင် သူ ဝင်ထိုင်လိုက်သည်။ စားပွဲတစ်ဖက်ထိပ်တွင် ထိုင်ကာ ရယ်လိုက်မောလိုက် စကားပြောနေကြသော ကိုဝင်းကျော်နှင့် ကိုထွန်းစန်းတို့ကို ကြည့်ပြီး သူ ပြုံးမိ၏။ ကိုဝင်းကျော်ရဲ့ ဓားကြီးကကော. . . ဘယ်ရောက်သွားပြီလဲ၊ ထားလိုက်ပါတော့လေ. . . အဲဒါက အရေးမှမကြီးတာ။

ကိုဝင်းကျော်က တစ်စုံတစ်ခု တိုးတိုးကပ် ပြောလိုက်သောအခါ ကိုထွန်းစန်းက ရယ်၏။

●

အစည်းအဝေးက အစကတည်းက အတော်အလွဲလွဲအချော်ချော်တွေ ဖြစ်သည်။ အစီအစဉ်ထဲမှာ. . . ပျောက်ဆုံးသွားသော မိန်းကလေးများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်စွာ





အောက်မေ့ရန် ပါဝင်သည်။ အခမ်းအနားမှူးလုပ်သည့် ကိုညွှန့်ဟန်က မာန်ပါပါ ပြောချလိုက်သည်။

"ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်မိနစ် ငြိမ်"

ဟင်. . . တလွဲကြီး။ စက္ကန့်နဲ့ မိနစ်မှားပြောလိုက်ပြီ။ ကိုညွှန့်ဟန် ကလည်း သူ့ဘာသာသူ ချက်ချင်းသိလိုက်၏။ အားလုံး တိတ်ဆိတ်နေသည့်အသံ သုညအနေအထားတွင် ကိုညွှန့်ဟန်၏ လွှတ်ခနဲပြောလိုက်သော လေသံတိုးတိုးကလေးက သိသိသာသာကြီး ထွက်လာသည်။

"ဟာ. . . ငါမှားသွားပြီ"

တချို့က ရုတ်တရက် သဘောမပေါက်။ နောက်မှ. . . စဉ်းစားမိပြီး. . .

"ဟ. . . ရှစ်မိနစ်ကြီးများတောင် မလှုပ်မယှက် ငြိမ်နေရရင် သေရောပေါ့ကွ၊ ဘယ်သူနေနိုင်မှာလဲ"

အော်ကြဟစ်ကြနှင့် ကန့်ကွက်သံများ ဗလုံးဗထွေး ထွက်လာသည်။ ကိုညွှန့်ဟန်က ထိုအခက်အခဲကို ချက်ချင်း ပြန်ဖြေရှင်းလိုက်၏။

"အားလုံး. . . မငြိမ်နဲ့"

●

ခမ်းနား ကြီးကျယ်မှုများ ပွဖောင်းဖောင်း ဖြစ်နေသောအခါ အတွင်းမှာ လေခိုနေ၏။ လေခိုနေသော ပလတ်စတစ်အိတ် တစ်လုံးကို အားပါးတရ ဖိရိုက်လိုက်သောအခါ ဖောင်းခနဲ ပေါက်ကွဲသွားနိုင်သကဲ့သို့ လေခိုနေသော ခမ်းနားကြီးကျယ်မှုများသည်လည်း ကျယ်လောင်စွာ မြည်ဟိန်းပြီး ကမောက်ကမ ဖြစ်သွားနိုင်ပါသည်။

သူက ဘီလူးကို ဖမ်းရန် စိတ်ကူးထားသော အစီအစဉ်ကို ပြောပြလိုက်၏။ အစီအစဉ်က ရိုးရိုးကလေးပင် ဖြစ်သည်။ လပြည့်နေ့ရောက်လျှင် တစ်မြို့လုံးမှ မိန်းကလေးများကို အိမ်ကြီးကြီးတစ်အိမ်ထဲမှာ စုပြီး



www.burmeseclassic.com

www.burmeseclassic.com



နေခိုင်းမည်။ (အိမ်ရှင်များကတော့ လပြည့်နေ့ရောက်လျှင် ထိုတစ်ညအဖို့ တခြားမှာ ရှောင်ပြီး အိပ်ပေးရမည်ပေါ့) ထိုသို့ဆိုလျှင် ဘီလူးက တခြားသွားစရာမရှိဘဲ ထိုနေရာသို့သာလာရန် သေချာသွားပြီဖြစ်၏။

မိန်းကလေးများနှင့်အတူ ဘီလူးကို အသေခံ ဖမ်းပေးမည့် ယောကျာ်းတစ်ယောက်က ပုန်းပြီး အိမ်ပေါ်မှ စောင့်၊ ကျန်သူများက အိမ်ပတ်ပတ်လည်က ကင်းပုန်းဝပ်ပြီး စောင့်ရမည်။ အိမ်ပေါ်တွင် လျှပ်စစ်လူခေါ် ခေါင်းလောင်းတစ်ခု ဆင်ထားပြီး ဘီလူးလာလျှင် ခြံထဲမှ လူများကို အချက်ပေးခေါ်မည်။

●

တစ်ခွန်းစ နှစ်ခွန်းစ ဝင်စွက်ပြောကြသည်မှလွဲ၍ အားလုံးလိုလိုက သူ့အစီအစဉ်ကို သဘောတူကြ၏။ (သူကတော့ ထိုအစီအစဉ်သည် ဒီနေ့မနက် လက်ဖက်ရည်ဆိုင်ကို လာရင်း လမ်းပေါ်ကျမှ ကမန်းကတန်း စိတ်ကူးခဲ့ခြင်းဖြစ်ကြောင်း ပြန်သတိမရမိအောင် ကြိုးစားပြီး မေ့ပစ်နေရသည်။ ထားလိုက်ပါတော့လေ၊ တကယ်ဆို ဒီအစီအစဉ်ဟာ ရှပ်ရှင်ဆန်လွန်းနေတဲ့ အကြောင်းကိုလည်း ဘယ်သူကမှ ထောက်ပြပြီး မကန့်ကွက်ကြဘူး မဟုတ်လား)

သူက. . .

"သဘောတူတယ်ဆိုရင် လောလောဆယ် ကျွန်တော်တို့မှာ လုပ်စရာ နှစ်ခုရှိတယ်၊ တစ်ခုက ကျွန်တော်တို့ လုပ်မယ့်အစီအစဉ်ကို ဒီမြို့က မိန်းကလေးတွေနဲ့ သူတို့ရဲ့ မိဘတွေသိအောင်၊ ဝင်ကူညီချင်စိတ်ပေါ်လာအောင် စည်းရုံးလှုံ့ဆော်တဲ့ စာရေးပြီး ပုံနှိပ်၊ တစ်မြို့လုံးကို ဝေဖို့။ နောက်တစ်ခုက မိန်းကလေးတွေ စုပြီးနေဖို့အတွက် အိမ်ကြီးကြီးတစ်လုံးကို ရှာ၊ အိမ်ရှင်ကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းဖို့ပဲ"





"အိမ်က ကျွန်တော့်တာဝန် ထားလိုက်စမ်းပါဗျာ၊ လုံးဝ စိတ်ချပြီးတော့သာနေ၊ ရစေရမယ်"

ဘယ်အချိန်က ပြန်ရောက်လာမှန်း မသိလိုက်ရသော ဦးသက်နောင် ၏ အသံကို ကြားရသည်။ ကမန်းကတန်း လှမ်းအော်ပြောလိုက်ပုံက ဒီတာဝန်ကို သူ မယူလိုက်ရမှာ စိုးရိမ်နေပုံမျိုးနှင့် တူသည်။ နောက်. . . တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ပြောကြ ဆိုကြနှင့် အသံတွေ လေထဲမှာ ပျစ်ခဲနေကြ၏။

"ဖိတ်စာရေးဖို့ကိုတော့ ထွန်းလင်းဦး တာဝန်ယူပစေပေါ့"

ဟု တစ်ယောက်ယောက် လှမ်းပြောသံ ကြားရ၏။ သူက ထွန်းလင်းဦးကို တစ်ချက် ဖျတ်ခနဲကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ အချက်ပေး ခေါင်းလောင်းကျတော့ကော. . . ဟု လူအုပ်ထဲမှ မေးသံထွက်လာ၏။ အသေးလေးနှင့် စန်းလွင်တို့က လက်ကို ဝှေ့ယမ်းပြပြီး. . .

"မြို့ထဲမှာ အချက်ပေး ခေါင်းလောင်း တပ်ထားတဲ့ အိမ်ကို ကျွန်တော်တို့ သိတယ်။ သွားငှားကြတာပေါ့။ ရမှာပါ။ ကျွန်တော်တို့ တာဝန်ယူတယ်"

ဟုတ်တာပေါ့. . . ဟု သူတွေးမိ၏။ သူတို့က ဆိုက်ကားနင်းရတော့ တစ်မြို့လုံး ဘယ်နေရာ ဘာရှိတယ်ဆိုတာ သူတို့မှပဲ သိနိုင်မှာ. . .။

သူက ချောင်းတစ်ချက်ဟန့်ပြီး အားလုံးကို အကဲခတ်သလို တစ်ချက် ဝေ့ကြည့်လိုက်၏။ နောက်. . .

"အရေးကြီးတာက အိမ်ပေါ်မှာ ပုန်းပြီး စောင့်ရမယ့်လူပဲ။ အသက်အန္တရာယ်နဲ့လည်း နီးတယ်၊ ဘီလူးနဲ့ မျက်နှာချင်းဆိုင် တွေ့ရမှာ။ မိန်းကလေးတွေကိုလည်း ကာကွယ်ရဦးမယ်။ အချက်ပေး ခေါင်းလောင်း နှိပ်လိုက်ပေမဲ့ ကူညီမယ့်လူတွေ ချက်ချင်း ရောက်မလာနိုင်ရင် အဲဒီလူက အသေခံရမှာ။ ကဲ. . . အဲဒီလူနေရာ ဘယ်သူလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲပြိုင်တူ ထရပ်သံကြားသဖြင့် လှမ်းကြည့်လိုက်သောအခါ ကိုကိုမြင့်နှင့် ရန်အောင်စိုး တို့ကို တွေ့ရ၏။

"ငါလုပ်မယ်"

"ကျွန်တော် နေမယ်"

သူ အလိုလို ကျောထဲစိမ့်သွားမိ၏။ ဘုရားရေ. . . အသက်ပေးရမယ့် အခွင့်အရေးကို ဇကရာဇ်ဘုရင် တစ်နေရာစာလို အလုအယက် တောင်းဆိုနေကြတာ. . .။

အဲသည်လို မည်းမည်းကြုတ်ကြုတ် မျက်လုံးပြူးပြူးနဲ့ ဘယ်လိုမှ အထင်ကြီးစရာမရှိတဲ့ လူတစ်ယောက်ရယ်၊ ပိန်ပိန်သေးသေး ငတိကလေး တစ်ကောင်ရယ်ကို သူရဲကောင်းတွေအဖြစ်နှင့် မြင်ရလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မျှော်လင့်မထားပါ။

အရောင်အဆင်း မွဲတေလွန်းသော သူတို့၏ ခန္ဓာကိုယ်ထဲမှ ကြယ်တံခွန်တစ်စင်းက မီးလျှံတွေကို မှို့ချထားပုံမျိုး သတ္တိအလင်းတွေ ဟုန်းခနဲ တောက်ပလာလိမ့်မယ်. . . လို့ ဘယ့်နှယ် ကြိုတင်သိထားနိုင်ပါ့မလဲ။

ကိုကိုမြင့်နှင့် ရန်အောင်စိုးတို့ 'သူနေမယ် ငါနေမယ်' ငြင်းခုံနေသည်ကို ကြည့်ရင်း သူ အလိုလို သိမ်ငယ်လာ၏။ (သူသာဆိုလျှင် အဲသည်လို အသေခံဝံ့သည့်သတ္တိမျိုး မရှိနိုင်ကြောင်း ကိုယ့်ဘာသာကိုယ် ကျိတ်၍ ဝန်ခံမိသည်။ အနည်းငယ် ရှက်လာ၏)

သူတို့နှစ်ယောက် ငြင်းခုံ၍ မပြီးနိုင်သောအခါ တစ်ယောက်က ဝင်ပြော၏။

"ခင်ဗျားတို့ နှစ်ယောက်စလုံး နေကြဗျာ။ တကယ်လို့ အရေးဟယ် အကြောင်းဟယ်ဆိုရင်လည်း တစ်ယောက်ကိုတစ်ယောက် ကူညီနိုင်တာပေါ့"

●





အမှန်အတိုင်း ပြောရမည်ဆိုလျှင် သူကတော့ နှစ်ယောက်စလုံးကို ဘီလူးနှင့် ရင်ဆိုင်ခိုင်းရမှာ နှမြောနေမိသည်။ (သူ့အစီအစဉ်၏ ညံ့ဖျင်းအားနည်းချက်ကို သူ့ဘာသာသူ သိနေသောကြောင့်လည်း ဖြစ်၏)

နှစ်ယောက်စလုံး သေသွားရင် ဘယ်လိုလုပ်မလဲ။ နှမြောစရာကြီး။ နောင်အရေးကြုံလာလျှင် ထပ်ရင်ဆိုင်ဖို့ သည်လောက် သတ္တိကောင်းတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ယောက်လောက်တော့ အသက်ရှင်ကျန်နေရစ်ဖို့ မလိုအပ်ဘူးလား။

သူ စဉ်းစားနေဆဲမှာပင် ကိုညွန့်ဟန်က ထ၍ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာလိုက်သည်။ လက်ဖက်ရည်ဆိုင်ထဲမှ လူများ တဝုန်းဝုန်း ထရပ်ကြ၏။ သူ နေရာမှ မရွေ့မိ။ လူတွေက အချင်းချင်း တိုးတိုး တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောကြသံတွေ ဗွက်ထ ပေကျံနေ၏။

မဖြစ်နိုင်တာတွေကွာ။

ဘာလို့မဖြစ်နိုင်ရမှာလဲ။

ဘီလူးကို မိပါ့မလား။

ဒီကောင်တွေ အလကား စတန့်ထွင်တာ။

မင်းလုပ်ချင်လုပ် မလုပ်ချင်နေ၊ သူများကိုတော့ မကဲ့ရဲ့ပါနဲ့။

အို. . . ဒီကောင်တွေ ဒီလိုလုပ်နေတာကြာပြီ။ ဘယ်မှာ ဘီလူးကို မိသေးလို့လဲ။

ဟေ့ကောင်တွေ မင်းတို့လုပ်မှ ဘီလူးက ပိုဆိုးသွားဦးမယ်။

ဘီလူး ကျေနပ်အောင် တစ်ခုခုနဲ့ ပူဇော်လိုက်ရင် မကောင်းဘူးလား။

မင်းကြောက်တတ်ရင် မပါနဲ့။

အို. . . ဘာလို့ကြောက်ရမှာလဲ၊ ငါ မကြောက်ဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



သူ အသံတွေကို ကြားနေလျက်က မကြားရသလို ဖြစ်နေ၏။ လက်ဖက်ရည်ဆိုင်မှ ခုံတွေ ရွှေ့နေကြသည်ကို မြင်ရ၏။ သူ နေရာမှ မထဖြစ်သေး။ ကိုဝင်းကျော်နှင့် ကိုထွန်းစန်းတို့ ပခုံးချင်းဖက်ကာ ထသွားကြသည်ကို မြင်ရ၏။ သူ နေရာမှ မထဖြစ်။ ကိုကျော်စိုးက သူတို့ နှစ်ယောက်ကို ကြည့်ကာ နားလည်ရခက်သော အပြုံးတစ်ခု ပြုံးနေသည်ကိုလည်း မြင်ရ၏။ အင်း. . . အခုမှ သတိရတယ်။ ကိုကျော်စိုးတစ်ယောက် ဘာတာဝန်မှလည်း မယူပါလား။ ဒီလူ သက်သက် ခေါင်းရှောင်နေတာပဲ။ သူ ထိုင်နေရာမှ မထဖြစ်သေး။

သူ့အတွေးတွေ. . . သူ့ခံစားမှုတွေကို ကော်ဖြင့် အသုတ်လိမ်းခံထားရသလို စေးကပ်ကပ် စိုထိုင်းထိုင်း ဖြစ်နေလေသည်။

●

ငါ ဘာခံစားနေရတာလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိ၏။ ကြောက်တာလား၊ တက်ကြွတာလား၊ ရှက်တာလား၊ အားငယ်တာလား၊ တစ်ခုခု မယုံမကြည် ဖြစ်နေတာလား။ ဒါမှမဟုတ် တစ်ခုခုကို ဇွတ်ယုံကြည်ပစ်လိုက်ဖို့ ကြိုးစားနေတာလား။

အားလုံးဖြစ်နိုင်ပါသည်။

ဟောသည်နေ့သည် နွေရာသီလည်း မဟုတ်၊ မိုးရာသီလည်း မဟုတ၊ ဆောင်းရာသီလည်း မဟုတ်ဘဲ အားလုံး ဖြစ်နေနိုင်ပါသည်။

●

သူ အားလုံးကို နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းမှ ထပြန်လာဖြစ်၏။

●

ထမင်းဆိုင်မှာ ထမင်းဝင်စားပြီးနောက် တည်းခိုခန်းသို့ ပြန်ရောက်သည်။ ခဏနားပြီး ရေမိုးချိုး အဝတ်အစားလဲလိုက်၏။ နှစ်နာရီ





ခွဲနေပြီ။ ညနေကျလျှင် ငှက်ကလေးနှင့် ချောင်းစပ်မှာ ဆုံရဦးမည်။ ငါက စောစောကြိုထွက်ထားမှဟု တွေးကာ အချိန်ဖြုန်းရန် ထွက်လာခဲ့သည်။

မြကျွန်းသာ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်ရပြန်ဦးမည်။ သူ လှမ်းကြည့်လိုက်သောအခါ လက်ဖက်ရည်ဆိုင်ရှေ့တွင် အခုထိ လူစုမကွဲသေးဘဲ ရုံးစုရုံးစု ရှိနေကြသေးသည်ကို တွေ့ရ၏။ ဒီလူတွေ ဘာလုပ်နေကြတာပါလိမ့်. . .။ အစည်းအဝေးလည်း ပြီးသွားပြီပဲ။ သူ စိတ်ဝင်စားလာကာ ခပ်သုတ်သုတ် လျှောက်သွားလိုက်သည်။

အနားရောက်သောအခါတွင်မှ စောစောက အစည်းအဝေးတွင် တက်ကြွခဲ့သူများသည် အခုအခါ တက်ကြွစွာ ဘောလုံးကန်နေကြကြောင်း တွေ့ရ၏။ အော်ဟစ် ငြင်းခုံကြ၊ ရယ်မောကြ၊ လောင်းကြေးထပ်ကြ. . . အေး. . . လုပ်ကြပေါ့ကွာ. . . ဟု သူ စိတ်ထဲက ရေရွတ်မိသည်။ သူ တော်တော်စိတ်ပျက်သွား၏။

မနက်ဖြန်ဆိုလျှင် သည့်ထက် ပိုပြီး စိတ်ပျက်ရဦးမည်ဖြစ်သည့်အကြောင်း သူ နည်းနည်းမှ မရိပ်စားမိသေး။

■



www.burmeseclassic.com

www.burmeseclassic.com

## (၉)

သူ ဖြတ်သန်းလာခဲ့ရာ လမ်းတစ်လျှောက်တွင် ဈေးဆိုင်တွေကို ချည်း တွေ့နေရသည်။

လမ်းမတန်းပေါ်တွင်ရှိသော အိမ်တိုင်းလိုလို ဆိုင်ဖွင့်ကြသည်။ ကန်ထရိုက်တိုက်များ၏ မြေညီထပ်အခန်း အားလုံးလိုလိုလည်း ဆိုင်ဖွင့်ကြ၏။

ဒီလောက်တောင် များများစားစားကြီး ရောင်းချစရာ ဘာတွေများ ရှိနေကြသလဲတော့ မပြောတတ်။

အရောင်းအဝယ် စည်ကားသော မြို့တစ်မြို့ဟုလည်း ပြော၍ မရနိုင်ပါ။ အားလုံးက စုတ်စုတ်နုပ်နုပ် ရောင်းချပြီး အားလုံးက ခြောက်တီး ခြောက်ကပ် ဝယ်ယူနေကြသည်။ တကယ်တော့ ဒီမြို့ကလေးသည် ညကြေး ယူထားပြီးသောကြောင့်သာ ဝတ္တရားအရ ဆိုနေ ကနေ လှုပ်ရှားနေရသော ခပ်ညံ့ညံ့ ယိမ်းသမ ဇာတ်သမ တစ်ယောက်နှင့် တူနေလေသည်။

ကမ်းနားဘက်ဆီသို့ ချိုးကွေ့သော လမ်းမတစ်ခု၏ ထောင့်တွင် စတိုးဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရသည်။





ဘာရယ်မဟုတ်ပါဘဲနဲ့ ဆိုင်ထဲသို့ ဝင်ကြည့်ချင်စိတ်ပေါ်လာ၏။

ဆိုင်က ခပ်သေးသေး ခပ်ကျဉ်းကျဉ်းပင်ဖြစ်ပြီး မှန်ဗီရိုကြီးများကို အတန်းလိုက် စီထားသည်။ ဆိုင်နာမည် ဆိုင်းဘုတ်ကိုတော့ အစိမ်းရောင် ဖော်မီကာပြားပေါ်တွင် အနီရောင်စာလုံးဖြင့်. . .

'မွန်းဝေါ (MOON WORLD) '

ဟု ရေးထား၏။

ဘာအဓိပ္ပာယ်မှန်းလည်း မသိ။ 'လကမ္ဘာ' ဟု ဆိုလိုချင်သလား မသိပေ။ (ဟုတ်လျှင်တော့ အတော်အူကြောင်ကြောင်နိုင်သော အင်္ဂလိပ် အသုံးအနှုန်း ဖြစ်ပေလိမ့်မည်) ပြီးတော့ WORLD ကို 'ဝေါ'ဟု မြွေမကြောက် ကင်းမကြောက် အသံထွက်ထား၏။

သူ အတော်စိတ်ညစ်သွားသည်။

ဆိုင်အဝင်ဝတွင် ချိတ်ဆွဲထားသည့် 'ကြိုဆိုပါ၏' ဟူသည့် စာတန်း ကလည်း WELCOME မဟုတ်ဘဲ စာလုံးပေါင်းမှားပြီး WELL COME (ကောင်းကောင်းလာပါ) ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သူ စဉ်းစားမနေတော့ပါ။ ဆိုင်ထဲသို့သာ လှမ်းဝင်လိုက်သည်။

ဆိုင်ထဲသို့ သူ ရောက်သည်နှင့် မွဲစုတ်စုတ် ယူနီဖောင်း ဝတ်ထားသော အရောင်းစာရေးမလေးက (ပျောက်နေသည့် ခွေးမအေကြီးကို ပြန်တွေ့ရသော ခွေးမလေးကဲ့သို့) သူ့နောက်ကို တကောက်ကောက် လိုက်နေ၏။

ပစ္စည်းခိုးမှာ စိုးလို့လား၊ အရမ်းကို ဈေးရောင်းချင်နေတာလား။

တစ်ခုခုတော့ တစ်ခုခုပင်။

တစ်ဆိုင်လုံးကို လှည့်ပတ်ကြည့်တော့လည်း မျက်စိကျလောက်စရာ ပစ္စည်းဟူ၍ ဘာတစ်ခုမှ မည်မည်ရရ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းကို မှူးမှူးချလိုက်သည်။

ဘာပစ္စည်းမှ မဝယ်ဘဲ ဒီအတိုင်း လက်ချည်းဗလာဖြင့် ဆိုင်ထဲမှ ပြန်ထွက်သွားရမှာကိုလည်း သူ အားနာသလိုလို ရှက်စွံ့သလိုလို ခံစားရ၏။ (အမှန်တော့ ဒါက သူ၏ ကြောင်ကွက်မှုသာဖြစ်သည်)

သူ့ရင်ထဲမှာ ကျုပ်ကျုပ်သိပ်သိပ်ဖြစ်နေစဉ် ဆိုင်ထောင့် တစ်နေရာမှာ မိန်းကလေးသုံး လည်စည်းပဝါ ရောင်စုံတွေ ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။

ချိုချိုသင်းလဲ့ရည်ဆွေအတွက် လက်ဆောင်ပေးဖို့ ဝယ်သွားမှ ဟု လက်ခနဲ တရားထူးရသလို သူ အတွေးပေါ်လာ၏။

သူက ပဝါတစ်စကို ဆွဲယူကိုင်ကြည့်ရင်း. . .

"ဒါက တစ်ခု ဘယ်လောက်လဲ"

"အဲဒါတွေကလေ. . . ဟိုဒင်း အစ်ကိုကြီး သုံးလို့ မရဘူးရှင့် ဟီဟိ. . . အဲဒါက မိန်းကလေးတွေ လည်ပင်းမှာ စည်းတာ ဟီဟိ"

အရေးထဲမှာ အရောင်းစာရေးမက မေးတာကို မဖြေဘဲ မှား ဝယ်သည် ထင်ပြီး ဖြစ်စပ်စပ်လာလုပ်နေ၏။

သူ နည်းနည်းတော့ စိတ်တိုသွားသည်။

"ဘာစည်းစည်းဗျာ၊ ကျုပ် ဝယ်ချင်လို့မေးတာ၊ ဘယ်လောက်လဲ ဆိုတာသာ ပြောစမ်းပါ"

"အနီရောင်နဲ့ အဝါရောင်က သုံးထောင့်ငါးရာ၊ ကျန်တဲ့ အရောင် တွေက လေးထောင့်ငါးရာ"

သူ နည်းနည်း စဉ်းစားသွားရပြီ။ အိတ်ကပ်ထဲမှာ ပါသည်က ပိုက်ဆံခြောက်ထောင်နှင့် အကြွေနည်းနည်းပါးပါးသာ။

လေးထောင့်ငါးရာတန်တော့ မဝယ်တော့ဘူးဟု သူ ဆုံးဖြတ် လိုက်၏။ ထိုသို့ ဆုံးဖြတ်ပြီးကာမှ. . .





"ချစ်သူကို လက်ဆောင်ပေးမယ့်ကိစ္စမှာ ပိုက်ဆံတစ်ထောင်ကို တွက်သတ်ရာများ ရောက်နေမလား"

ဟု တွေးပြီး သူ လိပ်ပြာမလုံသလို ခံစားရသည်။

အရေးမပါသော အတွေးတစ်ခုအတွက် သူ ချီတုံချတုံဖြစ်နေ၏။

အို မဟုတ်သေးပါဘူးလေ. . .၊ ငှက်ကလေးက အနီရောင်ကို ကြိုက်တယ် မဟုတ်လား။

ဒီနေ့လည်း အနီရောင်ဝတ်စုံလေး ဝတ်လာမယ်လို့ ပြောခဲ့တာပဲ။

အနီရောင် လည်စည်းပဝါလေးနဲ့မှ လိုက်ဖက်မှာပေါ့။

သူ့ကိုယ်သူ ဆင်ခြေပေးကာ စိတ်ကို ပြန်လှည့်စား ဖြေသိမ့် လိုက်သည်။ ထို့နောက် သုံးထောင့်ငါးရာတန် အနီရောင် လည်စည်းပဝါ တစ်ခုကို ဝယ်ပြီး ဆိုင်ထဲမှ ပြန်ထွက်ခဲ့၏။

လမ်းပေါ်ရောက်မှ လက်ထဲက ပဝါကို သေသေချာချာကြည့် လိုက်ရာ. . .

ပဝါထောင့်စွန်းမှာ စက်ပန်းထိုးထားသည့် ဇာမဏီငှက်ကလေး နှစ်ကောင်အနက် တစ်ကောင်မှာ ချုပ်ရိုးတွေပြေပြီး တောင်ပံတစ်ဖက် ပြုတ်နေ၏။

သူ စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကိုသာ ချလိုက်တော့ သည်။ နောက်ထပ်တစ်ခုနှင့် ပြန်ပြီး လဲလှယ်မနေချင်တော့။

ချောင်းရေပြင်ပေါ် ဖြတ်သန်း တိုက်ခတ်လာသော လေပြည်က ခရမ်းရောင်ဖျော့ဖျော့ သန်းနေ၏။ မှန်းဆရန် မလွယ်ကူသော အနာဂတ် တစ်ခုသည် ဆည်းဆာနှင့်အတူ နူးညံ့ နွေးထွေးနေသည်။

အဝေးကြီးမှ လာမည့် တစ်စုံတစ်ယောက်ကို မျှော်ရင်းမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးမှုထဲကို တိုးဝင်ကြည့်ရအောင်။ လှောင်ရယ်သံတွေလား၊ အားပေးသံတွေလား၊ ကိုယ့်နားရွက်တွေကိုသာ ကိုယ်ဖြတ်ပြီး ချောင်းရေမှာ မျှော လိုက်ချင်သည်။

လေတိုးသံ တဟူးဟူးနှင့်အတူ သူ့အဝတ်အစားတွေ ဖျပ်ဖျပ် လူး လှုပ်ခါနေ၏။

သူ့ဘေးနားသို့ ချိုချိုသင်းလဲ့ရည်ဆွေက တိုးတိတ်စွာ လာရပ် သည်ကို အလိုအလျောက် သိစိတ်ဖြင့် သိလိုက်သည်။

သူ လှည့်ကြည့်လိုက်၏။

အနီရောင်ဂါဝန်ကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားပြီး ငြိမ် ငြိမ်သက်သက်ကလေး ရပ်နေသည့် ချိုချိုသင်းလဲ့ရည်ဆွေ။

လေတဟူးဟူး တိုက်နေသောကြောင့် ဂါဝန်အနားစတွေက တလူး လူး တလွန့်လွန့်။

တောင်ပံခတ်နေသည့် အနီရောင် ငှက်ကလေးတစ်ကောင်နှင့် တူနေသည်။

သူက လက်ထဲတွင် ခေါက်ကာ ကိုင်ယူလာသည့် လည်စည်းပဝါ လေးကို လှမ်းပေးလိုက်တော့ ချိုချိုသင်းလဲ့ရည်ဆွေ၏ မျက်နှာက လက်ထ ခနဲ ဝင်းပသွား၏။ (အံ့သြခြင်း၊ ကြည်နူးခြင်း စသဖြင့် ထင်ရာ မြင်ရာကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေလိမ့်မည်)

သူမက ပဝါလေးကို တယုတယ ပြန်ကြည့်ရင်း. . .

"ဒါ . . . ချစ်လို့ပေးတာပေါ့နော်"

သူမ၏ မေးခွန်းကို ဘယ်လိုပြန်ဖြေရမလဲဟု သူ မစဉ်းစားတတ် အောင် ဖြစ်နေ၏။

လမ်းကြုံသဖြင့် ဆိုင်ထဲ ဝင်ကြည့်မိပြီး ဈေးသိပ်မကြီးသော





ကြောင့် မတော်တဆ ဝယ်ဖြစ်မိခဲ့သည့် ပစ္စည်းတစ်ခုသည် အခုအခါမှာ တော့ ဖြန်းစားကြီး 'အချစ်' ဟု အဓိပ္ပာယ်သက်ရောက်နေလေပြီကော။

သူက. . .

'အင်း'

လိုလို ဘာလိုလို မသဲကွဲသော အသံတစ်မျိုး ရေရွတ်လိုက်၏။

ချိုချိုသင်းလဲ့ရည်ဆွေကတော့ ပဝါလေးကို စိတ်ဝင်တစား ဖြန့် ကြည့်ပြီး မြူးထူးစွာဖြင့် ပဝါကို လည်ပင်းမှာ ရစ်ပတ် စည်းနှောင်လိုက်သည်။

လေထဲမှာ လွင့်ပျံနေသော သူမ၏ အနီရောင်ဂါဝန်နှင့် အနီ ရောင် လည်စည်းပဝါလေးက တကယ်ပင် လိုက်ဖက်လေသည်။

(ပဝါက ဇာမဏီငှက်ရုပ်မှာ တောင်ပံတစ်ဖက် ပြုတ်နေသည်ကို တော့ သူမ သတိထားကြည့်မိပုံမပေါ်ပါ)

သူက နှုတ်မှ လွှတ်ခနဲ ပြောလိုက်သည်။

"မင်းက အခုမှ ငှက်ကလေးတစ်ကောင်နဲ့ ပိုတူသွားတယ်"

ချိုချိုသင်းလဲ့ရည်ဆွေက မျက်ဆန်နက်ကလေးကို ထောင့်ကပ် တာ ပြန်ကြည့်ရင်း. . .

"ဘာလဲ တို့က လှတယ်လို့ ပြောချင်တာပေါ့လေ"

ဒီမေးခွန်းကိုတော့ မိုက်မိုက်မဲမဲ 'အင်း'ဟု ဖြေရလောက်အောင် သူ သတိလက်လွတ်မဖြစ်သေး။

"ဘာအကြောင်း ပြောရမလဲ"

ဟု သူ စဉ်းစားနေလိုက်သည်။ စဉ်းစားကြည့်ခါမှပင် ပြောစရာ အကြောင်းအရာက ပိုပြီး ရှားပါးသလို ဖြစ်လာ၏။

ဒီလိုတော့ မဟုတ်သေးဘူး။ တကယ်ဆို ချောင်းစပ်မှာ ချစ်သူ နှစ်ဦး ချိန်းတွေ့ကြတဲ့အခါ စကားတွေ တီတီတာတာ တွတ်ထိုး ပြောဆို ကြရမည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွေထဲမှာလည်း သူ ဒီလိုပဲ ဖတ်ဖူးသည်။ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာဆိုလျှင် ပိုတောင်ဆိုးသေးသည်။

မင်းသားကော မင်းသမီးကော နှစ်ယောက်စလုံးက ကဗျာလိုပဲ စာညွှန့်လိုလို စကားလုံး အလှအပတွေကို အပြန်အလှန် ရှည်ရှည်လျား လျား ပြောနိုင် ဆိုနိုင်ကြသည် မဟုတ်လား။ တော်ကြပါပေ့၊ တတ်ကြပါ ပေ့ဟု သူ တွေးလိုက်၏။

သီချင်း ဗီစီဒီ ကာရာအိုကေတွေထဲကလို ချောင်းစပ်မှာ ချစ်သူ နှစ်ဦး လက်ချင်းတွဲပြီး လျှောက်ပြေးကြရင်ကော. . .

ဘုရား . . . ဘုရား၊ ဒါမျိုးလုပ်ဖို့ကတော့ စိတ်ကူးထဲမှာတောင် မထည့်ရဲလောက်အောင် ရှက်စရာကောင်းသော ပေါကြောင်ကြောင်တို့ ဖြစ်သည်။

"ဟင်း . . ."

သူ ပင့်သက်ရှိုက်လိုက်၏။

အင်းလေ. . . ဘာပဲဖြစ်ဖြစ် ချစ်သူတွေဆိုတာ လက်ချင်း ဆုပ်ကိုင်ထားဖို့တော့ လိုအပ်သည် မဟုတ်လား။

ထိုအတွေးဖြင့် သူက ငှက်ကလေး၏ လက်ဖမိုးကို သူ့လက်ဖြင့် အုပ်မိုး ဆုပ်ကိုင်လိုက်၏။

သို့သော် သူမက လက်ကို ဆတ်ခနဲ ရုန်းဖယ်သွားသည်။

ဘာလဲဟ။

သူ့စိတ်ထဲမှာ အတော်တော့ ကသိကအောက် ဖြစ်သွား၏။ မာနကို ထိခိုက် စော်ကားခံရသလိုလို မကျေမနပ်ဖြစ်မိသည်။

နေပေါ့ကွာ၊ မင်း လက်ကို မကိုင်ရတော့ကော ဘာဖြစ်သေးလဲ ဒင်းရဲ့ လက်ကလည်း သူလို ကိုယ်လို လက်ပါပဲ။ ချွေးတွေ





နဲ့. . .၊ အမွှေးအမျှင်တွေနဲ့ . . . ၊ အရိုးပေါ် အရေပြားဖုံးထားတာပါ။ ဘဝင်မမြင့်စမ်းပါနဲ့ ကောင်မလေးရယ်။

သူက စိတ်ပေါက်ပေါက်ဖြင့် တွေးရင်း ချောင်းရေပြင်ဆီသို့ အကြည့်ငေးငေး ပို့ထားလိုက်သည်။ ပေါကြောင်ကြောင် စိတ်ကူးယဉ်ဆန် မိသည့်အတွက် သူ့ကိုယ်သူလည်း အပြစ်တင်နေမိ၏။

ထိုစဉ် ချိုချိုသင်းလဲ့ရည်ဆွေက. . .

"ဟောဟို ချောင်းစပ်က ကျောက်တုံးပေါ် သွားထိုင်ရအောင် လေ"

အသံခပ်တိုးတိုးဖြင့်ပြော၏။ ကန့်ကလျဟု ဆိုရမလား ဘာလား မသိသော အသံမျိုး (တကယ်တော့ ကန့်ကလျ ဆိုသည်မှာ ဘယ်လို အနေအထားကို ရည်ညွှန်းမှန်း သူကိုယ်တိုင်လည်း ရှင်းရှင်းလင်းလင်း တိတိကျကျ မသိပါ)

ဘာပဲဖြစ်ဖြစ် သူ ခေါင်းညိတ်ပြလိုက်၏။

ကျောက်တုံးပေါ် အတူထိုင်မိကြချိန်အထိ တစ်ယောက်နှင့် တစ် ယောက် စကားမပြောဖြစ်ကြသေး။

ချောင်းရေ၏ ရနံ့ကို ရှူရှိုက်သည်။ အိပ်တန်းပျံသော ငှက်တွေ ကို မော့ကြည့်သည်။ လိမ္မော်ရောင် ဆည်းဆာနေခြည်ကို ခိုကိုးသည်။

ကမ္ဘာမြေသည် ဖျားနာနေသော ကြယ် ဖြစ်နေခဲ့၏။

ကျောက်တုံးပေါ် ထောက်ထားသော သူ့လက်ဝဲဖက် လက်အနီး သို့ ချိုချိုသင်းလဲ့ရည်ဆွေ၏ လက်တစ်ဖက်က မသိမသာလိုလို လာတင် သည်။

ကျောက်တုံးပေါ် ထောက်ထားသည့် သူတို့နှစ်ဦးသား လက်ချင်း ယှဉ်လျက်သား၊ လက်သန်းချင်း ထိတထိဖြစ်နေ၏။

သူကတော့ တတ်နိုင်သလောက် မသိချင်ယောင်ဆောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ် အခုကျမှလာပြီး မတော်တဆလိုလို ဘာလိုလိုနဲ့ လက်ချင်း လာထိနေရတာလဲ။ ခွေးမလေး. . .၊ စောစောတုန်းက ဒင်း လက်ကို ကိုင်လိုက်တုန်းက သွေးစုနာပေါက်နေသလို ဆတ်ခနဲ ရုန်းထွက်သွားပြီးတော့။

(မိန်းမတွေသည် ဘာမှန်းမသိ၊ အတော် နားလည်ရခက်ပါသည်)

ဗိုင်းတာမကလေး။ နောက်တစ်ခါ ဘီလူးလာရင် နင့်ကို အရင်ဆုံး ဆွဲသွားပါစေဗျာ။

သူ စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းလိုက်၏။

ဆုတောင်းပြီးကာမှ တစ်စုံတစ်ခုကို သူ ဖျတ်ခနဲ သတိရသွားသည်။

'ဘီလူး'

ဟုတ်တာပေါ့။ ဒါ လူတိုင်း စိတ်ဝင်စားနေတဲ့ အကြောင်းအရာပဲ။ ငါ့ရဲ့ ဘီလူးဖမ်းဆီးရေး စီမံကိန်းအကြောင်းကို ပြောပြရမှာပေါ့။

ဒါ့ထက်ပိုပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ဖို့ ကောင်းတဲ့အကြောင်းအရာ ဘာများရှိသေးလို့လဲ။

ယောက်ျား မှန်ရင် ကိုယ့်ရည်းစားရှေ့မှာ ကြွားဝါချင်ကြတာ ဘာသဘောလဲတော့ မသိ။ (ယောက်ျား ဆိုသည်ကလည်း အူကြောင်ကြောင် သတ္တဝါတစ်မျိုး ဖြစ်၏)

ထိုအတွေးနှင့် သူက စကားစလိုက်သည်။

"ဪ. . ခုမှ သတိရလို့ ပြောပြရဦးမယ်၊ ဒီနေ့ နေ့လယ်တုန်းက အားလုံးကို အစည်းအဝေးခေါ်ပြီး ဘီလူးဖမ်းဖို့ တိုင်ပင်ကြတယ်၊ တိုင်ပင်တယ် ဆိုပေမယ့်လည်းကွာ. . . တကယ်တော့ ကိုယ်ပြောတာ





ဆူညံ မြည်ဟိန်းနေ၏။

သူတို့အားလုံး မြို့အစွန် မကျတကျရှိ အုန်းခြံကျယ်ကြီးတစ်ခု အတွင်းမှာ ရောက်နေကြခြင်း ဖြစ်သည်။

ခြံ၏အလယ်မှာ အရင်တုန်းက အပ်ချုပ် ဘော်ဒါသင်တန်းကျောင်း အဟောင်းတစ်ခုရှိသောကြောင့် မြို့ထဲရှိ မိန်းကလေးတွေ အားလုံး တစ်ညတာ အိပ်စက် တည်းခိုရန် နေရာထိုင်ခင်း ကျယ်ကျယ်ဝန်းဝန်းရှိ၏။

အရင်တုန်းက နူးညံ့ ဆိတ်ငြိမ်ခဲ့ရာ နယ်မြေမှာ အခုတော့ စိန်ခေါ် လက်ခမောင်းခတ်သံတွေ ညံနေသည်။ ခြံဝင်းထဲရှိ နေရာအနှံ့ မှာလည်း လူတွေ မားကိုယ်စီဖြင့် နေရာယူနေကြလေပြီ။

"ဘုရား . . . ဘုရား၊ အခုတော့ ဒါတွေအားလုံးဟာ ငါ့မျက်စိရှေ့အောက်မှာ တကယ်ဖြစ်ပျက်နေကြတာပါလား"

သူ ချောက်ချား တုန်လှုပ်စွာဖြင့် စိတ်ထဲမှ တီးတိုး ရေရွတ်မိသည်။ ကြည့်နေရင်း ကြည့်နေရင်းမှာပင် မြင်ကွင်းက တစ်စထက်တစ်စ ဗိုပြီး သွေးပျက်ဖို့ကောင်းလာ၏။

ဟိုသည် လှုပ်ရှား ယိမ်းထိုးနေသော အရိပ်မည်းမည်းတွေ တလည်း ခြံဝင်းကျယ်ကြီး တစ်ခုလုံးထဲမှာ ပြည့်ကျပ်ညပ်နေသည်။ လူတွေ၏ အနံ့အသက်၊ စိတ်လှုပ်ရှားမှု၏ အနံ့အသက်တွေ အားလုံး လေထုထဲတွင် သိပ်သိပ်သည်းသည်း. . .။

"ဘီလူးရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးမယ်ဟေ့"

အော်ဟစ်သံတွေက လပြည့်ညကို သိမ့်သိမ့်တုန်ခါသွားစေ၏။

ခြံဝင်းကျယ်ကြီးတစ်ခုလုံးမှာ လူတွေ ပြည့်သိပ်ပြီး ယောက်ယက်ခတ်နေကြသည်။

ဒူးလေးကြီးတစ်လက်ကို ထမ်းပြီး ဟိုဒီပြေးလွှားကာ လူတွေကို နေရာချနေသော ထွန်းလင်းဦးကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းစန်းက မီးတုတ်ကြီးကို ဝှေ့ယမ်းပြီး လူတွေကို အော်ထင်နေ၏။ အောင်စည်ဟိန်းက အိမ်ကြီးကို လုံခြုံအောင် ပိတ်ထားသည့် အထာအရံတွေကို လိုက်စစ်ဆေးနေသည်။

တင်ကိုကိုကလည်း သူ့အဖွဲ့သားများအား တစ်စုံတစ်ခု မှာကြားနေသည်ကို တွေ့ရ၏။ ရှုပ်ထွေးနေလေသည်။

ထိုမြင်ကွင်းတစ်ခုလုံးကို အသက်မဲ့စွာဖြင့် ငိုင်ငိုင်တွေတွေကြီးငေးကြည့်နေသည်ကတော့ သူတစ်ယောက်တည်းပင်။

တစ်စုံတစ်ခုက သူ့လည်ချောင်းဝတွင် တစ်ဆို့နေ၏။

ဒါ. . . ဒါ အကြောက်တရားလား။

သူ မသိ။ သူ မဝေခွဲတတ်တော့။ မြင်နေရသည့် မြင်ကွင်းအားလုံးကို အိပ်မက်ပဲ ဖြစ်ပါစေတော့ဟု သူ ဆုတောင်းနေမိသည်။

(ဘီလူးကို ဖမ်းကြဖို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ပြောနေရတုန်းကတော့ သူ သွေးအေးခဲ့သည်။ သူ တည်ငြိမ်ခဲ့သည်။ ကြည့်ဖူးသည့် ရုပ်ရှင်ကား တစ်ကားအကြောင်း ပြန်ပြောနေရသလိုမျိုး လက်တွေ့ဘဝမှာ ကိုယ်နှင့် ဘာမှ ပတ်သက်လာစရာ မရှိသည့် ကိစ္စတစ်ခုအဖြစ် သက်သောင့်သက်သာနိုင်လှသည်)

"ဟူး . . . မလွယ်ပါလား"

သူ့ရင်ထဲမှာ အပူငွေ့တွေ တလှိုက်လှိုက် လောင်နေလေပြီ။ အခု တကယ့်လက်တွေ့မှာတော့ သူ ဟန်ဆောင်ပန်ဆောင်တောင် သွေးမအေးနိုင်ပါကလား။

"ဒုက္ခပါပဲ. . . ဘာတွေဖြစ်လာဦးမှာလဲ"

ချောက်ချားမှုတစ်ခုက သူ့ကို ထပ်တလဲလဲ မေးခွန်းထုတ်နေသည်။ ဘာကိုမှ သူ မကြားတော့။ လူအုပ်ကြီး၏ ဆူညံသံတွေက သူ့နားထဲမှာ အူထွက်နေသည်။





လူတွေ ရေးကြီးသုတ်ပျာ အလျင်စလို လှုပ်ရှားနေပုံတွေက သူ့မျက်ဝန်းထဲမှာ ဝိုးတိုးဝါးတား တရိပ်ရိပ်ဖြစ်နေသည်။

သူ့ဘေးနားသို့ ဆရာဦးသက်နောင် လာရပ်သည်ကို သိလိုက်၏။ ဦးသက်နောင်က . . .

"အားလုံးကတော့ အဆင်သင့် ဖြစ်နေကြပြီ၊ မိန်းကလေးတွေကို အိမ်ပေါ်တက်ခိုင်းလိုက်ရတော့မလား"

ရုတ်တရက်မို့ သူ ဘာပြန်ဖြေရမည်မသိ။ သူ့ကို သဲသဲကွဲကွဲ အသိအမှတ်ပြုပြီး လာတိုင်ပင်ဖော်ရသည်မှာ ဦးသက်နောင်တစ်ယောက်တော့ ရှိသေးတယ်ဟု တွေးကာ ကျေနပ်သလိုလိုတော့ ဖြစ်မိ၏။

"အင်း . . ."

သူ ခေါင်းညိတ် သဘောတူလိုက်သည်။ တခြား ထွေထွေထူးထူး စီစဉ်စရာလည်း သူ မမြင်မိတော့။

ဦးသက်နောင်က မိန်းကလေးတွေ အားလုံးကို နှစ်ယောက်တစ်တွဲ တွဲပြီး အိမ်ပေါ်တက်ကြဖို့ အော်ပြောနေသည်။

အစပိုင်းမှာတော့ သူ့စကားကို ဂရုတစိုက် နားထောင်မည့်သူဟူ၍ တစ်ယောက်မှမရှိ။ နောက် တဖြည်းဖြည်းနှင့် အနီးအနားမှာရှိသောလူတွေက တစ်ယောက်တစ်ပေါက်နှင့် စကားလက်ဆင့်ကမ်းပြီး အော်ကြဟစ်ကြမှသာ မိန်းကလေးတွေက တဖွဲဖွဲနှင့် ခြံထဲဝင်လာကြတော့သည်။

ပြီးတော့ ဦးသက်နောင် ပြောသလို နှစ်ယောက် တစ်တွဲလည်း မဟုတ်။ အဆင်ပြေသလို နီးစပ် ပတ်သက်ရာ အစုဖွဲ့ပြီး အိမ်ပေါ်တက်သူ တက်ကြသည်။ အိမ်ပေါ်ရောက်ပြီးကာမှ ပြန်ဆင်းသူက ဆင်းကြသည်။

အိမ်မှ မိဘဆွေမျိုးတွေက လိုက်ပြီး နှုတ်ဆက်သူက နှုတ်ဆက်၊ စားစရာ သောက်စရာတွေ လိုက်လံပေးသူက ပေး။ တရုန်းရုန်းနှင့် ရှုပ်ယှက်ခတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည့် မိန်းကလေးတွေ လူးလာခေါက်တုံ့ ယောက်ယက်ခတ်နေသည့်ကြားထဲမှာမှ ချိုချိုသင်းလှဲ့ရည်ဆွေကို ဘွားခနဲ တွေ့လိုက်ရသည်။

သူမက အနားတွန့်တွေ အများကြီးပါသော အဝါရောင် ဂါဝန်ကလေးကို ဝတ်ထားသည်။ လည်ပင်းမှာတော့ သူ လက်ဆောင်ပေးထားသည့် ပဝါနီနီလေးကို စည်းနှောင်လျက်သား။

သူမက ပြုံးပြီး စိုက်ကြည့်နေ၏။

'ငှက်ကလေး'

သူက နှုတ်မှ လွှတ်ခနဲ ခေါ်လိုက်မိသည်။

ချိုချိုသင်းလှဲ့ရည်ဆွေက သူ့အနားသို့ လျှောက်လာပြီး။

"အရမ်းပင်ပန်းနေပြီလား ကို"

ပြောပြောဆိုဆိုနှင့် သူမက သူ့လက်နှစ်ဖက်ကို ဆွဲယူကာ ကြင်ကြင်နာနာ ဆုပ်ကိုင်လိုက်သည်။

သူ အံ့အားသင့်သွား၏။

ချောင်းစပ်မှာ နှစ်ယောက်တည်း ရှိတုန်းက လက်ကလေးကိုင်သည်ကိုတော့ ရှက်သလို ရှန်းဖယ်ပစ်ခဲ့ပြီး အခုလို လူတွေအများကြီးရှေ့မှာကျတော့ မရှက်ပြန်တော့ဘူးလား။

မိန်းမတို့၏ စိတ်သဘောကို သူ နားမလည်နိုင်တော့။

"မပင်ပန်းပါဘူး ငှက်ကလေး၊ ငှက်ကလေးသာ သတိ ဝီရိယနဲ့ နေနော်"

သူ အလိုက်သင့် ပြန်ပြောပြီး စိတ်ပူသလို မှာလိုက်သည်။ ချိုချိုသင်းလှဲ့ရည်ဆွေက မွေးကင်းစ ကလေးငယ်ဆန်သော အပြုံးဖြင့်. . .

"အင်းပါ ကိုရဲ့၊ ဪ. . . မနက်ဖြန် ညနေကျရင် အရင်တွေ့တဲ့ နေရာမှာပဲ ပြန်ဆုံမယ်နော်၊ ပါပါး မသိစေနဲ့"





ကို သူတို့အားလုံးက နားထောင် ခေါင်းညိတ်ရုံပါပဲ၊ သူတို့က ကိုယ့်ကို ခေါင်းဆောင်တင်ထားကြတာကိုး၊ အစစအရာရာ ကိုယ်ကချည်းပဲ. . ."

"ဟွန်း. . . တော်ပါ၊ ရှင်ကတော့ သူတို့နဲ့ ပျော်နေတယ်ပေါ့လေ၊ သိပါတယ်၊ ရှင် ကျွန်မကို တကယ်မချစ်ပါဘူး"

သွားပြီ၊ သွားပြီ။ အဲသည်မှာ စပြီး အကြီးအကျယ်လွဲတော့သည်။ သူက ကြီးကျယ်ခမ်းနားသော သူ့အခန်းကဏ္ဍကို ပြောဖို့ ကြိုးစားသည်။ ချိုချိုသင်းလှဲ့ရည်ဆွေက အချစ်အကြောင်း နားထောင်ချင်သည်။

ယောကျ်ားနှင့် မိန်းမ ကွဲလွဲခြားနားသည်မှာ အဲဒါပင် ဖြစ်ပေလိမ့်မည်။

"ကိုယ် မင်းကို ချစ်ပါတယ် ငှက်ကလေးရယ်"

ခပ်ညံ့ညံ့ ဓာတ်ရှင်မင်းသားတစ်ယောက်၏ အိုက်တင်မျိုးဖြင့် သူ ပြောလိုက်သည်။ ပြောပြီးကာမှ သူ့ဘာသာသူ ပြန်ရှက်နေရသေး၏။

ချိုချိုသင်းလှဲ့ရည်ဆွေက. . .

"ဟင့်အင်း မယုံပါဘူး။ မှန်မှန်ပြော၊ ရှင့်မှာ ကျွန်မနဲ့ မတွေ့ခင်အထိ ရည်းစားဘယ်နှယောက် ရှိဖူးသလဲ"

မိန်းမများသည် အလွန် စကားများကြသည်။ သူတို့ပြောသမျှ စကားတွေထဲမှာလည်း လုံးဝ အရေးမပါသော မေးခွန်းများ၏ အဖြေကို မရမက လိုက်မေးနေကြသည်က များ၏။

မင်း အရင်က ငါ့မှာ ရည်းစားတစ်ယောက်ရှိတယ်ကွ၊ ဘာဖြစ်လဲ။

နှစ်ယောက်ရှိတယ် ဆိုရင်ကော။

ကဲ ထားပါတော့၊ သုံးယောက်ကွာ၊ အဲဒါ မင်းဘာလုပ်မလို့လဲ။

သူ နည်းနည်း စိတ်အချဉ်ပေါက်လာ၏။

တကယ်တော့ ကောင်မလေးရယ်၊ မင်း အရင် ရည်းစားဘယ်နှယောက် ရှိခဲ့ဖူးတယ်ဆိုတာက ပြဿနာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့နောက်မှာ ရည်းစားဘယ်နှယောက် ရှိလာဦးမလဲဆိုတာ သာ တကယ့်ပြဿနာပါ။

ဒါက သူ့စိတ်ထဲမှ တီးတိုးရေရွတ်မိသမျှသာ ဖြစ်သည်။ တကယ် တမ်း သူ့ပါးစပ်မှ ဖြေလိုက်သည်ကတော့. . .

"ဘယ်သူမှ မရှိပါဘူးကွာ၊ မင်းဟာ ကိုယ့်ရဲ့အချစ်ဦးပါ. . . ငှက်ကလေး"

"တကယ်လားဟင်. . . ခစ်. . . ခစ်"

"တကယ်ပါ အချစ်ရယ်"

"သြော်. . . ကိုရယ်"

ဟင်. . အနံ့ကြီးက ဆိုးရွားလိုက်တာ။ ဒါ. . . ဒါ. . . အီးပေါက် လိုက်တာပဲ။

ချိုချိုသင်းလဲ့ရည်ဆွေ၏ 'သြော်. . . ကိုရယ်' ဟူသော မိန်းမိန်း မူးမူး ရေရွတ်သံအဆုံးတွင် အောင့်အည်းထားရာမှ ဖွစ်ဖွစ်ညွစ်ညွစ် ပုန်း လျှိုး ကွယ်လျှိုး ထွက်ပေါ်လာသော လေလည်သံနှင့်အတူ ပုပ်ဟောင် သော အနံ့ဆိုးက သူ့နှာခေါင်းဝသို့ လုံးလုံးခဲခဲ တိုးဝင်သွား၏။

အသက်ရှူပင် ကျပ်သွားသည်။

လုပ်ရက်လိုက်တာ အချစ်ရယ်။

(ပိုဆိုးသည်က သူ့ကိုယ်သူ လုံးဝ မျက်နှာမပျက်အောင် အတင်း ဟန်ဆောင်ထားရသည့်ကိစ္စပင် ဖြစ်၏။ ကောင်မလေးကို အားနာရမည် မဟုတ်လား။ သူ ရှက်မသွားအောင်လေ)

သူက ငှက်ကလေးကို ပြုံးပြလိုက်၏။ သူမကလည်း ပြန်ပြီးပြုံးပြ နေသည်။ ရှိုးရှိုးကလေး နားလည်လိုက်ရအောင်ပါ။ ဒါဟာ အချစ်ပေါ့။





ချောင်းရေပြင်တွင် ဂယက်တွေ ထနေသည်။

ဘယ်က စမှာလဲ၊ ဘယ်မှာ ဆုံးမှာလဲ။

မကြာခင် နေဝင်ပေတော့မည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

လပြည့်ည။

ဘီလူးလာမည့် ည။

သူ ရင်ခုန်ပြီး အသက်ရှူကျပ်သလိုလို ဖြစ်နေ၏။ လက်မှ နာရီကို ကြည့်လိုက်တော့ ညရှစ်နာရီ ထိုးခါနီးနေပြီ။

ဘီလူးက သန်းခေါင်ကျော်မှ လာတတ်သည်ဟု ဆိုလေ့ရှိသော စကားများအတိုင်းမှန်လျှင် နောက်ထပ် လေးနာရီကျော်ကျော်လောက် အချိန် ရဦးမည်။

သို့သော် အခုကတည်းက သူ့တစ်ကိုယ်လုံး လေးလံနေ၏။ မအီမသာ ကိုက်ခဲနာကျင်သလို ဖြစ်နေသည်။

သူ့နားထဲမှာလည်း ဆူညံသံတွေက အက်ကွဲ တုန်ခါနေသည်။

အို လူတွေအားလုံး ယောက်ယက်ခတ်နေကြပါလား။

ဟုတ်သည်။ လူငယ်များ ခေါကိုယ်စီဖြင့် ဟိုမှ ဒီမှ ပြေးလွှားကာ ရှုပ်ယှက်ခတ်နေသည်။ တစ်ယောက်ကို တစ်ယောက် အော်ဟစ် ညွှိနှိုင်းနေကြသည်။





သူမ၏ ချိန်းဆိုချက်ကို သူ ခေါင်းညိတ်ပြလိုက်သည်။

အနီးအနားတွင် ရှိနေသော လူငယ်တချို့နှင့် မိန်းကလေးတွေက သူနှင့် ချိုချိုသင်းလဲ့ရည်ဆွေကို မသိမသာ တစ်မျိုး၊ သိသိသာသာ တစ်မျိုး လှမ်းလှမ်းကြည့်ကြ၏။

သူတို့၏ မြို့ခံ မိန်းကလေး တစ်ယောက်နှင့် တစ်ရွာသား ညွှံ့သည်တစ်ယောက်တို့၏ ဘာဘာညာညာအဖြစ်သည် သူတို့အတွက်တော့ ရုပ်ရှင်လိုလို ဝတ္ထုလိုလို အဓိပ္ပာယ်ဆောင်နေပေလိမ့်မည်။

သူက ချိုချိုသင်းလဲ့ရည်ဆွေကို . . .

"သွားတော့ ငှက်ကလေး"

ဟု တီးတိုး နှုတ်ဆက်လိုက်၏။ ချိုချိုသင်းလဲ့ရည်ဆွေက အသာအယာ ပြုံး၍ ခေါင်းဆတ်ပြပြီး လှည့်ထွက်သွားသည်။

သူမ၏ လည်တိုင်မှ ပဝါနီနီရဲရဲလေးက ည၏ လေပြေထဲတွင် တလူးလူး တလွင့်လွင့်။

အခြားမိန်းကလေးများနှင့်အတူ အိမ်အပေါ်ထပ်ဆီ တက်သွားသော ငှက်ကလေးကို ငေးကြည့်ရင်း မိန်းကလေးများ၏ နောက်ဘက်ဆုံးမှ လိုက်ပါလာသူ နှစ်ဦးကို မြင်လိုက်ကာမှ ဖျတ်ခနဲ သတိပြန်ဝင်လာသည်။

ဟင် . . . ။

ကိုကိုမြင့်နဲ့ ရန်အောင်စိုး။

ဟုတ်တာပေါ့။ သူတို့နှစ်ယောက်က မိန်းကလေးတွေနဲ့အတူ အိမ်ပေါ်မှာ ဘီလူးကို အနီးကပ် ရင်ဆိုင် တိုက်ခိုက်ရမယ့်သူတွေပဲ။

ထိုအတွေးဖြင့် . . .

ကိုကိုမြင့်နှင့် ရန်အောင်စိုးကို ကြည့်ရင်း သူ့နှလုံးအိမ်ထဲမှာ စိတ်သေရောဂါတစ်ခု ရင့်မှည့်လာသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သေခြင်းတရားဆီ သွားတဲ့လမ်းမှာ သူတို့နှစ်ယောက်လောက် ဘယ်သူတွေ ဖူးပွင့်ရဲခဲ့ပါလိမ့်မလဲ။

"ဟော့ လူတွေ၊ သတိတော့ ထားကြနော်၊ အသက်အန္တရာယ်ရှိ တယ်"

ကိုကိုမြင့်က သူ့ကို ပြုံးပြ၏။ ထို့နောက် မလှမ်းမကမ်းတွင် ရပ် နေသော ဝင်းနောင်ကို လှမ်းအော်ပြောသည်။

"ဟော့ကောင်. . . ငါ သေရင် ငါ့အုတ်ဂူပေါ်မှာ နှင်းဆီပန်း တစ်ပွင့်လောက်တော့ တစ်ယောက်ယောက်ကို တင်ခိုင်းပေးစမ်းပါကွာ။ ရုပ်ရှင်ထဲကလို ရိုမန်းတစ် (Romantic) ဖြစ်အောင်လို့ပါ"

ရန်အောင်စိုးကတော့ . . .

"ကျွန်တော် သေသွားတဲ့အခါ ကျွန်တော့် မသာကို လှလှပပကြီး ပြင်ပြီး ဘေးမှာ ဝိုင်းအုံ့ မငိုကြနဲ့နော်။ ဟဲ. . . ဟဲ ကျွန်တော်က လူတွေ ဝိုင်းပြီး အကြည့်ခံရရင် မနေတတ်ဘူးဗျ၊ ရှက်တယ်"

ရန်အောင်စိုးက စပ်ဖြီးဖြီးနဲ့ နောက်ပြောင်ပြီး လှည့်ထွက်သွား လေသည်။ သူတို့နှစ်ယောက် နောက်ကျောကို ငေးကြည့်ရင်း ကိုယ့်ကိုယ် ကိုယ် လိပ်ပြာမလုံစွာ ခံစားရသည်။

ဩော်. . သူတို့ ကျောပေါ်မှာ လွယ်ပိုးထားတဲ့ ဓားနှစ်လက်ထိုး မျိုး ငါ့ရဲ့ တွေဝေခြင်းတွေကို ထက်ရှအောင် သွေးကြည့်ချင်လိုက်တာ။

ယုံကြည်ချက် မားအိမ်အလွတ်ထဲမှာ တစ်စုံတစ်ရာ ပျောက်ဆုံး နေခဲ့ပြီ။

ဆရာ ဦးသက်နောင်နှင့် ကိုညွန့်ဟန်တို့က သူ့ဘေးဝဲယာတွင် လာရပ်သည်။

ဦးသက်နောင်က. . .





"ဟဲ. . . မိန်းကလေးတွေကတော့ အိမ်ပေါ် ရောက်သွားကြပြီ။ ဘာဆက်လုပ်ကြမလဲ။ ကင်းပုန်းချထားတဲ့ နေရာတွေကို လိုက်ကြည့်ကြ မလား"

သူ ပခုံးတွန့်ပြလိုက်သည်။ ပြီး. . .

"အင်း . . . သွားတာပေါ့"

အိမ်ကြီး၏ တောင်ဘက်ဆီသို့ သူတို့ ဖြည်းဖြည်းချင်း လျှောက် ခဲ့ကြသည်။

မြေပြင်မှာ စိုက်ထူထားသော မီးတုတ်ရှည်ရှည်ကြီးတွေ၏ နောက် မှာ လူအုပ်စုက ရုတ်ရုတ်သဲသဲ။ ဓား လှံ အသွားတွေ အချင်းချင်း ထိ ခတ်မိသံကလည်း တချွင်ချွင် မြည်နေ၏။

"လာကြဗျို့၊ ဒီဘက်ကို လာကြ။ ကျုပ်တို့အဖွဲ့ကတော့ အသင့် ဖြစ်နေပြီ"

လှမ်းခေါ်နေသူမှာ တင်ကိုကို ဖြစ်မှန်း သူ မှတ်မိလိုက်၏။ တင်ကိုကိုက လက်ထဲတွင် လေးနှင့် မြားကို ကိုင်ထားပြီး မျက်နှာပေါ်တွင် လည်း ဆေးအနက်ရောင်ဖြင့် အစင်းတွေ ခြယ်ထားရာ လူရိုင်း တစ် ယောက်နှင့် တူနေလေသည်။ ဘာသဘောဖြင့် အဲဒီလိုလုပ်ထားရသလဲ တော့ မသိ။ ကြည့်ရသည်မှာ နည်းနည်းတော့ ကြောင်စီစီနိုင်သလို ပင်. . .။ သူ့ပါးစပ်မှလည်း အရက်နံ့က မဆိုစလောက် သင်းပျံ့နေ၏။

တင်ကိုကိုက သူရာရည်၏ အရှိန်ကြောင့်လားမသိ. . .

"ဘီလူးသာ ကျုပ်တို့ဘက်အခြမ်းက လာစမ်းပါစေဗျာ။ အသက် နဲ့ ကိုယ် အိုးစားကွဲသွားစေရမယ်"

ဟု ဒေါသသံဖြင့် ကြုံးဝါးနေ၏။ သူတို့အဖွဲ့က လူသုံးဆယ်နီးပါး ခန့် ရှိသည်။ အားလုံး လက်နက်ကိုယ်စီနှင့် ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းကျော်က သူ့လက်စွဲတော် ကင်ဒီဓားကို ပိုက်ကာ တဟုန်းဟုန်း တောက်လောင်နေသည့် ဆီမီးတိုင်ကြီး တစ်တိုင်အောက်မှာ ငြိမ်သက်စွာ မလှုပ်မယှက် ထိုင်နေ၏။ မီးတောက်၏ နီကြင်ကြင် အလင်းက သူ့မျက်နှာကို တဖျပ်ဖျပ် ဟပ်နေလေသည်။

သူ လှမ်းကြည့်လိုက်တော့ ကိုဝင်းကျော် တစ်ယောက် အတော်လေး မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်ကို မြင်ရ၏။

ကိုဝင်းကျော်တစ်ယောက် ကြောက်ရွံ့ထိတ်လန့်နေသည်ပဲ။

ထိုအတွေးနှင့်ပင် သူ မသိချင်ယောင်ဆောင်ပြီး မျက်နှာလွှဲလိုက်သည်။ ကိုဝင်းကျော်ကို သူ စိတ်အနှောင့်အယှက် မပေးလိုပါ။ ဒါ. . . သူ့ ရိုးသားမှုပဲ။ လူတိုင်းဟာ ကိုယ့်ရင်ထဲက ခံစားချက် အရှိအတိုင်း နေထိုင်ခွင့်ရှိသည် မဟုတ်လား။

တကယ်ဆို. . . သူကိုယ်တိုင်လည်း ကိုဝင်းကျော်လို ကြောက်နေမိသည်ပဲလေ. . . ။

သူက မလွှဲသာလွန်းသဖြင့်သာ သတ္တိရှိချင်ယောင်ဆောင်နေရသည်။ တကယ်တမ်း နေသာသပဆိုလျှင်. . . သူလည်း ကိုဝင်းကျော်လိုပင် လွတ်လပ်ပေါ့ပါးစွာ ကြောက်နေချင်ပါသည်။

ဘေးကို လှည့်ကြည့်လိုက်တော့ ဆရာဦးသက်နောင်နှင့် ကိုညွှန့်ဟန်တို့ နှစ်ယောက်စလုံးကလည်း ကိုဝင်းကျော်ကို သတိထားမိပြီး ကြည့်နေကြသည်ကို တွေ့လိုက်ရ၏။

ကိုညွှန့်ဟန်၏ နှုတ်ခမ်းဖျားမှာ ကိုဝင်းကျော်ကို သရော်ချင်သလိုလို အပြုံးတစ်စက်ကို မြင်ရသည်။

အာရုံပြောင်းသွားပါစေတော့. . . ဟု ရည်ရွယ်ပြီး သူက ကိုညွှန့်ဟန်နှင့် ဆရာဦးသက်နောင်ကို စကားလှမ်းပြောလိုက်၏။





"ဩော်. . . ဒါနဲ့ မိန်းကလေးတွေနေတဲ့ အိမ်ပေါ်မှာ ဘီလူးလာရင် တပ်လှန့်ဖို့ အချက်ပေး ခေါင်းလောင်းတပ်ရမယ် မဟုတ်လား။ အဲဒါ. . . လုပ်ပြီးသွားပြီလား"

သူ့စကားကြောင့် ဦးသက်နောင်ကော ကိုညွှန့်ဟန်ပါ ခပ်တွေတွေ ဖြစ်သွားကြသည်။ ပြီးမှ ကိုညွှန့်ဟန်က. . .

"မသိဘူးဗျ။ အဲဒီကိစ္စက စန်းလွင်နဲ့ အသေးလေးတို့ စီစဉ်မယ် ပြောတာပဲ"

"သေချာအောင် ခေါ်မေးကြည့်စမ်းပါဦး. . . မောင်ညွှန့်ဟန်ရယ်"

ဆရာဦးသက်နောင်က လူကြီး လေသံဖြင့် စိတ်မချစွာ ဝင်ပြော၏။

သူက. . .

"လာပါ. . . ဆရာရယ်၊ ကိုယ်တိုင်ပဲ လိုက်ရှာပြီး မေးကြည့်လိုက်ရအောင်ပါ"

ပြောပြောဆိုဆိုနှင့် သူ့ရှေ့မှ ဦးဆောင်ပြီး ထွက်ခဲ့သည်။

●

တွေ့မယ့် တွေ့တော့ ခြံနောက်ဘက်ထောင့်ရှိ မန်ကျည်းပင်အောက်မှာ၊ ကင်းစောင့်ရင်း ကန်စွန်းဥ မီးဖုတ်စားနေကြသည့် အုပ်စုထဲတွင် အသေးလေးကော စန်းလွင်ပါ တဟီးဟီး တဟားဟားလုပ်နေသည်ကို တွေ့လိုက်ရ၏။

ကိုညွှန့်ဟန်က. . .

"ဟေ့ကောင်တွေ. . . အိမ်ပေါ်မှာ တပ်ဖို့ အချက်ပေး ခေါင်းလောင်း ရှာလာမယ်ဆို. . . ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငေါက်ငေါက် မေးသံကြောင့် အသေးလေးနှင့် စန်းလွင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။

သူ ပြောမလိုလို ငါ ပြောမလိုလိုနှင့် တစ်ယောက်ကို တစ်ယောက် တွန်းထိုးနေကြသည်။ စိတ်မရှည်စရာကောင်းလှ၏။

ဒီလောက် အရေးကြီးသည့်ကိစ္စကို သူတို့မို့လို့ မထုံတက်သေး လုပ်နေနိုင်သည်။

ပြီးတော့. . . သူတို့ပြောသည့် ဖြေရှင်းချက်တွေကလည်း ရေရေရာရာ မရှိလှ။ အချက်ပေးခေါင်းလောင်း တပ်ထားသည့် အိမ်ကပဲ မငှားချင်သလိုလို. . .၊ အိမ်ရှင်လူကြီးတွေနှင့်ပဲ တော့တော့ဆိုင်ဆိုင် မတွေ့ခဲ့ရ. . . မပြောခဲ့ရသလိုလို။

ဟိုလိုလို ဒီလိုလို ပြောနေသည့် စကားတွေကို နားထောင်ရင်း သူ တော်တော်စိတ်ပျက်သွားမိသည်။

"ကျွတ်"

ဦးသက်နောင်ကလည်း စိတ်မချမ်းသာစွာဖြင့် 'ကျွတ်'ခနဲ တစ်ချက် စုပ်သတ်လိုက်၏။ ကိုညွန့်ဟန်ကတော့ စန်းလွင်နှင့် အသေးလေးကိုသာ ဖိပြီး ဆူပူ မာန်မဲနေလေသည်။

"မင်းတို့ကလည်းကွာ၊ လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ။ ဘယ်တော့မှ ကိုယ်ယူထားတဲ့ တာဝန်ကို ပီပီပြင်ပြင် မလုပ်ဘူး"

"လုပ်တာပဲဗျ၊ ပိုင်ရှင်ကမှ မငှားတာ ကျွန်တော်တို့က ဘာတတ်နိုင်မှာလဲ"

"ဟ. . . အဲဒီလိုဆိုလည်း စောစောကတည်းက ငါတို့ကို အကျိုးအကြောင်း လာပြောပါလား။ နောက်တစ်မျိုး စီစဉ်စရာရှိတာ စီစဉ်ရတာပေါ့။ အခုတောင် ကြည့်စမ်း။ ငါတို့က လိုက်ရှာပြီး မေးမိပေလို့ပဲ။ နို့မဟုတ်





ရင်. . . အစီအစဉ်တစ်ခုလုံး ရေစုန်မျောပြီး အားလုံး ဒုက္ခရောက်ကုန်မှာ။ မင်းတို့ကိုက လူစုစုရှိတဲ့နေရာလိုက်ပြီး ပေါ့လား ဝါးလား လုပ်ချင်နေတဲ့ ကောင်တွေ"

"ကျုပ်တို့ဘာသာ ကျုပ်တို့ ဘယ်လိုနေနေဗျာ၊ ခင်ဗျား ဆရာလာမလုပ်နဲ့။ ခင်ဗျားကကော ဘာစောက်သုံးကျလို့လဲ"

"ဘာကွ"

ကိုညွန့်ဟန်နှင့် စန်းလွင်တို့ ဒေါသတကြီး အော်ဟစ် ပြောဆိုသံများကြောင့် အနီးအနားရှိ လူတွေပါ ဝိုင်းအုံလာကြသည်။ ဘာလဲ. . . ဘာဖြစ်ကြတာလဲဟု ဆူဆူညံညံ မေးကြမြန်းကြသည့်အထဲတွင် ဝင်းနောင်နှင့် အောင်စည်ဟိန်း တို့ကိုပါ တွေ့လိုက်ရ၏။

သူက . . . အခုအချိန်အထိ အိမ်ပေါ်မှာ အချက်ပေး ခေါင်းလောင်း မတပ်ဆင်ရသေးကြောင်း ပြောပြလိုက်သည့်အခါ အောင်စည်ဟိန်း က လက်မှ နာရီကို ငုံ့ကြည့်ပြီး မျက်နှာပျက်သွားသည်။

ဝင်းနောင်ကလည်း. . .

"ဟာ. . . ဒုက္ခပါပဲဗျာ။ အချိန်က သိပ်မရှိတော့ဘူး"

ဟု ညည်းညည်းညူညူ ပြောရင်း လူအုပ်ကြားထဲမှ တိုးဝှေ့ကာ အပြင်သို့ ထွက်သွား၏။ တစ်ဖက်မှာလည်း လူတွေက ဒေါသတကြီးဖြစ်နေသော ကိုညွန့်ဟန်ကို ဝိုင်းပြီး ထိန်းသိမ်း ဖျောင်းဖျနေရသည်။

ဦးသက်နောင်က စိတ်ညစ်လာဟန်ဖြင့် အားလုံးကို လက်ကာပြရင်း. . .

"ကဲ. . . ကဲ၊ တော်ကြတော့. . . တော်ကြတော့။ တစ်ခုခု အဆင်ပြေအောင် ကျုပ်ပဲ ကြည့်ပြီး စီစဉ်လိုက်ပါမယ်။ ဘယ်သူ့ကိုမှ အပြစ်တင်မနေနဲ့တော့"

သူက ဦးသက်နောင် အနားသို့ကပ်ပြီး လေသံခပ်တိုးတိုးဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး. . . ဆရာက ဘယ်လို စီစဉ်မှာလဲ။ အချက်ပေးခေါင်းလောင်းက ရပ့်ါမလား"

သူ့အမေးစကားကြောင့် ဦးသက်နောင်က ခေါင်းကို တဖြင်းဖြင်းကုတ်သည်။ ပြီး. . .

"လျှပ်စစ်ခေါင်းလောင်းကတော့ ဘယ်ကမှ မရနိုင်တော့ဘူးဗျာ။ ဒါပေမဲ့ ဒီလိုလုပ်ရအောင်. . .၊ အဓိကက ဘီလူးလာရင် အသံမြည်ပြီး အချက်ပေး တပ်လှန့်ဖို့ပဲ မဟုတ်လား။ ဒီတော့. . . ဘုန်းကြီးကျောင်းက တုံးမောင်း သွားငှားမယ်ဗျာ။ ဘီလူးလာရင် အိမ်ပေါ်က မိန်းကလေးတွေက တုံးမောင်းခေါက်ပြီး အချက်ပေးပေ့ါ။ ဘယ့်နှယ်လဲ"

သူ ဘာပြန်ပြောရမည်မှန်းပင် မသိတော့။ သူ့မဟာသေနင်္ဂဗျူဟာတိုက်ပွဲဝင် စီမံကိန်းကတော့ စကတည်းက ယဉ်သကို ဖြစ်နေလေပြီ။

အိမ်ပေါ်မှ မိန်းကလေးတွေက အန္တရာယ်ကို မြင်သည်နှင့် ဖိုးခနဲဖျတ်ခနဲ ဆိုသလို ခလုတ်ကို လက်ဖြင့် အသာနှိပ်လိုက်ရုံဖြင့် သတိပေးခေါင်းလောင်းသံများ ညံစီသွားရမည့်ကိစ္စ . .။

အခုတော့ . . . အခုတော့။

ဘီလူးကို မြင်ရပြီပဲ ထားဦး၊ မိန်းကလေးတွေက တုံးမောင်းကြီးကို မြည်အောင် သူတို့ ရှိသမျှ ခွန်အားဗလလေးဖြင့် မနည်း ခြေကန်ပြီးအားစိုက်ကာ ထုရ နှက်ရပေမည်။

ဘုန်းကြီးကျောင်းတွင် သုံးသော တုံးမောင်းကို တဒေါင်ဒေါင်မြည်အောင် ခေါက်ဖို့ဆိုသည်မှာ သက်သောင့်သက်သာ ရှိလှသောကိစ္စတော့ မဟုတ်။

အန္တရာယ်ကို ဘွားဘွားကြီး ရင်ဆိုင်နေရသောကြောင့် ထိတ်လန့်တုန်လှုပ်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေမည့် တဒင်္ဂလေးမှာ ဘယ်မိန်းကလေးက အဲဒီတုံးမောင်းကြီးကို လွှဲကာ လွှဲကာ ထုနိုင်နှက်နိုင်ပ့ါမလဲ။





ထိုအတွေးဖြင့် သူ သက်ပြင်းချလိုက်၏။

ဦးသက်နောင်ကတော့ တွေတွေဝေဝေ ဖြစ်နေသည့် သူ့ကိုကြည့်ရင်း စိတ်မရှည်နိုင်အောင် ဖြစ်လာပုံပေါ်သည်။ သူ့ကို ဆက်တိုင်ပင်မနေတော့ဘဲ အသေးလေးဘက်သို့ လှည့်ပြီး. . .

"ဟေ့ကောင်. . . အသေးလေး၊ မင်းဆိုက်ကားနဲ့ ငါ့ကို မင်္ဂလာဇေယျကျောင်းတိုက်ကို လိုက်ပို့စမ်းကွာ"

"ဟုတ်"

ဦးသက်နောင်က ဖိုးဖိုးဖတ်ဖတ်ဖြင့် ထပြီး ထွက်သွားသည်။ ဦးသက်နောင်၏ ကျောပြင်ဆီသို့ သူ ငေးရုံသာ ငေးကြည့်နေမိတော့၏။

တားလည်း မတားမိ။ ဘာပြောရမည်ကိုလည်း သူ မသိ။

ဒီအစီအစဉ်သည် သိပ်အလုပ်မဖြစ်နိုင်မှန်း တွေးမိနေသော်လည်း ကန့်ကွက် တားမြစ်သည့်စကားကို သူ့နှုတ်က မဆိုမိ။

သည့်ထက်ကောင်းသည့် အစီအစဉ်ကို သူ စဉ်းစားနိုင်စွမ်းမရှိတော့သောကြောင့် ဖြစ်သည်။ စိန်ခေါ်မှု အသစ်အသစ်တွေက တစ်ခုပြီးတစ်ခု ထင်မှတ်မထားသည့် ရှုထောင့်တွေက ပေါ်လာလေလေ သူ့ အားနည်း ညံ့ဖျင်းမှုတွေက တစ်ကွက်ပြီးတစ်ကွက် သိသာလာလေလေ ဖြစ်နေ၏။

ကိုယ့်ကိုယ်ကိုယ် ညံ့ဖျင်းမှန်း သိလာသည်နှင့်အမျှ ဒီပြိုင်ပွဲကိုဆက်ယှဉ်မပြိုင်ဘဲ ထွက်ပြေးချင်သောစိတ်တွေက မီးတောက် မီးလျှံလို အရှိန်ရပြီး လောင်ကျွမ်းလာသည်။

ဒါပေမဲ့. . . လူ့ဘဝဆိုတာ ကိုယ် မယှဉ်ပြိုင်ရဲတိုင်း ထွက်ပြေးလို့ ရတဲ့ ပြိုင်ပွဲကော ဟုတ်လို့လား။

သူ ငိုင်တွေနေရာမှ သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။ နားထဲမှာတော့ ပတ်ဝန်းကျင်ရှိ လူစု လူဝေးတို့၏ အော်သံဟစ်သံ၊ စကားပြောသံ



www.burmeseclassic.com

www.burmeseclassic.com



များ၊ တောက်ခေါက်သံ၊ ညာသံပေး ဟစ်ကြွေးနေသံများ၊ မီးတုတ်များဆီမှ တဖျစ်ဖျစ်မြည်နေသည့် လောင်ကျွမ်းသံများ. . . ဆူညံကာ တဝုန်းဝုန်း ဂယက်ထနေသည်။

အမှောင်ရိပ်များထဲမှာ သက်ဝင် လှုပ်ရှားနေကြသူများ၊ ယောက်ယက်ခတ်နေသည့် နိုးထ တက်ကြွမှုများ၊ ကြောက်ရွံ့မှုများ၊ စိုးရိမ်မကင်း အကြည့်များ၊ သူရဲကောင်းဆန်မှုများက အိပ်မက်တိုင်းပြည် တစ်ခု၏ မြင်ကွင်းနှင့် တူနေ၏။

သူတို့တွေအားလုံးမှာ တူညီတဲ့ မျှော်လင့်ချက်တစ်ခုတော့ ရှိကြလေရဲ့။ သတ္တိ လက်ပန်းပေါက်ခတ်သံ တဖြောင်းဖြောင်း မြည်နေသူတွေ၊ ထိတ်လန့် အားငယ်တတ်သူတွေ. . .၊ ဆုံးရှုံးစရာဆိုလို့ နှောင်ကြိုးပဲရှိသူတွေ၊ မိသားစုကို ငဲ့ကွက်လို့ မစွန့်စားရဲသူတွေ၊ ကျယ်လောင်စွာ ဟစ်ကြွေးနေသူတွေ၊ တိုးတိတ် ဆွံ့အစွာ အနာဂတ်ကို လှမ်းကြည့်နေသူတွေ. . .၊

သူတို့တွေအားလုံးဟာ ဟောဒီနေရာမှာ ထောင်းလမောင်းထအောင် စုဝေးနေကြပါပြီ။ သူတို့တွေဟာ သက်ရှိမှန်တိုင်းလို လူအစု လူအထုအထည်တစ်ခု ဖြစ်လာခဲ့ကြပါပြီ။ သူတို့တွေ ရွေ့လျားကြ စီးဆင်းကြပေရော့မယ်။ သူတို့မှာ အသံရှိတယ်။ သူတို့ရဲ့အသံကို အားလုံးက ကြားကြရပေတော့မယ်။

ထိုအတွေးတို့နှင့်အတူ. . .

သူ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ ဟုတ်သည်. . ၊ သူတို့ အားလုံး အသံမထွက်ပဲ တိတ်ဆိတ်နေကြလျှင်တောင်မှ သူတို့၏ အသံကို ကမ္ဘာမြေက ကြားရပေလိမ့်မည်။

ထိုစဉ်. . .

သူ့ပခုံးကို နောက်ဘက်မှ တစ်စုံတစ်ယောက်က ပုတ်လိုက်





သောကြောင့် သူ လှည့်ကြည့်လိုက်၏။ စောစောတုန်းက လှစ်ခနဲ ပျောက်သွားသော. . . ကိုဝင်းနောင်။ အခုမှ ဘယ်က ဘယ်လို ပြန်ရောက်လာသည် မသိ။

သူက. . .

"ဆို. . . ကိုဝင်းနောင်၊ ဘာဖြစ်လို့လဲ"

ကိုဝင်းနောင်က သူ့နံဘေးမှ ပါလာသော ရှမ်းဘောင်းဘီ ဝတ်ထားသူကို လက်ညှိုးထိုးပြပြီး . . .

"အချက်ပေးခေါင်းလောင်း မရနိုင်မယ့်အတူတူ တစ်နည်းနည်းနဲ့ အချက်ပြလို့ရအောင် လုပ်ပေးဖို့ ဒီလူ့ဆီမှာ အကူအညီ သွားတောင်းတာ. . .။ သူ ကူညီလိမ့်မယ်"

"ခင်ဗျားခေါ်လာတဲ့လူက. . . ဘယ်သူလဲ"

"သူ့နာမည်က ကိုနန်းနွယ်. . . တဲ့။ မုဆိုးပဲ။ ရွှေလောင်းချောင်းဟိုဘက်က ရိုးမတောထဲမှာ အမဲလိုက်နေကျပေါ့"

သူက ကိုဝင်းနောင်နှင့် အတူပါလာသော မုဆိုး ဆိုသူကို တစ်ချက် အကဲခတ်လိုက်၏။ မုဆိုး၏မျက်နှာက ကြမ်းကြမ်းတမ်းတမ်း ပုံဆိုးပန်းဆိုးတော့ မဟုတ်။ ယောကျ်ားပီပီသသနှင့် ကြည့်ကောင်းသူဖြစ်သည်။

ရိတ်ပယ်မထားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အတိုအစတွေ ထိုးထိုးထောင်ထောင်နှင့်မို့ ရင့်ရော်သည့် အသွင်အပြင် ဖြစ်နေ၏။ ထိုသူ့ မျက်လုံးအစုံက အညိုရောင်သန်းပြီး သွေးအေးအေး လုပ်တတ်ကိုင်တတ်မည့်ပုံ ပေါ်သည်။

သူက အဲသည့် ကိုနန်းနွယ် ဆိုသူကို. . .

"လုပ်စမ်းပါဦးဗျာ၊ ခင်ဗျား တတ်နိုင်သလောက်ပေါ့။ အဓိက ဖြစ်ချင်တာကတော့ အိမ်ထဲကနေ အချက်ပေးလိုက်တာနဲ့ အပြင်မှာ ဝိုင်းထားတဲ့သူတွေအားလုံး ကြားရလောက်အောင် ဖြစ်စေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနန်းနွယ်က သူ့မျက်နှာကို တည့်တည့်မကြည့်ဘဲ. .

"ရပါတယ်. . . ဝါးဆစ်ပိတ် များများပါတဲ့ ဝါးပိုးဝါး ကြီးကြီး တစ်လုံးသာ ရှာပေးပါ"

ဟု အေးစက်စက်ပြော၏။

သူ့စကားအတိုင်း လူငယ်တချို့က ချောင်းစပ်ရှိ တောအုပ်ဆီသို့ သွားကာ ဝါးပိုးဝါးတစ်လုံးခုတ်ပြီး ထမ်းယူလာခဲ့ကြသည်။

ကိုနန်းနွယ်က ဝါးပိုးဝါးအဆစ်တိုင်းတွင် အပေါက်များ ဖောက်ပြီး ဓာတ်ဆီလောင်းထည့်သည်။ သူက သိလိုစိတ်ဖြင့်. . .

"အဲဒါ ဘာလုပ်တာလဲဗျ. . . ကိုနန်းနွယ်"

"ဓာတ်ဆီက မီးတောက်နဲ့ ထိရင် ပေါက်ကွဲလွယ်တယ်။ အချက်ပေးချင်တဲ့အခါ ဝါးပိုးဝါးရဲ့ အပေါ်ဆုံးအဆစ်မှာ ဓာတ်ဆီဆွတ်ထားတဲ့ မီးစာကို ရှို့ပေးလိုက်ရုံပဲ။ အပူရှိန်က တွန်းကန်ပြီး ဝါးပိုးဆစ်က 'ဒိုင်း'ခနဲ ပေါက်ကွဲရော။ ပြီးရင် ဝါးတစ်ဆစ်က တစ်ဆစ်ကို မီးကူးပြီး တဒိုင်းဒိုင်း ဆက်တိုက် အသံမြည်နေလိမ့်မယ်"

ကိုနန်းနွယ်အဖို့ ပထမဆုံးအကြိမ်အဖြစ် စကားကို ရှည်ရှည် လျားလျားပြောခြင်း ဖြစ်သည်။ သူက. . .

"အသံကတော့ ကျယ်ပါ့မလားဗျ. . . ကိုနန်းနွယ်ရဲ့"

"အသံမကျယ်မှာကို ခင်ဗျား ပူစရာမလိုဘူး။ ကျုပ်တို့ မုဆိုးတွေ ရိုးမတောထဲမှာ 'ဘိုးတော်' လှန့်တဲ့အခါ ဒါပဲသုံးတယ်"

"ဘိုးတော်လှန့်သည်" ဆိုသော စကားအသုံးအနှုန်းကို သူ နားမလည်။

ထို့ကြောင့်. . .

"ဘာရယ်ဗျ. . . ကိုနန်းနွယ်၊ ဘာကိုလှန့်တာလဲ"





ချွေးတလုံးလုံး ဖြစ်နေသော ကိုနန်းနွယ်က သူ့ဖျင်ကြမ်းအင်္ကျီ ကြယ်သီးများကိုဖြုတ်ပြီး ချွတ်ပစ်လိုက်သည်။ နောက်. . . ရှမ်းဘောင်းဘီကို ခပ်တင်းတင်း ပြင်ဝတ်၏။

အလုပ်လုပ်ရသည်က တစ်ဖက်၊ သူ့မေးခွန်းတွေကို ပြန်ပြန် ရှင်းပြနေရသည်က တစ်ဖက်မို့ စိတ်ရှည်ဟန်မတူ။

ကိုနန်းနွယ်က. . .

"ဆင်ရိုင်းတွေမလာအောင် ခြောက်လှန့် အသံပေးတာကို ပြောတာ။ ရိုးမတောထဲမှာ ဆင်ကို 'ဘိုးတော်' လို့ပဲ ခေါ်ရတယ်။ 'ဆင်' လို့ ခေါ်မိရင် တကယ်ပဲ ဆင်ရိုင်းတွေ ရောက်လာတတ်တယ်"

သူတို့ မုဆိုးလေ့ ယုံကြည်သက်ဝင်မှု တစ်စုံတစ်ရာ ဖြစ်ပေလိမ့်မည်။ သူ့ထုံးစံနှင့်သူမို့ ဘာမှမပြောလိုပါ။

ကိုနန်းနွယ် အလုပ်လုပ်နေပုံကိုသာ ငေးကြည့်နေမိ၏။ အင်္ကျီ ချွတ်ထားသောကြောင့် ထိုသူ့ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာ အမာရွတ်များကို မြင်နေရ၏။

ကြွက်သား အမြောင်းမြောင်း ထနေသော ထိုသူ့ပခုံး လက်မြင် ပေါ်တွင် ဆေးမင်ကြောင်ထိုးထားသည့် ဘီလူးခေါင်းရုပ်ပုံကို ထင်းခနဲ မြင်တွေ့လိုက်ရသည်။

ဟင်. . . ဘီလူးရုပ်ပါလား။

ဒါ. . . ဘာသဘောလဲ။ ဘာဖြစ်လို့ သူ့ကျောကုန်းပေါ်မှာ ဘီလူးရုပ်ကို ဆေးမင်ကြောင် ထိုးထားရတာလဲ။

သူက ကိုနန်းနွယ်၏ ပခုံးလက်မြင်ပေါ်မှ ဆေးမင်ကြောင်ရုပ်ကို ကြည့်ရင်း စိတ်ထဲမှာ အမည်မဖော်ပြတတ်သော ခံစားမှုတစ်ခု ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . . ကိုဝင်းနောင်က သူ့နားရွက်အနီးသို့ ကပ်ပြီး တိုးတိုး လေသံဖြင့်. . .

"ကိုနန်းနွယ်တို့က မောင်နှမ နှစ်ယောက်တည်း ရှိတာဗျ။ သူ့ ညီမလေးက ပြီးခဲ့တဲ့ လကပဲ ဘီလူးအစားခံရတယ်လေ"

"သြော်. . . "

စိတ်ထဲမှာ နာနာကျင်ကျင် ဖြစ်သလိုလို၊ တစ်စုံတစ်ရာကို နှမြော တသ ဝမ်းနည်းသလိုလို ခံစားရ၏။

ကိုနန်းနွယ်ကတော့ ဘာကိုမှ အာရုံထဲထည့်ကာ ခံစားနေပုံ မပေါ်၊ လုပ်လက်စ အလုပ်ကိုသာ စူးစူးစိုက်စိုက်ဖြင့် စိတ်ရောကိုယ်ပါ လုပ်နေ၏။ ဝါးပိုးဝါးတစ်ချောင်းလုံးကို လက်စသတ်ခါနီးနီးဆဲဆဲတွင် ဦးသက်နောင်တို့ ပြန်ရောက်လာကြသည်။

"ဟော. . . ဦးသက်နောင်တို့ ပြန်လာကြပြီဗျို့"

"ဘယ်လိုလဲ. . . အဆင်ပြေခဲ့ရဲ့လား"

"တုံးမောင်းကြီးပါ ပါလာပြီဟေ့"

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်း ပြောဆိုနေကြသည့် စကားသံ များကို ဦးသက်နောင် ပြန်မဖြေနိုင်။ မောပန်းလွန်းသဖြင့် နဖူးပေါ် စီးကျ နေသည့် ချွေးစက်များကို သုတ်ပစ်ပြီး အားလုံးကို လက်ကာပြသည်။

ထို့နောက်. . . ဆိုက်ကားပေါ်မှ လေးလံလှသော တုံးမောင်းကြီး ကို အသေးလေးနှင့်အတူ ထမ်းမကာ ချ၏။ ဘေးမှ အမြင်မတော်သူတွေ က . . .

"ဟာ. . . ဆရာ၊ နေ. . . နေ ကျွန်တော်တို့ ထမ်းလိုက်မယ်"

ဟု ဆိုကာ ဝိုင်းပြီး ထမ်းကြသည်။

ထိုအခါမှ ဦးသက်နောင်က ဆိုက်ကားပေါ်တွင် လိုက်ပါလာ





သော အသက်ခုနစ်ဆယ်အရွယ်ခန့် အဘိုးအိုတစ်ယောက်ကို တွဲကာ ခေါ်လာ၏။

"အိုကြီးအိုမ တုန်တုန်ချည့်ချည့်နဲ့ ဘယ်က အဘိုးကြီးကို ခေါ် လာပါလိမ့်. . . "

ဟု သူတွေးလိုက်၏။

ဦးသက်နောင်က သူ့အနီးသို့ ရောက်သောအခါ. . .

"တုံးမောင်းခေါက်ဖို့ ဘုန်းကြီးကျောင်းက ကပ္ပိယကြီးကိုပါ တစ်ခါ တည်း ခေါ်လာတယ်ဗျို့။ မိန်းကလေးတွေချည်းပဲဆို အရေးအကြောင်း ပေါ်တဲ့အခါ ဒါကြီးကို ခေါက်နိုင်မှာ မဟုတ်ဘူးလေ"

ထိုစကားကြောင့် သူ့အသိစိတ်တွေ ပြန်နိုးခနဲ မှန်တစ်ချပ်လို တွဲရှသွား၏။

မိန်းကလေးတွေအနေနဲ့ တုံးမောင်းကို ခေါက်ဖို့ မလွယ်နိုင် လောက်ဘူးဆိုတဲ့ အချက်ကို ငါတစ်ယောက်တည်း တွေးမိတာမှ မဟုတ် ဘဲ။ ဆရာ ဦးသက်နောင်လည်း တွေးမိတာပဲကိုး။

ကိုယ့်ကိုယ်ကိုယ် ထောင့်စုံအောင် တွေးတတ်လှပြီဟု မသိစိတ် ထဲက ကျိတ်ပြီး လူတတ်ကြီး လုပ်နေသည့် ဘဝင်မြင့်မှုသည် ဖုတ်ခနဲ မြိန်ပြုတ်ကျသွား၏။

ပိုဆိုးသည့်အချက်မှာ. . .

သူက အဲဒီကိစ္စကို တွေးရုံသာ တွေးမိပြီး ဘာမှမလုပ်ဘဲ ငေးငိုင် တွေဝေနေခဲ့သည်။ ဦးသက်နောင်ကတော့ အတတ်နိုင်ဆုံး ရရာနေရာက အဆင်ပြေအောင် တစ်ခုခု ဖန်တီးလာနိုင်ခဲ့၏။

တကယ်တော့ ငါဟာ တွေးရုံသာ တွေးတတ်ပြီး လက်တွေ့မှာ ဘာမှ အသုံးမဝင်တဲ့ ကောင်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . ဟောဒီ အသက်ခုနစ်ဆယ်ကျော် တုန်တုန်ချည်ချည် ဖြစ်နေတဲ့ ရှုနာရှိုက်ကုန်း အဘိုးအိုတစ်ယောက်ကကော တကယ်တမ်း အရေးဟယ် အကြောင်းဟယ်ဆိုလျှင် အသုံးတည့်ပါ့မလား။

ဒါကတော့ သပ်သပ် စဉ်းစားရမည့်ကိစ္စ ဖြစ်သည်။ လောလောဆယ် ရနိုင်သလောက် အကောင်းဆုံး ထောင့်စေ့အောင် ဖန်တီးလာသည့် ဦးသက်နောင်ကိုတော့ သူ့စိတ်ထဲက မချီးကျူးဘဲ မနေနိုင်။

ထိုစဉ်မှာပင် . . . အနားသို့ ရောက်လာသော အသေးလေးက ပြုံးဖြဖြဖြင့် သူ့ကို လှမ်းပြော၏။

"ပထမ အစီအစဉ်က အဲဒီလို မဟုတ်ဘူး . . . အစ်ကိုရဲ့ . . . ဆရာ ဦးသက်နောင်လုပ်ပုံက ဆွမ်းစားကျောင်းကိုယ်တော်ကို တုံးမောင်းခေါက်ဖို့ အရှင်ဘုရားပါ ကြွခဲ့ပါ . . . ဆိုပြီး သွားပင့်တာ။ အဲဒါ ဦးပဉ္စင်းက ဒကာကြီးရယ်၊ စဉ်းစားပါဦး၊ ညဘက်ကြီးမှာ မာတုဂါမတွေနဲ့ ဦးဇင်းကြွလို့ မသင့်တော်ပါဘူးဆိုပြီး ငြင်းလို့ ဟောဒီ ကပ္ပိယကြီးကို ခေါ်ချလာတာတဲ့ . . . ဟား . . . ဟား"

ထိုစကားကြောင့် သူပါ ရောပြီး ရယ်မောမိသည်။

အင်းလေ . . . ဒီလောက်တော့ လှလှပပ လွဲချော်ဦးမှပေါ့။

●

အခြေအနေကတော့ စနစ်တကျ စီစဉ်ထားသည့် တိုက်ပွဲတစ်ခုနှင့် မတူ။ ဆပ်ကပ်အဖွဲ့လိုလို၊ မြေဝိုင်း မျက်လှည့်ပြဖို့ ပြင်ဆင်နေသလိုလို မြင်ကွင်းက ပြောင်ချော်ချော် ဖြစ်နေ၏။

ရှည်လျားလှသော ဝါးပိုးဝါးကြီး တစ်လုံးကို လူသုံးယောက်က ထမ်းပြီး လှေကားကျဉ်းကျဉ်းလေးမှတစ်ဆင့် အိမ်အပေါ်ထပ်သို့ တက်နေသည်။ သူတို့ နောက်မှာကတော့ လေးလံလှသော သစ်သားကို ထွင်း





ထားသည့် တုံးမောင်းကြီးကို လူတွေက ပုရွက်ဆိတ်များ ထမင်းလုံး ချီသလို ဝိုင်းမထားကြ၏။ သူတို့အားလုံး၏ နောက်ကမှ တောင်ဝှေးကို အားပြုပြီး ဒယိမ်းဒယိုင် လှမ်းနေရသည့် အဘိုးအိုတစ်ဦး . . .

မစွမ်းမသန်ဖြင့် လှေကားကို တစ်ထစ်ချင်း အားယူပြီး တက်နေသော အဘိုးအိုကို ကြည့်ကာ သူ စိတ်မချမ်းမသာ ဖြစ်လာ၏။

ထို့ကြောင့် . . . သူက အဘိုးအို အနီးသို့ကပ်ပြီး . . .

"အဘ ဖြစ်ပါ့မလား။ အရေးဟယ်အကြောင်းဟယ်ဆို အဘက ပြေးနိုင်လွှားနိုင်တာ မဟုတ်ဘူး။ အခု အဘ နေရမယ့်နေရာက အသက်အန္တရာယ်နဲ့ နီးတယ်နော်"

အဘိုးအိုက သူ့ကို လှည့်ကြည့်သည်။ မှုန်ဝေသီဝါးသော မျက်လုံးအစုံပေါ် ရိုက်ခတ်သည့် အလင်းရောင်ကို လက်ဖမိုးဖြင့် ကာရင်း ကြည့်ခြင်း ဖြစ်၏။ နောက် . . . နှုတ်ခမ်းအစုံကို ဟက်ဟက်ပက်ပက်ကြီး ကွေးညွတ်သွားသည်အထိ အပြည့်ပြုံးလိုက်၏။ ထို့နောက် . . .

"အဘ အသက် ခုနစ်ဆယ့်သုံးနှစ်ရှိပြီ . . . ငါ့သား။ သေရမယ့် အရွယ်ကို ရောက်နေပြီပဲဥစ္စာ။ အဓိပ္ပာယ်ရှိတာ တစ်ခုခုလုပ်ပြီးမှ သေပစ်လိုက်ရရင် တန်တာပေါ့၊ မဟုတ်ဘူးလား"

အိုမင်းမစွမ်း ဖြစ်နေသည်ဟု ထင်ထားရသော အဘိုးကြီးတစ်ယောက်၏ စကားကြောင့် သူ ကြက်သီးမွေးညင်း ထသွားသည်ကို ဝန်ခံရပေလိမ့်မည်။

လူတွေအားလုံးဟာ ငါထင်နေသလို ကြောက်တတ်ချည်းပဲတော့လည်း မဟုတ်ပြန်ဘူး။

(ရုပ်ရှင်ထဲက ဇာတ်လိုက်တွေလို ပြီးပြည့်စုံသည့်) သူရဲကောင်းများနှင့် အသွင်မတူကြစေကာမူ ဒီမြို့က လူတစ်ယောက်ချင်းစီသည် ကိုယ့်ဘဝနှင့် ကိုယ်ဇာတ်လိုက် ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်တွင် ခြေစုံရပ်ပြီး တွေးနေသော သူ့ကို အဘိုးအိုတလှေကားတစ်ဝက်လောက် ရောက်ခါမှ ငုံ့ကြည့်ပြီး လှမ်းအော်ပြောလိုက်သေးသည်။

"ငါ့လို သေခါနီး အဘိုးကြီးတစ်ယောက်က သေမင်းကို အနိုင်နဲ့ ပိုင်းတဲ့ သဘောပေါ့ကွာ. . . ဟဲ. . . ဟဲ"

သက်သောင့်သက်သာ ရှိလွန်းလှသော အတွေးရိုးရိုးစင်းစင်းကလေးပင် ဖြစ်၏။

ဟုတ်သည်။ ရိုးရိုးကလေးပဲ တွေးတတ်ဖို့ လိုပါသည်။

ထိုစဉ်. . . တစ်စုံတစ်ယောက်၏ ခေါ်သံကြားရသောကြောင့် သူ လှည့်ကြည့်လိုက်၏။

အသက်ငါးဆယ်ကျော် ဗိုက်ရွဲရွဲ လူကြီးတစ်ယောက်၊ ပါဝါမျက်မှန်ထူထူနှင့် ကျောင်းအုပ်ဆရာကြီးလိုလို ရှေ့နေကြီးလိုလို ဂိုက်ဆိုက်မျိုး။

ထိုသူက. . .

"ဒီမှာ. . . မောင်ရင်ရဲ့။ မိန်းကလေးတွေကို ဟောဒီလို တစ်နေရာတည်းမှာ စုပြီးထားတဲ့ စိတ်ကူးကို အန်ကယ်တော့ သဘောမကျဘူးကွာ. . .။ အရင်ကဆို မိန်းကလေးတွေက ကိုယ့်အိမ်မှာကိုယ် တတွဲတပြားစီ နေနေရတော့ ဘီလူးက နေရာအနှံ့ကို လိုက်ပြီး ဒုက္ခမပေးနိုင်ဘူးလေ။ အဲဒီတော့. . . ဘီလူး တစ်ကြိမ်လာတိုင်း မိန်းကလေး တစ်ယောက်ပဲ ဒုက္ခရောက်တယ်"

"အင်း . . ."

တစ်ခါတလေကျတော့ တစ်ညတည်း နှစ်ယောက် သုံးယောက်ပျောက်တတ်တယ်ဆို. . . ဟု သူ မေးချင်သော်လည်း မမေးမိ။





ထိုလူကြီးကပင် ဆက်၍-

"အခုလိုမျိုး မိန်းကလေးတွေအားလုံး စုပြုံနေတဲ့အခါကျတော့ ဘီလူးက တစ်နေရာတည်းမှာတင် အားလုံးကို တစ်ချီတည်း အပြတ်ဒုက္ခပေးနိုင်အောင် အခွင့်အရေး ရမသွားဘူးလား"

အဲဒီအတွေးက သူ့လည်ကုပ်ကို ဖျန်းခနဲ ဖြစ်သွားစေ၏။ ကြည့်စမ်း. . . ဒါကို စောစောက ငါ ဘာဖြစ်လို့ မစဉ်းစားမိခဲ့ပါလိမ့်။

သူ့စိတ်ထဲမှာ မိန်းကလေးတွေအားလုံးကို တစ်နေရာတည်းမှာ စုထားလျှင် ဘီလူးက အဲသည့်နေရာကိုသာ သေချာပေါက်လာရမည်။ အဲဒီအခါ ဘီလူးကို သေချာပေါက် ဖမ်းမိပြီဟု အပိုင်တစ်ကွက်တည်း တွက်ထားမိ၏။

စစ်တုရင် ထိုးတတ်ကာစ လူတစ်ယောက်က ကိုယ် စားရမည့် အကွက်ကိုသာ ဇွတ်စိတ်ကူးနေမိပြီး ကိုယ် ပြန်အစားခံရမည့် ဟာကွက်ကိုတော့ မမြင်မိသလိုမျိုး. . .။

ကိုယ့်ဘက်က သတ်ကွင်းဆင်ထားသည့် ထောင်ချောက်သည် ကိုယ်ကိုယ်တိုင် ဒုက္ခရောက်သွားစေနိုင်မည့် အားအနည်းဆုံး ဟာကက် ဖြစ်နေ၏။

အခုမှတော့ နောက်ဆုတ်လို့ မရတော့ပြီ။

သူတော်တော်စိတ်ညစ်သွား၏။ ဦးနှောက်ထဲက ဘာအကြံဉာဏ်မှလည်း မထွက်တော့။ မျက်လုံးတွေ နားရွက်တွေက မီးခဲလို ပူလောင်နေ၏။ မူးမိုက် ပြာဝေနေ၏။

မျက်မှန်ထူထူနှင့် ဗိုက်ရွဲကြီးကတော့ ဆက်၍. . .

"မောင်ရင်တို့ လူငယ်တွေ လုပ်ချင် ကိုင်ချင်စိတ် ရှိတာကိုတော့ အန်ကယ် သဘောကျပါတယ်။ ဒါပေမဲ့ အများကြီး လိုသေးတယ်ကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



စောစောကတည်းကသာ အန်ကယ့်ကို လာတိုင်ပင်ရင် မောင်ရင်တို့ကို အန်ကယ် လမ်းညွှန်ပေးနိုင်တာပေါ့။ အန်ကယ် ဆိုတာကလည်း. . .

သူ ဆက်ပြီး သည်းခံ နားထောင်နေနိုင်စွမ်းမရှိတော့။ စိတ်တိုတိုဖြင့် . . .

"တော်စမ်းပါဗျာ။ ကျွန်တော်တို့တွေ ဆယ်ရက်လောက် လူတွေစု၊ လက်နက်တွေစုနဲ့ အပင်ပန်းခံလုပ်နေတုန်းကတော့ ခင်ဗျားကြီး ဘယ်ရောက်နေမှန်း မသိဘူး။ ကျွန်တော်တို့ဘာသာ လုပ်လို့ ရုပ်လုံး ပေါ်လာတော့မှ ဝင်ပြီး ဟိုနေရာက ဘယ်လို. . . ဒီနေရာက ဘယ်လိုနဲ့ ဆရာကြီးလာမလုပ်နဲ့ဗျာ။ ခင်ဗျားကြီး စဉ်းစားတတ်ရင် အစောကြီးကတည်းက ခင်ဗျားကြီးဘာသာ ခင်ဗျားကြီး လုပ်ပါလား"

သူ့စကားကြောင့် ထိုသူက စိတ်ပျက်သွားဟန်ဖြင့် ကျွတ်ခနဲ စုပ်သပ်ရင်း ခေါင်းကိုခါယမ်းပြီး. . .

"မောင်ရင်တို့ လူငယ်တွေ အဲဒါခက်တာပေါ့။ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေကြတယ်။ ငါက မင်းတို့ထက် အရင်အများကြီး စောပြီး ထမင်းစားလာခဲ့တာကွ။ နားလည်လား"

"ထမင်းစောပြီး စားတော့ ဆန်ပိုကုန်တာပေါ့ဗျာ။ ပြီးတော့. . . လူငယ်တွေ ကြိုးစားထားသမျှကို အပေါ်စီးက ဝင်ပြီး အကြံလေးပေးလိုက် ကိုယ်ရည်လေး သွေးလိုက်နဲ့ ခေါင်းဆောင်ကြီးပေါ့. . . ဟုတ်လား"

သူ စိတ်တိုနေသောကြောင့် ရိုင်းရိုင်းစိုင်းစိုင်းနှင့် ဘုကလန့်တွေချည်း ပြောပစ်လိုက်၏။ မျက်မှန်နှင့်လူကြီးလည်း ဒေါသတကြီးနှင့် တစ်စုံတစ်ခုကို ရေရွတ်ကာ ချာခနဲ လှည့်ထွက်သွားသည်။

အမှန်ဆိုလျှင် အဲသည်လောက်အထိ ရိုင်းရိုင်းစိုင်းစိုင်း ခါးခါးသီးသီး ဖြစ်စရာ ဘာအကြောင်းမှ မရှိပါ (ထိုလူကြီး ထောက်ပြသည့်





အချက်ကလည်း မှန်နေသည်ပဲ) တကယ်တော့ သူ့စိတ်ကူးတွေကို ထွက်ပေါက်မရှိအောင် ချောင်ပိတ်ပြီး အရိုက်ခံလိုက်ရသောကြောင့် သွေးရူးသွေးတမ်းနှင့် သူ့ဒေါသအစွယ်တွေ ဖြုပြလိုက်မိခြင်းသာ ဖြစ်သည်။

ဝေဖန်စကားတွေ လာမပြောကြနှင့်။ ဝေဖန်ခံရမှာကို မုန်းသည်။ ဝေဖန်ခံရသည့်အခါ ကိုယ့် အားနည်းချက်၊ ကိုယ့် ညံ့ဖျင်းမှုကို ကိုယ် တည့်တည့်ကြည့်ရ မြင်ရသလိုဖြစ်ပြီး မျက်နှာပူရလွန်းသောကြောင့် ဖြစ်သည်။

●

ညကို ဖွဲ့နွဲ့သည့် လေပြေ ဖူးငုံသည် တောင်ပံခတ်သံ မကြားရဘဲ တလွင့်လွင့် တလွန့်လွန့် ပျံသန်းနေ၏။

သန်းခေါင်ယံ ပွင့်ချပ်တွေ ပွင့်အာကြတော့မည်။ အနက်ရောင်ရှုံ့တွေ ဝတ်မှုန်ကြဲတော့မည်။ ခုနစ်စင်ကြယ်သည်လည်း သူ့အမြီးဖျားကို ကော့ညွတ် ကကြိုးဆင်တော့မည်။

သစ်ပင် ခက်လက်များကို လေတိုးဝှေ့သံသည် သံဝေဂ လင်္ကာတစ်ပိုဒ်ကို တီးတိုး ရွတ်ဆိုနေသံနှင့် တူနေ၏။

အိမ်ပေါ်ကို ဝါးပိုးဝါးနှင့် တုံးမောင်းတို့ရောက်အောင် တင်ပြီးသွားသည့်အခါ ဝိုင်းအုံကြည့်နေသော လူတွေ အတော်အတန် ရှဲသွားကြသည်။ လက်မှ နာရီကို သူ ငုံ့ကြည့်လိုက်တော့ ဆယ့်တစ်နာရီကျော်စပင်ပြုပြီ။

ဘီလူး လာချိန်နီးပြီပဲ. . . ဟု သူ တွက်ဆမိ၏။

အောင်စည်ဟိန်းက အိမ်အပေါ်ထပ်တွင် မိန်းကလေးများနှင့်အတူရှိနေမည့် ရန်အောင်စိုး၊ ကိုကိုမြင့်နှင့် ကပ္ပိယကြီး ဘဖိုးလူအတွက်အစားအသောက်နှင့် လက်ဖက်ရည်ဓာတ်ဘူး သွားပို့ပြီး ပြန်ဆင်းလာသည်။

www.burmeseclassic.com



လူအုပ်ကြားထဲမှ တိုးထွက်လာသော ထွန်းလင်းဦးက အောင်စည်ဟိန်းကို လှမ်းပြောလိုက်၏။

"ကိုအောင်စည်ဟိန်း၊ ကင်းစောင့်မယ့်လူတွေ နေရာအနေ ရှိမရှိ လိုက်စစ်ကြည့်ရအောင်"

"ခုနကပဲ ကျွန်တော် ခြံတစ်ပတ် လှည့်ပြီး ကင်းစစ်ခဲ့ပြီးပြီ အားလုံး ကွက်တိပဲ"

အောင်စည်ဟိန်းက ပြန်ဖြေ၏။

အောင်စည်ဟိန်း၏ စကားကြောင့် သူ့ရင်ထဲမှာ 'တစ်စုံတစ်ခု စပြီး လုပ်ရတော့မည်' ဟူသော စေ့ဆော်မှု ဖြစ်လာ၏။

သူ ချောင်းတစ်ချက် ဟန့်ပြီး လည်ချောင်း ရှင်းလိုက်သည်။ ကင်းသမားတွေအားလုံး နေရာယူ ကင်းပုန်းဝပ်ကြဖို့ အမိန့်ပေးရန် ပြင်ဆင်လိုက်၏။

ထိုစဉ်မှာပင် ထွန်းလင်းဦးက အသံပြာအက်အက်ဖြင့် တအား ကြုံးအော်လိုက်လေသည်။

"ကင်းသမားတွေအားလုံး နေရာယူကြတော့ဟေ့"

●

လူတွေအားလုံး အလျှိုလျှိုနှင့် ကိုယ် တာဝန်ကျရာ ကင်းနေရာဆီသို့ ပြေးထွက်သွားကြသည်။

ဦးသက်နောင်က သူ့လက်ကို တစ်ချက်ဆွဲကိုင် ဖျစ်ညှစ်ထားနှုတ်ဆက်လိုက်ပြီး. . .

"ကျုပ်. . . ခြံနောက်ဘက်မှာ ရှိမယ်။ သတိထားဗျာ။ မမေ့နဲ့ရော့. . . လိုလိုမယ်မယ် ကျွန်တော့်ချိန်းကြိုးယူထား"

ပြောပြောဆိုဆိုနှင့် လွယ်အိတ်ထဲမှ ဆိုင်ကယ်ချိန်းကြိုး ထား





ချောင်းကို ထုတ်ပေး၏။ သံမဏိချိန်းကြိုး၏ အလေးချိန်က လက်ထဲတွင် စေးစေးပိုင်ပိုင် ရှိလှသည်။ သူက . . .

"ဆရာကကော. . . ဘာကိုင်မှာလဲ"

"ရပါတယ်. . . ကျွန်တော့်အတွက်တော့ မလိုပါဘူး"

ပြောပြီး ခပ်သုတ်သုတ် လှည့်ထွက်သွား၏။ ရုတ်ခနဲ ဖြစ်ပေါ်လာသော သတိရစိတ်ကြောင့် သူ လှမ်းမေးလိုက်မိသည်။

"ကိုကျော်စိုး တစ်ယောက်ကော. . . ဒီည လုံးဝ မတွေ့ပါလား"

ဦးသက်နောင်က သူ လှမ်းပြောသည်ကို မကြားတော့။ အပြေးတစ်ပိုင်း ခပ်သုတ်သုတ်လှမ်းကာ ကျောခိုင်းသွားလေပြီ။

ဘယ်အချိန်တုန်းက အနားရောက်နေမှန်း မသိသည့် ကိုထွန်းစန်းက သူ့ကို. . .

"ကျော်စိုးက ဒီလို အန္တရာယ်ရှိတဲ့ ပွဲမျိုးကို ဘယ်လာလိမ့်မလဲ။ သူ့အတွက် လုံခြုံတဲ့ တစ်နေရာရာမှာ ဇိမ်နဲ့ နှပ်နေလောက်ပြီပေါ့။ အဲ. . . အားလုံးကိစ္စတွေ ပြီးသွားရင်တော့ သူ ထွက်တော်မူလာပါလိမ့်မယ်။ ပြီးရင်. . . သူ ရွှေဉာဏ်တော် ကွန့်မြူးထားတဲ့ သုံးသပ်ချက်တွေ မဟာနာတွေးအခေါ် တွေကို အာပေါင်အာရင်းသန်သန် ပြောပါလိမ့်မယ်။ မယုံရင် စောင့်သာကြည့်. . ."

သူက ကိုထွန်းစန်းဘက်သို့ လှည့်ပြီး. . .

"ခင်ဗျားကော ဘယ်သူနဲ့တွဲပြီး ကင်းကျသလဲ. . . ကိုထွန်းစန်း"

"ကျွန်တော်က ကိုထိုက်နဲ့ တွဲရမှာဗျ။ ညဦးပိုင်းကတော့ ကိုထိုက်ကို တွေ့မိသေးတယ်။ လင်းကင်းဓားကြီး တလွယ်လွယ်နဲ့။ အခု ဘယ်ရောက်သွားလဲ မသိဘူး။ သူ့ကို ရှာမတွေ့တာနဲ့ဘဲ ဝင်းကျော်ကို သွားခေါ်ရင် ကောင်းမလားလို့"

"အင်း. . . ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းစန်း ထွက်သွားသည့်အခါ သူ့မှာ ရုတ်ခြည်း စကားပြောဖော်မဲ့သွားသလို ဖြစ်သွား၏။

အရာရာ အားလုံး တိတ်ဆိတ်သွားသည်ဟုပင် မှတ်ရ ထင်ရသည်။

အသံဗလံများ ကင်းမဲ့သွားသောအခါ ကြောက်စိတ် အားငယ်စိတ်တို့ တစိမ့်စိမ့် စီးဝင်လာသလို ခံစားရ၏။

ဒကားပြောဖော် ရှိနေတုန်းက တစ်ခုခုကို လုပ်ရင်း ကိုင်ရင်း ဟိုပြော ဒီပြောဖြင့် အကြောက်တရားကို လည်းကောင်း၊ အားငယ်မှုတို့ လည်းကောင်း မေ့မေ့လျော့လျော့ နေပစ်လို့ရသေးသည်။

ကိုယ့်အနားမှာ ဘယ်သူမှ မရှိတော့ကာမှ ခံစားချက် အစစ်အမှန်က ဟန်ဆောင်၍ မရနိုင်အောင် ပျို့အန်ကျလာ၏။ အဲသည်တော့လည်း ထိုင်ရတော့မလိုလို၊ ထရတော့မလိုလို အော်ဟစ်ပြီးတော့ပဲ ငိုလိုက်ရတော့မလိုလို ဘယ်လိုကြီးမှန်းမသိ။

သူ့အဖြစ်က ရက်လည်ပြီးခါစ အသုဘရှင် တစ်ယောက်လို ဖြစ်နေ၏။

အသုဘ ရက်မလည်မချင်း အိမ်မှာ ခုနစ်ရက်လုံးလုံး ဧည့်သည်တွေကလည်း တရုန်းရုန်း၊ နာရေးကိစ္စကလည်း သက်ပျောက်ဆွမ်းတို့ သင်္ဂြိုဟ်ဖို့တို့၊ သပိတ်သွတ်တို့၊ ရက်လည်ဆွမ်းကျွေး တရားနာတို့နှင့် တစ်ခုပြီး တစ်ခု မနားရအောင် လုပ်နေရသောကြောင့် တစ်ပတ်ဆိုသောအချိန်သည် မျက်ရည်စတွေ. . . ဧည့်ခံစကားလုံးတွေ. . . လုပ်နည်းလုပ်ဟန်တွေကြားမှာ အရှိန်ပြင်းပြင်း ခုတ်မောင်း ကျော်ဖြတ်သွား၏။

ရက်လည် ပြီးသွားပြီဆိုတော့ အိမ်ပေါ်မှာ ဘယ်သူမှလည်း မကျန်ရစ်တော့။ စကားသံတွေ ဆိတ်သုဉ်း၊ ငြိမ်သက်၊ တစ်ခုခုကို စပြီး လုပ်ဖို့ စောလွန်းနေသလို၊ နောက်ကျသွားပြီလိုလို. . .။





ဘာမှန်းမသိသော ခံစားမှုဖြင့် ရင်ထဲမှာ ဟာပြီး ကျန်ရစ်သည် မဟုတ်လား။

အခုတော့. . . သူ့ရင်ထဲမှာလည်း ဟာတာတာ ဖြစ်နေသည်။

လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ သန်းခေါင်ယံ ၁၂ နာရီ အမှတ်အသားဆီသို့ စက္ကန့်လက်တံက တစ်ချက်ချက်မြည်ကာ ရွေ့လျားသွားနေ၏။

ဘီလူး လာတော့မည်ပဲ။

●

အကာအကွယ် လုံလုံခြုံခြုံတော့ ယူထားသင့်သည်ဟု သူ တွက်လိုက်၏။ လက်နှစ်ဖက်စာ ပမာဏခန့် လုံးပတ်ရှိသော သက်ရင့် မန်ကျည်းပင်ကြီး တစ်ပင်နောက်တွင် အသာအယာ ထိုင်ချလိုက်သည်။ ကညင်ဆီဖြင့် ထွန်းညှိထားသော မီးတိုင်များမှ အလင်းရောင်က ရှေ့က မြေကွက်လပ်ကို တဖျပ်ဖျပ် ဟပ်နေ၏။

နံဘေးကို လှမ်းကြည့်လိုက်တော့ မုဆိုးကြီး နန်းနွယ်က ဒူးလေးတစ်လက်ကို ဒူးနှစ်ဖက်ကြား ထောင်ကာ မြေသားပြောင်ပြောင်ပေါ်တွင် စိတ်အေးလက်အေး ထိုင်နေသည်။

ဘီလူးလာလျှင် တိုက်ခိုက်ဖို့ မာန်သွင်းပြီး စောင့်ဆိုင်းနေသည်နှင့် မတူ။ ပန်းခြံထဲမှာ အနားယူ အပန်းဖြေရင်း ရှုခင်းကောင်းကောင်းတွေ့၍ အေးအေးလူလူ ငေးကြည့်နေပုံမျိုး။

သူက လှမ်းပြီး သတိပေးလိုက်သည်။

"ကိုနန်းနွယ်၊ အကာအကွယ်တစ်ခုခုနောက်မှာ နေပါလား"

ကိုနန်းနွယ်က အေးစက်စက် မျက်လုံးများဖြင့် တစ်ချက်လှမ်းကြည့်ပြီး. . .

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တိုတိုတုတ်တုတ် တစ်ခွန်းသာ ပြောကာ တစ်ဖက်သို့ မျက်နှာ ပြန်လှည့်သွားသည်။ ဒီလူက တစ်မျိုးပဲ. . . ဟု သူ တွေးလိုက်၏။ ဘာကိုမှ ကြောင့်ကြမှု မရှိပုံမျိုး။ သေတော့လည်း သေပေါ့။ ဘာတတ်နိုင်မှာလဲ. . . ဟု ပြောနေသလိုပင်။

“ဟင်း. . . ”

သူ ကျိတ်ပြီး သက်ပြင်းချလိုက်သည်။ တီးတိုးသံပင် ဖြစ်သော်လည်း တိတ်ဆိတ်နေသောကြောင့် အနည်းငယ် ကျယ်လောင်သွားသည်ဟု ထင်ရ၏။

ညကောင်းကင်မှာ မိုးသားတိမ်တိုက်တွေ ကင်းစင်နေသည်။

နက္ခတ်ကြယ်တာရာတွေ စုံလင်ပြီလား။ သူ မကြည့်တတ်။ တိုနေရာ ဒီနေရာမှာ ခပ်မှိန်မှိန် လင်းပနေသော အလင်းစက်ကလေးတွေကိုသာ မြင်နေရသည်။

ညဥ့်ငှက်ဆိုးတစ်ကောင်က ‘ဂစ်’ခနဲ ရုတ်တရက် အော်မြည်ကာ ပျံသန်းသွားသည်။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်မိ၏။

သစ်ရွက်တွေကို လေတိုးသဖြင့် ရှဲခနဲ မြည်သွားသည်ကိုပင် ကောင်းကင်မှလာသော ခြေသံကြားရသည်ဟု ထင်မိ၏။

ထို ချောက်ချားမှုနှင့် တစ်ပြိုင်နက်တည်းမှာပင် “ဘီလူးထာ ကောင်းကင်ကကော မလာနိုင်ဘူးလား” ဟူသည့် အတွေးက ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသည်။

အိမ်ကြီးဆီသို့ ယောင်ယမ်းပြီး လှမ်းကြည့်လိုက်မိသည်။

အိမ်ဝရန်တာပေါ် ကိုင်းညွတ်ကျနေသော ညောင်ပင်ကိုင်းကြီးကို အခုမှပင် သတိထားမိတော့သည်။

ဘုရားရေ. . . ငါဟာ အတော်ကို ညံ့ဖျင်းပါလား။





မိန်းကလေးတွေကို စုပြီးထားမယ့် အိမ်ကြီးရဲ့ဘေးမှာ ညောင်ပင်ကြီးတစ်ပင် ရှိနေတာကိုလည်း ထည့်ပြီး မစဉ်းစားခဲ့မိဘူး။ ပြီးတော့ အဲဒီ ညောင်ပင်က သစ်ကိုင်းတစ်ကိုင်းဟာ အိမ်ဝရန်တာပေါ် အုပ်မိုးနေတာကိုလည်း စောစောကတည်းက သတိမထားခဲ့မိဘူး။

ဘီလူးကသာ အဲဒီ သစ်ကိုင်းပေါ်က တစ်ဆင့် အိမ်ဆီကို ခုန်ကူးသွားမယ်ဆိုရင်. . . ။

သူ ဆက်မတွေးရဲတော့။

ကိုယ့်ကိုယ်ကိုယ်သာ အထပ်ထပ်အခါခါ ကျိန်ဆဲ အပြစ်တင်နေမိတော့သည်။

ဖြစ်နိုင်လျှင်. . . အချိန်ကာလကို နောက်တစ်ရက်လောက် အထိ ဆွဲဆန့်ကာ ဆိုင်းငံ့ထားလိုက်ချင်သည်။

တစ်ရက်တည်းပါ. . . တစ်ရက်လောက်ပဲ ငါ့ကို ပြင်ဆင်ခွင့် ပေးကြပါ။ နောက်ကျပြီးမှ သိခွင့်ရလိုက်တဲ့ ငါ့အစီအစဉ်ရဲ့ အားနည်းချက်တွေကို နည်းနည်းလောက် ပြင်ဆင် ဖြည့်စွက်ချင်လို့ပါ။

သူ သွေးရူးသွေးတန်းတွေ လျှောက်တွေးနေမိ၏။

သူ့အဖြစ်က မနက်ဖြန် မနက် စာမေးပွဲ ဖြေခါနီးကျမှ ဒီနေ့ညမှာ ကျက်စရာစာတွေ မပီမကမ်း ကျန်နေသေးသောကြောင့် မအိပ်နိုင်သေးသူလို ဖြစ်နေသည်။

စာမေးပွဲကို တစ်ရက်လောက်များ နောက်ဆုတ်ပေးခဲ့မည်ဆိုလျှင် ငါ ဖြေနိုင်မှာ သေချာပါသည် ဟူသော ကလေးဆန်ဆန် အတွေးမျိုး. . . ။

ဟုတ်သည်။

နောက်ထပ် တစ်ရက်လောက်သာ အချိန်ရဦးမည်ဆိုလျှင်တော့ အဲသည့် ညောင်ပင်ကြီးကို ခုတ်လှဲပစ်ဖို့ သူ စီစဉ်မိမှာပါ။ အနည်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ အိမ်ဝရန်တာပေါ် ကိုင်းညွတ်နေသော သစ်ကိုင်းကြီးကို ခုတ်ဖြတ်ချနိုင်ခဲ့မည် ထင်ပါသည်။

အခုတော့. . . အခုတော့။

သူ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်လာ၏။

တစ်ယောက်ယောက်ကို ဒီအကြောင်း ပြောပြချင်လာသည်။ အနီးဆုံးမှာ ရှိနေသူကို လှမ်းကြည့်လိုက်တော့လည်း ကိုနန်းနွယ်က ၎င်းပေါ်တွင် လက်နှစ်ဖက်ယှက်ကာ မထုံတက်သေးဖြင့် အပူပင် အကြောင့်ကြမဲ့စွာ ထိုင်နေ၏။

ကိုနန်းနွယ်၏ ပုံစံကတော့. . .

စာမေးပွဲမှာ ကိုယ်ကျက်ထားသည့် စာနှင့် တည့်တည့်တိုးလျှင် ဖြေမည်၊ မတိုးလျှင် အဖြေလွှာကို အလွတ်အတိုင်းအပ်ပြီး ထပြန်လာခဲ့မည်ဟု ခပ်အေးအေး စိတ်ဆုံးဖြတ်ထားသော ကျောင်းသားတစ်ယောက်နှင့် တူနေ၏။

ကိုနန်းနွယ်၏ အတွေးထဲမှာ ရှုပ်ရှုပ်ထွေးထွေးတွေ ဘာမှ ထည့်သွင်း သိုလှောင်ထားပုံမရ။

ထိုသူ့ပုံစံကိုကြည့်ရင်း အဖေ့ကို ဖျတ်ခနဲ သတိရလိုက်မိသည်။

အဖေကလည်း ဒီလိုမျိုးပင် ခပ်အေးအေး စိတ်ရှင်းရှင်း လူတစ်မျိုး မဟုတ်လား။ အဖေသည် ဘာကိုမှ ကြိုးစားပမ်းစား လုပ်ယူခဲ့ခြင်းမျိုး မရှိခဲ့သလို ဘာတစ်ခုကိုမှလည်း တမက်တမော ဆုပ်ဆုပ်ကိုင်ကိုင် ဖက်တွယ်နေတတ်သူ မဟုတ်ခဲ့ချေ။

ရှုပ်ထွေးနက်နဲ မြင့်မားသော ဒဿနများ၊ တရားတော်များကို အဖေသည် ယောင်၍မျှပင် မျက်လုံးပင့်ကြည့်ခဲ့သူ မဟုတ်။ သူ့စိတ်ထင်ပြောရလျှင် အဖေသည် 'သိစရာ'ကိုပင်လျှင် အလွန် မြိုးမြိုးမြှဲမြှဲ 'သိ'ခြင်းအားဖြင့် နေတတ်ခဲ့သူ ဖြစ်လေသည်။





အခုဆို အဖေ ဘယ်ဆီများ ရောက်နေလိမ့်မလဲ။

အဖေ့ကို လိုက်ရှာနေသော သားတစ်ယောက် ဟောဒီမြို့မှာ သောင်မတင် ရေမကျ ဖြစ်နေသည်ကို အဖေ သိမှ သိပါလေစ။

အို. . . ငါ ဘာတွေလျှောက်တွေးနေမိပါလိမ့်။

●

သူကိုယ်သူ ပြန်သတိထားမိချိန်တွင် စိတ်တွေ အတော်ပျံ့လွင့်ကာ ကစဉ့်ကလျား လျှောက်စဉ်းစားနေမိကြောင်း တွေ့လိုက်ရသည်။

မဟုတ်သေးပါဘူး။

ဒီလို. . . ဘီလူး လာခါနီးဆဲဆဲအချိန်မှာ ငါ သတိလက်လွတ် ဖြစ်မနေသင့်ဘူး မဟုတ်လား။

အချိန်က စက္ကန့်နှင့်အမျှ အရေးကြီးနေပြီ ဖြစ်သည်။ သူ ကြိုးစား၍ အာရုံကို စုစည်းထားလိုက်၏။

သို့သော်. . . ခဏအတွင်းမှာပင် စိတ်တွေက လွင့်ချင်ရာဆီသို့ လွင့်မျောသွားပြန်သည်။

သူ့အတွေးတွေက အဖေ့အကြောင်းဆီ ရောက်သွားလိုက်၊ ချိုချိုသင်းလဲ့ရည်ဆွေအကြောင်း ရောက်သွားလိုက်နှင့်. . . ။

ညဦးပိုင်းတုန်းက မြင်လိုက်ရသော ချိုချိုသင်းလဲ့ရည်ဆွေ၏ ပုံသဏ္ဌာန်က အတွေးထဲတွင် တရစ်ဝဲဝဲ ပေါ်လာပြန်သည်။

လည်စီး အနီရောင်လေး စည်းနှောင်ထားသည့် ပိန်ပိန်သေးသေး ကောင်မလေး တစ်ယောက်။ ပြီးတော့ အဲသည့် ကောင်မလေး၏ (ပုံပြင်တွေဖတ်ပြီး စိတ်ကူးယဉ်တတ်သော ကလေးတစ်ယောက်ဆန်ဆန်) အညိုရောင် မျက်ဝန်းများ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးထဲမှာ သူ သာယာချင်သလိုလို ဖြစ်လာ၏။ တစ်ချက် တစ်ချက်မှာ မေးခနဲ ငိုက်မျည်းသွားသလိုမျိုးလည်း ဖြစ်လိုက်သေးသည်။

နာရီမှ စက္ကန့် လက်တံတွေကတော့ သန်းခေါင်ယံစင်တော်ဖွင့် အမီ တောင်ပံခတ်လာနေကြလေပြီ။

အိပ်ချင်စိတ် ပြေလျော့သွားအောင် သူ့မျက်ခွံတွေကို ခပ်ကြမ်း ကြမ်း ပွတ်တိုက်ပစ်လိုက်၏။

ထိုတစ်ခဏမှာပင်. . .

မြေပြင်တစ်ခုလုံး သိမ့်ခနဲ တုန်သွားသည်။

"အား. . ."

နာကျင်စွာ သေအံ့မူးမူး အော်တစ်လိုက်သံကြောင့် ခြံဝင်း အလယ်ရှိ အိမ်အပေါ်ထပ်ဆီ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။

"ဟင်. . ."

အိမ်ပေါ်ထပ်ရှိ မီးရောင်တွေ အားလုံး တစ်မုဟုတ်ချင်း ငြိမ်း ကာ ရုတ်တရက် မှောင်အတိကျသွားသည်။

မြေပြင်သည် သိမ့်သိမ့်ခါနေ၏။

သစ်ပင်တွေ အားလုံး လေမတိုက်ဘဲ တခြိမ့်ခြိမ့် လှုပ်ယိမ်းနေ ကြသည်။

"အား. . ."

စူးစူးဝါးဝါးအော်ဟစ်သံ ပေါ်လာပြန်သည်။

ပတ်ဝန်းကျင် လေထုတစ်ခုလုံး လူသေကောင်လို အေးစက် သွား၏။

"ဘုရား. . . ဘုရား. . ."





သူ စိတ်ထဲမှ ချောက်ချားစွာ ရေရွတ်မိသည် ထင်၏။

အခုတော့ . . .

တကယ်ပင် ဘီလူး ရောက်လာလေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"အမယ်လေး. . . ကယ်ကြပါဦး"

"အား . . ."

အော်သံဟစ်သံများနှင့်အတူ အိမ်ကြီးတစ်ဆောင်လုံး သိမ့်သိမ့်ခါ ယိမ်းထိုးနေသည်ဟု မှတ်ရ ထင်ရသည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဖောင်း"

ဝါးပိုးဝါးကို အချက်ပေး မီးရှို့လိုက်သဖြင့် ဝါးဆစ်ကွဲသံ တဒိုင်းဒိုင်းကလည်း ဆူညံနေ၏။ တုံးမောင်းခေါက် တပ်လှန့်သံကလည်း တုံ. . . တုံ. . . မြည်ဟီးနေသည်။

"တက်ကြ. . . . အိမ်ပေါ်တက်ကြဟေ့"

"မီးတုတ်တွေ ယူခဲ့"

ညာသံပေးပြီး လက်နက်ကိုယ်စီကိုင်ကာ အိမ်ကြီးဆီသို့ တစ်ဟုန်ထိုး ပြေးသွားကြသည့် လူတွေကို တွေ့လိုက်ရသည်။ ဘယ်သူတွေမှန်းတော့ မသိ။





ယောက်ယက်ခတ်နေသည်။ ဆူညံနေသည်။ ဝရုန်းသုန်းကားဖြစ်နေသည်။

"ဖောင်း. . . ဒိုင်း. . . ဒိုင်း"

"အောင်မယ်လေး. . . "

"တုံ. . . တုံ. . . တုံ"

ဝါးဆစ်ပေါက်ကွဲသံများ၊ ကယ်ပါ. . . ယူပါ. . . အကူအညီတောင်းခံသံများကြားမှပင် လူတွေတစ်အုပ်ကြီး အိမ်ပေါ်တက်ဖို့ ရေလှိုင်းတွေလို တစ်ဟုန်ထိုး ရှေ့တိုးသွားရာမှ တန့်ပြီး နောက်ပြန် ရွေ့လျားလာကြသည်။

"တက်ကြလေ. . . တက်ကြ. . . မြန်မြန်"

"ဆူးခက်တွေဟေ့. . . နောက်ဆုတ်. . . နောက်ဆုတ်"

ညဦးပိုင်းတုန်းက အိမ်ပေါ်ကို ဘီလူးမတက်နိုင်အောင် အောက်ခြေအနှံ့ ဆူးခက်တွေ၊ ဝါးချွန်တွေ၊ ဝါးကပ်တွေ ကာထားခဲ့ကြသည်။

အခုတော့ . . . အဲဒီ အကာအရံတွေကပင် ကိုယ့်အတွက် ပြန်ပြီး အဆီးအတား ဖြစ်နေလေပြီ။

"ဒိုင်း. . . ဖောင်း. . . ဒိုင်း. . . ဒိုင်း"

"ဆုတ်ကြ. . . ဆုတ်"

"မဆုတ်ကြနဲ့. . . ကြိုးနဲ့ တွယ်တက်ကြ"

"ဟော့ကောင်တွေ မင်းတို့က အိမ်နောက်ဘက်ကိုသွား"

မားလုံ့ဖွေးဖွေးတွေက လှုပ်ယိမ်းနေသော ကညင်ဆီ မီးတိုင်များ၏ အလင်းရောင်မှာ လက်လက်တောက်နေသည်။

လူတွေ၊ အရိပ်တွေ၊ မီးတောက်တွေ ရှုပ်ယှက်ခတ် လုံးထွေးနေကြ၏။ တချို့ကလည်း အလဲလဲအပြိုပြို၊ တချို့ကလည်း ညာသံပေး အော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်လျက်. . . ဒေါသတွေ၊ အကြောက်တရားတွေ ဟုန်းဟုန်းထကာ အရောရော အထွေးထွေး။

မည်သူတွေက ဦးဆောင် ကွပ်ကဲနေသည်ကို မသိရတော့ချေ။ သေချာသည်ကတော့ အဲဒီလူတွေသည် အစည်းအဝေးမှာတုန်းက ပါခဲ့သူတွေမဟုတ်။ (အစည်းအဝေးမှာ အာပေါင်အာရင်းသန်သန် ပြောခဲ့ ဆိုခဲ့သည့် သူကိုယ်တိုင်ကတော့ သံမဏိချိန်းကြိုးကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ လုံခြုံရာ အကာအကွယ်နောက်တွင် ငိုင်တွေ ကြောင်ငေးကြည့်နေဆဲ)

"အောင်မလေး. . . လုပ်ကြပါဦး"

"ဝုန်း. . . ဒုန်း"

အော်သံ ဟစ်သံများနှင့်အတူ အိမ်ကြီးတစ်ဆောင်လုံး သွက်သွက်ခါ လှုပ်ယမ်းသွားပြန်သည်။

ဒုက္ခပဲ။ အိမ်ပေါ်ကို အမြန်ဆုံးတက်လို့ မရနိုင်တော့ဘူးလား။

"ဟင်. . . ဟိုမှာ ဘယ်သူပါလိမ့်"

အိမ်အပေါ်ထပ် ဝရန်တာပေါ် ညွှတ်ကျနေသော ညောင်ကိုင်းကြီးပေါ်တွင် လူတစ်ယောက်၏ အရိပ်သဏ္ဍာန်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

ထိုသူက သစ်ကိုင်းပေါ်မှတစ်ဆင့် ဝရန်တာဆီ ခုန်ကူးရန် အားယူနေ၏။ ထိုသူကို သဲသဲကွဲကွဲမြင်ရအောင် လှမ်းကြည့်လိုက်တော့. . .

"ဟင်. . . ကိုထိုက်"

ဟုတ်သည်။ ကိုထိုက်မှ ကိုထိုက် အစစ်. . . လူမှားနိုင်စရာမရှိ။ မြေပြင်မှ မီးတုတ်များ၏ အလင်းရောင်ဖြင့် ကိုထိုက်၏ မုတ်ဆိတ်မွေးတိုနံ့နံ့ကိုပင် မြင်ရသည်။





ကိုထိုက်က မျက်လုံးတွေ ပြူးထွက်နေအောင် အံကိုကြိတ်ထား၏။ ပါးစပ်ထဲမှာလည်း ထက်မြည့်နေသော လင်းကင်းဓား အသွားကို မြဲမြံစွာ ကိုက်ထားသည်။

ဟော. . . ဟော . . . ဝရန်တာဆီ သူ ခုန်တော့မည်။

ထိုစဉ်မှာပင် မြေပြင်ပေါ်မှ တခြားလူတွေကလည်း ကိုထိုက်ကို မြင်သွားပြီး မော့ကြည့်ကာ လှမ်းအော်နေကြသည်။

"ကိုထိုက်. . . အတင့်မရဲနဲ့"

"တစ်ယောက်တည်း စွတ်မဝင်နဲ့. . . သေလိမ့်မယ်"

ဘယ်သူတွေ ဘာပြောပြော ကိုထိုက်ကတော့ တစ်စုံတစ်ရာကို သံဓိဋ္ဌာန်ချလိုက်ပုံရသည်။

မျက်လုံးတစ်ချက် အရောင်လက်သွားပြီး ဝရန်တာဆီ လွှားခနဲ ခုန်ကူးလိုက်တော့သည်။

"ဟိတ်"

"ဒုန်း"

ဝရန်တာပေါ် ခြေချမိသည်နှင့် တစ်ပြိုင်နက် ကိုထိုက်က ပါးစပ်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင် ကိုင်ကာ ဝင့်၍. . .

"ဖြောင်း . . ."

တံခါးကို ခြေထောက်ဖြင့် အားကုန်ဆောင့်ကန်ကာ ဖွင့်လိုက်ပြီး. . .

"ငါ. . . လာပြီဟေ့"

ရင်ခေါင်းသံဖြင့် အော်ဟစ် ကြုံးဝါးရင်း ခုန်ဝင်သွားလေတော့သည်။

ကိုထိုက် လုပ်ပုံကို မြင်လိုက်ရသူတွေအားလုံး၏ စိတ်ထဲ၌ ခတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခံလိုက်ရသလို သတ္တိတွေ ကူးစက်သွားကြဟန် တူသည်။ ပြိုင်တူလိုလို. . .

"တက် . . . တက်ကြ"

အသံကုန် ဟစ်ကြွေးရင်း ရှေ့သို့ တရကြမ်း တိုးကြ၏။

သူကတော့ . . .

သူကတော့ . . .

"ငါ . . . ဘာလုပ်ရမလဲ၊ ရှေ့ဆက်တိုးရမလား၊ ထွက်ပြေးရမလား"

ဟူသည့် အတွေးဖြင့် တောင့်တောင့်ကြီးရပ်ကာ ကျန်နေရစ်ခဲ့သည်။

သူသည် သေရဲလောက်အောင် စွန့်စားဝံ့သူ မဟုတ်။

ထိုအချိန်မှာပင် သူ့အနားသို့ ပြန်းစားကြီး ရောက်လာသော စန်းလွင်နှင့် အသေးလေးတို့က . . .

"အစ်ကို . . . ဘယ်လိုလဲ"

လှမ်းအော်မေးလိုက်သံကြောင့် သူ့ကျောရိုးတစ်လျှောက် ဖြန်းခနဲ ပူနွေး ဆူပွက်သွားပြီး . . .

"မင်းတို့ ဘာမှမကြောက်ကြနဲ့၊ ငါ ရှေ့ဆုံးက တက်မယ်။ မင်းတို့ ငါ့နောက်က လိုက်ခဲ့ကြ"

ဒီစကားတွေ သူ့ပါးစပ်ထဲက ဘယ်လို ထွက်ကျသွားမှန်း သူကိုယ်တိုင်ပင် မသိလိုက်။

စောစောက တစ်ယောက်တည်း ကျိတ်ပြီး ကြောက်လန့်နေမိသူသည် အခုတော့ သူ့ကို ယုံကြည် အားကိုးပြီး ခေါင်းဆောင်တင်သူများ၏ ရှေ့မှာ သတ္တိရှိကို ရှိပြရတော့မည်။





အငှားသတ္တိပဲဖြစ်ဖြစ်ပေါ့လေ။

ကဲ . . .။

"တက်ကြ"

သူ့အမိန့်သံကြောင့် စန်းလွင်နှင့် အသေးလေးတို့ ချာတိတ်တွေ အားလုံး၏ မျက်နှာမှာ သွေးရောင်ရဲတက်သွားပြီး . . .

"သေပစေ . . . ငါတို့သွေးဟေ့"

ဟု တစ်ယောက်၏ တိုင်သံအဆုံး အားလုံးက တညီတညာတည်း လက်သီးလက်မောင်းမြောက် ကြွေးကြော်လိုက်ကြတော့သည်။

"ရဲရဲရှေ့ကို ချီ"

သူတို့အားလုံး လက်ထဲမှ ဓားတွေ၊ လှံတွေ၊ မီးတုတ်တွေကို ကိုင်မြှောက်ကာ ရှေ့သို့ အပြေးတက်ခဲ့သည်။ ဝန်းကျင်မှာလည်း အားလုံး ရှုပ်ရှုပ်ထွေးထွေး ပြေးပြေးလွှားလွှား၊ ကြွေးကြော်သံတွေ ပွက်ပွက်ညံလျက်။

ဒါဟာ တိုက်ပွဲည။

သွေးတွေ . . . အသက်တွေ ပုံအောမယ့်ည။

သူက စန်းလွင်ကို လှည့်ပြီး ပြောလိုက်သည်။

"ငါ အိမ်အပေါ်ထပ်ကို ရအောင်တက်မယ်ကွာ။ နံရံ ဟိုဘက်နားက အုတ်ဘောင်အစွန်းကို လှမ်းခိုပြီး တက်မယ်"

"ကျွန်တော်တို့ ပခုံးပေါ်ကနေတက် . . . အစ်ကို"

"မမီဘူးကွ"

"ရတယ် . . . ရတယ်၊ ကျွန်တော်တို့အပေါ် အသေးလေးက တက်ပြီး အစ်ကို့ကို ကုန်းပိုး"

ဘယ်သူတွေ ဘယ်ဝါတွေမှန်းလဲ မသိ၊ နီးစပ်ရာ တစ်ယောက် တစ်လက် ဝိုင်းကူနေကြသည်။ မီးတုတ်များ၏ အလင်းရောင်တွေထဲမှာ သူသူငါငါလည်း မကွဲပြား။



www.burmeseclassic.com

www.burmeseclassic.com



ဟော . . . သစ်ကိုင်းပေါ်မှာလည်း လူတချို့ ရောက်နေကြပြီး ကိုထိုက် ပေ့ပ်သလိုမျိုး အိမ်အပေါ်ထပ်ဆီ ခုန်ကူးကြတော့မည်။

တချို့ကလည်း လှေကားကို ပိတ်နေသည့် ဆူးတွေပေါ်က သွေးသံရဲရဲ ကျောခင်းဖိပြီး နင်းဖြတ်ကျော်နေကြပြီ။

အတွေးဖြင့် ဟိုကြည့် ဒီကြည့် ကြည့်နေစဉ်မှာပင် သူ့ကို လူတွေက တွန်းတင်လိုက်ကြ၏။ အုတ်ဘောင်အစပ်ကို ခိုကာ ခြေကန်တက်ရင်း ဝရန်တာကို ခွလိုက်သည်။

အပေါ်ထပ် တစ်ထပ်လုံးမှာလည်း မိန်းကလေးများ၏ သွေးပျက်ချောက်ချား အော်ဟစ်သံ ဝုန်းဒိုင်းကျဲသံတွေ ဆူညံပွက်လျက်။

သူ့လိုပင် ဝရန်တာမှ ကျော်တက်လာသူတွေ၊ သစ်ပင်ပေါ်က ခုန်ကူးလာသူတွေအားလုံး စကြံတစ်လျှောက် ပြေးလွှားကာ မှောင်မိုက်နေသော အခန်းထဲ ခုန်ဝင်သွားကြသည်။

"အား . . ."

"အား . . ."

အခန်းထဲက အော်သံတွေ၊ နာကျင်ပုံထွက်သံတွေ . . .။ အသံတွေ . . . အသံတွေ။

သူ ဘာမှစဉ်းစားမနေတော့၊ လက်ထဲမှ သံမဏိချိန်းကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ပြေးဝင်သွားလိုက်သည်။

"ဟိတ်"

သူ့ရဲကောင်း တစ်ယောက်လို မကြွေးကြော်နိုင်၊ အထိတ်ထိတ် အလန့်လန့်ဖြင့် ပါးစပ်မှ ဟိတ်ခနဲ မသဲမကွဲအသံသာ ထွက်ပေါ်လာ၏။

အမှောင်ထဲတွင် ငရဲပွက်သံများ။

သေခြင်းတရား၏ ရနံ့ကို နီးကပ်စွာ ရလိုက်သည်။ ကြမ်းပြင်





ပေါ် ဝပ်ချပြီး ပုန်းအောင်းလိုက်ရင် ကောင်းမလားဟု အတွေးတစ်ချက် ဝင်လာ၏။

ရုတ်ခြည်း ဆိုသလိုပင် သူ့ဒူးခေါင်းအထက်နားဆီလောက်တွင် ပူခနဲ ခံစားလိုက်ရပြီး ခွေခေါက်လဲကျတော့မည့်ဆဲဆဲ . . .။

သူ့နောက်စေ့ကို လေးလံသော တစ်စုံတစ်ရာက . . .

"ဒုန်း" ခနဲ လာထိ၏။

ထို့နောက် . . .။ သူ ဘာကိုမှ မသိတော့ချေ။

●

သူ သတိပြန်ရလာချိန်တွင် မျက်လုံးအစုံကို ချက်ချင်း ပြန်မဖွင့်နိုင်သေး။ နောက်စေ့ ဦးခွံရိုးက တဆစ်ဆစ် ကိုက်ခဲ နာကျင်နေ၏။

ကိုယ့်ကိုယ်ကိုယ် ကြမ်းပြင်ပေါ်တွင် မှောက်လျက် အနေအထားဖြင့် လဲကျနေမှန်း သတိထားမိသည်။ အနီးပတ်ဝန်းကျင်တွင် လမ်းလျှောက်နေကြသော ခြေသံ လှုပ်ရှားသံများ၊ တစ်ယောက်တစ်ပေါက် စကားပြောနေကြသံများ။ ငြင်းခုံနေကြသံများနှင့် ငိုကြွေးနေကြသော မိန်းကလေးတို့၏ အသံများကို မပီဝိုးတဝါး ဗလုံးဗထွေး ကြားနေရ၏။

သူ ကြမ်းပြင်ပေါ်မှ အားယူပြီး ကုန်းထလိုက်သည်။

"အား . . . ကျွတ် . . . ကျွတ်"

ညာဘက် ဒူးခေါင်းနားမှ ဒဏ်ရာကြောင့် ခြေထောက် ကောင်းကောင်း ထောက်၍မရ၊ သူ စုတ်သပ် ညည်းညူမိသည်။ နောက် . . . ပြာဝေနေသော မျက်လုံးအစုံကို ကြည်လင်သွားအောင် မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်၏။

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးပတ်ဝန်းကျင်က ကြမ်းပြင်ပေါ်တွင် အလောင်းတွေ ပြန့်ကျဲနေလေသည်။

သွေးအိုင်ထဲတွင် မှောက်လျက်သား လဲကျနေသော အလောင်းတစ်လောင်းကို သူ ဆွဲမကာ လှန်လိုက်၏။

"ဟင်. . . ကိုကိုမြင့်"

ငါသေရင် ငါ့အုတ်ဂူပေါ်မှာ နှင်းဆီပန်းတစ်ပွင့် တင်ပေးပါတူ သေခြင်းတရားကို မထီမဲ့မြင် ပြောရဲသူတစ်ယောက်တော့ ကျဆုံးရှာပြီ။ ဟိုဘက်နံရံနားမှာတော့ မိန်းကလေးတစ်ယောက်က သွေးအလိမ်းလိမ်းနီရဲ စွတ်စိုနေသည့် ကိုထိုက်၏ အလောင်းကို ပွေ့ဖက်ကာ အသံမထွက်ဘဲ ကျိတ်ငိုနေ၏။

ထွန်းလင်းဦး၏ အလောင်းတွင် ကျောဘက်သို့ ဦးခေါင်းတနောက်ပြန်လည်ထွက်နေသည်။ လည်ပင်းရိုးကျိုးသွားခြင်း ဖြစ်ပေလိမ့်မည်။

ကပ္ပိယကြီး ဘဖိုးလူ၏ အသက်မဲ့ခန္ဓာကိုယ်ကတော့ သူ တာဝန်ယူထားသော တံုးမောင်းပေါ်မှာ ကန့်လန့်ဖြတ် လဲကျနေ၏။ အသက်ထွက်ခါနီး နောက်ဆုံးအချိန်ထိ သူ့တာဝန်ကို မစွန့်ခွာခဲ့မှန်း သိသာလှသည်။

အောင်စည်ဟိန်းကတော့ ဒဏ်ရာအကြီးအကျယ် ရထား၏။ သူ့ဝမ်းဗိုက်တစ်ခုလုံး ကန့်လန့်ဖြတ်ကွဲကာ သွေးတွေ ပွက်ခနဲ ပွက်ခနဲ မြင်မကောင်းအောင် အန်ထွက်နေသည်။

ရန်အောင်စိုး တစ်ယောက်လည်း အခြေအနေကောင်းပုံ မရှု မျက်နှာမှုစပြီး ကိုယ်တစ်ခြမ်းလုံး စုတ်ပြတ်သတ်သွားသည်။ နံရိုးဖွေးဖွေးတွေ ပေါ်နေ၏။ သွေးတွေ လောင်းချိုးထားသလို ဖြစ်နေသောကြောင့် လူပုံပန်းသဏ္ဌာန်ကိုပင် မသဲကွဲ။





တင်ကိုကို၏ အလောင်းခြေရင်းမှာတော့ သူ့ဦးလေး ဖြစ်ဟန်တူသည့် လူကြီးတစ်ယောက်က ခေါင်းမှာ ပေါင်းထားသော မျက်နှာသုတ်ပဝါကို ဖြည်ကာ မျက်လုံးက မျက်ရည်စများကို သုတ်ပစ်ရင်း . . .

"ငါ့တူက ရိုးရိုးအအကြီးပါကွာ။ အပေါင်းအသင်းတွေနဲ့ ပျော်တတ် ပါးတတ်တာကလွဲလို့ ဘာကိုမှ ဟိုဒင်းပြုတဲ့လူ မဟုတ်ပါဘူး။ ခုကျမှ. . ."

မချိတင်ကဲ အသံဖြင့် ရေရွတ်ညည်းတွားနေ၏။ အသက်ကင်းမဲ့နေသည့် တင်ကိုကို့ မျက်နှာပေါ်တွင် ဆေးခြယ်ထားသော အနက်ရောင်အစင်းကြောင်းများက အနည်းငယ် ကလေးကလားဆန်နေသော်လည်း သူ့သတ္တိကတော့ ကလေးကလား မဟုတ်မှန်း ကြမ်းပြင်ပေါ် အိုင်ထွန်းနေသည့် သွေးစက်များက သက်သေပြနေ၏။

ဒဏ်ရာကတော့ နဖူးအလယ်တည့်တည့်တွင် အပေါက်သေးသေးလေး တစ်ပေါက်တည်း။

ဒါ. . . ဒါဆို ရန်သူဟာ ဘယ်လို လက်နက်မျိုးကို ကိုင်ဆောင်ထားတာလဲ။

"ကဲ. . . ကဲ. . . ဒဏ်ရာရထားတဲ့သူတွေကို အဝတ်ပုခက်လုပ်ပြီး အိမ်အောက်ကို ထမ်းချကြဟေ့။ မင်းတို့ ကျန်တဲ့သူတွေက မိန်းကလေးတွေကို နှစ်ယောက်တစ်တွဲ တွဲပြီး လူစစ်ကြ။ ပျောက်နေတဲ့လူရှိလား မရှိလား သိရအောင်လို့"

အမိန့်သံဆန်ဆန်ဖြင့် ပြောနေသူကို လှမ်းကြည့်လိုက်တော့ ကိုကျော်စိုး ဖြစ်နေ၏။ ဟင်. . . ဒီလူ ဘယ်အချိန်က ရောက်လာတာပါလိမ့်။

စန်းလွင်နှင့် အသေးလေးတို့အဖွဲ့က ဒဏ်ရာရထားသူများကို သူ့ရှေ့က ဖြတ်ပြီး သယ်သွားကြသည်။ သူကပါ ဆင်းလိုက်ဖို့ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်လည်း ဒူးဆစ်မှ ဒဏ်ရာကြောင့် တုံ့ခနဲဖြစ်သွားပြီး နာကျင်စွာ ညည်းတွားလိုက်မိ၏။

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

ထိုစဉ် သူ့အနားသို့ လူတစ်ယောက် ဖျတ်ခနဲ ရောက်လာပြီး အသံတုန်တုန်ယင်ယင်ဖြင့် . . .

"လာ. . . လာ . . . ကျွန်တော့်ပခုံးကို တွဲ"

ဖေးမတွဲခေါ်သူကို မော့ကြည့်လိုက်တော့ ကိုဝင်းကျော် ဖြစ်နေ၏။ ကိုဝင်းကျော်က စကားလုံးတွေသာ တုန်သည် မဟုတ်၊ ကြောက်ရွံ့စိတ်ဖြင့် တစ်ကိုယ်လုံး တုန်ယင်နေခြင်း ဖြစ်သည်။

ဒီလောက် ကြောက်ရွံ့နေသည့်ကြားကပင် ရန်သူနှင့် ရင်ဆိုင်မှု ဟောဒီ ရှေ့ဆုံးအထိ မရောက်ရောက်အောင် လာသေးသည်ကိုတော့ သူ အံ့ဩမဆုံးနိုင်။

သူ နာကျင်နေသည့် ဝေဒနာကြားမှပင် ကိုဝင်းကျော်ကို အားတင်းပြီး ပြုံးပြလိုက်၏။

ကိုဝင်းကျော်က . . .

"မကြောက်နဲ့ . . . မကြောက်နဲ့၊ ခင်ဗျား ဒဏ်ရာက မစိုးရိမ်ရပါဘူး"

ဟု အားပေးစကား ပြောလည်းပြော ပြုံးလည်းပြုံးပြ၏။ ကြောက်နေသူအချင်းချင်းမှာပင် အားပေး ဖေးမထားရမည်ဟူသော အသိရှိနေသေးခြင်းကြောင့် အခြေအနေသည် သူထင်သလောက် မဆိုးသေး။

ထိုစဉ် . . . မိန်းကလေးတွေကို လူစစ်နေသောအဖွဲ့မှ ဦးသင်းနောင် က အက်ကွဲခြောက်သွေ့သော အသံဖြင့် . . .

"မိန်းကလေးတစ်ယောက် ပျောက်နေတယ်"

ထိုစကားကြောင့် အားလုံး၏ စိတ်ထဲတွင် တစ်ခုခု ရုတ်တရက်





လွတ်ကျပြီး ကွဲသွားသလို ဟာခနဲ ခံစားလိုက်ရပြီး တစ်ယောက် တစ်ပေါက် အော်ဟစ်ကာ ပြောကြ မေးကြသည်။

"မိန်းကလေးတစ်ယောက် ပါသွားပြီတဲ့ဟေ့"

"ဘီလူးက မိန်းကလေးတစ်ယောက်ကို ဖမ်းသွားပြီတဲ့"

"ဘယ်သူလဲ . . . ဘယ်သူတဲ့လဲ"

"ပါသွားတဲ့ ကောင်မလေး နာမည်ကို သိကြလား"

"ဘယ်သူသိလဲ. . . ပြောကြစမ်းပါ"

ငိုရှိုက်နေကြသော မိန်းကလေးအုပ်စုထဲမှ ကျစ်ဆံမြီးနှင့် ကောင်မလေး တစ်ယောက်က 'သိတယ်' ဟူသည့် အဓိပ္ပာယ်ဖြင့် ညာဘက်လက်ကို ဖြည်းဖြည်းချင်း ထောင်လိုက်သည်။ ဝိုင်းအုံကာ ဆူညံပွက်နေကြသူတွေ အားလုံး ထိုမိန်းကလေး၏ ပါးစပ်မှ ထွက်ကျလာမည့် စကားသံကို ကြားရဖို့အတွက် တိခနဲ ရုတ်ခြည်း ဆိတ်ငြိမ်သွား၏။

တိတ်ဆိတ်မှုက ဖယောင်းတိုင်လို တဖျစ်ဖျစ် လောင်မြိုက်နေသည်။ ကျစ်ဆံမြီးနှင့် မိန်းကလေး၏ နှုတ်ခမ်းဖျားမှ စကားသံက ကြားရသည်ဆိုရုံမျှသာ တိုးတိုးသဲ့သဲ့။

"ပျောက်. . . ပျောက်သွားတဲ့သူက . . . ချိုချိုသင်းလဲ့ရည်ဆွေ"

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

လေက တဝှီးဝှီး တိုက်ခတ်နေသည်။ လေက တဝေါဝေါ တိုက်ခတ်နေသည်။ လေက တဝူးဝူး တိုက်ခတ်နေသည်။ တဝှီးဝှီးလား . . . တဝေါဝေါလား . . . တဝူးဝူးလား . . . တဝီးဝီးလား။ ဘာပဲဖြစ်ဖြစ်ပေါ့ လေ၊ စာလုံးပေါင်းပြလို့ မရနိုင်သော အသံတစ်မျိုး မြည်ကာ လေတိုက်ခတ်နေသည်ကတော့ သေချာ၏။

သူ့မျက်နှာကို အေးမြသော လေထုက လာရောက် တိုးဝှေ့နေသည်။ အသက်ကို အားရပါးရ ရှိုက်သွင်းလိုက်သည်။ သို့သော်. . . ရင်ထဲမှာ အေးမသွား၊ အဆုတ်ထဲသို့ လေကောင်း လေသန့်တွေ ရောက်လာသည်ဟု မခံစားရ။

လေတိုက်ခတ်ရာ အရပ်ကို မျက်နှာမူထားလျက်က လေကို ငတ်မွတ် တောင့်တနေလေသည်။

လက်ကိုင်တုတ်ကို အားပြုပြီး တစ်လှမ်းချင်း လျှောက်ကာ ကုန်းအငူ မြင့်မြင့်လေးပေါ်သို့ တက်ခဲ့၏။ သဲဆန်ဆန် မြေသားဖြစ်သော





ကြောင့် သူ အားပြု ဖိထောက်သည့် လက်ကိုင်တုတ်အဖျားရှာ ဝိုင်းဝိုင်းကလေးများက လာရာလမ်းတစ်လျှောက်တွင် ထင်ကျန်ရစ်၏။

ကုန်းအငူလေးပေါ် ရပ်မိသောအခါ လေတိုက်အားက ပိုပြင်းလာသောကြောင့် သူ့ဆံပင်စပ်တွေ အင်္ကျီလက်ဖျားစတွေ တဖျတ်ဖျတ် လှုပ်ခါနေ၏။ မျက်လုံးတွေက လေတိုးအားကို မခံနိုင်။ ကျိန်းစပ်လာသည်။

မျက်ဝန်းတွေကို ကျဉ်းမြောင်းသွားအောင် ကြွက်သားတွေကို ရှုံ့ထားလိုက်မိ၏။ ချက်ချင်းပင် အတွေးတစ်ခု ပေါ်လာသည်။ ငါ. . . မျက်လုံးတွေ စပ်နေတာဟာ လေတိုးတာကြောင့်ကော ဟုတ်ပါ့မလား။

ငါ. . . ငါ. . . ငိုချင်နေတာများလား။

ဟိုညကတည်းက ဒဏ်ရာကြောင့် လမ်းမလျှောက်နိုင်တော့သည့် သူ့ကို တစ်ယောက်တစ်လက် ဝိုင်းထမ်းကာ ဟောဒီ ဘုန်းကြီးကျောင်းသို့ ပို့ပြီး ဆေးကုပေးခဲ့ကြသည်။ သူနှင့်အတူ အခြားဒဏ်ရာရသူ အယောက် ၃၀ ခန့်ပါ၏။

သူ့အဝတ်အစားတွေ ထည့်ထားသည့် ခရီးဆောင်အိတ်ကိုတော့ ဦးသက်နောင်ကပင် တည်းခိုခန်းမှ သွားယူကာ ပေး၏။ အိတ်ကို လာပေးရင်းနှင့် ပြောသွားခဲ့သည်က . . .

"ဘီလူးလက်ထဲပါသွားတာ ချိုချိုသင်းလဲ့ရည်ဆွေမှန်းလည်း သိလိုက်ရော ဦးတင်ကြည်တစ်ယောက် ပုံလျက်သား လဲကျသွားတော့တာပဲဗျာ။ သနားစရာကောင်းလိုက်တာ။ ကျွတ်. . . ကျွတ် . . . ။ သူ့ခမျာ သမီးနှစ်ယောက်စလုံးကို ဆုံးရပြီဆိုတော့လည်း . . . ဟင်း"

ဦးသက်နောင်က သက်ပြင်းချသံဖြင့်သာ စကားကို အဆုံးမသတ်ဘဲ ထပြန်သွားသည်။ သူကတော့ အမျိုးတွေ ရှည်လျား ဆန့်ထွက်ရင်း ကျန်နေရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုသင်းလဲ့ရည်ဆွေ . . . ချိုချိုသင်းလဲ့ရည်ဆွေ . . .

ငါ အရမ်းကို ညံ့ခဲ့ပါတယ် ချိုချိုသင်းလဲ့ရည်ဆွေရယ်။

နောက်တော့ သူနှင့်အတူ ဒဏ်ရာရခဲ့သူတွေက တဖြည်းဖြည်း သက်သာ ပျောက်ကင်းပြီး ကိုယ့်အိမ်ကိုယ် အသီးသီး ပြန်သွားကြသည်။ သူကသာ ဘုန်းကြီးကျောင်းမှာ တစ်ယောက်တည်း သောင်တင်ပြီး ကျန်နေရစ်ခဲ့၏။

ရိုးရိုးသားသား ဝန်ခံရလျှင် အခုလို တစ်ယောက်တည်း ကျန်နေသည်ကမှ စိတ်ချမ်းသာစရာ ကောင်းသေးသည်။ ယခင်ရက်တွေတုန်းက သူ့လိုပင် ဒဏ်ရာရခဲ့ကြသူတွေ ဘုန်းကြီးကျောင်းမှာ ဆေးအကုခံရင်း ဒုက္ခသည်စခန်းတစ်ခုလို ပွက်လောညံနေခဲ့၏။

ဗိန္ဒောဆေးပညာလေး မတောက်တခေါက်နှင့် တတ်နိုင်သလောက် ကြိုးစားကုပေးနေရှာသော ဖိုးသူတော်ကြီး ဦးပေသီးလည်း ယားလို့တောင်မှ မကုတ်နိုင်အား၊ အအိပ်ပျက် အစားပျက်ပင်ဖြစ်အောင် ပြုစုခဲ့ရ၏။

ဒီကြားထဲ လူနာတွေထဲမှာ မနေးမနပ်လိုလို. . . ဖျံကျနေရာယူချင်တာလိုလို ဘာမှန်းမသိသော လူတစ်ခြမ်းပဲ့တွေ အများကြီးပါနေသည်။

ဒဏ်ရာ ရလာကြသူချင်းအတူတူ အခွင့်အရေး ပိုလိုချင်သည်။ ခုတင်ကောင်းကောင်းနှင့်မှ အိပ်ချင်သည်။ ပြတင်းပေါက်နားမှာ နေချင်သည်။ ခေါင်းအုံး အပိုတစ်လုံး လိုချင်သည်။ ဒဏ်ရာကို ဆေးလာထည့်သည့်အခါ ကိုယ့်ကိုမှ အရင်ဆုံး ဦးစားပေးပြီး လာကြည့်စေချင်သည်။

အတူတူ တိုက်ခဲ့ကြတာကို အလွယ်တကူ မေ့ပစ်လိုက်ပြီး 'ငါကမှ ပိုစွန့်စားတာ' ဟု ပြောင်ပြောင်ကြီး ကြွားသည်။ တခြားသူတွေအားလုံးက သူ့ကိုသာ အာဇာနည်ကြီးအဖြစ် အသိအမှတ်ပြုစေချင်ကြသည်။ ဦးညွှတ်စေချင်ကြသည်။





တခြားလူတွေ အားလုံးကလည်း ဒီအတိုင်းပင်။ တစ်ယောက်နှင့်တစ်ယောက် ဘယ်သူက ဘာမို့လို့ အလျှော့ပေးရမှာလဲဟု မာန်ချင်းပြိုင်၏။

ဒီတော့. . . အားလုံး ရန်ဖြစ်ကုန်ကြတော့သည်။

လူတွေက ခက်သည်။

ရန်သူကြောင့် ရလာသော ဒဏ်ရာတွေကို ကိုယ်စီ ခံစားနေရလျက်ကမှ အနာတရတွေကို မေ့ပစ်ပြီး အချင်းချင်း ရန်ဖြစ်နေကြသည်။ ခုတင်နေရာ လုကြသည်။ ကလေးဆန်ဆန် အတ္တတွေကို အထုပ်ဖြည်ပြကြသည်။

ရန်သူနှင့် ရင်ဆိုင်ခဲ့ရစဉ်တုန်းက ရဲရဲတောက် သတ္တိပြောင်မြောက်ခဲ့ကြသူတွေဟာ သူတို့မှ ဟုတ်ပါလေစ . . . လို့ ထင်ရလောက်အောင် မျက်နှာအသစ်၊ စကားလုံးအသစ်တွေ ပြောင်းသွားကြသည်။

'စိတ်ဓာတ်ရာသီဥတု ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သော မိုးလေဝသ' ဟု သူ စိတ်မကောင်းစွာဖြင့် ရောဂါအမည်သစ် ပေးလိုက်၏။

သေချာပါသည်။

အခုနေ ဘီလူးရောက်လာလျှင်လည်း ဒီလူတွေပဲ မကြောက်မရွံ့ မားဆဲ့ပြီး ရှေ့ကထွက် ရင်ဆိုင်မှာ သေချာပါသည်။ ဘီလူး မရှိသည့်အခါကျတော့လည်း အချင်းချင်း ရန်ဖြစ်၊ သဘောထားကွဲ၊ ထိုးနှက် သတ်ဖြတ်ကြမှာ သေချာသည်။

တိုက်စရာ ရန်သူမရှိလျှင် အချင်းချင်း ပြန်တိုက်ခိုက်တတ်ကြသည်မှာ ငါတို့လူမျိုးရဲ့ စရိုက်များလားဟု . . . သူ ဝမ်းနည်းစွာ တွေးမိ၏။

ထိုသူများအားလုံးအတွက်ကတော့ အစစအရာရာသည် သူတို့စရိုက်နှင့် သူတို့ သေချာနေပြီးသားပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မသေချာမရေရာသူဆိုလို့ 'သူ' တစ်ယောက်တည်းသာ ရှိသည်။

"ငါ. . . ငါ ဘာဆက်လုပ်ရမှာလဲ"

ဘုန်းကြီးကျောင်းသားလေး ဖိုးထူးက ခွေလိုမ့်ကာ ပြေးရင်း သူ့အနားသို့ ရောက်လာသည်။ ဖိုးထူး၏ လည်ပင်းတွင် လက်တစ်ဆစ်ခန့်သာ ရှည်သော သစ်သား အစအနလေးကို ကြိုးမျှင်မျှင်ဖြင့် ချည်ပြီး ဆွဲကြိုးသဖွယ် ဆွဲထားသည်ကို တွေ့လိုက်ရ၏။

သူက. . .

"ဖိုးထူးရေ . . .၊ ဦးဦးဆီကို လာစမ်းပါဦးကွ"

ဖိုးထူးက စက်ဘီး တာယာဟောင်းခွေကို ကုန်းဆင်းအတိုင်း လိမ့်ချဖို့ ရွယ်နေရာမှ သူ့ခေါ်သံကြောင့် လှည့်ကြည့်၏။ သူက မနက်တိုင်း ဖိုးထူးကို မုန့်ဖိုးပေးပြီး ရပ်ကွက်ထဲမှာ သတင်းစာ သွားသွားဝယ်ခိုင်းနေကျမို့ ရင်းနှီးပြီးသား။

နောက်ပြီး ဒီကလေးက အသက် ကိုးနှစ်ကျော်ရုံ ရှိသေးသည်။ အပြောအဆိုကတော့ အရွယ်နှင့်မလိုက်အောင် လည်လည်ဝယ်ဝယ်ရှိ၏။ ဒီလိုကလေးမျိုး အတန်းကျောင်း မနေရသည်မှာ အတော်ဝမ်းနည်းဖို့ ကောင်းသော ဆုံးရှုံးမှုဖြစ်သည်ဟု သူထင်မိ၏။

သူက ဖိုးထူးကို. . .

"သား လည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးလေးက အဆန်းပါလား။ ဘယ်သူလုပ်ပေးတာလဲ"

"ဆွဲကြိုး မဟုတ်ဘူး ဦးဦးရဲ့၊ အဆောင်တဲ့။ သားတို့ ဘိုးဘိုး လုပ်ပေးတာ။ တမာသားကို ပရိတ်ကြိုးနဲ့ချည်ပြီး ဆွဲထားရတာ"

"ဟင်. . . တမာသား။ ဘာဖြစ်လို့ တမာသားကို ဆွဲရတာလဲ သားရဲ့"





"ဦးဦးကလည်း တမာသား ဆိုတာက ခါးတယ်လေဗျာ။ ခါးတော့ ဘီလူးက မစားတော့ဘူးပေါ့"

'ဟေ' ဆိုသော ရေရွတ်သံနှင့်အတူ သူ တအံ့တသြဖြစ်သွား၏။ ဘယ်လို ကိုးရိုးကားရားနိုင်လှတဲ့ အတွေးတွေကို ကလေး ဦးနှောက်ထဲ ထည့်ပေးနေကြတာပါလိမ့်။

စိတ်ပျက်စရာကောင်းတဲ့ အသိဉာဏ် တိမ်းစောင်း လွဲချော်မှုတွေ ဒီမြို့မှာ ကူးစက်ရောဂါလို ပေါက်ဖွားနေကြတာကတော့(ထုံးစံတစ်ခုလိုလို မိရိုးဖလာ ယဉ်ကျေးမှုလိုလို) အသားကျနေချေပေါ့. . . ဟု သူ တွေးမိ၏။

ဖိုးထူးက . . .

"မြို့ထဲမှာ လူကြီးတွေ ပြောနေကြတယ်ဗျ။ ဘီလူးက ကလေးတွေကိုပါ စားလိမ့်မယ်. . . တဲ့။ အစားမခံချင်ရင် 'ကလေးအသား ခါးသည်၊ ခွေးအသား ချိုသည်'ဆိုတဲ့ စာကို အိမ်ခြံရှေ့မှာ ရေးထားရမယ်တဲ့"

"ဟင် . . . ဟုတ်လား"

"ဟုတ်လို့ပြောတာပေါ့ ဦးဦးရဲ့။ မယုံရင် ဦးဦး ခြေထောက်ကောင်းသွားတဲ့အခါ မြို့ထဲလျှောက်ကြည့် ကြည့်လိုက်။ အိမ်တိုင်း အိမ်တိုင်းရှေ့မှာ အဲဒီစာကို ထုံးနဲ့ရေးထားကြတာဗျ. . . တကယ်။ ဦးဦးကလည်း နေ့တိုင်း နေ့တိုင်း သတင်းစာတွေတော့ ဝယ်ဝယ်ဖတ်နေပြီး ဒါမျိုးတွေ ဖြစ်နေတာကျတော့ မသိဘူးလား"

ဖိုးထူးက သူ့ကိုပင် မေးခွန်းပြန်ထုတ်နေသေးသည်၊ သူက ဘာမှ ပြန်မဖြေဘဲ ကြောင်ငေးကြည့်နေမိ၏။

စကားလုံးမရှိ။

အကြာကြီး ကြာသွားသောအခါ ဖိုးထူး ပျင်းသွားဟန်တူသည်။ သူ့စက်ဘီးတာယာခွေကို လိမ့်ကာ ကုန်းမြင့်လေးပေါ်မှ ပြေးဆင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ဖတ်တဲ့ သတင်းစာတွေထဲမှာ ဒီလိုအကြောင်းတွေ မပါ ပါဘူး သားရယ်"

ဟု သူ တီးတိုးရေရွတ်မိ၏။ ဟုတ်သည်။ သူ ဘာကြောင့် သတင်းစာတွေကို နေ့တိုင်း နေ့တိုင်း ဖတ်ဖြစ်နေရတာပါလိမ့်။ သတင်းစာထဲမှာ ဘဝကို တကယ်ဖြတ်သန်းနေရသည့် လူတွေအကြောင်း မပါ။ လူတွေရဲ့ အဖြစ်အပျက်တွေ မဖတ်ရ၊ လူတွေ ဘာကို တွေ့ကြုံ ရင်ဆိုင်နေရသလဲ ဆိုသည်ကို မသိရ။

ရှေ့ဆုံး စာမျက်နှာတွင် တိုင်းပြည်မှာ အကြီးဆုံးဆိုသူနှင့် ပတ်သက်သော အထိုင်အထ အသွားအလာကိစ္စတစ်ခုခုကို သတင်းဖြစ်အောင် ဖွတ်လုပ်ထားသည်။ ပြီးတော့ အဲဒီတုန်းက အတူပါသူများ၏ နာမည်စာရင်းကို သူတို့ဇနီးများနှင့်တကွ ရာထူးကြီးစဉ်ငယ်လိုက် တန်းစီ ဖော်ပြထား၏။

နာမည်စာရင်းလည်းဆုံး၊ စာမျက်နှာလည်းပြည့်၊ သတင်းလည်း ပြီး . . . ၊ ဒါပဲ။

ဒါ သတင်းပဲ။

အဲဒါကြောင့်လား မသိ။ သတင်းစာဖတ်သူ အတော်များများက သတင်းစာကို နောက်ကျောဘက်မှ စပြီး လှန်ကြသည်။ ဂျပန်စာအုပ် ဖတ်သလိုမျိုး နောက်ဆုံးစာမျက်နှာမှ ရှေ့ဆီသို့ ပြောင်းပြန်ဖတ်ကြရပုံမှာ အစဉ်အလာပင် ဖြစ်နေ၏။

နောက်ပြီး . . .

ကွယ်လွန်သွားသည့်သူတွေကို သတင်းစာကြော်ငြာ စာမျက်နှာပေါ်ကနေ အမှုဝေတာတွေ. . . သာဓုခေါ်ခိုင်းတာတွေကိုလည်း အံ့ဩစရာကောင်းလောက်အောင် တွေ့ရမြင်ရ၏။





ဒီသတင်းစာ ရောင်းအား သိပ်ကောင်းပါလား။

တမလွန် ဟိုဘက် ဘဝမှာတောင် သတင်းစာ ကိုယ်စားလှယ် ယူရောင်းတဲ့သူတွေ ရှိတာကိုး။

သေပြီးတဲ့လူတွေကလည်း သတင်းစာ မှန်မှန်ဖတ်ကြတယ် ထင်ပါရဲ့။

ထို့. . . ။

သူ အရွဲ့တိုက်ပြီး လျှောက်တွေးနေမိသည်။ အတော်ကို ပေါကြောင်ကြောင်နိုင်လှသည့် လူတွေပင်။ တစ်နှစ်ပြည့် အလွမ်း. . . တို့မိသားစုကို ခွဲခွာသွားတာ ၅ နှစ်ပြည့်ပေမဲ့ တစ်နေ့မှ မေ့မရပါ. . . တို့ပြုသမျှကုသိုလ်ကို အမျှပေးဝေပါတယ်၊ မြင့်မြတ်ရာ ဘုံဘဝမှ သာဓုခေါ်ပါတို့. . .

စသဖြင့် စုံနေသည်။ သေသွားသည့် သူတို့လူကိုလည်း မြင့်မြတ်သည့် ဘုံဘဝ ရောက်မည်မှန်း အပိုင် သေသေချာချာ ယူဆထားပြီးသား။ တစ်စက်မှမလျော့။ သေသွားသူသည် 'အချဉ်' မဟုတ်ဘူးပေါ့လေ။

ပြီးပေ၊ ကျန်ရစ်ခဲ့သည့်လူတွေကလည်း အချဉ်တွေ မဟုတ်ကြမှန်း လူတကာသိအောင် သူတို့၏ ဘွဲ့တွေ၊ ကုမ္ပဏီနာမည်တွေ (ဒါမှ မဟုတ်) ခေတ္တ ဘယ်နိုင်ငံ ညာနိုင်ငံဆိုတာတွေ အမြီးတပ်ပြီး ဖော်ပြကြသေး၏။

ဘာသဘောတွေလဲ. . . ။

ကိုယ့်ကိုယ်ကိုယ် လိမ်ပြီး (သူများတွေကိုလည်း မသိမသာ ကြွားပြီး) သာယာမှု ရှာနေကြတာလား။ ကိုယ့်နာမည်. . . ကိုယ့်မိသားစု အကြောင်းကို အများပြည်သူ ဖတ်ရှုသော စာမျက်နှာတစ်ခုခုပေါ်တွင် ဖော်ပြစေချင်တာလား။



www.burmeseclassic.com

www.burmeseclassic.com



အရည်မရ အဖတ်မရ ကိစ္စတွေပင်။

နောက်ထပ် အရည်မရ အဖတ်မရ ကိစ္စတစ်ခုကတော့ ဂေါက်သီး ရိုက်ရာတွင် တစ်ချက်တည်းနှင့် ကျင်းဝင်သွားသည်ဆိုသော သတင်းပင်။ အဲသည့် သတင်းကတော . . . ဖတ်ရှုရသူတွေအတွက် ဘာများ အကျိုးရှိစေပါသနည်း။

ဂေါက်သီး တစ်ချက်တည်းနှင့် ကျင်းဝင်လျှင် ကုန်ဈေးနှုန်း ကျဆင်းတတ်ပါသလား၊ ဒါမှမဟုတ် ဆန်ရေစပါး ပေါ်များတတ်ပါသလား။ ဘာမှမဖြစ်။ သက်ဆိုင်သည့် လူပုဂ္ဂိုလ် လေးငါးယောက်လောက်သာ ရေးကြီးခွင်ကျယ်လုပ်သည့်ကိစ္စ။

ရေနံကြော တွေ့တာဆိုလျှင်လည်း ဝမ်းသာအားရ ဖြစ်ပေးဖို့အသင့်၊ ကြိုးဟ်တုလွှတ်တင်နိုင်ပြီဟု ဆိုလျှင်လည်း တိုင်းပြည်အတွက် ဂုဏ်ယူပေးဖို့ အကောင်းသား။

အခုတော့ . . . ဘာမဟုတ် ညာမဟုတ်၊ ဂေါက်သီးလေး ကျင်းထဲ ဝင်သွားသည်ကို သတင်းလုပ်နေ၏။

အလကားဟာတွေ. . . အလကားဟာတွေ . . . အားလုံး အလကား။

တွေးရင်း တွေးရင်း သူ့စိတ်တွေ ချွဲချွဲပျစ်ပျစ် ညှီစို့စို့ ဖြစ်လာလေသည်။ နေစမ်းပါဦး. . . ငါ ဘာတွေကို စိတ်ဆိုးနေမိပါလိမ့်။ ထိုအတွေးက သူ့ကို အလန့်တကြား ဖြစ်သွားစေသည်။

ဟုတ်ပါရဲ့။ သူဟာ နေရင်းထိုင်ရင်း အရာရာတိုင်းကို စိတ်အလိုမကျ ဖြစ်နေပါရော့လား။

အစောပိုင်းတုန်းကတော့ သူ့ကိုယ်သူ ယုံကြည်မှုတွေ လွှမ်းကဲခဲ့သည်။ တခြားသူတွေကလည်း သူ့ကို မဟာလူသား တစ်ယောက်လို





အလေးပေးခဲ့သည်။ တကယ့် လက်တွေ့ဘဝမှာကျတော့ သူ့စိတ်နှင့်သူပင် ထပ်တူမကျခဲ့။

သူ့ရင်ထဲမှ ပဋိပက္ခတွေက သူ့ကို အဓိပ္ပာယ်မဲ့သွားစေ၏။ သူ့ကျဆုံးမှုကို အတည်ပြုပေး၏။ သူ့အစီအစဉ်၏ လဲပြိုမှုကြောင့် လူတွေအားလုံး အနာတရများစွာဖြင့် ရှုံးနိမ့်သွားရသောအခါတွင် သူ့ကိုယ်သူ ယုံကြည်ထားသမျှတွေလည်း တစ်စစီ ကွဲရှသွားလေတော့သည်။

အခုတော့ သူသည် ဒီမြို့လေးအတွက် သူရဲကောင်း မဟုတ်တော့။

သူသည် 'မဟာလူသား' တစ်ယောက် မဟုတ်။

●

ရှင်းရှင်းပြောရလျှင် . . . သူသည် ဘာကောင်မှ မဟုတ်တော့။

●

အခု သူ့ဘာသာသူ တစ်စစီ ပြိုကွဲနေခြင်း၏ နောက်ဆက်တွဲ အဖျားအနာဝေဒနာကို ခံစားနေရသည်။ သူ ဘာကိုမှ အကောင်းမမြင်နိုင်။

သတင်းစာထဲကနေ လွှမ်းဆွတ် တသကြောင်း ကြော်ငြာတော့ကော ဘာဖြစ်သေးသနည်း။ အမျှဝေချင်လည်း ဝေပစေပေါ့၊ ကိုယ့်ကိုလည်း ဘာမှထိခိုက်တာ မဟုတ်၊ သူများတွေကို စော်ကားတာလည်း မဟုတ်။ သူ့လုပ်ပိုင်ခွင့်အတိုင်း သူ ကြော်ငြာတာကို ဘာလို့ ဒေါသဖြစ်နေရမှာလဲ။

ဂေါက်သီးရိုက်ရင်း တစ်ချက်တည်း ကျင်းဝင်တာကိုလည်း သတင်းလုပ်ချင် လုပ်ပါစေပေါ့။ နိုင်ငံခြားသတင်းစာတွေမှာလည်း ဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပါတတ်ပါတယ်လေ။ ဖြစ်တောင့်ဖြစ်ခဲကိစ္စ တစ်ခုအနေနဲ့ သဘောထား လိုက်ရင် ရတာပဲ။

ဒါကိုများ . . . ဘာဖြစ်လို့ ကြားထဲကနေ စိတ်ဆိုးနေရဦးမှာလဲ။

တွေးရင်းနှင့် သူ့ကိုယ်သူပင် လက်မခံနိုင်ဖြစ်ကာ အလိုလိုနေရင်း ခေါင်းတခါခါ လုပ်နေမိ၏။

အင်း. . . တစ်စုံတစ်ခုကိုတော့ လိုအပ်နေချေပေ့ါ။

ထို 'တစ်စုံတစ်ခု' သည် ဘာမှန်းလည်း သူ မသိချေ။

■



(၁၃)

ဖိုးထူးတို့ ဘုန်းကြီးကျောင်းသားတစ်သိုက် ဆွမ်းချိုင့်ဆွဲသူက ဆွဲ၊ ဆွမ်းခံတောင်းကို ထမ်းပိုးလျှိုကာ ရှေ့နောက် ထမ်းသူက ထမ်း၊ ကြေးစည် တီးသူက တီး နှင့် ပြန်လာနေကြသည်ကို သူ လှမ်းမြင်ရ၏။

ခဏကြာတော့ ထုံးစံအတိုင်း ဖိုးထူးက သူမှာလိုက်သော သတင်းစာကို လာပေးသည်။ သူက ဖိုးထူးအတွက် မုန့်ဖိုးပေးလိုက်ပြီး သတင်းစာကို ခါတိုင်းလိုပင် နောက်ကျောဘက်မှလှန်ရန် ဟန်ပြင်နေစဉ် ဖိုးသူတော်ကြီး ဦးပေသီး က သူ့ဘေးနား လာရပ်ရင်း. . .

"ဘယ့်နှယ်လဲ . . . ဆရာလေး၊ ဒဏ်ရာက သက်သာရဲ့လား"

ဖိုးသူတော်ကြီးက (ဘာသဘောနှင့်မှန်းတော့မသိ) သူ့ကို 'ဆရာလေး' ဟု ခေါ်လေ့ရှိ၏။ သူက . . .

"သိပ်တော့ မကောင်းလှသေးဘူး. . . အဘရေ။ ဒါပေမဲ့ တုတ်ကောက်နဲ့ ဖြည်းဖြည်းချင်း လှမ်းလျှောက်ရင်တော့ ရနေပါပြီ"

"သည်းတော့ သည်းခံပေါ့. . . ဆရာလေးရယ်။ ကောက်များကျ



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ အကောင်းပကတိ ပြန်ဖြစ်သွားမှာပေါ့။ ကျုပ်လည်း တတ်သလောက် မှတ်သလောက်နဲ့သာ ကုပေးနေရတာဆိုတော့ အင်း. . . ကိုယ့်အစွမ်းကိုယ်လည်း တယ်ပြီး အားရလှတယ် မရှိပါဘူး"

"ဟာ. . . ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အဘရယ်။ အဘသာ မကယ်ရင် ဒကာ်ရာက သွေးထွက်လွန်ပြီး ကျွန်တော် သေနေလောက်ပြီ။ ကျွန်တော့်မှာ အဘ ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ ကြားဖူးသလို ပါးစပ်ထဲက လွှတ်ခနဲ ပြောလိုက်မိပြီးမှ ကိုယ့်ဘာသာကိုယ် သံသယပြန်ဖြစ်သွား၏။

ဟင်. . . ငါ့ဒဏ်ရာက တကယ်ပဲ အသက်အန္တရာယ်ဖြစ်လောက်အောင် ကြီးကျယ်ခဲ့လို့လား။

ဟင့်အင်း . . . မဟုတ်ပါ။ သာမန်ဒဏ်ရာမျှသာ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် မညာစတမ်း တွေးကြည့်လိုက်လျှင် ပါးစပ်က ပြောထွက်သွားသည့် စကားလုံးတွေက ရှက်စရာကောင်းနေ၏။ ထားလိုက်ပါတော့လေ. . .၊ ဖိုးသူတော်ကြီး၏ မျက်နှာကို ကြည့်ရသည်ကလည်း 'အသက်သခင်ကျေးဇူးရှင်' ဖြစ်ရသည်ကို ကျေနပ်နေဟန်ရှိ၏။

ကဲ. . . တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက် အဆင်ပြေလိုက်သလဲလို့။

●

ဖိုးသူတော်ကြီးက သူ ဆည်းပူးထားသည့် တိုင်းရင်းဆေးဝါး အကြောင်းတွေကို အတော်ကြာအောင် ဇာတ်စုံ ခင်းပြနေသေးသည်။ ပြောလို့ဝသလောက်ရှိတော့မှ ဆရာတော်ကြီးအတွက် ဆွမ်းပွဲပြင်ပေးရမည့် အချိန်ရောက်ပြီဟုဆိုကာ ဘုန်းကြီးကျောင်းဆီသို့ ခြေဦးလှည့်ရန် ဟန်ပြင်၏။





သွားတော့မည့်ဆဲဆဲတွင် . . .

"ကဲ. . . ဆရာလေးလည်း ခြေထောက် မြန်မြန်ပြန်ကောင်းအောင် လမ်းများများ လျှောက်ပေးဗျ။ ဒီဘုန်းကြီးကျောင်းဝင်းထဲမှာတင် ဟိုနား ထိုင်လိုက် ဒီနားထိုင်လိုက် လုပ်မနေနဲ့။ တတ်နိုင်ရင် မြို့ထဲလေး ဘာလေးထွက်။ ဒါမှ စိတ်လည်း လန်းဆန်းမှာ"

ဟု မှာသွားသေး၏။

တစ်ယောက်တည်း ကျန်ခဲ့သည့်အခါကျတော့မှ သတင်းစာကို အေးအေးဆေးဆေး ဖတ်ရန် နောက်ကျော စာမျက်နှာဘက်မှ စလှန်သည်။

နာရေး ကြော်ငြာတွေထဲမှာလည်း ကိုယ့်ဆွေမျိုး ကိုယ့်အသိမိတ်ဆွေတစ်ယောက်မှမပါ။ နောက်စာမျက်နှာ တစ်ဖက်မှာတော့ ရုပ်ရှင်ကြော်ငြာတွေ . . .၊ ဒီမင်းသား ဒီမင်းသမီး ဒီလူရွှင်တော် ဒီမျက်နှာတွေချည်းပါပဲလေ။ စိတ်ပျက်စရာ ကောင်းလောက်အောင် ရင်းနှီးပြီးသား မျက်နှာများနှင့် ဖန်တရာတေအောင် ကြေမွ ညံ့ဖျင်းနေသည့် သရုပ်ဆောင် အမူအရာများကို မြင်ယောင်ကြည့်လိုက်ရုံမျှနှင့် ပျို့ချင် အန်ချင်သလို ဖြစ်လာသည်။

သူ ရုပ်ရှင်ကြော်ငြာတွေကို ဆက်မဖတ်ဘဲ မျက်နှာလွှဲလိုက်၏။ စာမျက်နှာ၏ ဝဲဘက်အပေါ်နား ခပ်ကျကျတွင် နိုင်ငံတော်ပိုင် ငွေစုဘဏ်၏ ကြော်ငြာကို တွေ့လိုက်ရသည်။

စိတ်ထဲမှာ နည်းနည်းထူးဆန်းနေသလို ခံစားလိုက်ရ၏။ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုက ဒီလိုကြော်ငြာပုံမျိုး တစ်ခါမှ မမြင်တွေ့ခဲ့ဘူး။ ပြည်သူတွေကို ဘဏ်မှာ ပိုက်ဆံစုကြဖို့ နှိုးဆော်ခြင်းဖြစ်သည်ဟု ယူဆရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . စာလုံးမည်းမည်း အကြီးကြီးများဖြင့် ပြူးတူးပြဲတဲ ရေးထားသည့် ဆောင်ပုဒ်က. . .

'မစု နိုင်လျှင် ဆင်းရဲမည်'

ထိုစာသားကို ဖတ်ပြီး တစ်ခုခု မှားယွင်းနေသလိုလို ခံစားရသည်။ ပုံမှန်အတိုင်းဆိုလျှင် လူတွေကို ဆွဲဆောင်ဖို့ ရေးသားသည့် ကြော်ငြာ. . . ဆောင်ပုဒ်. . . တို့၏ စာသားများထဲတွင် 'ဆင်းရဲမည်' ဆိုသော ကျက်သရေ မင်္ဂလာ ကင်းမဲ့သည့် အသုံးအနှုန်းမျိုး ထည့်သွင်းရိုးထုံးစံမရှိ။

အခုတော့. . .

ဘာသဘောနဲ့ ဒီလိုစာသားမျိုး ရေးရတာပါလိမ့်။

●

အတန်ကြာအောင် စဉ်းစားပြီးတော့မှ သူ့အာရုံစိုက်မှုသည် **'ဆင်းရဲမည်'**ဆိုသည့် စာသားရှေ့က **'မစုနိုင်လျှင်'**ဟူသော အရေးအသားကို သတိထားမိသွား၏။

အဲဒီအရေးအသားကိုက အဓိပ္ပာယ်နှစ်ခွ ဆောင်နေသည်ပဲ။ ပိုက်ဆံငွေကြေး မစုဆောင်းနိုင်လျှင် ဆင်းရဲလိမ့်မည်ဟု ယူဆ၍ ရသလို **'မစု'** ဟု အမည်တွင်သော မိန်းမတစ်ယောက် **'နိုင်လျှင်'** ဆင်းရဲလိမ့်မည် ဟုလည်း အဓိပ္ပာယ်ဆောင်နေ၏။

ဘယ်သူကများ ဒီကြော်ငြာကို ထည့်ဖို့ စီစဉ်ရပါလိမ့်။ သူ စိတ်ပျက်စွာ စဉ်းစားရင်း ခေါင်းကို ခါယမ်းမိလေသည်။

နိုင်ငံတော်ကို ကိုယ်စားပြု ထုတ်ဝေနေတဲ့ သတင်းစာကြီးတစ်စောင်၏ စာမျက်နှာကို အဲဒီလို မဖွယ်မရာ အသုံးချဖို့ ဘယ်သူက ဆုံးဖြတ်တာပါလိမ့်။





ကလေးကလားဆန်လွန်းသောကြောင့် ရယ်စရာပင် မကောင်းတော့ဘဲ ဝမ်းနည်းစရာ ကောင်းနေလေသည်။

ကဲ. . . ဘာလုပ်ကြမလဲ။

အကြိမ်ကြိမ် တွေးထားခဲ့ဖူးသည့်အတိုင်း "တစ်စုံတစ်ခုကိုတော့ လိုအပ်နေချေပေါ့" ဟု သူ့စိတ်ထဲက ရေရွတ်မိသည်။

ဒီတစ်ခါတော့ 'ဘာ တစ်စုံတစ်ခုလဲ' ဆိုသည်ကို သူ့ရင်ထဲမှာ ဒက်ခနဲ အဖြေရှာတွေ့သွား၏။

လိုအပ်နေသောအရာမှာ 'ရင့်ကျက်မှု' ပင် ဖြစ်လေတော့သည်။

●

အဲသည် 'မစုနိုင်လျှင် ဆင်းရဲမည်' ဟူသော ကြော်ငြာကို သတင်းစာမှာ သုံးလေးငါးရက်ခန့် စိတ်ဆင်းရဲစရာကောင်းအောင် တွေ့တွေ့နေရ၏။

တစ်ရက်ကျတော့ . . .

ဆွမ်းခံပြန်ချိန်တွင် ဖိုးထူးက သတင်းစာဖိုး လာပြန်ပေးရင်း. .

"ဒီနေ့ သတင်းစာ ဝယ်လို့ မရသေးဘူး ဦးဦးရဲ့။ သတင်းစာပို့တဲ့ ဦးတာတီး ပြောတာကတော့ ဒီနေ့ သတင်းစာဝေတာ နောက်ကျမယ်တဲ့။ နေ့လယ်လောက်မှ ရမယ်လို့ ပြောတယ်"

"သြော်. . . ရထား မဝင်သေးလို့နဲ့ တူတယ်"

"မဟုတ်ဘူး. . . ဦးဦးရဲ့။ သတင်းစာတွေက ရောက်နေပြီ။ အလေးမရှိဘေးက ခြင်းခတ်တဲ့ ကွက်လပ်ထဲမှာ ပုံထားတယ်"

ထိုစကားကြောင့် သူ နည်းနည်း တွေခနဲဖြစ်သွား၏။ မြကျွန်းသာ လက်ဖက်ရည်ဆိုင်ရှိသည့် လမ်းထောင့်တွင် ကာယဗလ လိုက်စားသော လူငယ်တွေ စုပြီး တည်ထောင်ထားသော အလေးမရှိ သေးသေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိသည်ကို သူ့မျက်စိထဲ ပြန်မြင်ယောင်လာ၏။ ဘေးမှာက သူတို့ ခြင်းခတ်လေ့ရှိသည့် မြေကွက်လပ်တစ်ခု. . . ။

မနက် စာပို့ရထားနှင့်ပါလာတတ်သော သတင်းစာတွေကို ဒီမြို့က သတင်းစာ အရောင်းကိုယ်စားလှယ်က ဘူတာမှ သွားယူကာ အဲသည့် မြေကွက်လပ်မှာ ပုံထားတတ်သည်။ ပြီးတော့မှ သတင်းစာပို့သူများကို စုကာ ဘယ်ရပ်ကွက်အတွက် ဘယ်နှစောင်ယူ ဆိုသည့် ခွဲတမ်းကျဖြင့် ဝေပေးခြင်း ဖြစ်၏။

သူက လက်မှ နာရီကို ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီပင် ထိုးတော့မည်။ မနက် ၉ နာရီ ရထားဖြင့် ရောက်လာသော သတင်းစာတွေကို ခုချိန်ထိ မရောင်းနိုင်ရသေးလောက်အောင် ဘာတွေဖြစ်နေတာပါလိမ့်။

သူ စိတ်မရှည်တော့။

တုတ်ကောက်ကို ဆွဲကာ ထော့နင်း ထော့နင်းဖြင့် မြကျွန်းသာ လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့သည်။

ဈေးထိပ်ဘက်က မဝင်ဘဲ အလေးမ,ရုံရှိသည့် ရပ်ကွက်အတွင်း လမ်းက ဝင်လိုက်တော့ ခြင်းခတ်သည့် ကွက်လပ်ကလေးရှေ့သို့ တန်းပြီး ရောက်၏။

မြေကွက်လပ်ပြောင်ပြောင်တွင် ခွဲတမ်းချရမည့် သတင်းစာများကို ရပ်ကွက်အလိုက် ရေတွက်ပြီး ပုံထားသည်ကို တွေ့ရ၏။ သတင်းစာပို့သမားတွေကတော့ အကြီးကျွတ်နှင့်တချို့၊ စွပ်ကျယ်နှင့်တချို့ ချွေးတလုံးလုံးဖြစ်ကာ အလုပ်ရှုပ်နေကြသည်။

ဘာများလုပ်နေကြပါလိမ့် ဟူသော အတွေးဖြင့် အနားသို့ သွားပြီး သူ ငုံ့ကြည့်လိုက်၏။

ထိုသူတို့ လက်ထဲတွင် မြေဖြူခဲသာသာ အုတ်နီခဲ အပိုင်းအစတိုကလေးများကို ကိုယ်စီကိုင်ထားကြပြီး သတင်းစာတစ်စောင်ကို ဆွဲယူကာ





ဖြန့်လိုက်၊ စာမျက်နှာ တစ်နေရာကို ပွတ်တိုက် ဖျက်လိုက်၊ ခေါက်ထားလိုက်။

ပြီးလျှင် နောက်တစ်စောင်ကို ယူကာ ပွတ်တိုက် ဖျက်လိုက်၊ ပြန်ခေါက်လိုက်ဖြင့် စောင်ရေ သုံးလေးရာထက်မနည်းသော သတင်းစာများကို တစ်စောင်ချင်း စိတ်ရှည်လက်ရှည် အချိန်ပေးပြီး ဖျက်နေကြ၏။

ဘာစာသားကိုများ ဒီလောက် သဲကြီးမဲကြီး ဖျက်နေကြတာလဲ ဟု သိချင်လာသဖြင့် ရွှေးပုံထားပြီးသားထဲမှ တစ်စောင် ကောက်ဝယ်ကာ ဖြန့်ဖတ်လိုက်သည်။

ငွေစုဘဏ်ကြော်ငြာပင် ဖြစ်၏။

"မစုနိုင်လျှင် ဆင်းရဲမည်"

ဟူသော စာကြောင်းတွင် ပါသည့် 'ရဲ' ဆိုသော စကားလုံးမှ 'နောက်ပစ်' ကို ပွတ်တိုက်ခြစ်ထုတ်ပြီး ဖျက်ပစ်လိုက်ကြသဖြင့်. . .

'မစုနိုင်လျှင် ဆင်းရမည်'

ဖြစ်သွား၏။

သူ အူလှိုက်သည်းလှိုက် ရယ်မောမိလေသည်။ 'မစု' ဆိုသော အမျိုးသမီးသာနိုင်လျှင် ဘယ်သူတွေများ ဘယ်က ဆင်းရမှာပါလိမ့်။

သတင်းစာပို့သူ သာမန် လက်လုပ်လက်စားတွေကပင်လျှင် မဖွယ်မရာ တစ်ဖက်စောင်းနင်းဆန်မှုများကို သူတို့ တတ်စွမ်းသည့်နည်းဖြင့် ဆန့်ကျင် သရော်ကြသည်ကို တွေ့ရတော့လည်း

"ဒီမြို့ကလေးက မဆိုးပါလား"

ဟု သူ တွေးမိပြန်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာတစ်ခုလုံး ပြုံးဖြီးကာ သတင်းစာကို ချိုင်းကြားမှာ ညှပ်လျက် တုတ်ကောက်တစ်ဖက်ဖြင့် ဘုန်းကြီးကျောင်းဆီသို့ ပြန်လာခဲ့သည်။

ကျောင်းပရိဝုဏ်ထဲသို့ သူ ခြေချလိုက်စဉ်မှာပင် ဖိုးသူတော်ကြီး ဦးပေသီး ဆေးကုသော တဲထဲမှ လူနှစ်ယောက် ထွက်လာ၏။

ညွန့်ဟန်နှင့် ကိုထွန်းစန်း . . .။

သူ ဘာမှ မမေးရသေးခင်မှာပင် ညွန့်ဟန်က ဆီးပြီး . . .

"လူနာ လာပို့တာဗျ"

ဟု ပြောသည်။ ကိုထွန်းစန်းကတော့ သူ့မျက်နှာကို ခပ်ငေးငေး ကြည့်ရင်း ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါနေလေသည်။

ကိုထွန်းစန်း၏ အမူအရာကို ကြည့်ရင်း လာပို့သည့် လူနာက ဘယ်သူဖြစ်မည်ဆိုသည်ကို သူ မှန်းဆ၍ ရသလိုလိုဖြစ်လာ၏။ ထင်ထားသည့်အတိုင်းပင်။ ညွန့်ဟန်က . . .

"ဦးတင်ကြည်လေဗျာ။ ရူးသွားရှာပြီ။ သူ့ခမျာ အဝတ်အစား တောင် မကပ်တော့ဘူး။ သူ့သမီးနှစ်ယောက် နာမည်ကို အော်ခေါ်ရင်း လမ်းတွေပေါ် လျှောက်ပြေးနေလို့ မနည်းဖမ်းလာရတယ်ဗျာ။ ကျွတ် . . . ကျွတ် . . ."

ထိုစဉ်မှာပင် . . . ဝါးထရံကာ တဲအတွင်းမှ အာခေါင်ခြစ်၍ အော်ဟစ်လိုက်သော ဦးတင်ကြည်၏ အသံနက်ကြီးကို ရင်နင့်စရာကောင်းအောင် ကြားလိုက်ရလေသည်။

■



(၁၄)

နေ့နေ့ညည ကြားနေရသော သွေးပျက် ကြောက်ခွဲစရာကောင်းလှသည့် ဦးတင်ကြည်၏ အော်သံများကို သူ မခံစားနိုင်တော့။

ရုံဖန်ရံခါတွင် ညကြီးသန်းခေါင် ချွေးစေးတွေ ရွှဲနစ်ကာ ဆတ်ခနဲ ငုတ်တုတ် ထထိုင်ဖြစ်သည်။

နေ့လယ်ခင်းတွေမှာလည်း သစ်ပင်တစ်ပင်ရိပ်အောက်မှာ ထိုင်ကာ စဉ်းစား တွေးတောနေရင်း ဖြန်းခနဲ ကြားရတတ်သော ဦးတင်ကြည် ၏ ရင်ခေါင်းထဲက လာသည့် အော်ဟစ်သံကြောင့် သူ ကယောင်ချောက်ချား ဖြစ်သလို ခံစားရ၏။

ကြာတော့ . . .။

သူ့စိတ်တွေ ကစဉ့်ကလျား ဖြစ်လာသည်။ ဦးတင်ကြည် ရှိနေသော ဘုန်းကြီးကျောင်းဝင်းထဲမှာ တတ်နိုင်သလောက် ကြာကြာမနေရအောင် မသိစိတ်ကတော့ သိသိချည်းနှင့်ပါ ကြိုးစားလာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ လျှောက်သွားနေတော့လည်း သူ မြင်ရ တွေ့ရသည့် မြင်ကွင်းတွေက ဘယ်လိုမှ စိတ် အရသာမတွေ့။ စိတ်အာဟာရ မဖြစ်။ တော်ရုံတန်ရုံ စိတ်မခိုင်သူအဖို့ . .

'ဒီလိုလူတွေရှိနေတဲ့ အရပ်ဒေသမှာ ငါ အသက်ဆက်မရှင်ချင်တော့ပါဘူး'

ဟု စိတ်တုံးတုံးချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ပေါ်သွားနိုင်သည်။

ကြည့်လေ. . .။

ဘုရားရုပ်ပွားတော်ကို လျှပ်စစ်မီး ဝါယာကြိုးများဖြင့် တုပ်နှောင်ကာ ဆိုက်ကားပေါ် (သို့မဟုတ်) လက်တွန်းလှည်းပေါ် တင်ပြီး နေပူပူ မိုးရွာရွာအောက်မှာ လမ်းတကာ လျှောက်တွန်းရင်း အလှူခံ၏။

ရုပ်ပွားတော်သာ အသက်ရှိလို့ကတော့ ခုန်ဆင်းပြီး ထွက်ပြေးလိမ့်မည်ထင်သည်။

အသံချဲ့စက်ကိုလည်း မိုက်ရိုင်းစွာ အသံကုန် တင်ထားပြီး ကလေးကလားဆန်သော သီချင်းများကို ဖွင့်ကြသည်။ ကြားဖူးနားဝ ပါဠိတစ်ပိုင်း အရပ်သုံးလင်္ကာ တစ်ပိုင်းတွေကို စွတ်ရွတ် အော်ဟစ်ကြသည်။

"တစ်ကျပ်တစ်ပြား အမြတ်ထားလို့ . . ."

"အကျိုးမျှော်၍ နှိုးဆော်ရပါတယ် ခင်ဗျား"

ကြေး (ဂျီး) လက်လေးသစ် တက်နေသည့် ကာရန်တွေအကြော်ဆိုင်က ဈော်နံ့လို လေထုကို အဆိပ်ခတ်နေကြ၏။

"ကျွန်တော်များ. . ." ဆိုသည့် နားကြားပြင်းကတ်စရာ မိမဲ့ဘမဲ့ စကားလုံးကိုလည်း ခံတွင်းတွေ့စွာဖြင့် အထပ်ထပ် ရွတ်ဆိုတ





သေး၏။ "ကျွန်တော်များ နိဗ္ဗာန်ဆော်အဖွဲ့မှ. . ." "ကျွန်တော်များ ဆွမ်းလောင်းအသင်းကြီးဟာဆိုရင်ဖြင့်. . ." "ကျွန်တော်များ. . ."

• တော်ကြပါတော့ . . .၊ တော်ကြပါတော့. . . ဟု သူ ကုန်းအော်ပစ်လိုက်ချင်လာ၏။ စိတ်တွေလည်း ရှုပ်လာသည်။ နားတွေလည်း ငြီးလာသည်။

ဟော. . . ဟိုမှာ။

မတ်တတ်ရပ် ရုပ်ပွားတော် အမြင့်ကြီးကို ပတ်ဘလေကာ ကားနောက်ခန်းပေါ် မတော်တရော်တင်ပြီး လှည့်လည်လာကြပြန်ပြီ။

ကားလမ်းမက ချိုင့်တွေ ခွက်တွေနှင့် မညီမညာမို့ မတ်တတ်ရုပ်ပွားတော်ကြီးက ဘယ်ယိမ်းလိုက် ညာယိမ်းလိုက်။ ဒီတော့ ပြုတ်ကျမသွားအောင် ရုပ်ပွားတော်၏ ခြေအစုံကို လူတစ်ယောက်က ဖင်ဘူးတောင်း ထောင်ပြီး သိမ်းကျုံးဖက်ထားသည်။ ဝဲယာ တစ်ဖက်တစ်ချက်စီမှလည်း လူနှစ်ယောက်က ရုပ်ပွားတော်၏ပခုံးကို ချုပ်ကိုင်ထား၏။

ကြည့်ညိုဖွယ်ရာ ပသာဒ မဖြစ်ဘဲ အဖမ်းခံလာရသည်နှင့် တူနေလေသည်။

ကားနောက်မြီးတွင် ထိုင်နေသည့် အသက်ကြီးကြီး မျက်မှန်ကိုင်းကျိုးနှင့် လူကတော့ မိုက္ကရိုဖုန်းကို ပါးစပ်တွင်တေ့ကာ. . .

"မာရ်. . . လက်ရုံးတစ်ထောင်၊ များဗိုလ်ဆောင် ထုံ၊ ပလ္လင်လုသည့် မာရ်နတ်သားကို လည်းကောင်း၊ အင်္ဂုလိမာလ် . . . မည်ရဆန်းထူး၊ မပြတ်မူးသည့် နတ်ဘီလူးကို လည်းကောင်း. . ."

ဟူသော လင်္ကာလိုလို သံပေါက်လိုလို စာတို စာပေစများကို အသံပြဲနှင့် ကုန်းဟစ်နေ၏။

ထုံးစံအတိုင်း အသံချဲ့စက်ကိုလည်း အသံကုန် ဖွင့်ထားသောကြောင့် နားထဲတွင် အက်ကွဲ ပူညံလောင်မြိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ. . . ရပ်ကွက်ထဲတွင် အေးအေးဆေးဆေး စာကျက်ချင်သော ကျောင်းသားတွေအဖို့တော့ တော်တော်စိတ်အနှောင့်အယှက် ဖြစ်မှာပဲဟု တွေးမိ၏။ တရေးတမော အနားယူလိုသော သက်ကြီးရွယ်အိုတွေ၊ ဆူဆူညံညံ အသံကြားဖို့ မသင့်တော်သည့် နှလုံးရောဂါဝေဒနာသည်တွေကော ဘယ်လိုနေကြမှာပါလိမ့်။

ဒုက္ခရောက်ကြပေလိမ့်မည်ဟု သူ တွေးမိ၏။ သို့သော် ဘုရားရုပ်ပွားတော်ကို ဗန်းပြလျက် အသံချဲ့စက်ဖြင့် နင်းကန် အော်ဟစ်သီချင်းဖွင့်ကာ ဆူညံနေသူတွေကတော့ လူထု၏ ဒုက္ခကို နည်းနည်းမှ ထည့်စဉ်းစားပုံမပေါ်။

"ငါတို့က ဘာသာရေးအတွက် သာသနာရေးအတွက် လုပ်နေတာ"

ဟူသော အပေါ်ယံ အရေခွံကောင်းကောင်းကို ခြုံခွင့် ရထားသည်။ သူတို့ လုပ်ချင်တိုင်း လုပ်နေသည်ကို လူထုက လက်ပိုက်ကြည့်နေရုံသာ။ မကန့်ကွက်ရဲ၊ မတားမြစ်ရဲကြ။

ကန့်ကွက် တားမြစ်မိသူသည် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားမည်၊ သာသနာပြုနေခြင်းကို နှောင့်ယှက်ဖျက်ဆီးသူ ဖြစ်သွားမည်။

အဲသည်တော့ . . . ဘာများတတ်နိုင်ပါဦးမည်နည်း။

●

သူ သက်ပြင်းချလိုက်မိသည်။

တကယ်တော့ အဲဒီလို လုပ်နေသူတွေသည် လူလို မသိတတ်သူတွေသာ ဖြစ်၏။ လူလိုမသိသူတွေက လုပ်နေမှတော့ ဘာ သာသနာရေးမှလည်း ထွန်းပြောင်လာမည်မဟုတ်ပါ။

ဒီမြို့ကလေးမှာ အဲသည်လို အမှားအယွင်းတွေ အများကြီး။

သတ်ပုံအမှား စာလုံးပေါင်းအမှား သဒ္ဒါအမှားများစွာဖြင့် ရေးဖွဲ့ထားသော ဒီမြို့ကလေးကို သူ ဘယ်လို ဖတ်ရှုရမည်လဲ။





အလှူခံထွက်နေသည့် လူတွေကလည်း ပြောကြပေလိမ့်မည်။

"ငါတို့ လုပ်နေတာ ကိုယ်ကျိုးအတွက် မဟုတ်ဘူး" ဟု။

မှန်ပါသည်။ တခြားသော နယ်ပယ်များစွာတွင်လည်း အဲသည်လို စကားမျိုးကို သူ အကြိမ်ကြိမ် ကြားခဲ့ဖူးပေါင်း များလှပါပြီ။

"ငါတို့က တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်တဲ့သူတွေကွ"

"အသက်ပေးပြီး တိုင်းပြည်ကို စောင့်ရှောက်နေတာ"

"ငါတို့သာလျှင် အနစ်နာခံပြီး တိုင်းပြည်ကို ချစ်တဲ့သူစစ်စစ်တွေ"

"ကိုယ်ကျိုးစွန့်တဲ့နေရာမှာ ငါတို့ကို ဘယ်သူယှဉ်ရဲသလဲ"

●

ကိုယ်ကျိုးစွန့်တာ မှန်သည်။ သို့သော် အတ္တကို မစွန့်ကြပါ။

ထို့ကြောင့် . . . ကိုယ်ကျိုးစွန့်သည်ဟု ပြောရင်း ပြောရင်း သူတို့အတ္တတွေက ပိုပိုကြီးမားလာကြသည်။

"ကိုယ်ကျိုးစွန့်တာ. . . ငါကွ"ဟု လက်မထောင် ဂုဏ်ယူရင်း သူများထက် အခွင့်အရေး ပိုယူချင်လာကြသည်။ ဩဇာ ထူထောင်လာကြသည်။

"တိုင်းပြည်ကို အသက်ပေးပြီးတောင် ချစ်တာ"

ဟု ကြွားဝါသောသူတွေကိုပဲ တိုင်းပြည်က ဦးထိပ်မှာ ရွက်ပြီး ကိုးကွယ်သမှု ပြုနေရသည်။

ဪ. . .

ကိုယ်ကျိုးစွန့်ရတာကို အရင်းအနှီးတစ်ခုလို အကြောင်းပြပြီး ဗိုလ်ကျ အမြတ်ထုတ် အခွင့်အရေးယူချင်သူတွေ . . .

ဒီမြို့ကလေးမှာ -များလှချည်ကလား။

●



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ ထော့နင်း ထော့နင်းဖြင့် လျှောက်သွားနေရင်းက စိတ်မချမ်းသာစရာတွေကိုချည်း တွေ့နေမြင်နေရသောကြောင့် နီးရာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲသို့ သူ ဝင်ထိုင်လိုက်သည်။

ဘာသောက်မလဲ အစ်ကို ဟု လာမေးသော စားပွဲထိုးကောင်လေးကို ပေါ့ကျတစ်ခွက်ဟု ပြီးစလွယ် မှာလိုက်ပြီး ငူငူကြီး ထိုင်ငေးနေမိ၏။ ထိုစဉ် ဘေးနားကပ်လျက်စားပွဲမှ ပင်နီတိုက်ပုံနှင့် လူသုံးယောက် စကားပြောနေသံကို နားစွန်နားဖျား ကြားနေရသည်။

တစ်ဦးက. . .

"ဗိုလ်ချုပ်အောင်ဆန်းက လူကမှ ဘုရားဖြစ်နိုင်တယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ပြီးတော့. . . ပညာရေးဟာ နိုင်ငံရေး ဖြစ်တယ်လို့လည်း ပြောခဲ့တယ်ဗျ"

"နောက်ပြီး. . . ဗိုလ်ချုပ်က မှာခဲ့တာတစ်ခုလည်း ရှိသေးတယ်။ စီးပွားရေးအခြေခံဖြစ်တဲ့ ထူထောင်ရေးလုပ်ငန်းတွေမှာ. . ."

စကားပြောသည်ကမှ ဆယ်ခွန်းမပြည့်၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နာမည်ကို ကိုးကားသည်က ဆယ့်ငါးခါလောက် ဖြစ်နေသောကြောင့် နားကလောစရာ ကောင်းလှ၏။

ဗိုလ်ချုပ်ကို ကြည်ညိုလွန်းလှသောကြောင့် ပါးစပ်ဖျားက တဖွဖွ ဖြစ်နေသည်ဟုတော့ သူ မထင်။ ဗိုလ်ချုပ်၏ နာမည်ဖြင့် ကိုးကားသော စကားကို ဘယ်သူကမှ 'မှားနေတယ်' 'မကောင်းပါဘူး' ဟု ငြင်းလိမ့်မည် မဟုတ်မှန်း သေချာနေသောကြောင့် ဖြစ်ဖို့များ၏။

ကဲ. . . ဗိုလ်ချုပ်ကို ခဏထားစမ်းပါဦး။

မင်းရဲ့ ကိုယ်ပိုင် အယူအဆကို ပြောစမ်းပါ. . . ဟု မေးလိုက်လျှင် သူတို့ ဘာပြောကြမလဲ သိချင်သည်။





လူတွေက ခက်သည်။

လူကြိုက်များသော ဝါဒကို အကောင်းထင်သည်။ သေချာပြီးသော ခေါင်းဆောင်ကို အလေးပြုသည်။ တကယ်တော့ ဒါလည်း မေးငေါ့ အပြစ်တင်စရာမရှိ။ လူပဲ. . .၊ သေချာချင်သည်ပေါ့။

လူကြိုက်များသော ဝါဒကို ကိုင်စွဲလျှင် အားလုံးက လက်ခံဖို့ ပိုသေချာသည်။ တစ်နိုင်ငံလုံးက ကြည်ညိုပြီးသား ခေါင်းဆောင်၏ အမည်နာမကို ရွတ်ဆိုပြလျှင် ကိုယ့်စကားကို လူ မငြင်းရဲမှာ သေချာသည်။

ဒါကို သူ လက်ခံသည်။ အပြစ်တင်စရာအဖြစ် မမြင်။ သို့သော် လူတွေက တဆိတ်တော့ ကဲလွန်း သဲလွန်းသည်။ အတွေးအခေါ် နိမ့်ကျသည့် မျက်ကန်း ယုံကြည်မှုက စိတ္တဇလို ဖြစ်လာ၏၊ ဖက်ရှင်လို ဖြစ်လာ၏။

ဗိုလ်ချုပ်ကို ကြည်ညိုတာက နည်းနည်း. . .။ "ဗိုလ်ချုပ်က ဘယ်လိုပြောခဲ့တာ. . ." ဟု ကိုးကားရသည်ကို ဖက်ရှင်အဖြစ် ခံတွင်းတွေ့နေကြသည်။

သူ့စိတ်ထဲမှာ တွေးရင်း တွေးရင်း မကျေနပ်မှု အစိုင်အခဲက တစ်စထက်တစ်စ ကြီးမားလာ၏။

တစ်ဖက်ဝိုင်းဆီသို့ လှည့်ပြီး . . .

"မင်းမိန်းမနဲ့ အိပ်တာကကော ဗိုလ်ချုပ် မှာခဲ့လို့ပဲလား"

ဟု စိတ်အချဉ်ပေါက် အရွဲ့တိုက်သည့် မေးခွန်းမျိုး လှမ်းမေးလိုက်ချင်သည်။ မနည်းချုပ်တည်းပြီး ရင်ထဲမှာ ပြန်မျိုချထားရ၏။

ရန်ဖြစ်လျှင် မိမိပဲ ရှုံးမှာ သေချာနေ၏။ အထိုးခံရရုံသက်သက်က ကိစ္စမရှိ။ အာဇာနည်ခေါင်းဆောင်ကြီးကို မရိုမသေသော ပုဒ်မတစ်ခု ဖွတ်အတပ်ခံရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



လာချပေးသော လက်ဖက်ရည်ခွက်ကို တစ်ငုံ ငုံလိုက်သည်။ ဘာအရသာမှမရှိ။ အေးစက်နေသော ရေနွေးကြမ်းဖြင့် ပလုတ်ကျင်းပစ်လိုက်ရသည်။ အိတ်ကပ်ထဲမှ ပိုက်ဆံအနွမ်းများကို ထုတ်ပြီး ကျသင့်သည့် လက်ဖက်ရည်ဖိုးကို ရေတွက်ကာ ဆေးလိပ်ပြာခွက်ဖြင့် ဖိထားရစ်ခဲ့ပြီး ဆိုင် အပြင်ဘက်ဆီသို့ ထွက်လာခဲ့လေတော့သည်။

တော်ပြီ. . . တော်ပြီ၊ ငါ. . . လူတွေနဲ့ ဝေးတဲ့နေရာကို သွားမှ ဖြစ်တော့မယ်။

သူ့အတွေးတွေကို သူကိုယ်တိုင် ပြန်ပြီး လန့်ဖျပ်လာ၏။ ငါဟာ လူ့အသိုင်းအဝိုင်း အပြင်ဘက် ရောက်နေတဲ့လူ ဖြစ်သွားပြီလား။ ငါဟာ လူတွေနဲ့ အံမဝင်တော့ပါလား။

ကုသိုလ်ရေးအတွက် အလှူခံထွက်နေသည့် လူများကို သူ ကြည့်မရ။ ကဲ့ရဲ့သည်။ အမျိုးသား ခေါင်းဆောင်ကြီး၏ အဆိုအမိန့်များကို တဖွဖွ ကိုးကားသူတို့ကိုလည်း အရွဲ့တိုက် သရော်ချင်သည်။

သူ့စိတ်တွေ မုန်တိုင်းလို တိုက်ခတ်နေ၏။

“ဘုရား. . . ဘုရား၊ ငါ ရူးများ ရူးနေပြီလား”

ယောက်ယက်ခတ်နေသော စိတ်ကို ငြိမ်သက်သွားစေရန် မြို့အပြင် တောစပ်ရှိ လူသူ အရောက်အပေါက်နည်းသော ရွှေလောင်းချောင်းဘေး သောင်ပြင်ဆီသို့ တုတ်ကောက်ကို အားပြုရင်း ထော့နင်းထော့နင်း လျှောက်ခဲ့လေတော့သည်။

●

ချောင်းရေပြင်ပေါ်တွင် ဂယက်တွေ ထနေ၏။ နေရောင်ခြည်ဖြာ ကျနေသောကြောင့် ရေလွှာပေါ် ကြယ်တွေ ကြွေကျထားသလို တလက်လက် ထနေလေသည်။ ချောင်းဟိုတစ်ဘက်ကမ်း တောနက်ထဲက သစ်ပင်များကတော့ ပြာလဲ့ မှုန်ရီသန်းနေ၏။





သောင်ပြင်ပေါ် ခြေချလှမ်းလိုက်သောအခါ အားပြုထောက်လိုက်သည့် တုတ်ကောက်ထိပ်ဖျားက နိမ့်ချိုင့်ခွက်ဝင်သွားသည်။ လေပြည်ညင်းကြောင့် ရင်ထဲ စွတ်စိုလာ၏။

ဆူပွက်နေသော မကျေနပ်မှုတွေကတော့ အခိုးအငွေ့ မသေသေး။ ဒီမြို့ကလေးထဲက လူပေါ်လူဇော် လုပ်နေကြသည့် ဖက်ရှင်သမားတွေကို အမြင်ကတ်သည့်စိတ်က ရင်ဘတ်ကို အပူငွေ့လို ဟပ်နေ၏။

ဒီမြို့ကလေးတွင် ဩဇာအကြီးဆုံး ဖက်ရှင်နှစ်မျိုး ရှိ၏။ ပထမတစ်မျိုးက ‘အမေ’ ဖက်ရှင်ဖြစ်၏။

‘အမေ’ ကို ကြည်ညိုကြောင်း . . . ‘အမေ’ ကို ပူဇော်ကြောင်း ဖွဲ့နွဲ့ပါ။ အားလုံးက ခေါင်းတညိတ်ညိတ်နှင့် လက်ခံပေးကြလိမ့်မည်။

အမေ့ကို ကျေးဇူးဆပ်ခွင့် မရလိုက်သောကြောင့် ကြေကွဲရကြောင်းကို နောင်တကြီးစွာဖြင့် ဝန်ခံ တောင်းပန်ပါ။ အားလုံးက မျက်ရည်များ ဘူးသီးလုံးခန့် ယိုစီးကျကာ ဝိုင်းသနားကြပေလိမ့်မည်။

ရုပ်ရှင်များ၊ ဝတ္ထုများ၊ သီချင်းများဖြင့် အမေ့အတွက် တဖွဲ့တနွဲ့ ငိုကြွေးပြရင်း ပိုက်ဆံ ချူစားနေကြသည်မှာ ဈေးကွက်ပုံစံတစ်မျိုးလား မသိ။

ဘယ်သူကမှလည်း. . .

“အမေကို ဖွဲ့နွဲ့တာတွေက တော်သင့်ပါပြီ၊ စိတ်ပျက်စရာ ကောင်းနေပါပြီ”

ဟုလည်း မတားရဲကြ။ ပြောလို့ထွက်လိမ့်မည် မဟုတ်ကြ။ ကောင်းပါသည်။ အားလုံး သည်းခြေကြိုက်ဖြစ်အောင် ‘အမေ’ ကိုသာ ရိုးရာမပျက် အော်ပြီး တ,ကြပါလေတော့။

နောက် ဖက်ရှင်တစ်ခုကတော့ ဗိုလ်ချုပ်အောင်ဆန်းကို ဖွတ်



www.burmeseclassic.com

www.burmeseclassic.com



အတင်း ကိုးကားကြခြင်းပင် ဖြစ်သည်။ စောစောက လက်ဖက်ရည်ဆိုင်မှ စကားဝိုင်းကိုပဲကြည့်။

ကိုယ် လုပ်သင့်သည်ဟု ခံယူထားသည့်ကိစ္စကို သေသေချာချာ စဉ်းစား ချိန်ဆပြီးလုပ်။ မှားသွားလျှင် တာဝန်ခံပြီး ပြုပြင်လိုက်။ ဒါပဲ ဖြစ်သည်။ ဗိုလ်ချုပ် ပြောခြင်း၊ မပြောခြင်းကို ဘာမှ ဆွဲထည့်နေစရာ မလို။ ကိုယ် ဘာလုပ်မလဲဆိုတာကသာ ပစ္စုပ္ပန်ကို အဆုံးအဖြတ်ပေးမှာ မဟုတ်လား။ အခုတော့ ဒီလိုမဟုတ်ဘဲ အကိုးအကားတွေကိုသာ ရှာနေကြ၏။

ဘာအတွက်ကြောင့် အဲဒီလိုတွေ လုပ်နေ ပြောနေရတာလဲဟု တစ်မြို့လုံးအနှံ့ လျှောက်ပြေးကာ အော်ဟစ်ပြီး မေးလိုက်ချင်သည်။

အဲသည်လို လုပ်လိုက်မိသည်နှင့် ချက်ချင်း သူ့ကို 'အရူး' ဟု တံဆိပ်တပ်လိုက်ကြမှာ ကျိန်းသေပါသည်။

"ဟူး. . ."

စိတ်ပင်ပန်းစွာဖြင့် သူ သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

ထိုသို့ အတွေးအမှိုက်စများနှင့် ပိတ်လှောင်ကာ အသက်ရှုကျပ်နေသည့် အခိုက်အတန့်မှာပင် တစ်စုံတစ်ခုကို သူ လှမ်းမြင်တွေ့လိုက်ရခြင်း ဖြစ်၏။

အနီရောင်. . .။

လေထဲမှာ လွင့်နေသည်. . .။

ချောင်းအကွေ့ သောင်စပ်မှာ ဆူးရစ်ခြုံ အကိုင်းတစ်ခုက ရေပြင်ဆီ ငေါငေါကြီး ထိုးထွက်နေ၏။

ထို ဆူးခက်မှာ ငြိတွယ်နေသည်ကတော့ ရှည်လျားသည့် အနီရောင် ပိတ်စ တစ်စ။ လေအတိုးအဝှေ့တွင် တလူလူ လွင့်နေသည့် ထိုပိတ်စအနီသည် သူ့အမြင်အာရုံနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဟု ထင်မိ၏။





သူ ခပ်သုတ်သုတ် လျှောက်သွားလိုက်သည်။

အနီးကပ် ကြည့်မိတော့မှပင် သူ့နှလုံးသားကို မီးကျွမ်းနေသည့် သံပူတံဆိပ်ဖြင့် ခတ်နှိပ်လိုက်သလို ခံစားလိုက်ရ၏။

တစ်ကိုယ်လုံး တုန်သွားသည်။

တောင်ပံတစ်ဖက် ချပ်ရှိုးပြေနေသော ဇာမဏီငှက်ရုပ် ထိုးထားသည့် လည်စီးပဝါလေး။

ချိုချိုသင်းလဲ့ရည်ဆွေ ကို သူ ဝယ်ပေးခဲ့သည့် လက်ဆောင်။

ဘီလူး လာသည့် ညက ဒီ ပဝါလေးကို သူမ လည်ပင်းမှာ စည်းနှောင်ထားသည်ကို သူ မှတ်မိနေ၏။

●

မိန်းကလေးတွေကို ဘီလူးဖမ်းခေါ် သွားသည့်နေရာ၏ သဲလွန်စကို သူ တွေ့ရှိလိုက်ပြီ ဖြစ်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ပျောက်ဆုံးသွားသူ ချိုချိုသင်းလှဲ့ရည်ဆွေ၏ ပဝါစကို ရွှေလောင်းချောင်းစပ်မှာ တွေ့ရသည် ဟူသော သတင်းက တစ်မြို့လုံးအတွက် စကားလုံး ပေါက်ကွဲမှုအသစ်တစ်ခု ဖြစ်သွား၏။

အားလုံး၏ ပါးစပ်ဖျားမှာ ဒီအကြောင်းကိုချည်း ပြောနေကြသည်။ ခန့်မှန်းကြသည်။ ထင်ကြေးပေးကြသည်။ ငြင်းကြ ခုံကြလေသည်။

"ဘီလူးက ကောင်မလေးတွေကို ဖမ်းခေါ်ပြီး ချောင်းရေထဲ ငုပ်ဆင်းသွားတာ မဖြစ်နိုင်ဘူးလား"

"ဟာ . . . အဓိပ္ပာယ်မရှိတာ။ ဘီလူးက ရေအောက်ထဲမှာ နေမလား၊ ချောင်းကို ဖြတ်ကူးပြီး ဟိုဘက်က ရိုးမတောထဲ ဝင်သွားတာ ဖြစ်မှာပေါ့"

မည်သူ့ အယူအဆကိုမှ တိတိကျကျ သက်သေမပြနိုင်ဘဲ ဖြစ်နေ၏။ ဝေးဝေးလံလံ ဆက်စပ် စဉ်းစားတတ်သူ တစ်ယောက်ကတော့. . .

"ချိုချိုသင်းလှဲ့ရည်ဆွေကို ဘီလူး ဖမ်းသွားတဲ့အချိန်က ချောင်းထဲမှာ ဒီရေတက်နေတဲ့ အချိန်ဗျ။ ဒီတော့ ဟောဒီ ဆူးခက်အကိုင်းက သောင်စပ်မှာ မဟုတ်ဘူး။ ရေမျက်နှာပြင်ပေါ်ကို ငေါထွက်နေမယ့်





အနေအထားဗျ။ ဒီတော့ ချောင်းအတိုင်း လှေနဲ့ ဆန်တက်သွားလို့သာ ပဝါစက သစ်ကိုင်းနဲ့ ညိနေခဲ့တာပဲ"

ထိုသူ့အယူအဆကိုလည်း မဟုတ်ဘူးဟု ဘယ်သူတစ်ယောက်မှ ငြင်းချက် မထုတ်နိုင်။

တစ်စ တစ်စနှင့် ချောင်းစပ် သဲသောင်ပြင်ပေါ်တွင် လူတွေ တဖြည်းဖြည်း စုအုံလာသည်။ ဆူညံစွာဖြင့် တစ်ယောက်တစ်ပေါက် အော်ဟစ် ပြောဆိုနေကြ၏။

ဘီလူးက ချောင်းဟိုဘက်ကို ကူးသွားတာကွ။

မဟုတ်ပါဘူးကွာ၊ ချောင်းအတိုင်း ဆန်တက်သွားတာပါ။

မင်း ဘာသိလို့လဲ ရေအောက်မှာ ဘီလူးတိုင်းပြည် ရှိတယ်ကွ။

လောင်းမလား။

အောင်မာ မင်းက ဘယ်လောက်သိလို့လဲ. . .။

ငြင်းခုံရာမှ ထပြီး ရန်ဖြစ်ကြသည်။

လူတွေကတော့ ချောင်းစပ်ဆီသို့ တဖွဲဖွဲ ရောက်လာနေကြဆဲ။

သူက ကျောက်တုံးတစ်တုံးပေါ် ထိုင်ပြီး မြို့ထဲက ထွက်လာသမျှ လူတွေကို ငေးကြည့်နေမိသည်။ သူ တစ်စုံတစ်ခုပြောချင်နေ၏။ သို့သော် ဘာပြောရမည်မှန်း မသိ။ ဒီပွဲမှာ သူ ခေါင်းဆောင်မှ ဟုတ်ပါတော့ရဲ့လား ဟုပင် မသေချာ။

သူ့ကိုယ်သူ ယုံကြည်မှု ပျောက်ဆုံးနေ၏။

ဘာကိုမှလည်း ဦးမဆောင်ချင်တော့ပါ။

●

ထိုစဉ် လူအုပ်ကြားထဲမှ သူ့ထံသို့ တိုးဝှေ့လာနေသူ တစ်ဦးကို မြင်လိုက်ရသည်။ သူက လက်ဝှေ့ယမ်းပြရင်း လှမ်းအော် နှုတ်ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ . . . ကိုအောင်စည်ဟိန်း"

အောင်စည်ဟိန်းက အလုပ်လုပ်နေရာမှ ကမန်းကတန်း ထလာပုံရသည်။ တဘက်တစ်ထည်ကို ပခုံးပေါ်တင်ကာ ပုဆိုးတိုတို ဝတ်ထား၏။ အကျီဝတ်မထားသောကြောင့် သူ့ဝမ်းဗိုက်တစ်လျှောက် ကန့်လန့်ဖြတ်နေသော ရုပ်ဆိုးလှသည့် ချုပ်ရိုးကြောင်းကို မြင်ရ၏။

အဲဒီ ဒဏ်ရာကို ကြည့်ပြီး သူကတော့ သူ့အပြစ်မကင်းသလို ခံစား အားနာမိလေသည်။ အောင်စည်ဟိန်းကတော့. . .

"အဲဒီပဝါစကို ခင်ဗျား အရင်ဆုံးစတွေ့တာဆို။ ဟိုကောင်မလေးရဲ့ဟာဆိုတာ. . . သေချာရဲ့လား"

သူက ချိုချိုသင်းလှဲရည်ဆွေကို သူကိုယ်တိုင် လက်ဆောင်ဝယ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဘီလူးကို စောင့်ဖမ်းဖို့ ကြိုးစားသည့် ညတုန်းက အဲသည့်ပဝါလေးကို သူမလည်ပင်းမှာ ပတ်ထားကြောင်း ရှင်းပြလိုက်သည်။

အောင်စည်ဟိန်းက . . .

"ဒါဆို ဘီလူးက မိန်းကလေးတွေကို ဒီနားထိ ခေါ်ခေါ်လာတာ သေချာပြီပေါ့။ ပြီးတော့ ဘယ်ကို ဆက်သွားမယ်လို့ ခင်ဗျားထင်သလဲ"

ထိုမေးခွန်းကို သူ မဖြေတတ်။ ရမ်းသမ်းပြီး လျှောက်ပြောနေသည့် အပိုအလုပ်မျိုးတွေကိုလည်း မလုပ်ချင်တော့။ ထို့ကြောင့် ဒီအတိုင်းပင် ငူငူကြီး ရပ်နေလိုက်သည်။

လူတွေကတော့ တဖွဲဖွဲ လာနေကြဆဲ။

ထိုစဉ်. . . သူနှင့် အောင်စည်ဟိန်းတို့ နှစ်ယောက်၏ နောက်ကျောဘက်မှာ လူတစ်ယောက် လာရပ်သောကြောင့် ပြိုင်တူလိုလို လှည့်ကြည့်မိကြ၏။

သွားအဖြဲသားဖြင့် ရယ်ပြနေသော ရန်အောင်စိုးကို မြင်ရ





သည်။ မျက်နှာတစ်ခြမ်းလုံးရှိ ကြွက်သားများကို ဆုတ်ဖြဲ လှီးထုတ်ခြင်းခံထားရသည့် အမာရွတ်ဟောင်းကြောင့် သူ ရယ်ပြနေပုံက ပါးစပ်ရွဲ့နေ၏။ နံရိုးတစ်ဖက်လည်း နိမ့်ကာ ခပ်ကိုင်းကိုင်းသာ ရပ်နေရသည်။

"နေကောင်းလား"

ဟု ပဋိသန္ဓာရ စကားဖြင့် မေးရန် စိတ်ကူးမိပြီးမှ ရန်အောင်စိုး၏ တစ်ကိုယ်လုံးပြည့် ဒဏ်ရာများကို ကြည့်ကာ ခေါင်းခါယမ်းဖြစ်သည်။

ဒါဟာ တစ်သက်လုံး ပြန်မကောင်းနိုင်တော့တဲ့ အနာတရတွေပေါ့။

ရန်အောင်စိုးက ချောင်းကမ်းပါး သဲသောင်ပြင် တစ်လျှောက်တွင် ပြည့်နှက်နေသော လူအုပ်ကြီးကို ကြည့်ရင်း. . .

"လူတွေကတော့ မနည်းမနောပဲဗျ"

"ဟုတ်တယ်၊ တစ်မြို့လုံးလိုလို ရောက်ချလာကြတာကိုး"

ဟု အောင်စည်ဟိန်းက ခေါင်းတစ်ချက် ဆတ်ပြပြီး ဖြေသည်။ ရန်အောင်စိုး က သွေးအေးသော မျက်လုံးများဖြင့် လူအုပ်ကြီးကို တစ်ချက် ဝေ့ကြည့်ရင်း. . .

"ဒီလို လူအင်အားမျိုးနဲ့ဆို တစ်ယောက် ဓားတစ်လက် လှံတစ်စင်းစီ ကိုင်ပြီး ဘီလူးရှိတဲ့နေရာကို တောနင်းရှာလိုက်ကြရင် မကောင်းဘူးလား"

အောင်စည်ဟိန်းက နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း. . .

"ဟုတ်တယ်။ လူအင်အားလည်း စုမိတုန်း. . . ဘီလူးရဲ့ သဲလွန်စ ကိုလည်း ရလို့ စိတ်ဓာတ်တက်ကြွနေကြတုန်းမှာ ထိထိရောက်ရောက် ဖြစ်အောင် လုပ်ရမယ်ဗျ"

သူတို့နှစ်ယောက်စလုံး စိတ်ဓာတ် တက်ကြွနေကြသည်။ အောင်စည်ဟိန်းကပင် ဆက်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသဘောက ဘယ်မှာ ရှာချင်တာတုံး. . . ကိုရန်အောင်စိုး။ ချောင်းကို ဆန်တက်မှာလား၊ ဟိုဘက်ကမ်းကူးပြီး ရိုးမတောထဲ ဝင်ချင်တာလား"

"ဒါတော့ . . . ကျွန်တော်လည်း မပြောတတ်သေးဘူးဗျ။ အများရဲ့ ဆန္ဒကို ယူသင့်ရင် ယူရမယ်ဗျာ။ ဒါမှမဟုတ်ရင်လည်း လမ်းကြောင်းနှစ်ခုကို အချိန်ကန့်သတ်ပြီး . . . ဟောဟိုမှာ ကိုထွန်းစန်း မဟုတ်လား။ လှမ်းခေါ်စမ်းပါဦးဗျာ။ သူ့ကိုလည်း မေးရအောင်"

အောင်စည်ဟိန်း က ကိုထွန်းစန်း ကို လှမ်းခေါ်သည်။ ကိုထွန်းစန်း က သူတို့ကို မြင်သွားပြီး ပြန်လှည့်ကာ လျှောက်လာနေစဉ်မှာပင် ချောင်းကမ်းစပ်တွင် စုဝေးနေသော လူအုပ်ကြီးဆီမှ လက်ခုပ်သြဘာသံ တဖြောင်းဖြောင်းကို ကြားလိုက်ရလေသည်။

သူတို့ လှမ်းကြည့်လိုက်သောအခါ လူအုပ်ကြီး၏ အလယ်နားမကျတကျနေရာရှိ ကျောက်တုံးမြင့်မြင့်တစ်ခုပေါ် တက်ရပ်ရင်း မိန့်ခွန်းပြောရန် ဟန်ပြင်နေသည့် လူတစ်ယောက်ကို မြင်လိုက်ရသည်။

လူအုပ်ကြီးက ထိုသူ့ကို ဝိုင်း၍ သြဘာပေးနေကြခြင်းဖြစ်၏။

ရန်အောင်စိုးက မျက်လုံးများကို ပွတ်သပ်၍ကြည့်ရင်း. . .

"ကိုညွန့်ဟန်များလား မသိဘူးဗျ"

"လာဗျာ. . . သွားကြည့်ရအောင်"

ပြောပြောဆိုဆိုနှင့် အောင်စည်ဟိန်းက ရန်အောင်စိုးကို လက်တို့ ခေါ်ကာ ထိုလူအုပ်ကြီးဆီသို့ လျှောက်သွား၏။ သူက ခြေထောက်ထော့နင်း ထော့နင်းနှင့် ဖြစ်သောကြောင့် ကိုထွန်းစန်းကို စောင့်ရင်း နောက်မှ ဖြည်းဖြည်းချင်း လိုက်သွားသည်။

မိန့်ခွန်းပြောနေသူက တကယ်ပင် ကိုညွန့်ဟန် ဖြစ်နေ၏။ ကိုညွန့်ဟန်၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲနေပြီးအသံကလည်း ဆို့နင့်တုန်ယင်နေသည်။ ကိုညွန့်ဟန်က စိတ်ထိခိုက်ကြေကွဲစွာဖြင့်. . .





"ဒီနေရာမှာ စတေးသွားခဲ့ရရှာတဲ့ သူတွေဟာ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ညီမတွေပဲ မဟုတ်ဘူးလား။ ဘယ်သူ့ကိုမှ အန္တရာယ်မပေးတဲ့ ငြိမ်းချမ်းတဲ့ သဘာဝရဲ့ သမီးပျိုတွေပဲ မဟုတ်လား၊ သူတို့ခမျာ ဘာအပြစ်မှ မရှိကြရှာပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ အသက်ကို ရက်ရက်စက်စက် နုတ်ယူခဲ့လိုက်. . . ရ. . . ပါ. . . ပြီ"

ကိုညွန့်ဟန်က တကယ် နင့်သီးသော ခံစားချက် အပြည့်ဖြင့် မျက်ရည်တွေတွေစီးကျကာ ပြောနေသောကြောင့် လူအားလုံးက နစ်မျောစီးဝင် နားထောင်နေကြ၏။ စကားသံက မဆုံးသေး . . .

"ဒါကြောင့် . . . ကျွန်တော်တို့ရဲ့ ညီမငယ်တွေအဖို့ သူတို့ရဲ့ ဘဝကို နောက်ဆုံး နှုတ်ဆက်ခဲ့ရတဲ့ ဟောဒီ သောင်စပ်မှာ. . ."

ကိုညွန့်ဟန်က သူ့ လေသံကို အဆုံးစွန်ထိ မြှင့်လိုက်ပြီး. . .

"အမှတ်တရကျောက်တိုင် စိုက်ထူဖို့ တိုက်တွန်း နှိုးဆော်ချင်ပါတယ် ခင်ဗျား"

"ဝေး. . . ဟေး. . . ဟေး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . နို"

"ဟုတ်တယ် . . . ဟုတ်တယ်. . . ကျောက်တိုင်စိုက်ရမယ်"

ချက်ချင်းကြီးဆိုသလို လူအုပ်ကြီးက ကျောက်တိုင် စိုက်ထူဖို့ရန် အလွန်အမင်း စိတ်အား တက်ကြွသွားကြ၏။ သူတို့ ဖြတ်သန်းခဲ့သည့် ဘဝတစ်လျှောက်လုံးမှာကလည်း 'ကိုယ့်အစီအစဉ်နှင့်ကိုယ် ကျောက်တိုင်စိုက်ထူဖို့' တစ်ခါမှ စိတ်ကူးထဲတောင် ယောင်လို့ မတွေးကြည့်ဖူးကြဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီးပင်။ တချို့ကလည်း ဘာကော်မတီ ညာကော်မတီများကို နေရာမှာပင် ပွဲချင်းပြီး ဖွဲ့ဖို့ ကြိုးစားနေကြသည်။

အခြေအနေက ရှုပ်ယှက်ခတ်သွား၏။

အောင်စည်ဟိန်းနှင့် ရန်အောင်စိုး က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ သူတို့ မျှော်လင့်ထားသလို လူအုပ်ကြီးနှင့် ဘီလူးကို တောနင်းရှာဖို့ စည်းရုံးလို့မှ ရနိုင်ပါတော့မလား။

ရန်အောင်စိုးက နီးစပ်ရာ သစ်ပင်ငုတ်တို တစ်ခုပေါ် တက်ကာ ရပ်ရင်း အော်ဟစ်ဆော်ဩဖို့ ကြိုးစားသည်။

"ခဏနေကြပါဦး. . . ခဏနေကြပါဦး။ အခု ဒီမှာ ရောက်နေကြတဲ့ လူထုရဲ့ အင်အားနဲ့သာဆိုရင် ဘီလူးကို ရင်ဆိုင်ဖို့. . ."

တဟီးဟီး တဟားဟား ဆူညံအော်ဟစ်နေသည့် လူစုလူဝေးသံတွေကြားမှာ ရန်အောင်စိုး လည်ချောင်းကွဲမတတ် အော်ပြောနေသည့် စကားလုံးများက တိုးမဝင်နိုင်။

"ကျောက်တိုင်စိုက်ဖို့ အလှူငွေ ကောက်မယ်ဆိုရင်. . ."

"ဘဏ္ဍာရေးအဖွဲ့ ဖွဲ့ပြီးတဲ့အခါ. . ."

"ရန်ပုံငွေအတွက် စတိတ်ရှိုး လုပ်မလား. . ."

လူအုပ်စုကြီး၏ အာသီသ က ပွဲလမ်းသဘင် ကျင်းပရေးဘက်ဆီသို့ စီးမျောလွင့်ပါးသွား၏။ ရန်အောင်စိုးက ဘာမှဆက်ပြောဖို့ မကြိုးစားတော့ဘဲ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေ၏။ အောင်စည်ဟိန်းကတော့ ဘာကိုမှ မြင်ဟန်မတူသည့် မျက်လုံးသေများဖြင့် ငိုင်တွေနေလေသည်။

အနီးဝန်းကျင် တစ်ဝိုက်မှာတော့ စိတ်ဓာတ် အလွန်အမင်း တက်ကြွနေသူတွေက ယောက်ယက်ခတ်စွာဖြင့် . . .

"ကျောက်တိုင်ကို ရှစ်ပေပတ်လည် ထားမယ်ကွာ။ အမြင့်ကလည်း ရှစ်ပေပေါ့"





"ဟင်. . . ကျောက်တိုင်က ပုတိုကြီး ဖြစ်မနေဘူးလား"

"ကျောက်တိုင်ပတ်လည်မှာ ခြင်္သေ့ရုပ်ထည့်ရမယ်။ ခြင်္သေ့ ရှစ်ကောင် လုပ်ကွာ"

"မင်းကလည်း ဒေါင်း ရှစ်ကောင်ပါ ပါမှဖြစ်မှာပေါ့"

"ငြိမ်းချမ်းရေးသင်္ကေတက ချိုးငှက်ကွ. .။ ချိုးငှက် ရှစ်ကောင်"

"ငါလခွေး၊ မင်းတို့ဟာက တိရစ္ဆာန်ရုံဖြစ်နေပြီဟ"

ပွက်လောညံနေကြသည်။ ငြင်းလို့ ခုံလို့ မပြီးနိုင်ကြ။ ကိုထွန်းစန်းကတော့ ထိုလူစုကို စိတ်ပျက်စွာ ကြည့်ရင်း ခပ်တိုးတိုးတစ်ခွန်း ဆဲရေးကာ လှည့်ထွက်သွားလေတော့သည်။

စိတ်ဓာတ်တက်ကြွနေကြသော လူတွေကတော့ မြို့ထဲဆီသို့ ပြန်သွားသူ သွားကြ၊ ချောင်းစပ်ဆီ တဖွဲဖွဲ ထပ်မံရောက်သူတွေ ရောက်လာနေကြနှင့် ပုရွက်ဆိတ်များလို ပြန့်ကြဲ ရွေ့လျားနေကြ၏။

သူကတော့ တစ်ခါတုန်းက ချိုချိုသင်းလဲ့ရည်ဆွေနှင့် အတူထိုင်ခဲ့ဖူးသောနေရာအထိ ရောက်အောင် တုတ်ကောက်ကို အားပြုလျက် တစ်လှမ်းချင်း လျှောက်လာခဲ့မိသည်။

ဆည်းဆာ နေခြည်အောက်တွင် ချောင်းရေပြင်က ရွှေရောင် တဖိတ်ဖိတ် တလက်လက်၊ မိုးကုပ်စက်ဝိုင်းအစပ်ဆီတွင် ခရမ်းနုရောင် တိမ်တွေ လွင့်မျောနေကြသည်။

ဩော်. . . မမှောင်ခင်မှာတော့ အရာရာဟာ အလှဆုံးပါပဲလား။

လွမ်းလိုက်တာ ချိုချိုသင်းလဲ့ရည်ဆွေရယ်။

နေဝင်မိုးချုပ်သွားသည့် အချိန်ထိ အဲသည့်နေရာမှာပင် သူ မလှုပ်မယှက် ထိုင်နေဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

တစ်နေဝင်ကာ တစ်မိုးသောက်သည့် နေ့ရက် အချိန်ကာလတွေ ချောင်းရေထဲ မျောပါသွားသည်ကို သူ ငေးကြည့်နေမိ၏။

ရွှေလောင်းချောင်း သောင်စပ် တစ်လျှောက်မှာတော့ လူတွေ စည်ကားသည်ထက် စည်ကားလာနေသည်။ ညနေစောင်းပြီ ဆိုသည်နှင့် မြို့ထဲက လူတွေ တဖွဲဖွဲရောက်လာကြ၏။

တချို့က အညောင်းပြေ အညာပြေ လမ်းလျှောက်သည်။ သမီးရည်းစားစုံတွဲတွေအဖို့လည်း ချိန်းတွေ့စရာ နေရာတစ်ခု ဖြစ်လာ၏။ ခိုအိမ်လို ကျဉ်းမြောင်းသော တိုက်ခန်းလေးတွေထဲမှာ ပိတ်မိနေကြသည့် မိသားစုများ၊ ကလေးများအဖို့လည်း လည်စရာပတ်စရာ နေရာတစ်ခု တိုးလာသလို ဖြစ်နေသည်။

ကလေးတွေက ပူဆာသောကြောင့်ပဲ မိဘများက လိုက်ပို့ရလေသလား၊ ဒါမှမဟုတ် 'ကလေးတွေကို လိုက်ပို့တာလေ' ဟု အကြောင်းပြချက် ပေးရင်း မိဘတွေ ကိုယ်တိုင်ကပဲ လမ်းသလားကြသလားတော့ မပြောတတ်။

ချောင်းစပ် သောင်ပြင်တစ်လျှောက်မှာတော့ ကလေးတွေကို





ချီကာ လက်ဆွဲကာဖြင့် လည်ပတ် ငေးမော လျှောက်ကြည့်နေကြသည့် မိသားစုတွေက မနည်းလှ။

ကလေးတွေအတွက် ပူဖောင်းရောင်းသည့် ဈေးသည်များ၊ အရုပ်မျက်နှာဖုံး ကစားစရာရောင်းသော ဈေးသည်များကလည်း တသီတတန်း။ နောက်တော့ မုန့်ပဲသရေစာ ရောင်းသည့် ဆိုင်များ၊ ဆေးမင်ကြောင် ထိုးသည့် ဆိုင်၊ အကြော်ဆိုင်၊ ရေမုန့်၊ ထမနဲဆိုင်များကလည်း ညဘက်တွင် နှစ်ပေမီးချောင်းလေးများ ထွန်းပြီး ဆိုင်ခင်း ရောင်းချလာကြသည်။

စနေ၊ တနင်္ဂနွေလို နေ့များမှာဆိုလျှင်တော့ ချောင်းစပ်သောင်ပြင်သည် ထူးထူးခြားခြား စည်ကားသော နေရာတစ်ခု ဖြစ်နေသည်။ မြို့ထဲက သက်ကြီးရွယ်အို မိန်းမကြီးတွေပါ ဆွဲခြင်းထဲမှာ ကော်ဖီဓာတ်ဘူး၊ ထမင်းချိုင့် စသဖြင့် စားသောက်ဖွယ်ရာ အပြည့်အစုံ ထည့်ပြီး ရောက်လာကြ၏။

ချိုချိုသင်းလဲ့ရည်ဆွေ၏ ပဝါနီလေးကို သူ တွေ့ရှိသည့်နေရာမှာတော့ သစ်သားကမ္ပည်းတိုင်တစ်ခု စိုက်ထူပြီး . . .

"ဘီလူး ထွက်ခွာသည့်နေရာ"

ဟူသည့် စာတန်းကို ရေးထိုးထား၏။ ချောင်းစပ်သို့ လာရောက်လည်ပတ်ကြသည့် အမျိုးသမီးကြီးငယ်ရွယ်လတ်အစုံက အဲသည့် ကမ္ပည်းမှတ်တိုင်ရှေ့တွင် အမှတ်တရဓာတ်ပုံ ရိုက်ကြလေသည်။

"ဟဲ့. . . ငါ့ကိုလည်း တစ်ပုံရိုက်ပေးဦး"

"ခဏလေး. . . ခဏလေး၊ ဒီတိုင်ကို မှီနေတဲ့ ပုံလေး တစ်ပုံလောက် ထပ်ရိုက်လိုက်ချင်လို့"

"ပြုံးထားနော် ပြုံးထား"

"ဟဲ့. . . လက်ညှိုးနဲ့ လက်ခလယ်ကို ဒီလိုထောင်ပြီး ခေါင်းလေးကို စောင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . . ဟုတ်ပြီ"

"လှလှလေး ရိုက်ပေးနော်"

နောက်တော့ အဲဒီနေရာ အနီးတစ်ဝိုက်တွင် ဓာတ်ပုံဆိုင်လေးတွေ အလျှိုလျှို ပေါ်လာကြလေတော့သည်။ 'ဓာတ်ပုံ အမြန်ရိုက်သည်' 'ခုရိုက် ခုယူ ဒစ်ဂျစ်တယ်ဓာတ်ပုံဆိုင်' စသဖြင့် ပိတ်စပေါ်ရေးထားသည့် ဆိုင်းဘုတ်ကလေးများက လေထဲတွင် တဖျတ်ဖျတ်။

"ငုံးကြော် . . . စာကလေးကြော်ရမယ်"

"အအေးစုံရမယ် . . . အအေးစုံ. . . လိမ္မော်. . . နာနတ်"

"အစ်မရေ. . . ပြောင်းဖူးပြုတ်တွေ ယူဦးမလား"

ဈေးသည်တွေကလည်း တိုးဝှေ့ ဆူညံနေကြ၏။ ကလေးတွေကလည်း အော်ဟစ်ကာ ပြေးလွှား ဆော့ကစားနေကြသည်။ အမျိုးသမီးဝဝကြီးများက သူတို့၏ လေးပင်သော ကိုယ်ခန္ဓာကြီးများ တလှုပ်လှုပ်ဖြင့် လမ်းလျှောက်ရင်း မောနေကြသည်။

တချို့ကတော့ . . .

"တို့ကတော့ နားပူမခံနိုင်ပေါင်။ ဟဲ့ . . . ကလေးတွေ ဝေးဝေးမှာ သွားဆော့ကြစမ်း"

ကလေးများကို ခပ်လှမ်းလှမ်းတွင် သွားကစားခိုင်းပြီး သူတို့ကတော့ အရိပ်ကောင်းသည့် နေရာမှာ ကော်ဇောကို ဖြန့်ခင်းကြသည်။ ယူလာသော စားသောက်ဖွယ်ရာ ချိုင့်ကြီး ချိုင့်ငယ်များကို အစီအရီချကာ ရုပ်ရှင်မင်းသား မင်းသမီးအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း အတင်းအဖျင်း ပြောရင်း စားကြ သောက်ကြလေသည်။

ပျောက်ဆုံးသွားသူ မိန်းကလေးများအတွက် အမှတ်တရ ကျောက်တိုင် စိုက်ထူမည့် သောင်ပြင်တစ်လျှောက်မှာ အဲသည်လို ပျော်ပွဲစားထွက်နေသူတွေ အများကြီး။





"စီးပွားရေးနဲ့ ကြီးပွားရေးနဲ့ သမီးရည်းစားအရေးလည်း အောင်ပါစေ"

ထီရောင်းသော လက်တွန်းလှည်းတစ်စီးဆီမှ ဖွင့်နေသည့် ကျယ်လောင်သော ကက်ဆက် သီချင်းသံသည် ချောင်းရေပြင်ကို ဖြတ်သန်းလွင့်ပျံ့သွား၏။

■



www.burmeseclassic.com

www.burmeseclassic.com

# (၁၆)

'အမှတ်တရ ကျောက်တိုင် စိုက်ထူရေး ရန်ပုံငွေ ဂီတဖျော်ဖြေပွဲ' ဟူသော နဖူးစည်း စာတန်းက ရွှေရောင်၊ ငွေရောင်များ လင်းလက်နေ၏။ စတိတ်ရှိုး စင်မြင့်ကို ဆောက်နေသည်မှာလည်း အပြီးပင် သတ်လုနီးနေလေပြီ။

လူတစ်ရပ်ခန့်ရှိသော ဆောင်းဘောက် (စ်) ကြီးများအား စင်ပေါ်သို့ ထမ်းတင်နေကြပုံကို သူ တငေးတမော ကြည့်နေဖြစ်သည်။ ထိုစဉ်မှာပင် ရန်ဖြစ်နေကြသည့် အသံများကို ရုတ်တရက် ကြားလိုက်ရခြင်း ဖြစ်၏။

"ဟေ့ကောင်တွေ. . . တော်. . . တော်"

"ရန်အောင်စိုး . . . မလုပ်နဲ့ မလုပ်နဲ့"

"လက်လွှန်မယ်. . . ညွှန့်ဟန်၊ မင်းကွာ. . . အချင်းချင်းတွေပဲ ဥစ္စာ"

ဖျန်ဖြေနေသူများ ဝိုင်းအုံနေသည့် လူအုပ်ကြားထဲသို့ သူ တိုး





ဝင်ကြည့်လိုက်သောအခါ ဦးသက်နောင် က ညွှန့်ဟန်၏ လက်ထဲမှ တုတ်ကို ဆွဲလုယူနေပြီး ကိုကျော်စိုးက ရန်အောင်စိုးကို ဖက်ထားသည်ကို တွေ့လိုက်ရ၏။

"ဘာဖြစ်ကြတာလဲ. . . ဘာဖြစ်ကြတာလဲ"

သူ အလောတကြီး မေးလိုက်မိသည်။ ရန်အောင်စိုး က ဒေါသတကြီးဖြင့် လက်ညှိုးငေါက်ငေါက်ထိုးရင်း. . .

"ဒီကောင်. . . ဒီကောင်. . . ဘီလူးကို လိုက်ရှာရမယ့်အစား လူတွေ အာရုံပြောင်းအောင် ကျောက်တိုင်စိုက်ဖို့တို့၊ စတိတ်ရှိုးသွင်းဖို့တို့ စောက်ရေးမပါတာတွေ လျှောက်လုပ်နေတာ"

"ဟေ့ကောင် . . . ရန်အောင်စိုး၊ မင်း လူပါးမဝနဲ့၊ ငါယုံကြည်တဲ့ အလုပ်ကို လူတွေအားလုံးရှေ့မှာ ချပြပြီး လူထုထောက်ခံလို့ လုပ်တာကွ။ ဒါ. . . အားလုံးရဲ့ဆန္ဒ။ ကဲ. . . မင်းကို လူတွေ ထောက်ခံသလားပြော"

အပြန်အလှန် ဒေါသတကြီး ငြင်းကြရင်း တစ်ယောက်ကို တစ်ယောက် ထိုးကြိတ်ဖို့ ဆွဲနေသူတွေကြားထဲမှ အတင်းရှန်းကြပြန်သည်။

ကိုကျော်စိုးက. . .

"ဟုတ်ပါတယ်။ ကိုညွှန့်ဟန် မမှားပါဘူး။ ကျွန်တော်တို့ မြို့ရဲ့ သမိုင်းအတွက် သားစဉ်မြေးဆက် တစ်လျှောက်လုံးအတွက် ဒီအဖြစ်အပျက်ဟာ လီဆယ်တာ မဟုတ်၊ ယုံတမ်းပုံပြင် မဟုတ်တဲ့အကြောင်း သက်သေပြဖို့ ကျောက်တိုင်တစ်တိုင် လိုအပ်တာလည်း အမှန်ပဲ။ အဲ. . . ကိုရန်အောင်စိုး ရဲ့ ရည်ရွယ်ချက်ကတော့ ဘီလူးပြဿနာကို လက်တွေ့ဖြေရှင်းဖို့ပေါ့။ ဒီတော့ နှစ်ဖက်စလုံးကို ကြည့်လိုက်ရင်. . ."

ထုံးစံအတိုင်း ကိုကျော်စိုးက လေကြောရှည်ရှည်ဖြင့် သဘော



www.burmeseclassic.com

www.burmeseclassic.com



တရားလိုလို ဘာလိုလို ဝေ့ဝိုက်ပြီး လျှောက်ပြောနေသည်။ စကားဆုံးလျှင်လည်း အမှန် အမှား သဲသဲကွဲကွဲ ပေါ်ထွက်လာလိမ့်မည် မဟုတ်တာသေချာ၏။

ကိုညွန့်ဟန်နှင့် ရန်အောင်စိုးတို့ကလည်း ကြားထဲတွင် ဖြတ်ဖြတ်ပြီး ဝင်ငြင်းသေးသည်။ တစ်ယောက်ကို တစ်ယောက်လည်း အပြန်အလှန် စွဲချက်တွေ တင်ကြ၏။ 'သစ္စာဖောက်' ဟု အချင်းချင်း လက်ညှိုးထိုးကြ၏။

ရန်ပွဲသည် အဓိပ္ပာယ်ကင်းမဲ့ပြီး အီလည်လည် ဖြစ်လာလေသည်။ ကိုကျော်စိုး၏ ဖျန်ဖြေစကားတွေကလည်း လိုရင်းကို မရောက်နိုင်တော့။

သူက အနည်းငယ် စိတ်မရှည်စွာဖြင့် တုတ်ကောက်ကို အားပြုပြီး ရှေ့သို့ နှစ်လှမ်းခန့် ထပ်တိုးလိုက်သည်။ ထို့နောက်. . .

"ဒီမှာ. . . ကိုကျော်စိုး၊ အဲဒါတွေ အသာထားလိုက်စမ်းပါဦး။ အဓိကပြဿနာက. . . ဘီလူးက ဘယ်မှာလဲ၊ ကျွန်တော်တို့က ဘာလုပ်ကြမှာလဲ"

ကိုကျော်စိုးက မျက်လုံးများကို မှေးစင်းပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက်. . .

"ဒီမေးခွန်းကို ကျွန်တော်တို့အားလုံးက ကိုယ့်ဘာသာကိုယ်ပဲ အဖြေထုတ်ကြရလိမ့်မယ်။ တစ်ညလောက်တော့ ခေါင်းအေးအေးနဲ့ စဉ်းစားလိုက်ကြသေးတာပေါ့။ မနက်ဖြန်ည သန်းခေါင်ယံကျရင် ဟောဒီ သောင်ပြင်ပေါ်မှာပဲ လူပြန်စုပြီး အစည်းအဝေးလုပ်ကြမယ်"

ကိုကျော်စိုးက စကားအပြောအဆို ပါးနပ်စွာဖြင့် သူ့မေးခွန်းကို သူ့ပခုံးပေါ် ပြန်လွှဲပြောင်းတင်ပေးလိုက်၏။

တခြားသူများကလည်း ဘာမှမကန့်ကွက်ကြ။ တစ်ရက်စာတော့





အေးအေးဆေးဆေး စဉ်းစားချိန်ရသေးတာပဲဟုများ တွေးနေကြသလားမသိ။ ဟုတ်သည်။ ကိုယ် ဘာလုပ်မည်ကို ကိုယ့်ဘာသာကိုယ် သိအောင်စဉ်းစားဖို့ ၂၄ နာရီလောက်တော့ အချိန်ရသေးသည်ပဲ။

မနက်ဖြန် ညသန်းခေါင်ယံမှာ အစည်းအဝေးတဲ့။

ဩော်. . . အစည်းအဝေး ထပ်လုပ်ကြရဦးမှာပါလား။

●

ခုနစ်စင်ကြယ်သည် အမြီးထောင်နေ၏။

ချောင်းစပ် သောင်ပြင်သည် လရောင်အောက်တွင် ဖြူဆွတ်နူးညံ့နေလေသည်။ လူငယ်တွေ သုံးယောက်တွဲတစ်စု၊ လေးယောက်တွဲတစ်စု တို့ဖြင့် တဖွဲဖွဲရောက်လာနေကြ၏။

လရောင်အောက်တွင် သူတို့၏ မျက်နှာများသည် တင်းမာနေကြသလား၊ စိုးရွံ့နေကြသလား၊ ဝေခွဲ၍ မရနိုင်။

သူ့ရင်ဘတ်ထဲတွင် ဘာမှန်းမသိသော မေးခွန်းတစ်ခုဖြင့် တစ်တစ်ဆို့ဆို့ ဖြစ်နေသလို ခံစားရ၏။ မျက်နှာချင်းဆိုင်တည့်တည့်တွင် ထိုင်နေသော အောင်စည်ဟိန်းနှင့် ရန်အောင်စိုးတို့ တစ်ခုခု တီးတိုးပြောနေသည်ကို မြင်ရသည်။ ကိုထွန်းစန်းကတော့ ဒူးနှစ်လုံးထောင်ကာ လက်ဖြင့် ပိုက်ထိုင်ရင်း ဘယ်သူနှင့်မှ စကားမပြောဘဲ ခပ်တည်တည် လုပ်နေ၏။ ကိုထွန်းစန်းကို ကြည့်ရသည်မှာ အားလုံးကို စိတ်ဆိုးနေသည့်ပုံမျိုး။

သူ ကိုထွန်းစန်း မျက်နှာကို မကြည့်ရဲသလိုလို ဖြစ်လာသည်။ တစ်ဖက်ကို မျက်နှာလွှဲလိုက်သောအခါ ကိုဝင်းကျော် ကို ပခုံးဖက်ပြီး လျှောက်လာနေသော ကိုကျော်စိုးကို မြင်ရ၏။ ထုံးစံအတိုင်း ကိုဝင်းကျော်၏ လက်ထဲတွင်လည်း ကင်ဒိုဓားကြီးက ပါလာသေးသည်။

သူက မော့ကြည့်ရင်း ခေါင်းဆတ် နှုတ်ဆက်လိုက်တော့ ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



စိုးက သူ့ဘေးတွင် ဝင်ထိုင်၏။ ကိုဝင်းကျော်ကိုလည်း အတင်းဆွဲပြီး ထိုင်ခိုင်းသည်။ ကိုဝင်းကျော်က လေးလံသော သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း ခုံးကိုပိုက်ကာ ထိုင်ချလိုက်လေ၏။

မြို့ထဲက လူငယ်တွေလည်း တဖွဲဖွဲနှင့် အသုတ်လိုက် ရောက်လာနေကြသည်။ ဆိုက်ကားသမား စန်းလွင်တို့ အသေးလေးတို့ကိုလည်း တွေ့ရသည်။

ခဏအကြာတွင် အောင်စည်ဟိန်းက မတ်တတ် ထရပ်လိုက်ပြီး. . .

"ကဲ. . . အစည်းအဝေး စလိုက်ကြရအောင်"

ထိုစကားကြောင့် လူအုပ်ထဲရှိ ဟိုနေရာ ဒီနေရာမှ . . .

"ဟ. . . နေပါဦး"

"ခဏစောင့်ပါဦး. . . လူမစုံသေးဘူး"

ဟူသော စကားသံများ ကျွက်စီ ကျွက်စီ ထွက်ပေါ်လာ၏။

အောင်စည်ဟိန်းက ကသိကအောက်ဖြင့် ပြန်ထိုင်ချလိုက်သည်။ ကိုကျော်စိုးက. . .

"ဖြည်းဖြည်းပေါ့. . . ကိုအောင်စည်ဟိန်းရယ်။ ဦးသက်နောင်လည်း မလာသေးဘူးဗျ"

ကိုကျော်စိုး၏ စကားကို ကြားလိုက်ဟန်တူသော စန်းလွင်က အခုမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် . . .

"ဦးသက်နောင်က လာတော့မှာ မဟုတ်ဘူးဗျ။ ကျွန်တော်နဲ့ စာတစ်စောင် ထည့်ပေးလိုက်တယ်"

"ဘယ်မလဲ. . . ပြစမ်းပါဦး"

စန်းလွင်က စာရွက်ခေါက်လေးတစ်ခုကို ကိုကျော်စိုး၏ လက်ထဲ





သို့ လာထည့်၏။ ကိုကျော်စိုးက စာရွက်ကိုဖြန့်ကာ မီးခြစ်ကို ဖြောက်ခနဲခြစ်ပြီး မီးတောက်အလင်းရောင် လှပ်လှပ်ဖျဖျဖြင့် ဖတ်လိုက်၏။

တစ်စက္ကန့် နှစ်စက္ကန့်မျှသာ ကြာသည်။ ကိုကျော်စိုးက ပြုံးရင်း စာရွက်လေးကို ပြန်ခေါက်လိုက်၏။ သူက. . .

"ဘာတဲ့လဲဗျ"

ကိုကျော်စိုးက အရေးမကြီးဟန်ဖြင့် 'ဘာမှမဟုတ်ပါဘူးဗျာ'ဟု ပြောရင်း စာရွက်ခေါက်လေးကို သဲမြေထဲသို့ ထိုးထည့်ဖို့ ကြိုးစားသည်။ သူက ကိုကျော်စိုး၏လက်ထဲမှ စာရွက်ခေါက်ကို အတင်းဆွဲယူကာ သဲမှုန်များကို ခါထုတ်ပြီး ဖတ်ကြည့်လိုက်၏။

ဦးသက်နောင်၏ စာက တိုတိုလေးပင်။

"ကျုပ် ရဟန်းဘောင်ဝင်ပြီး သက်န်းဝတ်လိုက်ပြီ. . .

သက်နောင်"

ဒါပဲဖြစ်၏။ ထို့ကြောင့် သူလည်း စောစောက ကိုကျော်စိုး လုပ်သလိုပင် စာရွက်ခေါက်ကလေးကို သဲဖြင့်ဖုံးကာ မြှုပ်ထားလိုက်တော့သည်။

ဘေးဘီဝဲယာကို ကြည့်လိုက်တော့လည်း အားလုံးက ကိုယ်နှင့် နီးစပ်ရာလူချင်း စုဖွဲ့ကာ စကားပြောကောင်းနေကြသည်။

●

စကားပြောကောင်းနေကြသည်မှာ အလွန်အမင်း ကြာမြင့်သွားပြီဟု မှတ်ထင်ရလေသည်။ ဘယ်နှနာရီကြာသွားပြီကို မသိ။

ဘယ်သူ့ကို စောင့်နေကြမှန်းမသိ။

ဘာအတွက် စောင့်နေကြမှန်းမသိ။

မှောင်ထဲမှ တစ်စုံတစ်ယောက်၏ ဝါးခနဲ ခပ်အုပ်အုပ် အိပ်ချင်မူးတူး သန်းဝေလိုက်သံကို ကြားရ၏။ သူ့ရှေ့တည့်တည့်တွင် ထိုင်နေသော ရန်အောင်စိုးက တောင့်ခနဲဖြစ်ကာ ခါးမတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်စိုးက ပုဆိုးကို ပြင်ဝတ်ကာ ထရပ်ရင်း. . .

"ကဲ. . . အစည်းအဝေး စ ရင်ကောင်းမယ်ထင်တယ်။ တချို့က အိပ်ချင်နေကြပြီ"

"နေပါဦး. . . မလောပါနဲ့"

"ဟုတ်တယ်. . . စောင့်ပါဦး"

"လူမစုံဘဲနဲ့ ကျုပ်တို့ချည်းပဲ ဆုံးဖြတ်လိုက်ရင် ခေါင်းဆောင်လုပ်ချင်တယ်လို့ ကျုပ်တို့ကို ဝိုင်းစွပ်စွဲလိမ့်မယ်"

"စောင့်လိုက်တာ မမှားပါဘူး"

'စောင့်' ဆိုသော စကားလုံးသည် အမြော်အမြင် ရှိခြင်း၏ သင်္ကေတ လား၊ တွေဝေ ကြောက်ရွံ့ခြင်းက ရုပ်ဖျက်ထားသည့် သူလျှိုလား မသိကွဲ။

စောင့်တော့ စောင့်နေကြသည်။

အခြေအနေ အချိန်အခါက စောင့်ဆိုင်းနေရမည့်အချိန် မဟုတ်တော့မှန်းလည်း အားလုံး သိကြသည်။ သို့သော် ဘာမှန်းမသိသည့် တစ်စုံတစ်ရာကိုလည်း စောင့်ချင်နေမိကြ၏။

တံ့ဆိုင်း အီလည်ကာ သောင်မတင်ရေမကျ အခြေအနေဖြစ်နေလေပြီ။

ထိုစဉ်မှာပင် စိတ်မရှည်တော့သူ တစ်ယောက်က လူအုပ်၏ ဟိုးအစွန်အဖျားမှ ဝုန်းခနဲ ထရပ်လိုက်သည်။

လရောင်အောက်တွင် သူ့ကိုယ်ဟန်က ကျစ်ကျစ်လျစ်လျစ် ကြွားကြွားရွားရွား. . .။ ထိုသူ၏ ပခုံးထက်မှာတော့ ဒူးလေးတစ်လက်ကို လွယ်ထားသည်။

မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး အတိုအစများ ထိုးထိုးထောင်ထောင် မသေမသပ်နှင့် မျက်နှာပြင်သည် တင်းမာ ခက်ထန်နေ၏။





မုဆိုးကြီး နန်းနွယ်မှန်း သူ ချက်ချင်း မှတ်မိလိုက်သည်။ မုဆိုးနန်းနွယ်က. . .

"ဒီမှာ. . . ကျုပ် ပြတ်ပြတ်ပဲ ပြောမယ်။ ခင်ဗျားတို့ ဘာကို စောင့်နေကြမှန်း ကျုပ် မသိဘူး၊ စိတ်လည်းမဝင်စားဘူး။ ကျုပ်ကတော့ ရိုးမ တောထဲဝင်ပြီး ဘီလူးကို ရှာတော့မယ်။ ဒါ. . . ကျုပ်ဘဝကို အပြီးမြှုပ်နှံလိုက်တာပဲ။ ကဲ. . . သွားပြီ"

ပြောပြောဆိုဆိုနှင့် လှည့်ထွက်လိုက်စဉ်မှာပင် လူအုပ်ထဲမှ အသံတစ်သံက. . .

"နေဦး. . . ကျုပ်လည်းလိုက်မယ်"

လှမ်းအော်ပြောလိုက်သူက ကိုထွန်းစန်း ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကိုထွန်းစန်းက ကိုဝင်းကျော်ဘက် လှည့်ပြီး. . .

"သူငယ်ချင်း. . . မင်းလည်းလိုက်ခဲ့ပါလားကွာ"

ကိုထွန်းစန်း၏ လေသံက ခါတိုင်းလို မဟုတ်။ အေးစက်သော်လည်း နူးညံ့နေသည်။ သံယောဇဉ်ဖြင့် ချိုမြ စေးပိုင်နေ၏။ ကိုဝင်းကျော်က ဖြည်းဖြည်းချင်း ထရပ်သည်။ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်စများ ရစ်ဝဲစပြုလာသည်ကို မြင်ရ၏။

ကိုဝင်းကျော်က. . .

"ငါ. . . ငါ. . . မလိုက်ပါရစေနဲ့ကွာ"

"မင်းကလည်းကွာ ယောကျ်ားမဟုတ်တာကျနေတာပဲ"

ကိုထွန်းစန်းက အပြစ်တင်ချင်သလို လေသံဖြင့် ပြောသောအခါ ကိုဝင်းကျော် ခေါင်းငုံ့သွား၏။

"လိုက်ခဲ့စမ်းပါကွာ၊ တစ်သက်မှာ နှစ်ခါ မသေပါဘူးကွ"

"သူငယ်ချင်း. . . ထွန်းစန်း၊ ငါ. . . ငါ. . . လိုက်လို့ မဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ။ ငါ့မှာ. . . ငါ့မှာ . . . အမေ့ကို စောင့်ရှောက်ရမယ့်တာဝန်ရှိနေသေးလို့ပါကွာ၊ ဟီး. . . ဟီး၊ ခွင့်လွှတ်ပါကွာ. . . အမေ့ကြောင့်ပါ ဟီး"

ပြောရင်း ပြောရင်း ဝမ်းနည်းလာကာ ငိုချလိုက်သံကို ကြားရတော့ သူ စိတ်မကောင်း ဖြစ်မိသည်။ ကိုထွန်းစန်းကလည်း ပခုံးကို ပုတ်ကာ နှစ်သိမ့် ချော့မော့ရင်း တတွတ်တွတ်ပြောနေသည်ကို ကြားရ၏။ သူငယ်ချင်းရာ. . . လူဆိုတာ တစ်ခုခုအတွက်တော့ တာဝန်ကျေရမှာပဲဆိုလား. . . ဘာလား မသဲကွဲ၊ မင်းအမေအတွက် နေရစ်တာလည်း တာဝန်တစ်ခုကို ရွေးချယ်တာပဲပေါ့. . . ဟူသော စကားကိုတော့ ပီပီသသ ကြားလိုက်ရသည်။

ကိုဝင်းကျော်က မျက်ရည်သုတ်ရင်း သူ့လက်ထဲမှ ကင်ဒိုဓားကို ကိုထွန်းစန်းဆီသို့ ကမ်းပေး၏။

"ဟောဒီ ဓားကို ယူသွားပါ. . . သူငယ်ချင်း"

ကိုထွန်းစန်းက ဓားကို လှမ်းယူသည်။ နားလည်မှု အပြည့်ပါသော အကြည့်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြ၏။ လှည့်ထွက်ခါနီးတွင် ကိုဝင်းကျော်က လှမ်းပြောလိုက်သည်။

"မင်း ပြန်လာနိုင်ပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်. . . သူငယ်ချင်း"

●

အစည်းအဝေးကား မစမီမှာပင် ပျက်သွားခဲ့လေပြီ။

အုပ်စု သုံးစု ကွဲသွားသည်။ လူ ၂၀ ခန့်ပါသော အုပ်စုတစ်စုကတော့ ညတွင်းချင်းမှာပင် မုဆိုးကြီး နန်းနွယ်နှင့်အတူ ရိုးမတောထဲသို့ ဝင်သွားကြတော့၏။ တချို့ကတော့ အလျှိုလျှိုဖြင့် မြို့ဘက်သို့ ခြေဦးပြန်လှည့်ကြသည်။





ရန်အောင်စိုး၊ အောင်စည်ဟိန်း တို့နှင့် အတူလိုက်မည့် လူငယ်များကတော့ သစ်လုံးများကို ခုတ်လှဲကာ ဖောင်ဖွဲ့နေကြ၏။ သူတို့က ဘီလူးကို ချောင်းဖျားအထိ ဆန်တက်ပြီး ရှာဖွေဖို့ ဆုံးဖြတ်ထားကြသည်။

ချွေးတလုံးလုံးဖြင့် သစ်ပင်တွေ ခုတ်ကြ၊ အခေါင်းဖောက်ကာ ကြိုးဖြင့် တွဲကြနှင့် မိုးစင်စင်လင်းမှ ဖောင်ဖွဲ့၍ ပြီးတော့သည်။

ရန်အောင်စိုးက သက်ပြင်းအရှည်ကြီး ချရင်း မိုးကုပ်စက်ဝိုင်းအစပ်မှ ပေါ်ထွက်ကာစ နေမင်းကို ငေးကြည့်နေ၏။ စိတ်မြန်သော လူငယ်တွေကတော့ ထိုးဝါးတွေ ထမ်းကာ ဖောင်ပေါ်သို့ တက်နှင့်နေကြပြီ။

ကမ်းစပ်က သစ်ပင်နှင့် တွဲချည်ထားသော ဖောင်ထိန်းကြိုးကို ခုတ်ဖြတ်ဖို့ အောင်စည်ဟိန်းက လက်ထဲမှ ပုဆိန်ကို တဆဆ လုပ်နေ၏။

ဩော်. . . ဘီလူးကို ရှာဖို့ သူတို့ ခရီးထွက်ကြတော့မည်ပဲ။

ရွှေလောင်းချောင်းသည် လူငယ်များကို ကျောပေါ်တင်ကာ အန္တရာယ်များသော အရပ်ဒေသဆီသို့ ပို့ဆောင်ရန် အဆင်သင့်ဖြစ်နေလေပြီ။

သူက တုတ်ကောက်ကို အားပြုရင်း ထော့နင်း ထော့နင်းဖြင့် ဖောင်ရှိရာ ချောင်းရေစပ်သို့ ဆင်းလာသည်။ နှုတ်ဆက်ရဦးတော့မည်လေ။

ရန်အောင်စိုးနှင့် အောင်စည်ဟိန်းတို့က သူ့ကို လှမ်းကြည့်သည်။ သူက မနည်းအားယူထားရသော လေသံဖြင့် . . .

"ကျွန်တော်လည်း ခင်ဗျားတို့နဲ့ လိုက်ခဲ့ချင်ပါတယ်ဗျာ။ ဒါပေမဲ့. . ."

သူ့စကားမဆုံးခင်မှာပင် ရန်အောင်စိုးနှင့် အောင်စည်ဟိန်းတို့က ပြိုင်တူ ခေါင်းခါသည်။ စကားပိုသွက်သော ရန်အောင်စိုးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျွန်တော်တို့ နားလည်ပါတယ်ဗျာ။ ခင်ဗျားရဲ့ ခြေထောက် အခြေအနေနဲ့ ဘယ်လိုလုပ်ပြီး လိုက်လို့ရမှာလဲ၊ နေခဲ့ပါ"

ရန်အောင်စိုး၏ ဖြေသိမ့်စကားကြောင့် သူ ခေါင်းကို လေးတွဲ့စွာ ငုံ့ဖြစ်၏။ အောင်စည်ဟိန်းက. . .

"ကျွန်တော်တို့နဲ့အတူတူ မလိုက်နိုင်လို့ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မနေပါနဲ့ဗျာ။ ကျန်းမာရေးကိုသာ ဂရုစိုက်ပါ။ ကဲ. . . သွားပြီဗျို့"

နှုတ်ဆက်စကားကြောင့် သူ ခေါင်းကို ပြန်မော့ပြီး ရီဝေသော မျက်လုံးများဖြင့် မျက်တောင်မခတ်စတမ်း ငေးကြည့်နေမိသည်။ အိပ်မက် ယောင်ပြီး လမ်းထလျှောက်လာသူ တစ်ယောက်ကဲ့သို့လည်း လက်ကို ရည်ရွယ်ချက်မဲ့စွာ လှုပ်ယမ်းပြနေမိ၏။

ချောင်းရေပြင်ပေါ်တွင် သစ်သားဖောင်ကလေးက မျက်စိ အကြည့်တစ်ဆုံးထိ တရွေ့ရွေ့ မျောပါသွားသည်။

သူတို့ကို နောက်ထပ် ဘယ်တော့မှ ပြန်တွေ့ရတော့မည် မဟုတ်မှန်း ရင်ထဲက အလိုလိုသိနေ၏။ ကြေကွဲစွာဖြင့် သီချင်းတစ်ပိုဒ်ကို ခပ်တိုးတိုး ညည်းမိသည်။

ရိုးမတောင်ခြေ . . .

နေရောင်မခတဲ့. . . တောင်တွေ. . .

ငြိမ်းချမ်းစေ . . .

■



(၁၇)

လပေါင်း ရက်ပေါင်းများစွာ တရိပ်ရိပ် ကုန်လွန်သွားခဲ့ပုံက မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် အမှတ်တမဲ့ ဆန်နေလေသည်။

သူ့ဘဝကိုယ်တိုင်လည်း ပောဒီ ဘုန်းကြီးကျောင်းဝင်းအတွင်း မှာပင် တစ်စုံတစ်ယောက်က ပစ်ချသွားခဲ့သော အဝတ်ထုပ် တစ်ထုပ်လို အမှတ်တမဲ့ဆန်လွန်းနေမှန်း သတိထားမိ၏။

ဘာတတ်နိုင်မှာတဲ့လဲ။

ဘာမှမတတ်နိုင်တာတွေ များလွန်းနေပြီ။ သစ်ပင်တွေ တောပြုန်းကုန်တာကိုလည်း ဘာမှမတတ်နိုင်၊ လေထုထဲမှာ အဆိပ်ငွေ့တွေ များသည်ထက် များလာတာကိုလည်း ဘာမှမတတ်နိုင်၊ မြစ်တွေ ချောင်းတွေ တစ်စထက်တစ်စ ကောကုန်တာ. . . အမှိုက်သရိုက်များဖြင့် ပိတ်ဆို့လာတာကိုလည်း ဘာမှမတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ပိုပိုပြီး စည်းကမ်းပျက်လာကြသည်ကိုလည်း ဘာမှမတတ်နိုင်၊ ရာသီဥတု ဖောက်ပြန်လာသည်ကိုလည်း ဘာမှမတတ်နိုင်ပါ။

ဆောင်းတွင်းကြီး ဖြစ်လျက်နှင့် ခြစ်ခြစ်တောက်အောင် ပူအိုက်လွန်းနေသော ညတစ်ညတွင် ဆေးကုသခံနေသော ဦးတင်ကြည် ကွယ်လွန်သွားသည်။ ဘာမှမတတ်နိုင်ပါ။

"အရှုံးကြီးတစ်ယောက်တော့ဖြင့် ဘဝဇာတ်သိမ်းရှာပြီ"

ဟု သံဝေဂသံပါပါ ရေရွတ်ရမည်လား မသိပါ။

သူနှင့် ဖိုးသူတော်ကြီး ဦးပေသီးတို့ နှစ်ယောက်တည်းသာ ဦးတင်ကြည်၏ အလောင်းကို ထိုင်စောင့်ကြသည်။ မနက်စောစောတွင် ဖိုးထူးတို့ ဘုန်းကြီးကျောင်းသားလေးများကို မြို့ထဲသို့ လွှတ်ပြီး အကြောင်းကြားခိုင်းလိုက်တော့ ကိုညွန့်ဟန် ရောက်ချလာ၏။

ကိုညွန့်ဟန်က မြို့ကလေး၏ လူမှုကူညီရေးအသင်းအဖွဲ့ကို ဦးဆောင်သူ ဖြစ်နေပြီ။

အမှတ်တရ ကျောက်တိုင်စိုက်ထူဖို့ ရန်ပုံငွေ စတိတ်ရှိုးသွင်းရာကနေစပြီး လူမှုကူညီရေးလုပ်ငန်းများ ဒိုင်ခံလုပ်ဖို့ ကိုညွန့်ဟန်အတွက် လမ်းကြောင်းခင်းပေးလိုက်သလို ဖြစ်သွားသည်။

ကိုညွန့်ဟန်နှင့် ရည်ရွယ်ချက်ချင်းတူသော လူငယ်များ စုပေါင်းပြီး နောက်ထပ် ရန်ပုံငွေများ၊ ဈေးရောင်းပွဲများ၊ ဖက်ရှင်ရှိုးများ လုပ်ကြသည်။ ထိုပွဲများမှရသည့် ပိုက်ဆံဖြင့် မြို့ကလေးမှာ လိုအပ်နေသော သာရေး နာရေးကိစ္စများတွင် လှူဒါန်းကြသည်။

တဖြည်းဖြည်းနှင့် မြို့လေးက ကိုညွန့်ဟန် ကို လိုအပ်မှန်းမသိ လိုအပ်လာခဲ့ပြီ။

"မောင်ညွန့်ဟန် ရေ. . . သက်ကြီးရွယ်အိုတွေအတွက် ဆေးဝါးဒါနလုပ်ရင် ကောင်းမယ်ထင်တယ်"





"မီးဘေး ဒုက္ခသည်တွေအတွက်လည်း လုပ်ပေးစမ်းပါဦး. . . ကိုညွန့်ဟန်ရယ်"

"ဆင်းရဲ နွမ်းပါးသူတွေ နာရေးကိစ္စနဲ့ ကြုံတဲ့အခါ. . "

ကိုညွန့်ဟန် တာဝန်ယူပြီး ထောက်ပံ့နေရသည့် လိုအပ်ချက်တွေက မနည်းလှ။ ရန်ပုံငွေ ရှာဖွေပွဲတွေကိုလည်း ဆက်တိုက်ဆိုသလို ကျင်းပနေရသည်။

အခုလည်း ဦးတင်ကြည်၏ အလောင်းကို လာသယ်မည့် လှည်းကို ထိုင်စောင့်နေကြရင်း ကိုညွန့်ဟန်က . . .

"ဒီလကုန်လောက်မှာ ရန်ပုံငွေ စတိတ်ရှိုးပွဲ တစ်ပွဲလုပ်ဖို့ စီစဉ်ထားတယ်ဗျ။ ခင်ဗျား လာကူဦးဗျာ"

သူ စိတ်မပါတပါဖြင့် ခေါင်းညိတ်လိုက်သည်။ ကိုညွန့်ဟန်က ဆက်ပြီး. . .

"အဲဒီ ရန်ပုံငွေပွဲက ရမယ့်ပိုက်ဆံကို ဘီလူး အစားခံလိုက်ရတဲ့ မိန်းကလေးတွေရဲ့ မိသားစုကို ထောက်ပံ့မယ်ဗျာ။ မကောင်းဘူးလား"

"ကောင်းပါတယ် ကိုညွန့်ဟန်"

"ကျွန်တော်ကတော့ဗျာ. . . ကိုယ့်မြို့ကလေးအတွက် တကယ်လိုအပ်နေတဲ့ နေရာတွေကို ဖြည့်ဆည်းပေးဖို့ပဲ ကြိုးစားတော့မယ်ဗျာ။ ဘီလူးကို လိုက်ရှာတာတို့ ဘာတို့က ဘယ်နေရာမှာရှိမယ်မှန်းလည်းမသိ၊ ဖမ်းလို့ ရနိုင် မရနိုင်ဆိုတာကလည်း သေချာတာမဟုတ်တော့ အို. . . မရေရာတဲ့ ကိစ္စပါဗျာ။ လူမှုရေးအလုပ်တွေ လုပ်တာကမှ အဓိပ္ပာယ်ရှိသေးတယ်"

တတွတ်တွတ် ပြောနေသော ကိုညွန့်ဟန်၏ စကားတွေကြောင့် သူ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ လူမှုရေးလုပ်တာက ဘီလူးကို



www.burmeseclassic.com

www.burmeseclassic.com



ရှာရသလို အန္တရာယ်နဲ့လည်း ကြုံစရာအကြောင်းမရှိဘူး မဟုတ်လားဟု စိတ်ထဲက ရေရွတ်မိ၏။

ဘာအကြောင်းပဲဖြစ်ဖြစ်. . . လူတွေသည် ကိုယ့်ရင်ထဲမှာရှိသော အရာကိုသာ ကိုယ် ရွေးချယ်စမြဲ ဖြစ်သည်ပဲလေ။

ထိုအတွေးကြောင့်ပင် 'တခြားသူတွေကော ဘာတွေများ လုပ်နေကြပါလိမ့်' ဟု သတိတရ ဖြစ်သွား၏။ ကိုညွန့်ဟန်ကို မေးကြည့်လိုက်တော့. . .

"ဦးသက်နောင်ကြီးက သက်န်းဝတ်နဲ့ပဲ အရိုးထုတ်တော့မယ် ထင်ပါရဲ့ဗျာ။ ဝင်းနောင် တစ်ယောက်ကတော့ ဒီမြို့ကနေ ထွက်သွားပြီ။ ဒီမှာက ဘဝတက်လမ်းမှ မရှိတော့တာ။ ကိုကျော်စိုးကတော့ ဝင်ငွေမှန်နေတယ်ဗျို့။ ကြေးစား တရားဟောဆရာ လုပ်နေတယ်လေ"

"ဘာ. . . ဘာရယ်"

"ကြေးစား တရားဟောဆရာလို့ ပြောတာ။ သူဟောတာ ပြောတာလေးတွေက မဆိုးပါဘူး။ ဒီလူက အစကတည်းက စကားပြောကောင်းတာပဲ ဥစ္စာ"

ကိုညွန့်ဟန်၏စကားကို သူ ခေါင်းညိတ် ထောက်ခံမိလျက်သား ဖြစ်သွားသည်။ ထို့နောက် သူက. . .

"ကိုဝင်းကျော် တစ်ယောက်ကောဗျ . . . ဘာတွေ လုပ်နေသလဲ"

"ဒီလူ ကလေးတွေကို စာသင်ပေးနေတယ်ဗျ။ ကိုယ်ပိုင်ကျူရှင်ကျောင်းလေး ဖွင့်ထားတယ်။ သူနဲ့ ကျောင်းဆရာအလုပ်က ကိုက်ပါတယ်ဗျာ"

"ဟုတ်တယ်၊ ကိုဝင်းကျော်ရဲ့စိတ်က နူးညံ့တယ်ဗျ"

သူနှင့် ကိုညွန့်ဟန်တို့ အပြန်အလှန် စကားပြောကောင်းနေကြ





တုန်းမှာပင် အလောင်းကို တင်မည့် နွားလှည်း ရောက်လာ၏။ လှည်းသမား ဘေးတွင် ကပ်လျက် ထိုင်လိုက်ပါလာသူက . . . အသေးလေး။

အသေးလေးက သူ့ကို လှမ်းကြည့်ရင်း. . .

"ဘယ်လိုလဲ . . . အစ်ကို၊ တုတ်ကောက်နဲ့ လမ်းလျှောက်နေရတုန်းပဲလား။ ဒီတစ်သက်တော့ အစ်ကို့ခြေထောက် ပြန်မကောင်းတော့ဘူးလား မသိဘူးနော်၊ ဒုက္ခပါပဲဗျာ"

"ဘယ်တတ်နိုင်မလဲကွာ။ ဒီထက်မက ပေးဆပ်ခဲ့ရတဲ့သူတွေတောင် ရှိသေးတာပဲ။ ရန်အောင်စိုးတို့၊ ကိုအောင်စည်ဟိန်းတို့၊ ကိုထွန်းစန်း တို့ဆို ဘယ်ရောက်လို့ ဘာတွေဖြစ်နေမှန်းတောင်. . ."

"သြော်. . . ကိုထွန်းစန်းဆိုလို့ ပြောရဦးမယ်။ တောထဲကနေ ကိုထွန်းစန်း ပြန်လာပြီဗျ။ စောစောကတင် ချောင်းစပ်မှာ တွေ့ခဲ့တယ်"

"ဟာ. . . ဟုတ်လား။ ဒါဆို တခြားသူတွေကော"

အသေးလေးက ဆက်ပြောဖို့ရန် အနည်းငယ် နှုတ်တွန့်နေပုံရ၏။ ပြီးတော့မှ. . .

"တခြားသူတွေတော့ ဘယ်သူမှ ပါမလာဘူး အစ်ကို။ ကိုထွန်းစန်း တစ်ယောက်တည်းပဲ။ သူ. . . သူ. ."

"သူ ဘာဖြစ်လဲ၊ ပြောလေကွာ"

"သူ. . . တောထဲမှာ မုဆိုး နန်းနွယ် ကို ဓားနဲ့ ခုတ်သတ်ပစ်ခဲ့ပြီ. . . တဲ့"

"ဟင်. . ."

●

ကိုထွန်းစန်း တစ်ကိုယ်လုံးက အရိုးစုကို အရေပြားပါးပါးဖြင့် လုပ်ပုံသဏ္ဍာန် မပျက်ရုံ ရစ်ပတ် ထုပ်ပိုးထားသလားဟုပင် ထင်ရသည်။ ငှက်ဖျားဒဏ်ကြောင့် ယဲ့ယဲ့သာ ကျန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အရှည်ကလည်း နီကြောင် ဖွာလန်ကျဲနေသည်။ အဝတ်အစားကလည်း အစိတ်စိတ်အမြွှာမြွှာ စုတ်ပြဲနေလေပြီ။

အဆိုးရွားဆုံးကတော့ ကိုထွန်းစန်း၏ မျက်လုံးတွေပင်။

အဲသည့် မျက်လုံးတွေထဲမှာ လူတစ်ယောက်၏ ရှင်သန်နေသော အသက်ငွေ့ မရှိတော့။ ခြောက်သွေ့ကာ အရိုးငေါငေါ ထွက်နေသည့် ကြေကွဲဝမ်းနည်းမှုသာ ရှိတော့သည်။

ကိုထွန်းစန်း၏ နှုတ်ဖျားမှ ထွက်ကျလာသည့် စကားလုံးတွေက ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲနေသည်။

"ကျုပ်တို့. . . ကျုပ်တို့ . . . တောထဲမှာ သွားနေရတယ်. . . လမ်းလျှောက်ပြီးရင်း လျှောက်ရင်းပဲ။ တစ်ခါတလေ သွားရင်းနဲ့ လမ်းပျောက်ပြီး ရက်တွေ အကြာကြီး ဝေ့်ပြတ်နေရတယ်။

လူတွေလည်း ငှက်ဖျားမိတာနဲ့ တစ်ယောက်ပြီး တစ်ယောက် သေကုန်တယ်။ ကျားတွေ ဝက်ဝံတွေနဲ့ ပက်ပင်းတိုးမိလို့ သေရတဲ့လူတွေလည်း မနည်းဘူး။

ကြာလာတော့ ကျုပ်လည်း ငှက်ဖျားဒဏ်ကြောင့် ဦးနှောက်က သိစိတ်တစ်ဝက် မသိစိတ်တစ်ဝက်လိုလို ဖြစ်လာတယ်"

"နန်းနွယ်ကော . . . အဲ. . . အဲဒါ၊ နန်းနွယ်နဲ့က ဘယ်လိုဖြစ်ရတာလဲ"

လိုရင်း မရောက်နိုင်သော စကားလုံးများကိုစောင့်ပြီး နားထောင်ရမှာ စိတ်မရှည်နိုင်တော့သောကြောင့် ဖြတ်ပြီး မေးလိုက်မိ၏။

ကိုထွန်းစန်းက မျက်ဆန်အသေဖြင့် ချောင်းရေပြင်ကို ငေးစိုက်ကြည့်ရင်း. . .

"ကျုပ်တို့ကို အဲဒီလို ဒုက္ခရောက်အောင် လုပ်နေတာဟာ မုဆိုး





နန်းနွယ်ပဲလို့ ကျုပ်စိတ်ထဲမှာ ယူဆလာတယ်။ ဒီကောင်ဟာ ကျုပ်တို့အားလုံး သေကုန်တဲ့အထိ တောထဲမှာ လှည့်ပတ်ခေါ်သွားနေတာ"

"တောကောင်တွေရှိတဲ့ သေတွင်းနေရာတွေကိုလည်း ဒီကောင် သိသိချည်းနဲ့ ကျုပ်တို့ မရောက် ရောက်အောင် မှားခေါ်သွားတာပဲ ဖြစ်ရမယ်လို့ ထင်လာတယ်"

"ပြီးတော့ ဒီလူ့ရဲ့ ပခုံးလက်ပြင်ပေါ်က ဆေးမင်ကြောင် ထိုးထားတဲ့ ဘီလူးရုပ်ကိုလည်း ကျုပ် မသင်္ကာဘူး။ သူ့ကို ဘီလူးက လက်သပ်မွေးထားတာ ဖြစ်ရမယ်လို့ ထင်လာတယ်။ စိတ်က ထင်လေလေ မသင်္ကာစရာက ပိုပိုပြီး တွေ့လေပဲ။ ဒီတော့. . ."

"ဒီတော့. . . ဘာဖြစ်သလဲ"

"ကိုယ့်ဘက်က လက်ဦးအောင် ကျုပ်ကိုင်တဲ့ ဓားနဲ့ အလစ်မှာ သူ့ဇက်ကို ပိုင်းချလိုက်ရတာပေါ့ဗျာ။ အော်တောင် မအော်နိုင်ဘူး။ တစ်ချက်တည်းနဲ့ အသက်ထွက်သွားတယ်။ ဟောဒီမှာ . . . သူ့ကို သုတ်သင်ခဲ့တဲ့ ဓား"

"ချွင်. . . ချလွမ်"

ကိုထွန်းစန်း ပစ်ချလိုက်သောဓားက ကျောက်တုံးနှင့် ထိခတ်ပြီး သောင်ပြင်ပေါ် စိုက်ဝင်သွား၏။

သြော်. . . ရိုးမတောထဲဝင်ခါနီးမှာ ကိုဝင်းကျော်က လက်ဆောင်ပေးလိုက်တဲ့ ကင်ဒိုဓားကြီးပဲ။ ကြည့်စမ်း. . . လက်ကိုင်ရိုးနဲ့ ဓားသွားစပ်ကြားမှာ ခြောက်သွေ့နေတဲ့ သွေးစက်တွေ ကပ်နေဆဲ ရှိပါသေးလား။

ဒါဟာ. . . မုဆိုး နန်းနွယ်ရဲ့ လည်ချောင်းသွေးတွေပေါ့။

သူတို့အားလုံး ငိုင်တွေနေမိကြစဉ် သောင်ပြင်ဆီသို့ လူတစ်ယောက် ခြေကားယား လက်ကားယားဖြင့် ဒုန်းစိုင်း ပြေးလာနေသည်ကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်. . . ကိုဝင်းကျော်။

ဒီလူ ဘယ်ကများ သတင်းကြားလာတာပါလိမ့်။

ကိုဝင်းကျော်က မောပန်းလွန်းသဖြင့် အသက်ရှူသည်ကိုပင် ပါးစပ်ဟပြီး တဟောဟော တဟဲဟဲ အသံထွက်အောင် ရှူသွင်း ရှူထုတ်လုပ်နေရ၏။ အနားသို့ ရောက်သည်နှင့် ကိုဝင်းကျော်က ဒေါသတကြီး လက်ညှိုးငေါက်ငေါက်ထိုးရင်း. . .

"ဟော့. . . ဟော့ကောင် ထွန်းစန်း၊ မင်း. . . မင်း. . ."

စကားကို ဆုံးအောင် မပြောနိုင်။ မျက်နှာတစ်ခုလုံး သွေးရောင်လွှမ်းကာ နီရဲနေသည်။ ဒေါသနှင့် စိတ်လှုပ်ရှားမှုတို့ကြောင့် ဖြစ်ပေလိမ့်မည်။

ကိုထွန်းစန်းက မော့မကြည့်၊ သောင်ပြင်ကိုသာ မျက်ဆန်အသေဖြင့် စိုက်ငေးနေ၏။ ထိုအမူအရာကြောင့် ကိုဝင်းကျော် ပိုပြီး ဒေါသထွက်လာကာ. . .။

"မင်းဟာ လူသတ်သမားပဲ. . . ထွန်းစန်း။ ကိုယ့်အချင်းချင်း ပြန်သတ်တဲ့ လူသတ်ကောင်"

ကိုဝင်းကျော်က ပြောရင်း သောင်ပြင်တွင် စိုက်ဝင်နေသည့် ကင်ဒိုဓားကို ဆွဲနှုတ်ယူလိုက်သည်။ လက်ကိုင်ရိုးအစပ်က သွေးစများကို မြင်ရသောအခါ ရင်ထဲ ဆို့နင့်လာပြီး. . .

"မင်းကို ငါ ဟောဒီဓား ပေးလိုက်တာ အပြစ်မရှိတဲ့သူကို သတ်ဖို့ မဟုတ်ဘူးကွ"

ဓားကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း ကိုဝင်းကျော် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေ၏။ ဝမ်းနည်း နာကျင်လွန်းသဖြင့် မျက်ရည်တွေ စီးကျလာသည်။ နှုတ်ခမ်းကို တင်းတင်းကိုက်ထား၏။





ကိုဝင်းကျော်က သူ တန်ဖိုးထားသော ကင်ဒိုဓားကြီးကို နှမြောကြေကွဲစွာ တသသ ခံစားနေရရင်းက ခြောက်ကပ်နေသည့် သွေးစက်များကို စက်ဆုပ်စွာ တစ်ချက်ကြည့်လိုက်ပြီး ဓားကို တအားကုန် လွှဲယမ်းကာ ချောင်းရေပြင်ဆီသို့ လွှင့်ပစ်လိုက်လေတော့သည်။

"ဗွိုး . . ."

"ဗွမ်း"

သွေးစွန်းနေသော လူသတ် လက်နက်တစ်ခုသည် ရွှေလောင်းချောင်း၏ အောက်ခြေ ရေအောက်ကြမ်းပြင်ပေါ်တွင် ထာဝရ လျောင်းစက်ပေတော့မည်။

ကိုဝင်းကျော်က အသက် တဝရှူသွင်းလိုက်သည်။ ထို့နောက် ထွန်းစန်း၏ မျက်နှာကို စေ့စေ့ကြည့်ကာ. . .

"ဒီမှာ. . . ထွန်းစန်း၊ အရင်တုန်းက မင်းကို သူရဲကောင်း တစ်ယောက်လိုမျိုး ငါ အထင်ကြီးခဲ့တယ်။ ဒါပေမဲ့ ခုတော့ မင်းက သူရဲကောင်း မဟုတ်ဘူး။ မင်းဟာ လူသတ်သမားကွ. . . လူသတ်သမား"

"ငါ့အပေါင်းအသင်းတွေထဲမှာ လူသတ်သမား မရှိဘူးကွ. . . ဟော့ကောင် သိလား။ မင်းဟာ ငါ့သူငယ်ချင်း မဟုတ်တော့ဘူး. . . နားလည်လား ခွေးမသား"

ကိုဝင်းကျော်က လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆဲသည်။ ဆဲဆိုသည့် စကားလုံးတွေက တစ်ခွန်းထက် တစ်ခွန်း ပိုပြီး ရင့်သီးလာသည်။ ကြမ်းတမ်း ရိုင်းပျလာသည်။

ကိုထွန်းစန်းကတော့ တုတ်တုတ်မှမလှုပ်။

ဘာမှလည်း ပြန်မပြော။

ကိုဝင်းကျော်က စိတ်ကျေနပ်လောက်အောင် ဆဲရေးပြီး၍ ဆဲ



www.burmeseclassic.com

www.burmeseclassic.com



ရေးပြီး ကျောခိုင်း လှည့်ထွက်သွား၏။ ကိုဝင်းကျော်၏ ကျောပြင်ကို ကြည့်ရင်း သူ အရင်တုန်းက ဖြစ်ပျက်ခဲ့သမျှတွေကို ပြန်မြင်ယောင်နေမိသည်။

သူ. . . ဒီမြို့လေးသို့ ရောက်ကာစက ကိုဝင်းကျော်နှင့် ကိုထွန်းစန်း တို့ မသင့်မမြတ်ဖြစ်ကာ တစ်ယောက် မကောင်းကြောင်း တစ်ယောက် ပြောကြသေးသည်။

နောက်မှ ဘီလူးဖမ်းဖို့ကိစ္စကို အကြောင်းပြုပြီး ရဲဘော်ရဲဘက်တွေ ဖြစ်သွားခဲ့ကြသည်။ ဟော. . . အခုတော့ တစ်ဖန်ပြန်ပြီး ကျောခိုင်း လမ်းခွဲကြရပြီ။

သူ ကောင်းကင်ကို မော့ကြည့်မိသည်။

အနက်ရောင်ငှက်တွေ အုပ်သင်းဖွဲ့ကာ ရိုးမဆီ ပျံသန်းသွားနေကြသည်ကို မြင်ရ၏။ ကောင်းကင်သည် ပိုးကိုက်ခံထားရသော သစ်ရွက် အစုတ်တစ်ရွက်နှင့် တူနေလေသည်။

တိမ်တွေ ရွေ့လျားနေကြသလား၊ ရပ်တန့်နေကြသလား သူ မဝေခွဲတတ်။ ရေစပ်မှာ ပန်းပွင့်အကြွေများ ပေါလောမျောနေကြသည်။

သစ်ပင်တို့၏ ငိုကြွေးသံကို ကြားရ၏။

■



(၁၈)

သူ တုတ်ကောက်ကို ကိုင်ကာ ထော့နင်း ထော့နင်းဖြင့် တစ်မြို့လုံးအနှံ့ လျှောက်သွားနေမိသည်။ သေဆုံးရာမှ အသက်ပြန်သွင်းထားခံရသော အလောင်းကောင် တစ်ကောင်လို လှည့်လည် သွားလာကြည့်နေမိခြင်း ဖြစ်၏။

မြို့ကလေးက တချို့နေရာများတွင် ရယ်သံများဖြင့် စည်ကားနေပြီး တချို့နေရာများတွင်လည်း ငိုသံ၊ ရှိုက်သံ မျက်ရည်စများဖြင့် စိုရွှဲနေလေသည်။ မော်တော်ကား အကောင်းစားကြီးများ ဝေါခနဲ အရှိန်ပြင်းပြင်း မောင်းနှင်သွားသည်ကို မြင်ရသလို အမှိုက်ပုံတွင် ရေသန့်ဘူးခွံ ဟောင်း တစ်ခုကို လုရင်း ရန်ဖြစ်နေသည့် ကလေးနှစ်ယောက်ကိုလည်း မြင်ရ၏။

ကထိန်ပွဲတစ်ခု လှည့်လည်လာသည်။ အရက်မူးနေကြသူများက မြင်မကောင်းအောင် ဒယီးဒယိုင် ကခုန်ရင်း လိုက်ပါလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားတစ်စီးက လမ်းကြောင်းပြောင်းပြန် ကျော်တက်ရင်း ဆိုက်ကားကို 'ဒုန်း'ခနဲ ဝင်တိုက်လိုက်သည်။ ကားမှတ်တိုင်တွင် ခါးပိုက်နှိုက် တစ်ယောက် ကို လူအုပ်က ဝိုင်းရိုက်နေကြ၏။

မီးပွိုင့်ကို စည်းကမ်းမဲ့ ဖြတ်မောင်းသော ဆလွန်းကားသစ်လေး တစ်စီးကို ယာဉ်ထိန်းရဲက ဖမ်းသည်။ ကားမောင်းသူက လိုင်စင်စာအုပ်ကြားတွင် ငွေစက္ကူတချို့ ညှပ်ကာ ပေးလိုက်၏။ ရုပ်ရှင်ရုံအောက်တွင် မိတ်ကပ်ထူထူ လိမ်းထားသော ပြည့်တန်ဆာနှစ်ဦး ဖောက်သည် မျှော်နေသည်။ မြို့လယ်ကောင် လမ်းမပေါ်တွင် အမှိုက်များ ပြန့်ကျဲနေ၏။ ဘီယာဆိုင်တွင် ဘောလုံးပွဲကြည့်နေကြသူများဆီမှ 'ဂိုး' ဟု အားပါးတရ အော်ဟစ်လိုက်သည့် အသံနက်ကြီး ထွက်ပေါ်လာလေသည်။

မြို့စွန် ရပ်ကွက်တစ်ခု၏ လမ်းမပေါ်တွင် စင်ထိုးပြီး ဟောပြောပွဲလုပ်နေသည်။ လူတွေ တိုးဝှေ့ နားထောင်နေကြသည်။ လက်ခုပ်သြဘာသံများကလည်း မနည်းလှ။

လူအုပ်ထဲသို့ သူ ရောနှောဝင်လိုက်သည်။ တဖြည်းဖြည်းနှင့် လူတွေကို တိုးဝှေ့ဖယ်ရင်း စင်ရှေ့နားအထိ ကပ်သွားမိ၏။

စင်ပေါ်တွင် ဟောပြောနေသူက သူ ထင်ထားသည့်အတိုင်း ကိုကျော်စိုးပင် ဖြစ်သည်။ ကိုကျော်စိုးက အသံနေ အသံထား ဌာန်မာန် အပြည့်ဖြင့် . . .

"တကယ်တော့ . . . အခုလိုမျိုး လူတွေစုဝေးပြီး တစ်စုံ တစ်ယောက် ရဲ့ သြဝါဒ. . . တစ်စုံတစ်ယောက်ရဲ့ လမ်းညွှန်ချက်ကို ခေါင်းမော့ နားထောင်နေရတာကိုက အဓိပ္ပာယ်မရှိဘူး။ တစ်စုံတစ်ယောက်ရဲ့ အမိန့် . . . တစ်စုံတစ်ယောက်ရဲ့ ခေါင်းဆောင်မှုကို လိုက်နာနေရတာ. . . ဟုတ်လှချည်ရဲ့ ဆိုပြီး လက်ခုပ်သြဘာ ပေးနေရတာကိုက လူတွေ မရင့်ကျက်သေးကြောင်း ပြနေတာပဲ"





ကိုကျော်စိုးက စကားပြောရင်း လိုလျှင်လိုသလို ငေါက်သံ၊ ဟန့်သံ၊ အဖိအဖော့ သုံးပြီး ပြောနေသောကြောင့် အသံဖြင့် သရုပ်ဆောင်သလို ဖြစ်နေသည်။ နောက်. . . ဆက်ပြီး. . .

"ဒါဖြင့်. . . လူတွေဟာ ဘာဖြစ်လို့ ခေါင်းဆောင်ရှာနေကြတာလဲ။ အဖြေကတော့ ကြောက်လို့ပဲဖြစ်တယ်။ ခေါင်းဆောင်မှုကို နားလည်သဘောပေါက်လို့ မဟုတ်ဘဲ ကျောထောက်နောက်ခံရှိမှုကို အားကိုးချင်လို့ပဲ ဖြစ်တယ်။ တကယ်တော့ . . . လူတိုင်း လူတိုင်းဟာ မိမိကိုယ်မိမိ ကလွဲပြီး ဘယ်သူ့ကိုမှ အားကိုးနေလို့ မရဘူး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

နားထောင်နေကြသော ပရိသတ်များက လက်ခုပ်သြဘာ ပေးကြ၏။ သူလည်း ရောယောင်ပြီး လက်ခုပ်တီးမိလေသည်။ ကိုကျော်စိုးက. . .

"တကယ်တော့. . . လွတ်မြောက်မှုဆိုတာ လူတစ်ယောက်ချင်းစီနဲ့ပဲ ဆိုင်တဲ့ကိစ္စပါ။ 'ဒါဟာ အမှန်တရားပဲ'. . . 'ဒါဟာ ယုံကြည်ချက်ပဲ' ဆိုပြီး လှေနံ့ဓားထစ် သတ်မှတ်လို့မရဘူး။ ပုံစံချလိုက်တာနဲ့ ယုံကြည်ချက်ဟာ 'အသေ' ဖြစ်သွားလိမ့်မယ်။ ဂိုဏ်းဂဏ ဖွဲ့လိုက်တာနဲ့ ခင်ဗျားတို့အားလုံးဟာ ဂိုဏ်းဂဏအဖွဲ့အစည်းထဲမှာ ပိတ်မိပြီး အသိဉာဏ် အကျဉ်းကျသွားလိမ့်မယ်။ ငါတို့ဂိုဏ်းကသာ အမှန်. . .၊ ငါတို့ ယုံကြည်ထားတာကမှ တကယ့်အစစ်အမှန်တရား၊ ကျန်တဲ့သူတွေက အလကား။ ငါတို့ဂိုဏ်းနဲ့မတူရင် ငါတို့ရန်သူပဲ. . . ဆိုတဲ့စိတ်တွေ ဝင်လာလိမ့်မယ်။ အဲဒီလိုစိတ်ဟာ လင်းပွင့်တဲ့ အသိဉာဏ် ပေါ်ပေါက်မလာအောင် လူကို ပိတ်လှောင် အကျဉ်းချထားတတ်တယ်။ ကျွန်တော်တို့မှာ အခု လိုအပ်နေတာက ရင့်ကျက်တဲ့ အသိဉာဏ်ပါ"

ပရိသတ်က တဖြောင်းဖြောင်းနှင့် လက်ခုပ်တီးကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ စကားဆုံးအောင် ဆက်နားထောင်မနေတော့ဘဲ စင်နောက်ဘက် လှေကားဆီသို့ရောက်အောင် လူတွေကို တိုးဝှေ့ပြီးလာခဲ့သည်။

ဟောပြောပွဲ အဆုံးသတ်တွင် ထုံးစံအတိုင်း ရှည်လျားသော ဩဘာသံနှင့်အတူ လူတွေ တဖွဲဖွဲပြန်ကြသည်။ ကိုကျော်စိုးလည်း စင်ပေါ်မှ ဆင်းလာ၏။

လှေကားတွင် သူက ဆီးပြီး နှုတ်ဆက်လိုက်တော့ ကိုကျော်စိုးက. . .

"ခဏစောင့်"

ဟု လက်ကာပြရင်း ပြော၏။ ပွဲဖြစ်မြောက်ရေးကော်မတီ ရင်ထိုးတပ်ထားသည့် တိုက်ပုံနှင့် လူက ကိုကျော်စိုး အနီးသို့ ကပ်ပြီး ငွေစက္ကူတစ်ထပ် လှမ်းပေး၏။

ကိုကျော်စိုးက လက်ညှိုးကို တံတွေးဆွတ်ပြီး ငွေစက္ကူများကို ရေတွက်လိုက်သည်။ ပွဲစီစဉ်သူက. . .

"ပိုက်ဆံပြည့်ပါတယ်နော် ဆရာ"

"ပြည့်ပါတယ်။ ဟောပြောချက်ကို အတိုချုပ်လိုက်ရတာကိုတော့ စိတ်မရှိပါနဲ့ဗျာ။ ဟိုဘက် ရပ်ကွက်မှာလည်း တစ်ပွဲဟောဖို့ လက်ခံထားပြီးသား ဖြစ်နေလို့ပါ။ အချိန်က ကပ်နေတာကိုး"

ကိုကျော်စိုးက ပွဲစီစဉ်သူကို တောင်းပန် ဖျောင်းဖျ စကားဆို၏။ ဟုတ်ပေလိမ့်မည်။ စင်နောက်ဘက်တွင် ကိုကျော်စိုး၏ တပည့်ဖြစ်ဟန်တူသော လူငယ်သုံးယောက်က ကားတံခါးဖွင့်ကာ အသင့်စောင့်နေကြ၏။

ကိုကျော်စိုးက ပွဲစီစဉ်သူကို နှုတ်ဆက်ပြီး သူ့ဘက်သို့ ပြန်လှည့်လာသည်။ သူ့လက်ထဲမှ တုတ်ကောက်ကို ငုံ့ကြည့်ရင်း. . .

"ဘယ့်နှယ်လဲ၊ ခြေထောက် မကောင်းသေးဘူးကိုးဗျနော"





ဟု နှုတ်ဆက်၏။ သူက ကိုကျော်စိုး၏ လက်မောင်းကို တစ်ချက် ဖျစ်ညှစ် ဆုပ်ကိုင်လိုက်ရင်း. . .

"ကိုကျော်စိုး၊ စိတ်တော့မရှိနဲ့ဗျာ။ ကျွန်တော် တစ်ခုလောက် မေးကြည့်ချင်တယ်။ ဟိုလေ. . . ခင်ဗျား စင်ပေါ်မှာ ဟောတဲ့ ပြောတဲ့ သဘောတရားတွေက တကယ့်အစစ်အမှန်ပဲလို့ ခင်ဗျား ယုံယုံကြည်ကြည်နဲ့ ပြောတာလား၊ ဒါမှမဟုတ် လူတွေကြိုက်အောင်. . . ပိုက်ဆံရအောင် လျှောက်ပြောတာလား"

သူ့မေးခွန်းကြောင့် ကိုကျော်စိုးက ကောင်းကင်ဆီ မော့ကြည့်ရင်း မျက်တောင်တစ်ချက် နှစ်ချက် ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်သည်။ ပြီးနောက် သူ့ကို တည့်တည့်စိုက်ကြည့်ရင်း. . .

"အတွေးအခေါ်တွေ သဘောတရားတွေဟာ အနုပညာလိုပဲ စစ်မှန် သန့်စင်မှုရှိတယ်ဗျ။ ဒါပေမဲ့ လူကိုတော့ စစ်မှန် သန့်စင်တယ်လို့ ဘယ်ပြောနိုင်ပါ့မလဲဗျာ"

"ကျွန်တော် နားမလည်ဘူး ကိုကျော်စိုး"

"ဒီလိုဗျာ. . . ဂစ်တာတစ်လက်ကို တီးခတ်ပြီး သီချင်းဆိုလိုက်တဲ့ အသံဟာ အနုပညာပေါ့၊ စစ်မှန် သန့်စင်တာပေါ့။ ဒါပေမဲ့ ဂစ်တာတီး သီချင်းဆိုခြင်းကို အသုံးချပြီး မိမိကိုယ်ကို နာမည်ကြီးအောင် လုပ်တာကျတော့ လူရဲ့ မသန့်စင်မှု သပ်သပ်ပဲ။ ဂီတကို အပြစ်တင်လို့ မရဘူးလေ"

"ဒါဆိုရင်"

ဒါဆိုရင်. . . ဟု အစချီလိုက်ပြီးမှ သူ ဘာဆက်ပြောရမည်မှန်း မသိဘဲ နှုတ်ခမ်းဖျားတွင် စကားလုံးတွေ ပျောက်ဆုံးနေ၏။ ကိုကျော်စိုးကို အပြစ်တင်ချင်သည်။ အပြစ်တင်ရမှာကိုလည်း အားနာနေ၏။

အပြစ်ရှိသူအချင်းချင်း စွပ်စွဲရမှာ လိပ်ပြာမလုံသလိုမျိုး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စိုးက သူ့မျက်လုံးတွေထဲက ဘာသာစကားကို ဖတ်ရှုနားလည်သွားပုံရ၏။ သူ့ပခုံးကို အသာအယာပုတ်ပြီး. . .

"ဂီတကို ဖန်တီးရင်း ဂီတကို အသုံးချပြီး ကိုယ့်ကိုယ်ကိုယ် နာမည်ကြီးအောင် လုပ်နေသူတွေ၊ ပန်းချီကားတစ်ချပ် ရေးဆွဲရင်း ပန်းချီပညာကို အသုံးချပြီး ငွေကြေးဥစ္စာကို တည်ဆောက်နေသူတွေ၊ တော်လှန်ရေးကို ဆင်နွှဲနေရင်းကမှ တော်လှန်ရေးကို အသုံးချပြီး ကိုယ့်အတ္တကို ဖြည့်ဆည်းနေကြတဲ့သူတွေ၊ အဲဒီလူတွေအားလုံး အပြစ်မကင်းကြပါဘူး"

ကိုကျော်စိုးက စကားစကို ခဏဖြတ်သည်။ လက်ထဲတွင် ကိုင်ထားဆဲဖြစ်သော ပိုက်ဆံထုပ်ကို တစ်ချက် ငုံ့ကြည့်၏။ ပြီးနောက် ပိုက်ဆံများကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ရင်း. . .

"အဲဒီလို အပြစ်ရှိသူတွေထဲမှာ ကျွန်တော်လည်း ပါတာပေါ့။ လူတွေအတွက် အသိပညာ ဖြန့်ဝေတာနဲ့ အသိပညာကို အသုံးချပြီး ကိုယ်နာမည်ကြီးအောင်လုပ်တာ ရောထွေးနေတယ်လေ။ ကိုယ့်ဘာသာကိုယ် မသဲကွဲမှန်းလည်း ဝန်ခံပါတယ်ဗျာ။ ခင်ဗျား အပြစ်တင်ချင်ရင်လည်း တင်ပါတော့"

သူ ခေါင်းခါပြီး မျက်နှာလွှဲလိုက်၏။ သက်ပြင်းကို မှုတ်ထုတ်ရင်း ညည်းတွားသည့် လေသံဖြင့်. . .

"ဘာကြောင့်လဲဗျာ. . . ဘာကြောင့်လဲ၊ လူ့စိတ်တွေဟာ ဘာဖြစ်လို့ အဲဒီလို ရောထွေး လိမ်ရှုပ်နေရတာလဲ. . . ကိုကျော်စိုးရာ"

"ကိုယ့်ကိုယ်ကိုယ် 'ငါ. . . ဘာလဲ' ဆိုတာ ပီပီသသ မသိကြလို့ပေါ့ဗျာ။ ကျွန်တော်တို့မှာ လိုအပ်နေတာက အဲဒါပဲ။ ကိုယ့်ကိုယ်ကိုယ် မညာတမ်း ပြန်မေးကြည့်ကြဖို့ပဲ။ အဲသလိုမှ ပြန်မမေးကြည့်ဖြစ်ရင်. . . ကိုယ့်ကိုယ်ကိုယ် ဇာတ်လိုက်လိုလို. . . ဘာလိုလို ဝိုးတိုးဝါးတားပုံရိပ်တွေ





မှာ သာယာနေမိမှာပဲ။ ကဲ. . . အချိန်သိပ်မရှိတော့ဘူး၊ ကျွန်တော် သွားမယ်"

ကိုကျော်စိုးက ပြောပြောဆိုဆိုနှင့် ကားဆီသို့ လျှောက်သွားပြီး နောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။ ပြီးမှ. . . တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ကားမှန်ကိုချကာ လှမ်းပြော၏။

"ခင်ဗျားလည်း ဒီမြို့ကို လာခါစက အဖေ ပျောက်ကို ရှာဖို့ဆိုပြီး ရောက်လာတာ။ ပြီးတော့ အဖေကို မရှာတော့ဘဲ ဘီလူးကို လိုက်ရှာတဲ့သူ ဖြစ်သွားတယ်။ ကဲ. . . တစ်ခါလောက်ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ရှာကြည့်စမ်းပါဦးလား"

သူ ခေါင်းမညိတ်မိ၊ ခေါင်းမခါမိ။

ရောင်ရမ်းပြီး ပါးစပ်အဟောင်းသားဖြင့်သာ ငေးကြည့်နေမိသည်။ မော်တော်ကားက သူ့အကြည့်တစ်ဆုံးအထိ ဝေး၍ ဝေး၍ ပျောက်ကွယ်သွား၏။

လမ်းမပေါ်တွင် မည်သူမျှ မရှိတော့သည်အထိ သူ ရပ်နေမိဆဲပင် ရှိသေးသည်။

●

'ငါ. . . ဘာလဲ' ဆိုတာ မညာတမ်း ပြန်မေးကြည့်ဖို့. . . တဲ့။ ကြေးစားတရားဟော ဆရာတစ်ယောက် ပြောသွားသော စကားလုံးများက သူ့နားရွက်ထဲမှာ တုန်ခါလျက် ကျန်ရစ်၏။

ကဲ. . .

တစ်ခါလောက်ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ရှာဖွေကြည့်ရအောင်။

သူ တုတ်ကောက်ကို ကိုင်ထားရာမှ လွှတ်ချလိုက်သည်။

"ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားသော တုတ်ကောက်နှင့် ကတ္တရာလမ်းမ မျက်နှာပြင်တို့ ထိရိုက်မိသံက ကျယ်လောင်လှ၏။

အစင်းသား လဲလျောင်းနေသော တုတ်ကောက်ကို လမ်းမပေါ်ဒီအတိုင်း ထားရစ်ခဲ့ပြီး မြို့ပြင်ဆီသို့ သူ လျှောက်လာခဲ့၏။

သူ့ခြေထောက်က အလာတုန်းကလို ထော့နင်း ထော့နင်းဖြစ်မနေ။

အကောင်းပကတိပင် ဖြစ်သည်။

သူ့ခြေထောက် ဘာမှမဖြစ်မှန်းကို ဟိုး. . . အစကတည်းကပင်သူ အသိဆုံးဖြစ်၏။

■



သူ ချောင်းစပ်တွင် ထိုင်ကာ ငါးမျှားနေသည်။

ငါးမျှားတံကို ကိုင်ကာ ငြိမ်သက်စွာ ထိုင်နေခြင်းဖြစ်၏။

အချိန်တွေ ကြာမြင့်လှပြီ။ ငါးမျှားချိတ်ကို ငါးတစ်ကောင်မှလာမဟပ်ကြသေး။ ငါ ဘာကိုဖမ်းနေတာလဲ. . . ဟု ကိုယ့်ကိုယ်ကိုယ်ပြန်မေးနေမိ၏။

အဖေ့ကိုလား. . . ဘီလူးကိုလား. . . ကိုယ့်ကိုယ်ကိုယ်လား။

●

ဟောဒီမြို့ကလေးမှာ အဖေ့ကိုလည်း မတွေ့ရ၊ ဘီလူးကိုလည်းမတွေ့ရ။

သို့သော် လူတွေကိုတော့ သူ တွေ့ရသည်။ လူတွေ၏ စိတ်ခတ်များ၊ စရိုက်များ၊ ရှင်သန်မှုများ၊ သေဆုံးမှုများ၊ ရဲရင့်သူများ၊ သူရဲဘောကြောင်သူများ၊ လှပခြင်းများ၊ အရုပ်ဆိုး အကျည်းတန်မှုများ၊ အချစ်များ၊ အလွမ်းများ၊ ဂုဏ်ပြု ဦးညွှတ်ဖွယ်ရာများ၊ စက်ဆုပ် ကဲ့ရဲ့ဖွယ်ရာများ၊ နူးညံ့မှုနှင့် ကြမ်းတမ်း ခက်မာမှုများ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့ကလေးသည် အရာအားလုံးကို ရင်ဘတ်ထဲ ဟင်းလင်းဖွင့်ထည့်ကာ ပြသထားသည့် ပြတိုက်ငယ်လေးတစ်ခုနှင့် တူနေလေသည်။

●

မြောက်ပြန် လေပြည်ထဲတွင် နှင်းကြွင်းရနံ့ လွင့်ပျံ့လာ၏။ အလွမ်းတွေ တစိမ့်စိမ့် မွေးလာသည်ဟု ထင်ရသည်။

ရေမျက်နှာပြင်သည် ငြိမ်သက် ကြည်လင်နေ၏။

သူ ဆုပ်ကိုင်ထားသော ငါးမျှားတံ၏ ထိပ်ဖျားပေါ်သို့ လိပ်ပြာလေးတစ်ကောင် လာနားသည်။

အဲဒီ လိပ်ပြာကလေးသည်ပင်လျှင် သူ၏ 'စိတ်' ဖြစ်မည်လား မပြောတတ်ပါ။ အခုနေ အသာကလေး လက်ကို ဆန့်ထုတ်ပြီး ဖမ်းလိုက်လျှင် လိပ်ပြာကလေးကို မိနိုင်လောက်သည်။

သို့သော်. . . သူ ဖမ်းဖို့ အားမထုတ်မိ။

ဒီအတိုင်း ငြိမ်ငြိမ်ကလေး ထိုင်ကြည့်နေဖြစ်သည်။

**မင်းခိုက်စိုးစန်**



www.burmeseclassic.com